www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




ဝင်ကြွင်း

# သိုင်းလောကရာဇ်၏မြတ်သရဖူ ဝတ္ထု


| | | |
|---|---|---|
| တန်ဖိုး | ✦ | (၃၀) ကျပ် |
| စာမူခွင့်ပြုချက် | ✦ | ၁၀၉၁ / ၂၀၀၂ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | ✦ | ၄၄ / ၂၀၀၃ (၁) |
| ပုံနှိပ်ခြင်း | ✦ | ပထမအကြိမ် |
| စာအုပ်ရေ | ✦ | (၅၀၀) အုပ် |
| ထုတ်ဝေသည့်ကာလ | ✦ | ၂၀၀၃ - ခုနှစ်၊ ဇွန်လ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | ✦ | ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉) အမှတ် (၁၇၁)၊ ၃၃-လမ်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ✦ | ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ၊ (၁၁၆၉၂)၊ ရွှေနံ့သာကျေးရွာ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ ရန်ကုန်မြို့။ |


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ကောင်းကင်ပြာဝယ် ခနဲချောင်ကာ တောက်ပနေသည်။

ကြိုလင်ကျောက်တောင်ကြီး။

ကြိုလင်တောင်ကြီးသည် ယောမန်တောင်၊ ထိုက်စမ်းတောင်၊ တန်စမ်းတောင်ဟူသော တောင်သုံးလုံးတို့ ဝန်းရံနေသည့် တောင်ကသပ်ကြီးတစ်ခုဖြစ်သည်။

တောင်ကသပ်ကြီးမှာ လူသူအရောက်အပေါက်နည်းလှပြီး တောင်ကသပ်ပေါ်သို့ရောက်ရန် အတော်ကြိုးစားမှသာရပေသည်။

သိုင်းပညာ၊ ကိုယ်ဖော့ပညာ မတတ်သူများ အနေနှင့်မူ တောင်ကသပ်မဆိုထားဘိ၊ တောင်ခြေသို့ရောက်ရန်ပင် လွယ်ကူသည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆူးပင်၊ ကြိမ်ပင်၊ ဝါးပင်တို့ ရှုပ်ထွေးပွေလီသည်နှင့်အမျှ ကြို့လင်ကျောက်တောင်ဆီသို့ လာရာလမ်းတွင် ချောက်များ၊ ရွံ့နွံ အိုင်များ၊ ရေတံခွန်များဖြင့် အတားအဆီးအလွန်များလှ၏။

ဤကဲ့သို့ အခက်အခဲများအနက် အန္တရာယ်ရှိသောနေရာမှာ ရွံ့နွံ အိုင်များပင်ဖြစ်သည်။

ရွံ့နွံ အိုင်သည် မိုင်ဝက်ခန့်ကျယ်ပြန့်ပြီး အပေါ်ယံ စက္ကူစာရွက် တစ်ဆယ်ရွက်လောက် ပါးလွှာသောနေရာလေးသာ တင်းမာပြီး အောက်ဘက်မှမူ ပျော့လွန်းသောရွံ့နွံ များဖြင့် နဂါးပွက်မီးတောင်ပမာ ရှိနေသည်။

ကြို့လင်တောင်သို့ လာရာလမ်းတွင် ယင်းအခက်အခဲသည် အန္တရာယ်အလွန်ထူပြောလှပြီး သိုင်းသမား တော်တော်များများပင် ၎င်းရွံ့နွံ အိုင်တွင် သေကျေပျက်စီးရသည်သာများလှပေသည်။

ထို့ကြောင့် ယင်းနွံ လွင်ပြင်ကြီးကို ယမမင်းခံတွင်းဝဟု သိုင်းသမားများက အမည်ပေးထားကြသည်။

ဒုတိယ အန္တရာယ်များသည့်နေရာမှာ ချောက်များပင်ဖြစ်သည်။ ချောက်များမှာ နက်ရှိုင်းလွန်းလှ၏။

တစ်ဖက်နှင့်တစ်ဖက်မှာသည်း ပေနှစ်ရာခန့်စီခွဲဝေးတွာပြီး ချောက်နှုတ်ခမ်း တစ်ဖက်နှင့်တစ်ဖက် သစ်လုံးခင်း၍သည်းမီမည်မဟုတ်။

ထို့ကြောင့် ကိုယ်ဖော့အားကိုပင် အသုံးပြု၍ လှမ်းခုန်ရမည်သာ ဖြစ်သည်။



ဤမျှခက်ခဲလှသော နေရာဒေသဖြစ်သည့် ကြို့လင်တောင်ထိပ်ပေါ်တွင် လူများ စုဝေးရောက်ရှိနေကြ၏။

တောင်ကလပ်၏ ပတ်သည်တွင် တဲအိမ်ကြီးများ တည်ဆောက်ထားပြီး အလယ်တွင် လွင်ပြင်ကြီးတစ်ခုရှိသည်။

အရှေ့ဘက်ထိပ်ဆုံး တဲတန်းကြီးမှာ အကြီးဆုံးဖြစ်သည်။ ယင်းတဲတန်းကြီးတွင် လူများရှိနေကြပြီး အခြားတဲများ၌မူ လူများ မရှိကြသေးပေ။

အလယ်ကွက်လပ် ကွင်းပြင်ကြီးမှာလည်း ရှင်းလင်းကျယ်ပြန့်လှသည်။ဤကဲ့သို့ ကြို့လင်တောင်ကလပ်ပေါ်တွင် လူစည်ကားသည့်အချိန်မှာ တစ်ဆယ့်ငါးနှစ်ကို တစ်ခါမျှသာရှိ၏။

ထိုတစ်ဆယ့်ငါးနှစ်လျှင် တစ်ခါလူစည်ကားသည် ဆိုရာတွင်လည်း ဘုရားကျောင်းပွဲတော်၊ အခြား ပျော်ရွှင်မှုများ၌မဟုတ်။ လာရောက်ကြသည့်လူများမှာလည်း သာမန်လူတို့ လာရောက်ခြင်းမပြုနိုင်ကြချေ။

ဤတောင်ကလပ်ပေါ်တွင် တစ်ဆယ့်ငါးနှစ် ပြည့်တိုင်းတိုင်းလောကတစ်ခုလုံးမှ သိုင်းပညာရှင်အသီးသီးတို့၏ သိုင်းပြိုင်ပွဲကြီးတစ်ရပ်ကို ကျင်းပလေ့ရှိသည်။

သိုင်းပြိုင်ပွဲကျင်းပရသည့် အကြောင်းရင်းမှာလည်း သိုင်းလောကတစ်ခုလုံး၏ ဂုဏ်ထူးဆောင် တော်ဝင်နန်းတွင်းသိုင်းဆရာကြီးသုံးဦး ရွေးချယ်ပွဲပင်ဖြစ်သည်။

ထိုသိုင်းပြိုင်ပွဲမှ ရွေးချယ်ခဲ့သော သိုင်းအကျော်အမော်သုံးယောက်တို့သည် တစ်ဆယ့်ငါးနှစ်တာ ကာလအတွင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



တရုတ်ပြည် ကြေရှာဇ်ဖြင့်သော ဟန်ဘုရင်မင်းမြတ်၏ သူတော်ကောင်းပြုခြင်းကိုခံရသည့်အပြင် အဆောင်အယောင်များ နှင့်အတူ အခွင့်အရေးပေးခြင်းကိုပါ ခံရလေ၏။

ထိုမှတစ်ဖန် နောက်ထပ် တစ်ဆယ့်ငါးနှစ်အကြာတွင် ယင်းကဲ့သို့ ဆိုင်းပြိုင်ပွဲကြီးကို ထပ်မံပြုလုပ်ပြီး ဆိုင်းပညာရှင် သုံးဦးကို ထပ်မံရွေးချယ်ပြန်သည်။

ထို့ကြောင့်လည်း ဤကဲ့သို့ ဆိုင်းပြိုင်ပွဲအတွက်လာရောက် ယှဉ်ပြိုင်ကြသော ဆိုင်းပညာရှင်များကို မည်သည့်အဆင့် တွင်မျှ သတ်မှတ်ထားခြင်းမရှိဘဲ မည်သည့်အဖွဲ့အစည်းမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်လေသည်။

ပြိုင်ပွဲကို ကြီးကြပ်အုပ်ချုပ်သည့် ဒိုင် သဘာပတိလူကြီးများအဖြစ် ဟန် ဘုရင်မင်းမြတ်ကိုယ်တိုင် အုပ်ချုပ်ပြီး တောင်ပိုင်းဂိုဏ်းချုပ်ကြီး၊ မြောက်ပိုင်းဂိုဏ်းချုပ်ကြီး၊ အရှေ့ပိုင်းဂိုဏ်းချုပ်ကြီး၊ အနောက်ပိုင်းဂိုဏ်းချုပ်ကြီးဟူ၍ ရှေးနှစ်ပေါင်းများစွာ ကျော်စောထင်ရှားပြီး ယင်းဆိုင်းပြိုင်ပွဲကြီးတွင် သုံးနှစ်ဆက်တိုက် ပထမရဖူးသည့် ဆိုင်းဂိုဏ်းချုပ်ကြီးများကို ဆုံးဖြတ်သည့် သဘာပတိကြီးများအဖြစ် သတ်မှတ်ထား၏။

ပြိုင်ပွဲလာရောက်ဖို့ဆိုရာတွင်လည်း ကြိုလင်တောင်ကလပ် ပေါ်သို့ တက်ရောက်ရန်မှာ လုံးဝမလွယ်ကူသဖြင့် သာမန် ပညာရှင်များ တက်ရောက်မယှဉ်ပြိုင်နိုင်ခဲ့ပေ။



အဘယ်ကြောင့်ဆိုသော် ဤကြိုလင်တောင်ကလပ်ပေါ် သို့ ရောက်ရမည့်ခရီးကပင် သေမင်းပါးစပ် နှင့်အန္တရာယ် ချောက်များကို ဖြတ်ကျော်ဖို့ လွယ်ကူသည့်ကိစ္စမဟုတ်သော ကြောင့် ဖြစ်သည်။

တောင်ကလပ်တစ်ခုလုံးတွင် တဲပေါင်း တစ်ရာကျော် ရှိသည်။

ထိုတဲများတွင် အနယ်နယ်အရပ်ရပ်မှ လာရောက် ယှဉ် ပြိုင်ကြမည့် ဆိုင်းအဖွဲ့အစည်းအသီးသီးမှ ဂိုဏ်းချုပ်ကြီး များကအစ သူတို့နောက်တွင်ပါလာသော ပထမတန်းစား အဆင့်မြင့် ဆိုင်းသမားတပည့်နှစ်ဆယ်စီ နေထိုင်ရန်အတွက် ဆောက်ထားခြင်းဖြစ်၏။

သို့သော် နှစ်တိုင်းလိုလိုပင် တဲအလုံးတစ်ရာ မပြည့်ခဲ့ချေ။ အများဆုံး ပြိုင်ပွဲဝင် လူဦးရေများခဲ့သောနှစ်မှာ ဆိုင်းပြိုင် ပွဲကြီး၏ ဒုတိယအကြိမ်၌မူ တဲအလုံးရှစ်ဆယ်မျှ ပြည့်ခဲ့ပြီး တဲအလုံးနှစ်ဆယ်တွင် လူလွတ်နေသည်။

ဆိုင်းပြိုင်ပွဲကြီး၏စည်းကမ်းချက်များမှာကား.....

တရုတ်အမျိုးသားဆိုင်းပညာရှင်ဖြစ်ကာရိုးရာတရုတ်ဆိုင်း ပညာဖြင့်သာမက ကြိုက်ရာပညာနှင့် ယှဉ်ပြိုင်နိုင်ခြင်း။

ကြိုက်ရာ လက်နက်ကို အသုံးပြုခွင့်ရှိခြင်း။

ပြိုင်ပွဲတွင် တစ်ဖက်က အနိုင်ရသည့်အခါ ရှုံးနိမ့်သူက ဒူးထောက်ပြီး အသက်ချမ်းသာခွင့်ပေးရန် တောင်းပန်မှ ခွင့်

www.burmeseclassic.com



လွှတ်လိုပါက ခွင့်လွှတ်နိုင်ပြီး သို့မဟုတ် သတ်ဖြတ်ပိုင်ခွင့်ရှိခြင်း။

၅)ကဲ့သို့ သတ်ဖြတ်သည့်အတွက်လည်း ဟန်ဘုရင် မင်းမြတ်က အပြစ်မယူ ခွင့်လွှတ်မည်ဖြစ်ခြင်း ဟူသော အချက်များအပြင် နောက်ဆုံးအချက်တစ်ချက်ကိုမူ ယခုနှစ်တွင်မှ ထပ်တိုးသတ်မှတ်ခဲ့သည်။

ယင်းထပ်မံကာ တိုး၍သတ်မှတ်ခဲ့သော အချက်မှာ သိုင်းပြိုင်ပွဲဝင်မည့် ပုဂ္ဂိုလ်သည် သင်တန်းကျောင်းမှ နာယကက ထောက်ခံလွှာ၊ ဂိုဏ်းချုပ်အဆင့်ထောက်ခံလွှာ ကောင်းသတ်မှတ်ခြင်း ခံရသူဖြစ်ရမည်။ စိတ်စေတနာကောင်းသူဖြစ်ရမည်ဟူသော အချက်ပင်ဖြစ်သည်။

ပြိုင်ပွဲရောက်မည့်ရက်မှာ တစ်စထက်တစ်စ နီးကပ်လာသည့် အားလျော်စွာ ပြိုင်ပွဲဝင်မည့်ဂိုဏ်းများလည်း တစ်စထက်တစ်စများပြားလာခဲ့သည်။ ယခုနှစ် ဟန်ဘုရင်မင်းမြတ်၏ ယာယီတဲနန်းတွင်ဖြစ်၏။

"တောင်ပိုင်းဂိုဏ်းချုပ်ကြီးအနေနဲ့ ပြိုင်ပွဲကို ဘယ်လိုဖွင့်မယ်လို့ စီစဉ်ထားပါသလဲ"

ဟန်ဘုရင်မင်းမြတ်က သူ့ရှေ့တွင် ထိုင်နေကြသော ပြိုင်ပွဲတွင် အကဲဖြတ်ကြမည့် သိုင်းအကျော်အမော်များအနက် တောင်ပိုင်းဂိုဏ်းချုပ်ကြီးကို မေးလိုက်ခြင်းဖြစ်သည်။



"ထုံးစံအတိုင်း စွမ်းရည်ပြိုင်ပွဲတွေ အရင်စစ်ဆေးရမှာပဲ၊ ဒါမှ အဆင့်တွေခွဲပြီး ပြိုင်ဘက်တွေကို တွဲတွဲပေးတဲ့နေရာမှာ အဆင်ပြေပါလိမ့်မယ် ဘုရင်မင်းမြတ်"

"ဒါဖြင့် နှစ်စဉ်ကျင်းပတဲ့ ပုံစံပဲပေါ့"

"မှန်ပါတယ်၊ ဒါဟာ သိုင်းပညာပွဲတိုင်းရဲ့ ပြုလုပ်နေကျ ပုံစံပဲ ဖြစ်ပါတယ်"

"အမှတ်ပေးဆုံးဖြတ်မယ့် ပညာရပ်ဆိုင်ရာ တာဝန်တွေ ဘယ်လိုခွဲဝေရမယ်ဆိုတာ စဉ်းစားထားပြီးကြပြီလား"

"စီစဉ်ပြီးသားပါ၊ ကဲ...ကျုပ်တို့ သဘာပတိ အကဲဖြတ်ဒိုင်တွေအနေနဲ့ ကိုယ်တာဝန်ယူထားတဲ့အပိုင်းတွေကို ပြောပြကြပါ"

တောင်ပိုင်းဂိုဏ်းချုပ်ကြီးက ဆော်ဩလိုက်သည်။

"ဟုတ်ကဲ့...ကျွန်ုပ်ကတော့ လက်ရေးပညာသိုင်းကွက်တွေကို အကဲဖြတ် ဆုံးဖြတ်မှာပါ"

အရှေ့ပိုင်း ဂိုဏ်းချုပ်ကြီးက ဖြေဆို၏။

"ကျွန်မက ကိုယ်ဖော့ပညာနဲ့ပတ်သက်တဲ့ ယှဉ်ပြိုင်မှုကို အကဲဖြတ်ပါမယ် ဘုရင်မင်းမြတ်ရှင့်"

ကိုယ်ဖော့ဘုရင်မ မြောက်ဘက် ပန်းလိပ်ပြာမယ်တော်က ဆက်လက်ကာ ဖြေဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အရင်နှစ်တွေကလိုပဲ အနောက်ပိုင်း ဂိုဏ်းချုပ်ကြီးက လက်နက်ဆန်းတီထွင်မှု အဆုံးအဖြတ်ပေးပြီး အတွင်းအား ပညာကိုတော့ တောင်ပိုင်း ဂိုဏ်းချုပ်ကြီးကပဲ ဆုံးဖြတ်မယ် ဆိုပါတော့"

"မှန်ပါတယ် ဘုရင်မင်းမြတ်၊ အစီအစဉ်ကတော့ ဒီအတိုင်းပါပဲ"

"ဒါပေမယ့် နှစ်တိုင်းမှာ လက်နက်ပုန်းကို ထည့်သွင်းယှဉ်ပြိုင်မှု မပြုရလို့ အမိန့်ထုတ်ထားပေမယ့် ဒီနှစ်မှာတော့ လူအများ ရင်ဆိုင် တိုက်ခိုက်တဲ့ နေရာမှာ လက်နက်ပုန်းကို သုံးခွင့်မပြုပေမယ့် တစ်ဦးချင်း စွမ်းရည်ပြတဲ့နေရာမှာတော့ လက်နက်ပုန်းကို သုံးခွင့်ပြုထားပါတယ်"

တောင်ပိုင်း ဂိုဏ်းချုပ်ကြီးက ဆက်လက်တင်ပြသည်။

"ဒါကိုကော အမှတ်ပေး စာရင်းထဲမှာ တရားဝင် ထည့်သွင်းပေးမလား"

"ပေးရမှာပေါ့ သူလဲ နှစ်ရှည်လများ ကြံစည်ကြိုးစားထားရတဲ့ ပညာတစ်ရပ်ပဲ"

မြောက်ဘက် ပန်းလိပ်ပြာမယ်တော်က ကြားဖြတ်၍ ပြောဆိုသည်။

"ကောင်းပြီ၊ ပြိုင်ပွဲကို ဘယ်နေ့စတင်မယ်လို့ သတ်မှတ်ကြမလဲ"



"ဖြစ်သင့်တာကတော့ လာမယ့် ငါးရက်မြောက် နေ့ဟာ ပြီးခဲ့တဲ့ ပြိုင်ပွဲရက်နဲ့ ရေတွက်ကြည့်ရင် ငါးနှစ်တင်းတင်း ပြည့်တဲ့နေ့ပဲ"

ဟန်ဘုရင်မင်းမြတ်၏ စကားကို အားလုံးက ထောက်ခံသည့် သဘောဖြင့် ခေါင်းညိတ်ကြသည်။

"အဲဒီလိုဆိုရင် ကျုပ်အနေနဲ့ အဲဒီနေ့ကိုပဲ ပြိုင်ပွဲစတင်ရက်အဖြစ် သတ်မှတ်လိုက်ချင်တယ်"

"သိပ်ကောင်းတဲ့ မင်္ဂလာရက်ပါပဲ ဘုရင်မင်းမြတ်"

တစ်ပြိုင်နက်တည်း ထွက်ပေါ်လာသည့် အသံများ ဖြစ်သည်။ သူ၏ဆုံးဖြတ်ချက်ကို အားလုံးက လက်ခံသဖြင့် ဟန်ဘုရင်မင်းမြတ်၏ မျက်နှာသည် ကြည်လင် ဝင်းပသွားသည်။

"ဒါဖြင့် မနက်ဖြန်ကစပြီး ဒီနှစ် ပြိုင်ပွဲဝင်မယ့် သိုင်းပညာရှင်တွေကို ပန်းလိပ်ပြာမယ်တော်အနေနဲ့ စာရင်းလုပ်ပါ၊ ဘယ်နှစ်ဖွဲ့၊ ဘယ်နှစ်ယောက် ရောက်ပြီ ဆိုတာကိုလဲ သေသေ ချာချာ စီစဉ်မှတ်သားထားပါ"

"ကောင်းပါပြီ ဘုရင်မင်းမြတ်"

ပန်းလိပ်ပြာမယ်တော် ခေါင်းညိတ်၍ အဖြေပေးလိုက်သည်။

တကယ်တမ်းတွင်မူ ဟန်ဘုရင်သည် သိုင်းပညာကို လွန်စွာမြတ်နိုးပြီး ဘုရင့်ပြည်ကြီးထင်ရှားလုံး မိမိတို့၏ ရိုးရာ အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သွား သိုင်းပညာကို ပြန့်ပွားစေလိုသည့် ဆန္ဒအရ ဤကဲ့သို့သော ပြိုင်ပွဲကြီးကို ကျင်းပရခြင်း ဖြစ်လေသည်။

တစ်ဖန် ယခု သူ့ရှေ့တွင်ရှိနေသည့် သိုင်းအကျော်အမော်များ ဖြစ်ကြသည့် အရှေ့၊ အနောက်၊ တောင်၊ မြောက် ဟူသော ဂိုဏ်းချုပ်တို့ကို နန်းတော်အတွင်း တစ်ထီးတစ်နန်း ပေးထားပြီး အငြိမ်းစား လစာများ ပေးလျက် သိုင်းပညာရပ်တို့ကို ပြန့်ပွားစေရအောင် စီစဉ်ခဲ့သည့် ဘုရင် တစ်ပါးလည်း ဖြစ်ပေသည်။

ထို့ကြောင့် ဂိုဏ်းချုပ်ကြီးများကို သူနှင့်အတူ ထိုင်ခွင့်ပေးထားရုံမက အလေးတစားဆက်ဆံပြီး သူကောင်းပြုထားသူလည်း ဖြစ်သည်။

"ကဲ...အနားယူကြပါဦး၊ ကျုပ်လဲ တည်းခိုဆောင်တွေကို လှည့်ပြီး စစ်ဆေးကြည့်လိုက်ဦးမယ်၊ နောက်ပြီးတော့ ရောက်လာကြတဲ့ ပညာရှင်တွေရဲ့ စားဝတ်နေရေး ကိုလဲ စားတော်ကဲများနဲ့ လိုလေသေးမရှိအောင် ပြုစုကြဖို့လဲ မမေ့ကြပါနဲ့"

ဟန်ဘုရင်က စကားဆုံးသည်နှင့် ထိုင်ရာမှထလိုက်သည်။ အားလုံးကလည်း တစ်ပြိုင်နက်လိုလို မတ်တတ်ရပ်လျက် အရိုအသေ ပြုလိုက်ကြသည်။ ဟန်ဘုရင်မင်းမြတ် စံနန်းတဲထဲမှ ထွက်ခွာသွားသည်။

* * *



မြောက်လေသည် ဖူးဖူးဟူးတိုက်ခတ်နေ၏၊ ဆောင်းပေါ်လေ ဖြစ်သည်နှင့်အညီ အေးစိမ့်နေသည်။

ဟန်ဘုရင်သည် သူ၏ ဝတ်ရုံကြီးကိုခြုံလျက် တည်းခိုရာတဲများဆီသို့ လှည့်လည်ကြည့်ရှု စစ်ဆေးနေသည်မှာ အဝေးမှမြင်လိုက်လျှင် အဝါရောင်ကြီးတစ်ခု လွင့်မျော လှုပ်ရှားနေသည်နှင့် တူလှသည်။

တရုတ်ပြည် အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင် သိုင်းသမားများ စုံလင်စွာ ရောက်ရှိနေကြပြီ ဖြစ်သော်လည်း တဲအတော်များများ လွတ်နေသေးသည်မို့ ဟန်ဘုရင်၏ စိတ်ထဲတွင် အားမလို အားမရ ဖြစ်နေမိသည်။

တဲတစ်လုံးရှေ့တွင် ရပ်လိုက်သည်။

"ဟော့...ဒီ ဘယ်သူတွေ တည်းခိုတဲ့တဲလဲ"

ဟန်ဘုရင်က တဲရှေ့တွင်စောင့်ရှောက်နေသော ရဲမက်အား မေးလိုက်ခြင်းဖြစ်သည်။

"ဘုန်းတော်ကြီး ရှီခုန်းတို့အဖွဲ့ပါ"

"အို...ရှီခုန်းကိုယ်တိုင် ပြိုင်ပွဲဝင်မှာတဲ့လား"

"ဟား...ဟား...ဟား"

ဟန်ဘုရင်မင်းမြတ် မျက်နှာပြစ်ချက်ပျက်သွားသည်။ တဲအတွင်းမှ ကျယ်လောင်စွာ ရယ်မောလိုက်သော အသံကြီးတစ်သံကြောင့် ရဲမက်သည်ပင် တုန်လှုပ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်...အထဲကရယ်တာ ဘယ်သူလဲကွ"

ဟန်ဘုရင်မင်းမြတ်က သံပြတ်ဖြင့် လှမ်းမေးလိုက်သည်။

ရုတ်တရက် ဝုန်းခနဲမြည်ဟည်းသံနှင့်အတူ တံတံခါး ပွင့်သွားပြီး လူရိုပ်တစ်ခုထွက်လာကာ ဘုရင်မင်းမြတ်နှင့် လက်တစ်ကမ်းအကွာတွင် ရပ်လိုက်ပြီးမှ...

"အို...ဘုရင်မင်းမြတ်ကိုယ်တော်တိုင် လာရောက်ကြည့်ရှုတာကိုး၊ ကျုပ်က ဘယ်သူလာပြီး စပ်စုနေသလဲလို့ပါ၊ ကျုပ်ကို ခွင့်လွှတ်ပါ ဘုရင်မင်းမြတ်"

"ကြော်...ဘုန်းတော်ကြီး ရှိခုန်းကို"

"တူပါတယ်၊ စောစောက မလေးမစားနဲ့ ရယ်မိတာကို ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး၊ ဘုန်းတော်ကြီးကိုယ်တိုင် လာပြီး ဖြိုင်ပွဲဝင်တာကျွဲ သိပ်ပြီး နှုတ်ဆောင်းဆားရ ရှိလှပါပြီ"

"အိုး...ဘုရင်မင်းမြတ် အထင်မှားနေပါပြီ၊ ဒီဖြိုင်ပွဲကို ကျုပ်ကိုယ်တိုင် ဝင်ယှဉ်ပြိုင်ဖို့ လာခဲ့တာမဟုတ်ပါဘူး၊ ကျုပ်ရဲ့ တပည့်တွေသာ ယှဉ်ပြိုင်ကြမှာပါ"

"ဟာ...ဘာဖြစ်လို့ မယှဉ်ပြိုင်တာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဟာ သာသနာရေးကိုသာ ဘာဝနာ ပွားများလိုတော့တဲ့ ဘုန်းတော်ကြီးတစ်ပါးပါ၊ ဒီလူမှုရေး ပြိုင်ဆိုင်ရမယ့်ကိစ္စတွေကို စိတ်လဲမဝင်စားပါဘူး၊



ဒါပေမဲ့ ကျုပ်ရဲ့ တပည့်ငယ်လေးတွေက အတင်းခေါ်တာလို့သာ တပည့်တွေအားတက်အောင် လိုက်လာခဲ့ရခြင်းဖြစ်ပါတယ် ဘုရင်မင်းမြတ်"

"ကြော်...ဝမ်းသာပါတယ်၊ ဒီလိုဆိုရင် ကျွန်ုပ်တော့ အနေနဲ့ တစ်ခုတောင်းပန်ချင်ပါတယ်"

ဟန်ဘုရင်မင်းမြတ်က လေးစားစွာပြောလိုက်သည်။

"ဘာများပါလဲ ဘုရင်မင်းမြတ်၊ ကျုပ်တတ်နိုင်တဲ့ ကိစ္စဆိုရင်တော့ လက်ခံဖို့အသင့်ပါပဲ"

"ဒီလိုပါ၊ ဒီပြိုင်ပွဲရဲ့ အကဲဖြတ်ပုဂ္ဂိုလ်တွေမှာ ဘုန်းတော်ကြီး ရှိခုန်း ပါဝင်နိုင်ရင်...."

"အို...ဒါက မဖြစ်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရင်မင်းမြတ် စဉ်းစားကြည့်ပါ၊ ဒီပြိုင်ပွဲမှာ ယှဉ်ပြိုင်မယ့်သူတွေထဲမှာ ကျုပ်ရဲ့တပည့်တစ်ယောက် ပါဝင်နေပါတယ်၊ ဒီတော့ လူဆိုတာ အတ္တရှိတယ်၊ ကိုယ့်ခွေးနဲ့သူများခွေးကိုက်နိုင်တောင် ကိုယ့်ခွေးပဲနိုင်စေချင်တဲ့ ဆန္ဒသာ ရှိနေလေတော့ ဘကယ်လို့ ကျုပ်ဟာ ဒိုင်လူကြီးနေရာမှာ ရှိနေမယ်ဆိုရင် ကျုပ်တပည့်တွေကိုသာ အနိုင်ပေးမိပါလိမ့်မယ် ဘုရင်မင်းမြတ်"

ဟန်ဘုရင်သည် ဘုန်းတော်ကြီး၏ စကားသံကြောင့် ပြုံးမိသည်။ ထိုစဉ်မှာပင်...

"ကြောင်လိမ်အဖွဲ့ ရောက်လာပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ရေးရဲမက်တစ်ယောက်သတင်းပို့သံ ရုတ်တရက် ပေါ်ထွက်လာသည်။

"ခွေးဘီလူး သိုင်းအဖွဲ့ကတော့ သေမင်းပါးစပ်နှုတ်မှာ သေဆုံးကုန်ကြပြီလို့ သတင်းကြားရပါတယ်အရှင်မင်းမြတ်"

ဘုရင်မင်းမြတ်အနီးသို့ရောက်လျှင် သတင်းလာပို့သူရဲမက်က တစ်ဆက်တည်း အရိုအသေပေးကာ သံတော်ဦးတင်သည်။

"အိုး...ချင်ဖိန်ကျိတို့ အဖွဲ့သားအားလုံး သေကုန်ကြပြီကိုး"

"ကျွတ်...ကျွတ်...ကျွတ်"

"စိတ်မကောင်းစရာပါလား"

ဘုန်းတော်ကြီးရှိခုန်းက ကြားမှ စိတ်မကောင်းဟန်ဖြင့် ဝင်ပြောသည်။

"ဟုတ်တယ်၊ ပန်းစလွယ်သိုင်းအဖွဲ့လဲ မနေ့က အန္တရာယ်ချောက်ထဲကျပြီး အားလုံးသေကုန်တယ်လို့ ကြားရတယ်"

ဟန်ဘုရင်မင်းမြတ်က ဆက်လက်၍ပြောလိုက်သည်။ သက်ပြင်းတစ်ချက်နှင့်အတူ ဘုန်းတော်ကြီး ရှိခုန်း၏အသံ ပေါ်လာသည်။

"ပညာလေးမရောက်တခေါက်နဲ့ သိုင်းလောကထဲ ဝင်လာကြတာကိုး၊ မိမိရဲ့အင်အားကို မိမိပြန်ပြီး မသုံးသပ်ဘဲ အစွမ်းပြချင်တာကိုး၊ တယ်ခက်တဲ့ကလေးတွေပဲ"



ဘုန်းတော်ကြီး၏ စကားသံသည် တည်ငြိမ်ရင့်ကျက်လှသည်။

"ကဲ...ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဟန်ဘုရင်မင်းအား နှုတ်ဆက်လိုက်သည်။

"ကောင်းပါပြီ ဘုရင်မင်းမြတ်၊ ဒါထက် သိုင်းပြိုင်ပွဲကို ဘယ်နေ့လောက် စတင်မယ်လို့ စီစဉ်ထားပါသလဲ"

"ဪ...မေ့နေလိုက်တာ၊ ငါးရက်နေ့ နံနက်နေထွက်ချိန်ကစပြီး ပြိုင်ပွဲကို စတင်ပါမယ်၊ ဘုန်းတော်ကြီးရဲ့တပည့်များကို လိုအပ်တဲ့လေ့ကျင့်မှုများ လေ့ကျင့်ထားစေပြီး မနက်ဖြန်မနက်မှာ ပန်းလိပ်ပြာမယ်တော်ဆီမှာ စာရင်းပေးပါ"

ပြောပြီး ဟန်ဘုရင်သည် ဘုန်းတော်ကြီးကို ပြုံးပြကာ ထိုနေရာမှ ထွက်ခွာသွားတော့သည်။

ဟန်ဘုရင်သည် ဘုန်းတော်ကြီးရှိခုန်းတို့တဲအခန်းမှ ထွက်လာခဲ့ပြီး ကြောင်လိန်အဖွဲ့၊ ရှောင်လင်သိုင်းအဖွဲ့၊ ကျားဆရာကြောင်အဖွဲ့တို့မှ အစ ရောက်ရှိနေကြသော သိုင်းအဖွဲ့များအား တွေ့ဆုံနှုတ်ဆက်၍ ပြိုင်ပွဲဝင်လေ့ကျင့်ရန် လျှို့ဝှက်ခန်းများပါ စိတ်တိုင်းကျရှိစေရန် စီစဉ်ပြောကြားပြီး သူ၏ ယာယီတဲခန်းဆီသို့ ပြန်လာခဲ့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဘုရင်သည် သူ၏တဲနန်းတွင်းသို့ ဝင်မည်ကြံကာရှိသေး၏။

"ဟေ့…အဲဒီလူကို ဖမ်းကြစမ်းဟေ့"

"ဟား…ဟား…ဟား…ငါ့ကို ဘာကိစ္စ ဖမ်းရမှာလဲကွ၊ ငါလဲ မြိုင်ပွဲဝင်ဖို့ လာတဲ့ကောင်ပဲ"

"မလိုချင်ဘူး၊ မင်း တောင်ပေါ်တက်တဲ့တစ်လျှောက်လုံး တွေ့ရာလူတွေကို ဒုက္ခပေးခဲ့တယ်၊ ခုလဲ တောင်ပေါ်ရောက်ရောက်ချင်း သူများတွေရဲ့အစားအစာကို လုစားတယ်၊ ဒါကောင်းသလား"

"ဟ…ငါဗိုက်ဆာလို့ စားတာပဲ၊ လမ်းမှာ ဒုက္ခပေးတယ်ဆိုတာလဲ ရှုပ်နေလို့ ရှင်းခဲ့တာပဲ၊ ငါ့မှာ အပြစ်မရှိဘူး၊ ဟန်ဘုရင်နဲ့ တွေ့ရမှ ဖြစ်မယ်၊ ငါ အရက် သောက်ချင်သေးတယ်"

ကျယ်လောင်မာကျောသည့် အသံ တစ်သံ ထွက်ပေါ်လာသည်။ ဟန်ဘုရင်သည် တဲအတွင်းသို့မဝင်တော့ဘဲ အသံကြားရာဆီသို့ ခပ်မှန်မှန် လှမ်းထွက်လာခဲ့သည်။

မြင်ကွင်းက ရယ်စရာလိုဖြစ်နေသည်။

သို့သော်…ရယ်စရာ မဟုတ်ဘဲ အံ့ဩစရာ ဖြစ်နေမှန်း ဟန်ဘုရင်က ချက်ချင်းနားလည်လိုက်သည်။



တောင်ကလပ်ကို စောင့်ရှောက်နေကြသည့် အဆင့်မြင့်သိုင်းသမား ရဲမက်တို့သည် အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူတစ်ယောက်ကို ဝိုင်းဖမ်းနေကြသည်။

သို့သော်…အပြာရောင် အမူးသမားကို သူတို့ မဖမ်းမိကြချေ။

"ကြိုးကွင်းနဲ့ ဖမ်းစမ်းဟေ့"

လုံခြုံရေး တပ်ဖွဲ့မှူး၏ အသံ ထွက်ပေါ်လာသည်။ ချက်ချင်းပင် ရဲမက်တို့သည် ယင်း လူကြမ်းကြီးကိုဖမ်းရန် ဝိုင်းရံသားလိုက်ကြသည်။

ထို့နောက် တဝှီးဝှီး သံကြိုးမြည်သံများ ဆူညံသွားတော့သည်။

ဒုန်းစိုင်းပြေးနေသည့် ဆင်ရိုင်း မြင်းရိုင်းတို့မှ အစ လွှယ်သင့်တကူ ဖမ်းဆီးနိုင်စွမ်းရှိသော ကြိုးသမားတို့၏ ကြိုးကွင်းတို့သည် လူကြမ်းကြီးကို လုံးဝ မစွပ်မိဘဲ ရှိနေသည်။

ဟန်ဘုရင်သည် အသံမပေးဘဲ ကြည့်ကောင်းကောင်းနှင့် ကြည့်နေသည်။

"ဟေ့…ငါ့ကို သိပ်မိချင်သလားကွ၊ ဟား…ဟား…ဟား"

www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်ဝတ်စုံ လူသည် ပါးစပ်မှ အော်ဟစ် မေးရင်း လှောင်ရယ် ရယ်လိုက်လေးသည်။ ကြိုးသမားတို့သည် ရှက် ဒေါသများ ဖြစ်လာကြသည်။

"ဟေ့...သတ္တိရှိရင် ငြိမ်ပြီး အဖမ်းခံလိုက်စမ်းပါလား"

တပ်မှူးကျန်းက မခံချင်အောင် လှမ်းစရင်း သူ့ကိုယ်တိုင် ကြိုးကွင်းကို ပစ်လွှတ်လိုက်သည်။

"ဗွီး"

"ဖတ်"

လူကြမ်းကြီးသည် လွင့်ပျံလာသည့် ကြိုးစကို မော့ မကြည့်ဘဲ လက်ဝါးဖြင့် ဘေးသို့ ရိုက်ဖယ်လိုက်ရင်းမှ...

"ငါ့ကိုမိချင်ရင် အဖမ်းခံမယ်ဟေ့၊ အရက်ငါးအိုး ပေး မလား"

"အေး...ပေးမယ်၊ အရက်ငါးအိုး မဟုတ်ဘူး၊ ဆယ်အိုး ပေးမယ်"

တပ်မှူးကျန်း၏အသံက တစ်ဖက်မှ ပေါ်ထွက်လာသည်။

"ကဲ...ဖမ်းကြလေကွာ၊ ငါရပ်နေမယ်၊ ဖမ်းကြတော့ ဗွီး"

ချက်ချင်းပင် ကြိုးတစ်စပျံထွက်လာပြီး လူကြမ်းကြီးအား စွပ်မိသွားသည်။ အမှောင်သမ်းနေသည့် ညဦးပိုင်း ဖြ သဖြင့် တန်တုရင်ကို မည်သူမျှ တွေ့မြင်နိုင်စွမ်းမရှိပေ။



ကြိုးကွင်းတွင်မိနေသော လူကြမ်းကြီးကို တပ်မှူးကျန်းက ကြိုးစအား တဖြည်းဖြည်းတင်း၍ ဆွဲလိုက်သောအခါ ဆင် ဗြောင်ကြီးတစ်စီးပင် မနည်းလှုပ်ယူရသော ကြိုးကွင်းသည် ကြမ်းကြီး၏ ကိုယ်တွင် တင်းကျပ်စွာ ချုပ်မိနေတော့ သည်။

"ဟေ့...ဟေ့...ဖြည်းဖြည်းလုပ်လေကွာ၊ ဘော်ကြာ င်းတို့တိုက်တဲ့ အရက်ဆယ်အိုးကို မသောက်ရဘဲ ကြွနေပါ မယ်"

လူကြမ်းကြီးအား တပ်မှူးကျန်းက ဒေါသထွက်စွာ ကြည့် ပြီး...

"ဟေ့...ပါးစပ်ပိတ်ထားစမ်း၊ အော်ကျယ် အော်ကျယ် ပ်မနေနဲ့"

"ဟား...ဆက်ဆံရေးက ညံ့လှချည်လား၊ ခုနဖမ်းမရခင် န်းက လေသံတစ်မျိုး၊ ခုဖမ်းမိတော့ လေသံတစ်မျိုး၊ ဘော်တော်ခက်တဲ့လူတွေပါလား၊ နေဦး မင်းတို့ကို တန် ချင်မင်းမြတ်နဲ့တွေ့မှ ကောင်းကောင်းတိုင်ရမယ်၊ ဒါမှ ဖြစ်ကောင်းကောင်းပေးအောင်၊ ဟား...ဟား...ဟား"

တန်တုရင်က သဘောကျသွားသည်။ လူကြမ်းကြီး၏ တ္တိကိုလည်း ချီးမွမ်းမိသည်။

www.burmeseclassic.com



“နေစမ်းပါဦး၊ မင်းကို ဟန်ဘုရင်မင်းမြတ်နဲ့ တွေ့ပေးမယ်လို့ ဘယ်သူက ပြောလဲ”

“ဟာ...ဟာ...ဒါဖြင့် အရက်ကော မတိုက်တော့ဘူးလား။ ငါ့အဖမ်းခံရင် အရက်ဆယ်အိုး တိုက်မယ်ဆို”

“မတိုက်နိုင်ဘူး၊ စောစောက မင်းအဖမ်းမခံမှာစိုးလို့ ပြောတာ”

“အိုး...ဒါဖြင့်လဲ ကိုးအိုးတော့တိုက်ကွာ”

ဟန်ဘုရင်မင်းမြတ်က ပြုံးလိုက်သည်။ ကတိမတည်သော သူ၏ တပ်မှူးကျန်းအား စိတ်ထဲမှ ကြိမ်းလျက် ဒေါသဖြစ်သွားရသည်။

သို့သော် သတ္တိကောင်းလှပြီး သူ့အရက်သောက်ဖို့အရေး လုံးဝမတိုက်ဘူးဟူသောစကားကို ဈေးဆစ်နေသော လူကြမ်းကြီးအား ဆက်၍ကြည့်နေမိသည်။

“ဟော့...ဟော့...ဒီမှာ ဖမ်းတာလဲ ဖမ်းတာပေါ့ကွာ ငါ့ကို အရက်ကိုးအိုးလဲ တိုက်မနေပါနဲ့တော့၊ ဒါမှမဟုတ် ငါးအိုးတော့ တိုက်ကွာ”

“မတိုက်နိုင်ဘူး”

“လေးအိုးကွာ”

“ဟင့်အင်း”



“သုံးအိုးကွာ”

“မရဘူး”

“နှစ်အိုးဆိုရင်တော့ ဖြစ်မှာပေါ့နော်”

“မဖြစ်နိုင်ဘူး”

“ဒါဖြင့် တစ်အိုးကွာ”

တပ်မှူးကျန်း စိတ်ရှုပ်သွားပုံရသည်။ လူကြမ်းကြီးကတော့ ခုထိ မျှော်လင့်ချက်အပြည့်ရှိသည်။

ဟန်ဘုရင်မင်းမြတ်ကလည်း စိတ်ရှည်လက်ရှည် ကြည့်နေဆဲ။

“ကဲ...တစ်အိုးတော့ တိုက်လိုက်ပါကွာ၊ ငါ့အဖမ်းခံနေရပြီ”

“တိတ်စမ်း...တစ်အိုးမပြောနဲ့ တစ်စက်တောင် မတိုက်နိုင်ဘူး၊ မှတ်ထား”

“မင်းကို ဆူပူရမ်းကားမှုကြောင့် ဖမ်းဆီးပြီး ချုပ်ထားမယ်၊ တို့လုပ်မယ့် အစီအစဉ်မှာ မင်းကို အရက်တိုက်မယ့် အစီအစဉ်မရှိဘူး”

“ဟေ...ဒါ တကယ်ပြောတဲ့စကားလားကွ”

အပြာရောင်ဝတ်စုံဝတ် လူကြမ်းကြီးမှာ မျက်နှာတစ်ခုလုံး နီရဲသွားပြီး ဒေါသလည်း ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်၊ မင်းကို တို့က နေခွက်နေရမယ့်လူတွေမှ မဟုတ်တာ”

“ဒါဆိုရင် ငါ့ကို အခုပြန်လွှတ်ပေးစမ်း၊ မင်းတို့ကတိ မတည်ဘူး”

ဝတ်ရုံပြာနှင့် လူကြမ်းကြီးက ဒေါမာန်အပြည့်ပါသော လေသံဖြင့် ပြောလိုက်သည်။

“ဟား...ဟား...ဟား...ဖမ်းမိတယ်ဆိုမှ ပြန်လွှတ်ပေးရမလား ငါ့လူရဲ့၊ တော်တော် ကလေးဆန်တဲ့လူပဲ”

တပ်မှူးကျန်း ဗမာမခန့် အထက်စီးလေသံနှင့်ပြောလိုက်သည်။

“အေး...မင်းတို့ကြိုးတွေ နှမြောရင် ဖြန့်ပြီးဖြုတ်လိုက်နော်၊ ဒါမှမဟုတ်ရင်တော့ မင်းတို့ ကြိုးတွေ ငါဖြတ်ပစ်လိုက်ရမလား”

တပ်မှူးကျန်းသည် စိန်းစိန်းကြည့်ရင်း ပြန်ပြောလာသော စကားသံကြောင့် ခေတ္တကြောင်သွားသည်။ ပြီးမှ ရယ်စရာပြက်လုံးတစ်ခုအား ကြားလိုက်ရသည့်ပမာ တဟားဟား အော်ဟစ်ရယ်လိုက်ရင်း...

“မင်းတော်တော် ပေါက်ကရပြောတဲ့ငနဲပဲ၊ ဆင်ပေါက်တစ်ကောင်တောင် ရုန်းလို့မရတဲ့ကြိုးကို မင်းက ဖြတ်ပစ်မယ်ဆိုတော့ တော်တော်မဖြစ်နိုင်တဲ့စကားပဲ”



“မင်းတို့ မယုံဘူးလား”

“မယုံဘူး”

တပ်မှူးကျန်းက ခပ်ပေါ့ပေါ့ပင် ပြန်ပြောလိုက်သည်။

“ဟော...ဒီမှာ ငါကလူတစ်မျိုးကွ၊ မင်းတို့မဖြေပေးလဲ ငါ ဒီကြိုးလောက်တော့ ဂရုမစိုက်ဘူး၊ နားလည်လား၊ ဒါပေမယ့် ငါက ဖြေပေးဆို ဖြေပေးမှ ကြိုက်တဲ့လူ၊ အေးသေ မင်းတို့ကတိမတည်လေတော့ ဒီကြိုးကို မင်းတို့ ကိုယ်တိုင် ဖြေပေးအောင် လုပ်ရသေးတာပေါ့”

“ဟား...ဟား...ဟား...တယ်လဲ အပြောကြီးတဲ့ ဟ...ဟ အိုး”

တပ်မှူးကျန်းသည် စကားကို ဆုံးအောင်မပြောနိုင်ဘဲ တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။

ဟန်ဘုရင်မင်းမြတ်လည်း မျက်နှာပျက်၍ မျက်လုံးပြူးသွားသည်။

လူကြမ်းကြီး၏ လုပ်ဆောင်ချက်ကိုလည်း ချက်ချင်းရိပ်စားမိလိုက်သလို ထိုသူ့ဉာဏ်ကိုလည်း ချီးကျူးမိလိုက်သည်။

လူကြမ်းကြီးလုပ်ပုံက သူ့အား ဖမ်းထားသောကြိုးကို ကိုင်ထားသည့် တပ်မှူးကျန်းကို လျှင်မြန်သော ကိုယ်ပေါ့ပညာကို အသုံးပြုလျက် လှည့်ပတ်ပြေးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးမှာ လူကြမ်းကြီး၏ အရိပ်ကိုပင် မမြင်ရတော့ချေ။ အတွင်းအားကောင်းမွန်ပြီး အမြင်စူးရှသော ဟန်ဘုရင်မင်းမြတ်ပင်လျှင် ရိုးတိုးရိပ်တိပ်သာ တွေ့နေရသည်။

မကြာပါချေ။ တပ်မှူးကျန်းသည် အူကြောင်ကြောင် ဖြစ်ပြီး ကိုင်ထားသောကြိုးစကြောင့် သူ့ခန္ဓာကိုယ်ကို ကြိုးများ အထပ်ထပ် အပတ်ခံထားလိုက်ရသည်ကို သတိထားမိလိုက်ချိန်ဝယ်...၊

"ဟော့ကောင်...တယ်...ဘယ်သို့...လုပ်...လုပ်"

"ရဲမက်တွေ ဒီကောင့်ကို ဖမ်းကြစမ်း"

တပ်မှူးကျန်း၏ အမိန့်ပေးသံကြောင့် ရဲမက်များ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

သို့သော် သူတို့မြင်နေရသည်က ရယ်စရာကြီးဖြစ်နေသည်။ ဖမ်းထားသည့် လူကြမ်းကြီး၏ကိုယ်မှာ စွပ်မိနေသည်က ကြိုးကွင်းတစ်ခုတည်း။

သူတို့တပ်မှူးကိုယ်မှာက မြွေတစ်ကောင် အထပ်ထပ် ရစ်ပတ်နေသကဲ့သို့ ကြိုးကွင်းများ အထပ်ထပ်ဖြစ်နေသည်ကို တွေ့ရသည်။

"ဟော...မင်းငါ့ကို လွှတ်ပေးဖို့စိတ်မကူးသေးဘဲ ထပ်ပြီး တိုက်ခိုင်းနေပြန်ပြီလား၊ မင်းလူတွေကို ရပ်ခိုင်းထားလိုက်စမ်း...



"ငါဟာ တော်ရုံဘန်ရုံ ပညာနဲ့ ဒီပြိုင်ပွဲကို ရောက်မလာဘူး ဆိုတာကို မင်းတို့ သတိထားမိရဲ့လား"

မှန်ပေသည်။

ဤ ကြိုလင်တောင်ကလပ်ပေါ်သို့ တော်ရုံ ပညာစွမ်းမျှသာရှိသည့် သိုင်းသမားများ မရောက်နိုင်သော နေရာပင် ဖြစ်သည်။

ထိုအချိန်တွင် ဟန်ဘုရင်မင်းမြတ် အနီးသို့ လူရိပ် တစ်ရိပ် ရောက်လာသည်။ ထိုလူမှာ ပန်းလိပ်ပြာမယ်တော်ကြီး ဖြစ်သည်။

ပန်းလိပ်ပြာ မယ်တော်ကြီးကို ဟန်ဘုရင်က မေးလိုက်သည်။

"ဘယ့်နှယ်လဲ မယ်တော်ကြီး၊ ဒီပွဲကို တဆိတ်လောက် ကြည့်ရှု အကဲခတ်စမ်းပါ၊ ဖြစ်ပုံကတော့..."

ဟန်ဘုရင်မင်းမြတ်က ခပ်တုံးတိုးလေသံနှင့် ပန်းလိပ်ပြာမယ်တော်ကြီးကို မြင်တွေ့သမျှ ပြန်ပြောပြလိုက်သည်။

အံ့သြစွာ နားထောင်နေသည့် ပန်းလိပ်ပြာမယ်တော်က...

"အို...ဒါဆိုရင် တပ်မှူးကျန်းအတွက် စိုးရိမ်စရာပေါ့၊ ဘယ်လိုလုပ်ကြမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခဏနေပါဦးလေ၊ ဒီလူဟာ အကျပ်အတည်းကြားက နေ ဘယ်လိုလွတ်အောင် ကြံစည်မလဲဆိုတာ ကျုပ် ကြည့်ချင် သေးတယ်"

ဟန်ဘုရင်မင်းမြတ်၏ စကား မဆုံးမီမှာပင်....

"ဟိတ်....တပ်မှူးကြီး ဘယ်လိုလဲဗျ၊ ကျုပ်ကို ခင်ဗျား လွှတ်ပေးမလား၊ မလွှတ်ပေးဘူးလား"

"လွှတ်မပေးဘူး"

"သေသေချာချာ စဉ်းစားပြီး ပြောစမ်းပါ၊ လွှတ်ပေး မှာလား"

"မလွှတ်ဘူး၊ မင်းကိုတောင် ထပ်ပြီးသတ်ဦးမယ်"

တပ်မှူးကျန်းက ဒေါသဖြစ်သံဖြင့် ပြန်အော်လိုက်သည်။ ပတ်ဝန်းကျင်တွင်လည်း တစ်စထက် တစ်စ စိတ်ပါဝင်စားစွာ သိုင်းပညာရှင်များ ရောက်ရှိလာပြီး ကြည့်ရှုနေကြသည်။

"ကောင်းပြီ မင်းလူတွေ ငါ့ကို တိုက်ခိုက်နိုင်မလားဆို တာ သိရအောင် ကဲ...."

"ဝိး....ဝိး....ဝိး"

ရုတ်တရက် ကြိုးကို လွှဲလိုက်သော အသံရှိန်ကြီး ကျယ် လောင်စွာ ပေါ်ထွက်လာသည်နှင့်အတူ အရာဝတ္ထု တစ်ခု သည် လေထဲဝယ် ပျံဝဲနေသည်။



"ဟေး....ဟေး....ဟေ့....ငါ့ကို ဘယ်လိုလုပ်"

"ဟား....ဟား....ဟား....စကားမများနဲ့၊ ကတိ မတည် တဲ့ လူကို ဒီထက် ပြင်းထန်တဲ့အပြစ်မျိုး ပေးဖို့ ကောင်းတာကွ၊ ဟန်ဘုရင်မင်းမြတ်နဲ့ တွေ့ရင် မင်းအကြောင်းကို ကောင်း ကောင်း တိုင်ပြောရမယ်"

လူကြမ်းကြီးက မိမိကိုယ်နှင့် တပ်မှူးကျန်း၏ ကိုယ်ကို ရစ် ပတ်နေသည့် ကြိုးကို တင်းနေအောင် နောက်သို့ ဆုတ်လိုက် ပြီး ရုတ်တရက် တပ်မှူးကျန်း၏ ကိုယ်ခန္ဓာကြီးအား လေထဲ သို့ တစ်ပွေ့ လိုက်ရာ တပ်မှူးကျန်းမှာ ကြိုးစတွင် ခဲချည်၍ သို့မွှေ့သကဲ့သို့ ခိစားနေရသည်။

"ဟေ့....တပ်မှူးကြီး၊ ဘယ်လိုလဲဟေ့"

လူကြမ်းကြီးက လှုပ်ယမ်းနေရင်းမှ အော်မေးလိုက်သည်။ ထိုစဉ် ရုံမကထဲမှ တစ်ယောက်က အရဲစွန့်ပြီး လူကြမ်းကြီး၏ ကျောပြင်ကို ဓားဖြင့် ခုတ်ချလိုက်သည်။

"ဟာ...."

အားလုံး မထင်မှတ်သော လူကြမ်းကြီး၏လုပ်ချက်ကြောင့် အာခနဲ ဖြစ်သွားကြသည်။ ဟန်ဘုရင်မင်းမြတ်နှင့် မိန်းလိုင်ကြာ မယ်တော်တို့ပင် မြူးမြူးပျာပျာ ဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝှစ်"

"ချွင်"

အသံ နှစ်သံ ဘစ်ပြိုင်တည်း ထွက်ပေါ်လာသည်။ ရဲမက်လက်ထဲမှ ဓားမှာ ထက်ပိုင်းကျိုးလျက်ရှိသည်။ မည်သို့ မည်ပုံဖြစ်သွားသည်ကို အားလုံးမသိလိုက်ပေ။ ဟန်ဘုရင်မင်းမြတ်ပင် မသဲကွဲလိုက်။

"အို...ဘယ်လိုဖြစ်သွားတာပါလိမ့်"

"လက်ဝါးရိုက်အားပေါ့ အရှင်မင်းမြတ်။ ဒီလူရဲ့ လက်ဝါးရိုက်ချက်ဟာ တိကျပြီး အလွန် မြင်းထန်လှတယ်၊ ကျိုးသွားတဲ့ ဓားအပိုင်းဟာ ဟိုဘက်ထိပ် တောင်ဘက်ကို လွင့်စဉ်သွားတာ တွေ့လိုက်ရတယ်"

ပန်းလိပ်ပြာ မယ်တော်ကြီးက ပြောပြလိုက်သည်။

"အို...ဘယ်ဟုတ်ပါလား၊ မယ်တော်ကြီး၊ သူက ဘယ်ဂိုဏ်းကများပါလိမ့်"

ဟန်ဘုရင် သဘောကျသွားသည်။

"ကျွန်မလဲ မသိဘူး၊ သူ့ကို အသာတကြည်မေးရမယ်ထင်ဘယ်၊ နောက်ပြီး ဒီအတိုင်းဆက်နေရင် လေ



ခဲ့အားနဲ့ တပ်မှူးရဲ့အားတွေ ပျက်စီးပြီး သွေးအန် သေဆုံးနိုင်တယ်"

ပန်းလိပ်ပြာမယ်တော်၏ တင်ပြချက်ကို ဟန်ဘုရင်မင်းမြတ်က လက်ခံလိုက်သည်။ ချက်ချင်းပင် ရှေ့သို့ခုန်ထွက်သွား...

"ဟေ့...ကြိုးကိုရပ်လိုက်စမ်း"

"ငါ့ကိုအမိန့်ပေးတာ ဘယ်သူလဲ"

လူကြမ်းကြီး၏ မေးမြန်းလိုက်သံကြောင့် ဟန်ဘုရင်မင်းမြတ် ချက်နှာက ပျက်သွားသည်။

"ငါ ဟန်ဘုရင်ပဲ"

"ဟာ"

လူကြမ်းကြီးသည် ချက်ချင်းပင် ကြိုးကိုအလွဲရပ်လိုက်ပြီး ဘုရင်ရှေ့တွင် ဒူးထောက်ကာ ခေါင်းငုံ့၍ထိုင်ချလိုက်သည်။

"ဗိုး"

"ဗုန်း"

www.burmeseclassic.com

www.burmeseclassic.com



ကြိုးကို အလွဲရပ်လိုက်သဖြင့် တပ်မှူးကျန်း၏ ခန္ဓာကိုယ် ကြီးသည် မြေပြင်ပေါ်သို့ကျသွားသည်။

"ကျွန်တော်မျိုးကို ကတိမတည်တဲ့ ဧည့်သည်တစ်ယော လို့ မဆက်ဆံတဲ့အတွက် အရှင့်ရဲ့တပ်မှူးကို အခုလိုမြူမိအ ကို ခွင့်လွှတ်ပါရန် လေးစားစွာ တောင်းပန်ပါတယ် အ မင်းမြတ်"

လူကြမ်းကြီး၊ တောင်းပန်စကားပြောလိုက်၏။ ဟန်တုရ မင်းမြတ်က မြူးလျှက် ငုံ့ကြည့်ရင်းမှ....

"ကောင်းပြီ ကျုပ် အဖြစ်အပျက်အားလုံး မြင်ရကြား ပါတယ်၊ ဒါပေမယ့် ခုလို ကိတ်တိတ် ဆိတ်ဆိတ်ရှိတဲ့နေရာ တာဖြစ်လို့ ဆူဆူပူပူလုပ်ချင်ရတာလဲ"

"ဗိုက်ဆာလို့ပါ"

"ဝါး...ဟား...ဟား...ဟား"

လူကြမ်းကြီး၏ဖြေသံကြောင့် အားလုံး ပွဲကျသွားသည်
"ဟိတ်...တိတ်ကြစမ်း၊ ဒါ ရယ်စရာမဟုတ်ဘူး၊ သ လိုလဲ၊ စည်းကမ်းမဲ့လှချည်လား"

ပန်းလိပ်မြွေမယ်တော်၏ ဟိန်းဟောက်လိုက်သော အ ကြောင့် ရဲမက်များနှင့်တကွ သိုင်းပညာရှင်အချို့၏ ရယ် များ ငြိမ်တိတ်သွားသည်။



"ဘာ...ဘာယ်လို၊ ဗိုက်ဆာလို့ ဟုတ်လား"

ဟန်တုရင်မင်းမြတ်က ထပ်မံမေးလိုက်သည်။

"ဟုတ်ပါတယ်၊ ဗိုက်ဆာလို့ပါ၊ မနက်က အန္တရာယ် ချောက်ရဲ့ ဟိုဘက်ရောက်ကတည်းက တကြုတ်ကြုတ်နဲ့မြည် နေပါတယ်....

"လမ်းမှာတွေ့တဲ့ သိုင်းသမားအဖွဲ့တွေဆီက တောင်း တော့ ဘယ်သူမှမကျွေးတာနဲ့ လာစားခဲ့ရပါတယ်....

"နောက်ပြီး ညနေပိုင်း တောင်ကုန်းပေါ်ရောက်တော့ သူတို့ထဲမှာဝင်ပြီး တောင်းစားတာကို မရလို့ စိတ်ဆိုး ဆိုးနဲ့ တွေ့ရာစားစရာယူစားပစ်ပြီး ကျွန်တော့်ရဲ့ စားဝတ် နေရေးအတွက် ဟန်တုရင်မင်းမြတ်ထံ အကူအညီတောင်းဖို့ အလာမှာ တပ်မှူးနဲ့တွေ့ပြီး ဖမ်းဆီးတိုက်ခိုက်မှုကြောင့် အခု လို ဆူဆူပူပူဖြစ်သွားရတာပါ အရှင်မင်းမြတ်"

လူကြမ်းကြီး၏ ဖြေသောစကားကို ပြုံးလျက်နားထောင် နေသော ဟန်တုရင်မင်းမြတ်က တပ်မှူးကျန်းကိုကြည့်လိုက် သည်။

တပ်မှူးကျန်းတစ်ယောက် နှာခေါင်းထဲမှ သွေးများယို စီးကျနေပြီး သူ့ကိုယ်သူ မနည်းကြိုး ရပ်နေရသည်ကို တွေ့ ရသဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်…တပ်မှူးကျန်းကို သမားတော်ကြီးဆီ ခေါ်သွားကြစမ်း"

ဟန်ဘုရင်မင်းမြတ်က အမိန့်ပေးလိုက်သဖြင့် ရဲမက်များက တပ်မှူးကျန်းကို ဆွဲခေါ်သွားကြသည်။

"ကဲ…မင်းရဲ့အပြစ်တွေကို ခွင့်လွှတ်ပါ့မယ်၊ ဒါပေမယ့် ငါက ပြောရင် ပြောသလိုလုပ်မှကြိုက်တာ၊ ဒီတော့ စောစောက ပြောတဲ့အတိုင်း ဒီကြိုးကွင်းကို ကိုယ်တိုင်ဖြုတ်နိုင်တယ်လို့ ပြောခဲ့တယ်"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် ပြောခဲ့ပါတယ်"

"မင်းကို ဒီနေ့ညစာအတွက် ငါ ဧည့်ခံကျွေးမွေးပါ့မယ်၊ ဒါပေမယ့် ဒီကြိုးကိုတော့ မင်းပြောသလို ကိုယ်တိုင်ဖြုတ်ပြတာ ကိုတော့ ကြည့်ချင်တယ်"

"ဟုတ်ကဲ့၊ ကျွန်တော့်ကို အရက်လဲ နည်းနည်းတိုက်ပါ ခင်ဗျာ"

"နေပါဦး၊ မင်းက သူဖုန်းစားလား"

ဟန်ဘုရင်မင်းမြတ်၏ အမေးစကားကြောင့် လူကြမ်းကြီး၏ မျက်နှာသည် ပန်းသီးတစ်လုံးကဲ့သို့ နီရဲသွားသည်။

"အဲဒီစကားအတွက် ကျွန်တော်ဝမ်းနည်းပါတယ်ခင်ဗျာ၊ လောကမှာမရှိလို့မရှိဘူး၊ ဗိုက်ဆာလို့ဆာတယ်ဆိုပြီး ရိုး…



…သားသားတောင်းစားတိုင်း အဲဒီလူကို သူတောင်းစားလို့ သတ်မှတ်ရင် ဖြစ်နိုင်ပါ့မလား…

"ရိုးသားမှုကို ဂုဏ်ယူပြီး မှန်မှန်ကန်ကန် ပြောတတ်တဲ့ သူတွေအဖို့ သိပ်ပြီးခက်တဲ့ဒုက္ခကြီးတစ်ရပ်ပါပဲဗျာ"

ဟန်ဘုရင်မင်းမြတ်သည် လူကြမ်းကြီး၏စကားကြောင့် စိတ်မကောင်းဖြစ်သွားမိသည်။

"အေး…ငါမှားသွားတယ်ကွယ်၊ မသိလို့ ပြောလိုက်မိတာ ခွင့်လွှတ်ပါ၊ မင်းရဲ့အပြုအမူကို ရုတ်တရက် မခန့်မှန်းနိုင်လို့ ခုလိုမေးမိတာပါ"

"ကျွန်တော့်မှာ ရွှေစရော ငွေစပါ အလုံအလောက်ပါတယ်၊ ဒါပေမယ့် ခုလိုလမ်းခရီးမှာ ဘယ်မှာမှဝယ်စားလို့ မရပါဘူး၊ ဒီတောအုံပတ်ဝန်းကျင်မှာလဲ စားသောက်ဆိုင်တစ်ဆိုင်မှ မရှိဘူး…

"ဒီတော့ ကျွန်တော် တောင်းမစားလို့ ဘာလုပ်ရမှာလဲ၊ …တောင်းလို့မပေးတော့ လုစားတာပေါ့"

"ကောင်းပြီ၊ မင်းကို ငါ့ရဲ့ဧည့်သည်တော်အဖြစ်လက်ခံပါတယ်၊ ဒါပေမယ့် ငါ့ကိုတော့ မင်းစောစောကပြောတဲ့အတိုင်း…"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့...ဒီမှာကြည့်ပါ၊ ကျွန်တော်ဟာ မဖြစ်နိုင်တဲ့ အယ်တော့မှ မပြောဘူး၊ ပြောရင်လဲ ဖြစ်အောင်လုပ်တတ်တဲ့ လူတစ်ယောက်ပါ"

လူကြမ်းကြီးသည် ပြောပြောဆိုဆိုဖြင့်...

"မြောင်း"

"အို..."

"ဟင်..."

ရုတ်တရက် အံ့သြထိတ်လန့်သံများ အသီးသီးပေါ်ထွက်လာကြသည်။

အဘယ်ကြောင့်ဆိုသော် လက်သီးဆုပ်ခန့်ရှိ 'ဆင်ငိုကြိုး' ကို အားမစိုက်မထုတ်ဘဲ ခန္ဓာကိုယ်ကို အသာလေးကျုံ့လျက် တင်းလိုက်ရုံနှင့် ယောင်းခနဲပြတ်သွားသောကြောင့် ဖြစ်သည်။

"အို...ကောင်းလိုက်တဲ့အတွင်းအား"

ပန်းလိပ်ပြာမယ်တော်နှုတ်မှ တအံ့တသြရေရွတ်သံ ထွက်ပေါ်လာသည်။

"သည်းခံပါ မယ်တော်ကြီးခင်ဗျာ၊ ကျွန်တော်သုံးလိုက်တဲ့ အားဟာ တကယ်တော့ အတွင်းအားမဟုတ်ပါဘူး"



လူကြမ်းကြီးက ပြန်ဖြေလိုက်သည်။

"ဟင်...ဘာပြောတယ်"

ပန်းလိပ်ပြာမယ်တော်၏ အသံသည် ထိတ်လန့်ဖွယ် ဟိန်းထွက်သွားသည်။

သိုင်းပြိုင်ပွဲကြီး၏ အကဲဖြတ်ရာထူးကို ယူထားသူ တစ်ယောက်အနေနှင့် ဤကဲ့သို့ သိုင်းသမားတစ်ယောက် ထုတ်လိုက်သောအတွင်းအားကို မှန်ကန်စွာ မခန့်မှန်းနိုင်သည်မှာ လွန်စွာ ရှက်ဖွယ်ကိစ္စတစ်ရပ်ဖြစ်သလို သိက္ခာလည်း လွန်ကျဆင်းသွားသည့်အဖြစ်ပင် ဖြစ်သည်။

"ဟုတ်ပါတယ်၊ မည်သူမဆို ဒီလှုပ်ရှားမှုကို အတွင်းအားလို့ပဲ ပြောကြမှာပါ၊ ကျွန်တော်ကိုယ်တိုင်လဲ သူများသာလုပ်မယ်ဆိုရင် အတွင်းအားနဲ့သုံးတာပဲ ပြောမိမှာအမှန်ပဲ၊ ပန်းလိပ်ပြာမယ်တော်ကြီး ကြိုက်တဲ့လူကို မေးပါ၊ အတွင်းအားလို့ပဲ သတ်မှတ်ကြမှာပါ၊ ဒါကြောင့် မယ်တော်ကြီး ခန့်မှန်းတာမမှားပါဘူး၊ ဒါပေမယ့်ဘာကယ်တော့ ကျွန်တော်ကိုယ်တိုင် လှုပ်ရှားလိုက်တဲ့အားမို့ ကျွန်တော်သိပါတယ်"

လူကြမ်းကြီးက စကားကို အဆင်ပြေအောင် ပြောလိုက်ခြင်း ပန်းလိပ်ပြာမယ်တော်ကြီး အနည်းငယ် ကျေနပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မင်းရဲ့လှုပ်ရှားမှုအားဟာ ဘယ်သူမဆို အတွင်းအားကို ထုတ်သုံးတာလို့ ပြောကြမှာ သေချာပါတယ်"

အရှက်ပြေပြောလိုက်သော ပန်းလိပ်ပြာ မယ်တော်ကြီးကို လူကြမ်းကြီးက လေးစားစွာ ခေါင်းညိတ်ပြလိုက်သည်။

"မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ရဲ့ ထုတ်သုံးမှုအားဟာ ကိုယ်ညွှစ်အားဖြစ်ပါတယ်၊ အတွင်းအား မဟုတ်ပါဘူး။ တကယ်လို့ ကျွန်တော့်ရဲ့အတွင်းအားကို ကြည့်ချင်တယ်ဆိုရင်လဲ ဗိုက်ဆာနေတာလေး ဖြည့်တင်းပြီးတဲ့အခါမှာ ပြပါမယ်ခင်ဗျာ၊ လောလောဆယ်တော့ ကျွန်တော့်ကို စားစရာတစ်ခုခုတော့ ကျွေးစေချင်ပါတယ်"

ဟန်ဘုရင်မင်းမြတ်က ချက်ချင်း သတိရသွားဟန်ဖြင့်...

"လာ...ငါ့နောက်လိုက်ခဲ့၊ ပန်းလိပ်ပြာ မယ်တော်က စားဖို့မှူးတွေကို ဒီကဧည့်သည်ကြီးအတွက် အကောင်းဆုံး အစားအစာများနဲ့ အရက်ငါးအိုးပါယူခဲ့ပါလို့ ပြောပေးပါ"

စကားဆုံးသည်နှင့် ဟန်ဘုရင်မင်းမြတ်က လှည့်ထွက်သွားသဖြင့် လူကြမ်းကြီးလည်း နောက်မှ ခပ်သုတ်သုတ်လိုက်ပါသွားတော့သည်။

★

## အခန်း (၂)

ယာယီတဲနန်းတွင် ဖယောင်းတိုင်မီးများဖြင့် ထိန်လင်းတောက်ရှိသည်။

ဟန်ဘုရင်မင်းမြတ်၏ထမင်းစားပွဲတွင် ဝက်ပေါင်ခြောက်များ၊ အသည်းကင်များ၊ ယုန်သားကင်များ၊ ကြက်ကင်နှင့် ...ငါးဟင်းခွက်၊ ကြံမဆိုင်ဟင်းချိုစသည်ဖြင့် စုံလင်လွန်းသည်။

...စားပွဲ၏ဘေးတွင် အရက်ငါးအိုးကို စီစီရီရီတင်ထား...

www.burmeseclassic.com



"ကဲ...မင်းစိတ်ကြိုက်စားစမ်းကွာ၊ ငါတို့ဘာမှ အားနာစရာမလိုဘူး"

ဟန်ဘုရင်မင်းမြတ်က ပြောလိုက်သည်။

"ဟုတ်ကဲ့၊ မရှက်သင့်တဲ့အရာ ငါးပါးထဲမှာ စားသောက်မှုလဲ ပါပါတယ်၊ ဒါကြောင့် ကျွန်တော်မရှက်ပါဘူး၊ အားမနာပါဘူး၊ စားမှာပါ ခင်ဗျာ"

လူကြမ်းကြီး၏ စကားကြောင့် ရှိဘားတွင် ဝိုင်းရံဘာရှိနေကြသော သိုင်းပြိုင်ပွဲ နာယကကြီးများဖြစ်သည့် အရှေ့၊ အနောက်၊ တောင်၊ မြောက်မှ ဂိုဏ်းချုပ်ကြီးများနှင့်တကွ ဟန်ဘုရင်မင်းမြတ်တို့ပင် ထူးထူးဆန်းဆန်း ဖြစ်သွားသည်။

"နေစမ်းပါဦး၊ မရှက်သင့်တဲ့အရာ ငါးပါးဆိုတာ ဘာလဲကွ"

စပ်စုလိုသည့် မြောက်ပိုင်းဂိုဏ်းချုပ်ကြီးက မေးလိုက်သည်ကို အရက်အိုးတစ်လုံးကို လက်တစ်ဖက်တည်းဖြင့်ယူ၍ သောက်နေသော လူကြမ်းကြီးက မျက်လုံးစွေကြည့်ရင်း ခေါင်းညိတ်ပြသည်။ သဘောကတော့ ပြောပါမယ်ဟူသော သဘောဖြစ်၏။

"ဟုတ်ကဲ့...ပြောပါမယ်၊ ကျွန်တော့် ဆရာတစ်ယောက်က မှာဖူးတယ်၊ ဘာစကားလဲဆိုတော့ လူ့ဘဝမှာ လူဖြစ်



လာရင် မရှက်ရမယ့် ကိစ္စငါးခုရှိတယ်တဲ့၊ အဲဒီကိစ္စကို ရှက်မိရင် လူ့ဘဝမှာ အကျိုးယုတ်တတ်တယ်လို့ ပြောပါတယ်"

"အလို...ဘယ်ငါးမျိုးဆိုတဲ့ စကားပါလဲ"

တောင်ပိုင်းဂိုဏ်းချုပ်ကြီးက ဝင်၍မေးလိုက်သည်။

"တကယ်ပါပဲ၊ ခု ကျွန်တော် ပြောမယ့် မရှက်သင့်တဲ့ကိစ္စတွေကို ကြားပြီးရင်တော့ ဒီအကြောင်းကို လက်ခံသွားကြမှာပါ"

လူကြမ်းကြီးက ဝက်ပေါင်ခြောက်တစ်ဖဲ့ကို ကိုက်စားရင်းမှ ပြောလိုက်သည်။

"ကဲ...ပြောစမ်းပါဦး"

ပန်းလှိုင်ပြာမယ်တော်က အားတက်သရော မေးလိုက်သည်။

"ပထမအချက်မရှက်သင့်တာကတော့ ပညာရှာတဲ့နေရာမှာ မရှက်သင့်ပါဘူး"

"စာ...ဟုတ်တယ်ဟေ့"

အရှေ့ပိုင်းဂိုဏ်းချုပ်ကြီးက သဘောကျစွာဖြင့် ထောက်ခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒုတိယမရှုက်သင့်တာကတော့ စီးပွားရှာတဲ့ နေရာမှာလဲ မရှက်သင့်ပါဘူး"

ပန်းလိပ်ပြာမယ်တော်က ထောက်ခံလိုက်ပြန်သည်။

"ဒါလဲ ဟုတ်နေပြန်ရော"

"နောက် တတိယအချက်ကတော့ ခေါ်ထုန်မှီဝဲတဲ့ နေရာမှာလဲ မရှက်သင့်ပါဘူး"

သည်တစ်ခါတော့ ရုတ်တရက် မည်သူမျှမထောက်ခံရဲကြဘဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ခေါင်းများကို မသိမသာ ညိတ်ကြသည်။

"ဟဲ ဟဲ…ဟုတ်ပါတယ်၊ နောက်စတုတ္ထတစ်ချက်ကတော့ အိပ်ချင်တဲ့ နေရာမှာလဲ မရှက်သင့်ပါဘူး၊ ဒါဟာ ကျန်းမာရေးနဲ့ ပတ်သက်ပါတယ်၊ မမြင်ဝံ့ ဆေးသမားဆိုတဲ့ စကားလိုပါပဲ"

"ဟုတ်တယ်…ဟုတ်တယ်၊ ကျုပ် တလောကပဲ…"

အနောက်ပိုင်းဂိုဏ်းချုပ်ကြီး လွှတ်ခနဲ ပြောလိုက်သောစကားမှာ တစ်ဝက်တစ်ပျက်နှင့် ရပ်သွားခဲ့သည်။

"ဘာလဲ…တင်ပါးမှာ သွေးပြည်ယိုနာ ပေါက်တုန်းက တင်ပါးလှန်ပြီး ခွဲစိတ်ခဲ့ရတဲ့ကိစ္စကို ပြောမလို့ မဟုတ်လား။



ဟား…ဟား… ဒါ ရှက်စရာမဟုတ်ပါဘူး ဆိုမှပဲ၊ ဟား…ဟား"

တောင်ပိုင်းဂိုဏ်းချုပ်ကြီး၏ စကားသံကြောင့် အနောက်ပိုင်းဂိုဏ်းချုပ်ကြီး၏မျက်နှာ ရဲခနဲဖြစ်ကာ မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

"တဲ…နောက် တစ်ချက်ကတော့…"

လူကြမ်းကြီးသည် စကားမဆက်သေးဘဲ နောက်ထပ်အရက်တစ်အိုးယူ၍ မော့လိုက်ပြန်သည်။ သူ့စကားကို နားထောင်နေသူများမှာ ဆတ်တငံ့ငံ့ ဖြစ်နေကြသည်။

မော့သောက်နေသော အရက်အိုးကို ပါးစပ်မှ တော့ထားရင်းမှ ခွာလိုက်သောအခါ ပြောင်သွားပြီး နောက်တစ်အိုးယူ၍ သောက်ပြီးမှ စကားဆက်လိုက်သည်။

"နောက်ဆုံးအချက်ကတော့ အခုလိုစားသောက်တဲ့နေရာမှာလဲ မရှက်သင့်ပါဘူး၊ ရှက်ရင်ငတ်သွားမှာပဲတဲ့၊ ဒါတွေကတော့ ကျွန်တော်သိတဲ့ မရှက်တရားငါးပါး တွေပါပဲ ခင်ဗျာ"

စကားဆုံးသွားသည်နှင့် စားပွဲပေါ်မှ ကြက်ကင်တစ်ခြမ်းကို လှမ်းယူလိုက်ပြီး တကျွတ်ကျွတ်ဖြင့် ဝါးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူကြမ်းကြီးသည် သောက်လိုက်စားသိက်နှင့် သိပ်မကြာသော အတောအတွင်း အရက်ငါးအိုးနှင့် စားသောက်ဖွယ်ရာ အားလုံး ပြောင်သွားကြလေတော့သည်။

တကယ်တော့ ယခု စားပွဲဝိုင်းတစ်ဝိုင်းစာသည် လူဆယ်ယောက်စာ ဖြစ်သည်။

သို့သော် ယခုလူကြမ်းကြီးဆိုသော လူတစ်ဦးတည်းဖြင့် ကိစ္စချောသွားခဲ့သည်မှာ ပြောမယုံကြုံဖူး၍သာ ယုံကြရသော အဖြစ်အပျက်တစ်ခုပင် ဖြစ်တော့သည်။

* * *

စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ သိမ်းဆည်းပြီး ဖြစ်၏။

သို့ရာတွင် အချိုပွဲအဖြစ်ထားရှိသော စပျစ်သီးကို အရွေ့တွင် ချကာ တစ်လုံးပြီးတစ်လုံးဆိတ်ပါးစပ်လို့ စားနေသော လူကြမ်းကြီးကို သေသေချာချာ ထူးထူးဆန်းဆန်းလိုကြည့်နေသော ဘုရင်မင်းမြတ်တ....



"နေစမ်းပါဦး၊ ဒီကို အာရည်ရှယ်ချက်နဲ့ လာခဲ့တာလဲ"

"သိုင်းပြိုင်ပွဲ ဝင်ချင်လို့ပါ"

လူကြမ်းကြီးက ပြန်ပြောလိုက်သည်။

"မင်းရဲ့နာမည်ကို တို့သိချင်တယ်"

ဟန်ဘုရင်မင်းမြတ်က ပြန်မေးလိုက်သည်။ လူကြမ်းကြီးက ဖြူး၍ တစ်လုံးချင်း မှန်မှန်ပြောလိုက်သည်။

"လေလွင့်သိုင်းသမားပဲ ဆိုပါတော့၊ ဟဲ....ဟဲ"

"ဟေ့....ဒါ နောက်စရာမဟုတ်ဘူး၊ ဘုရင်မင်းမြတ်ကို ခနဲ့လေးစား မပြောနဲ့၊ ပြန်ပြောစမ်း မင်းနာမည်"

ဘောင်ပိုင်းဂိုဏ်းချုပ်ကြီးက ကြားမှ ဝင်မြွာလိုက်သည်။

"ကျွန်တော်ပြောတော့ကော ခင်ဗျားတို့က လက်ခံကြမှာလား"

"မင်းပြောတာ လက်ခံနိုင်တဲ့အဖြေရှိရင် လက်ခံရမှာပေါ့ကွ"

လူကြမ်းကြီးက တစ်စုံတစ်ခုကို မျက်မှောင်ကြုတ်၍ တွေးနေရာမှ...

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆိုနာမည်က သတ်မှတ်ချက်တစ်ခုပါ၊ ကျွန် တော့်ကို ဆက်ဆံတဲ့နေရာမှာ သတ်မှတ်ချက်တစ်ခုကို မှတ် သွားပြီး ဆက်ဆံပြောဆိုဖို့ အဓိကပဲ မဟုတ်လား၊ ဒီတော့ သတ်မှတ်လို့ရတဲ့ နာမည်တစ်ခုကိုပဲ ပြောပြပါမယ်၊ ကျွန် တော့်နာမည် မိုးပေါ်ကလူ"

အားလုံး အံ့အားသင့်သွားကြသည်။

"မိုးပေါ်ကလူ ဟုတ်လား"

လူကြမ်းကြီး ခေါင်းညိတ်လိုက်သည်။

"ဟား…ဟား…ဟား၊ နာမည်ကတော့ သိတ်တု သွားပြီ၊ လူကလဲ ဟုတ်မှခေါ်မှာနော်"

မြောက်ပိုင်းဂိုဏ်းချုပ်ကြီးက ဝင်ပြောလိုက်သည်။

"ကျွန်တော်ဟာ ပါးစပ်ကပြောသလို လက်တွေ့လုပ်ပြ နိုင်ပါတယ်"

မိုးပေါ်ကလူဟူသော လူကြမ်းကြီးက အသံမှန်ဖြင့် ပြန် ပြောလိုက်သည်။

"မင်း ဘယ်နယ်က လာတာလဲ"

"ကျွန်တော် ရာယင်းချောင်းက လာတာပါ"

"အို…အဝေးကြီးပါလား"



တောင်ပိုင်း ဂိုဏ်းချုပ်ကြီးက အံ့ဩစွာ ပြောလိုက် သည်။

တကယ်ဆိုလျှင် လူကြမ်းကြီး ပြောလိုက်သော ရာယင်း ချောင်းဒေသသည်သူပိုင်ဆိုင်သည့် တရုတ်ပြည်တောင်ပိုင်းတွင် ရှိသည်။ ထို့ကြောင့် သူ့လူဟုဆိုလျှင် မမှားနိုင်ပေ။

"ဟာ…ဒါဆို တောင်ပိုင်းဂိုဏ်းချုပ်ကြီးရဲ့ လူအင်အား ထဲမှာ တစ်ယောက်တိုးလာတာပေါ့"

ပန်းလိပ်ပြာမယ်တော်က ခပ်ရိရိလေး ပြောလိုက်သည်။

"ဒီမှာ မောင်ရင်၊ ဒီပြိုင်ပွဲကို လာတယ်ဆိုတော့ မင်း ညာအဆင့်မသေးဘူးဆိုတာ ခန့်မှန်းလို့ရပါတယ်၊ ဒါပေ ယ့်တော်ရုံဘန်ရုံ သိုင်းသမားအဆင့်နဲ့တော့ ဝင်ယှဉ်ပြိုင် မစဉ်းစားနဲ့"

ပန်းလိပ်ပြာမယ်တော်က လူကြမ်းကြီးကို ပြောလိုက်၏။ ကြမ်းကြီးက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"နောက်ပြီး ကိုယ့်ကိုယ်ကို အထင်ကြီးပြီး မိုးပေါ်ကလူ ယ်လို့ ဘဝင်မြင့်ပြီးဝင်ပြိုင်မနေနဲ့ဦး၊ တော်ကြာအခြောက် တိ် သေနေဦးမယ်"

အနောက်ပိုင်းဂိုဏ်းချုပ်ကြီးကပါ အထင်သေး သေား လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီပြိုင်ပွဲမှာ မသာတာတွေ ရှိဖူးပါသလားခင်ဗျာ"

လူကြမ်းကြီးက မျက်လုံးလေး ပုတ်ခတ် ပုတ်ခတ်နှင့် မေး လိုက်သည်ကို အားလုံးက ပြုံးလျက် ကြည့်လိုက်ကြသည်။

"ဟာ...ဘယ့်နှယ် မသေဘဲလူရှိပါ့မလဲ"

"ပြိုင်တဲ့လူအားလုံး သေကြတာပဲလား"

လူကြမ်းကြီး၏အမေးစကားကြောင့် ဟန်ဘုရင်မင်းမြတ် စင် မျက်လုံးပြူးသွားပြီး....

"ဘယ်ဟုတ်မလဲ၊ အထက်ဆုံး လူကတော့ ကျန်ခဲ့တာ ပေါ့၊ ဒီပြိုင်ပွဲမှာက နိုင်တဲ့လူကို ရှုံးတဲ့လူက ဒူးထောက်ပြီး တောင်းပန်ရတယ်၊ နို့မဟုတ်ရင် သတ်ပစ်နိုင်တယ်၊ ဒါပေမယ့်လဲ ဆိုင်းသမားတိုင်းဟာ သိက္ခာအကျခံပြီး ဘယ်ဒူး ထောက်ကြမလဲ၊ အသေခံကြတာ များတာပေါ့၊ ဒါကြောင့် အန္တရာယ်များတယ်လို့ ပြောကြတာ"

လူကြမ်းကြီးခေါ် လူပျော်ကြီးက ဝမ်းသာစွာ ပြုံးလိုက် သည်။

"ဒါဆို ကျွန်တော်ပြိုင်မယ်၊ တော်တဲ့လူ ကျန်ရစ်ခဲ့မယ် ဆိုရင် တောင်ပိုင်း ဂိုဏ်းချုပ်ကြီးရဲ့ တောင်ပိုင်း အဖွဲ့တွေ ဂုဏ်သိက္ခာတက်စေဖို့ ကျွန်တော့်ကို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါ ခင်ဗျာ"



အားလုံး ပါးစပ် အဟောင်းသား ဖြစ်သွားကြသည်။ တောင်ပိုင်း ဂိုဏ်းချုပ်ကြီးက ဂုဏ်ယူသည့်မျက်နှာဖြင့်....

"ကဲ...တွေ့တဲ့အတိုင်းပဲ၊ တောင်ပိုင်းသားတွေရဲ့ သတ္တိ ဟာ ဒီလိုပါပဲ"

တောင်ပိုင်း ဂိုဏ်းချုပ်ကြီးက ပြောပြီး လက်တွင်းရှိ ယပ် တောင်ကိုဖြန့်လျက် ခတ်နေသည်။ ကျန်လူများ ရှုံ့မဲ့သွားကြ သည်။

"အေးပါ...တို့ကတော့ သက်သက်မဲ့ ဆိုယ့်ဟာကိုယ် အထင်တကြီးနဲ့ သေပန်းပွင့်နေမှာစိုးလို့ပါ"

"ကဲပါလေ ဒီလိုလုပ်ကြရအောင်"

လူပျော်ကြီးက ပြောလိုက်ခြင်းဖြစ်သည်။

"ဘယ်လိုလုပ်မှာလဲ"

ပန်းလိပ်ပြာမယ်တော်က မခံချင်ဟန်ဖြင့် မေးလိုက်သည်။

"ကျွန်တော့် အပေါ်မှာ သိပ်ပြီး စိုးရိမ်နေကြတဲ့ သူတွေကို ကျွန်တော်က ပြန်ပြီး လေးစားသောအားဖြင့် ကျွန် တော့်ရဲ့ သိုင်းကွက်တချို့ကို ပြပါရစေ၊ တကယ်လို့ ကျွန် တော့်ရဲ့ သိုင်းကွက်တွေက အဆင့်မရှိဘူးဆိုရင် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တာ ဒီသိုင်းပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဘဲ ပြန်သွားပါ မယ်၊ ဘယ်နှယ်လဲ...ကျွန်တော့်ရဲ့ အစီအစဉ်ကို သဘောတူ ကြပါသလားခင်ဗျာ”

လူပျော်ကြီး၏ စကားကြောင့် တောင်ပိုင်း ဂိုဏ်းချုပ်ကြီး တက်တက်ကြွကြွဖြစ်သွားပြီး....

“သိပ်ကောင်းတာပေါ့၊ ယာယီတဲနန်းရဲ့ အနောက်ဘက် သီးသန့် သိုင်းလေ့ကျင့်ရေးကွင်းမှာ မင်းရဲ့ ပညာတွေ သွားပြီး အကဲခတ်ကြတာပေါ့”

ပြောပြောဆိုဆို ထိုင်ရာမှထလိုက်သည်။ ကျန်လူများလည်း ရောယောင်၍ထကြလေသည်။

“ကဲ ... ပါလေ...ကျုပ်ပါ လိုက်ခဲ့ပါ့မယ်”

သိုင်းပညာရှင်တို့ကို လေးစားနေသည့် ဟန်ဘုရင်မင်း မြတ်သည်ပင် လိုက်ပါလာခဲ့သည်။

* * *

* ယာယီတဲနန်း၏အနောက်ဘက်၊ ကြိုလင်တောင်ကသ အနောက်ဘက်စွန်းတွင် ဖြစ်သည်။



ကွင်းပြင်သည် သိပ်အကျယ်ကြီး မဟုတ်၊ ဆယ်လမ်းမျှ သောက်သာ ကျယ်ဝန်းသည်။ ကွင်းနံဘေးတွင် ကျောက်ပိ ဘောက်ပင်ကြီး တစ်ပင် ထီးထီးမားမား ပေါက်နေသည်။

“မင်း ပြိုင်ပွဲဝင်ရင် ဘယ်လိုပညာနဲ့ ပြိုင်ပွဲဝင်မှာလဲ” ဟန်ဘုရင်မင်းမြတ်က မေးလိုက်ခြင်းဖြစ်သည်။

“မသိဘူး”

“ဟော...”

လူပျော်ကြီး၏ အဖြေကြောင့် အားလုံး အံ့သြသွားကြ သည်။

“ဟေ့ကောင်...ကြောင်တောင်မဘောင်လုပ်မနေနဲ့၊ ကိုယ့် ဖိုင်ခဲ့တဲ့ ပြိုင်ပွဲကိုတောင် ဘာပညာနဲ့ ပြိုင်မယ်ဆိုတာတောင် မပြောတတ်ဘဲ ပြိုင်ပွဲ ဝင်ချင် သေးသလားကွ၊ ဘယ့်နှယ် တောင်ပိုင်းဂိုဏ်းချုပ်ကြီးရဲ့ လုပ်ပါဦး”

မြောက်ပိုင်းဂိုဏ်းချုပ်ကြီးက ရိတိတိပြောလိုက်ရာ လူပျော် ကြီးက မခံချင်ဖြစ်သွားသည်။

“နေပါဦး၊ ကျွန်တော် မသိလို့ မသိဘူး ပြောတာနဲ့ တောင်ပိုင်းသားတွေကို ထိခိုက်စရာမလိုပါဘူး၊ ကျွန်တော်က အလက်နက်နဲ့လာလာ လက်ဗလာနဲ့ ပဲတိုက်မှာပါ၊ ဒါကြောင့်

www.burmeseclassic.com

ဘာပညာဆိုတာကို မပြောတတ်တာပါပဲ၊ ကျွန်တော် သိတာ ပြောရရင်တော့ လက်ဝါး လက်နက်နဲ့ လက်ဝါး ပညာရပ် ပြိုင်မှာပါ”

“ဟား...ဟား...ဟား”

ဟန်ဘုရင်မင်းမြတ်ပင် ဟန်မဆောင်နိုင်ဘဲ ရယ်မောမိသည်။

“တော်တော်ရယ်ရတဲ့ ကောင်ပဲ၊ ကဲ...တောင်ပိုင်း ဂိုဏ်းချုပ်ကြီး၊ ခင်ဗျားရဲ့ လူကို ခင်ဗျားပဲ ပြိုင်ပွဲ ပုံစံတွေ ပြော လိုက်ပါ”

ဟန်ဘုရင်မင်းမြတ်၏ အမိန့်ကြောင့် တောင်ပိုင်း ဂိုဏ်းချုပ်ကြီး လူပေါင်းတော့မှားပြီဟူသော မျက်နှာနှင့် ထိုင်ရာမှ ထ လိုက်သည်။

“ကဲ...သေသေချာချာ နားထောင်၊ မင်း ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ မင်းအတွက်နဲ့ ငါပါ သိက္ခာကျလှပြီ”

တောင်ပိုင်း ဂိုဏ်းချုပ်ကြီးက အသံတိုးတိုးဖြင့် အပြစ် တင်လိုက်ပြီးမှ စကားကိုဆက်သည်။

“ဒီပြိုင်ပွဲမှာ လက်ရေးသိုင်းကွက်ပြီးမှ လက်နက်မဲ့ပေါ ကွာ၊ နောက် လက်နက်မျိုးစုံ ကြိုက်တာကိုင်ပြီး လက်နက် ချင်း တိုက်တဲ့ ပြိုင်ပွဲရယ်၊ ကိုယ်ဖော့ပညာရယ်၊ အတွင်းအား



သုံးချတဲ့ ပြိုင်ပွဲရယ်၊ နောက်ဆုံး ထင်တိုးတာက လက်နက် ပညာပဲ၊ ဒီတော့ မင်းက ဘယ်ပညာကို ပိုပြီးအားသန် သလဲ”

လူပျော်ကြီး မျက်မှောင်ကုတ်သွားသည်။ ပြီးတော့မှ...

“အို...အကုန်လုံးအားသန်တယ်၊ ကျွန်တော့် လက်ဝါးနဲ့ င် သိုင်းကွက်အားလုံးကို ပြိုင်နိုင်တယ်”

တောင်ပိုင်း ဂိုဏ်းချုပ်ကြီးမှာ နည်းနည်းတော့ လန့် သွားသည်။ သည်ကောင် စိတ်မှ ကောင်းရဲ့လား ဟူသော သောဖြင့် အကဲခတ်လိုက်သည်။ သို့သော်...ဤနေရာသို့ ရောက်ရန် အန္တရာယ် အမျိုးမျိုးကို ဖြတ်ကျော်ခဲ့ရသဖြင့် လူပျော်ကြီးပြောသည့် စကားတို့မှာ ဟုတ်သလိုလိုမို့ ဘာ ပြော၍ ဘာဝေဖန်ရမှန်းမသိ ဖြစ်နေသည်။ အားလုံးသော လူများသည် လူပျော်ကြီးကို မယုံမရဲ ကြည့်နေကြသည်။

“ဟဲ...ဟဲ...ကျွန်တော် ပြောတာ အံ့ဩသွားကြသလား၊ တယ်ပြောတာပါ၊ ကျွန်တော်က ပြောရင် ပြောသလို လုပ် တတ်တဲ့ကောင်ပါဗျ၊ ကဲ...ပထမဆုံး ကျွန်တော်ရဲ့ ပေလှိုင်း က်ဝါးသိုင်း တစ်ကွက်ကိုပြပါမယ်၊ တစ်မျိုးကို တစ်ကွက်ပဲ ပါမယ်”

လူပျော်ကြီးသည် ပြောပြီးသည်နှင့် ကွင်း၏အလယ်ဗဟိုသို့ င်ရောက်သွားပြီး ကွင်းအစပ်မှ ကျောက်ပိဓောင်ကို က်ဝါးတစ်ဖက်ဖြင့် ဆတ်ခနဲ ပုတ်လိုက်သည်။

www.burmeseclassic.com



ပင်စည်ကို ပုတ်လိုက်သောအားကြောင့် သစ်ရွက် တချို့ ဝေ့ဝဲ၍ကြွေကျလာသည်။ ဤသည်ကို လူပျော်ကြီးက တစ်ချက် မော့ကြည့်လိုက်ပြီးသည်နှင့်...

"ယား"

အသံထွက်သည်ဆိုရုံမျှ တိုးညှင်းသည့်အသံဖြင့် အားမပါသလို ရေရွတ်ရင်း လေထဲသို့ခုန်လွှားလိုက်ပြီး လေထဲတွင် ဝဲခနဲ တစ်ချက်လှုပ်ရှားကာ မြေပြင်သို့ ပြန်ကျလာသည်။

နှေးနေသည်ကြောင့်လားမသိ ပြန်ကျလာပုံက ကြောင်ကျ မဟုတ်။ ဘုတ်ခနဲ ခွေးကျကျလာသည်။

"ဟား...ဟား...ဟား"

ရယ်မောသံများ ထွက်ပေါ်လာသည်။ တောင်ပိုင်း ဂိုဏ်းချုပ်ကြီး မျက်နှာ ပျက်သွားပြီး လူပျော်ကြီး၏ မုံပျက်ပန်းပျက် ကျလာပုံကို ကြည့်ရင်း...

"တောက်...လူရှုပ်"

ကျယ်လောင်သည့် တောက်ခတ်သံနှင့် အတူ ပါးစပ်မှလည်း မြည်တွန်တောက်တီးလိုက်သည်။

ကျန် ဂိုဏ်းချုပ်ကြီးများက ပြုံးစိစိဖြင့် ကြည့်နေကြသည်။



"ဟော့ ကောင်...အဲဒါ ဘာသိုင်းလဲ၊ ခွေးကျသိုင်းလား"

တောင်ပိုင်း ဂိုဏ်းချုပ်ကြီး၏ မေးသံကြောင့်...

"ဟား...ဟား...ဟား"

အားလုံးက ရယ်မောလိုက်ကြသည်။ လူပျော်ကြီးကတော့ ခပ်တည်တည်ပင် ပြန်ပြောလိုက်သည်။

"လေလှိုင်းလက်ဝါး တစ်ဆယ့်ကိုးကွက်လေ"

"ဘာ..."

"ဟုတ်ပါတယ်၊ လေလှိုင်း လက်ဝါး တစ်ဆယ့်ကိုးကွက်ပါ၊ ကျွန်တော် လေထဲမှာ လှုပ်ရှားပုံက မြန်တော့ ကျွန်တော့်ရဲ့ သိုင်းကွက်ကို ရုတ်တရက် မြင်လိုက်ကြမှာ မဟုတ်ဘူး"

"ဟန့်...လုပ်ပြန်ပြီ၊ မင်းဟာက ဘာထူးခြားတဲ့ သက်သေ ပြနိုင်လို့လဲ"

ယင်းမေးခွန်းကို ဟန်ဘုရင်မင်းမြတ်ကိုယ်တိုင် ဝင်ရောက်မေးလိုက်ခြင်း ဖြစ်သည်။

"ပြနိုင်ပါတယ်၊ ကျွန်တော်က အပြောသမား မဟုတ်ပါဘူး၊ စောစောက ကျွန်တော့်လက်နဲ့ ပုတ်လိုက်လို့ ကြွေကျတဲ့ သစ်ရွက်တွေ စုစုပေါင်း တစ်ရာ့ကိုးရွက်တိတိပါ"

www.burmeseclassic.com

www.burmeseclassic.com



“ဟား…သေချာရဲ့လား”

ပန်းလိမ်ပြာမယ်တော်က တအံ့တသြ ပြောဆိုလိုက်ခြင်း ဖြစ်သည်။

“ဟုတ်ကဲ့…သေချာပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ရဲ့ လက်ဝါးရိုက်ချက်က တစ်ရာ့ကိုးချက်တိတိ ရိုက်လို့ပါပဲ”

“ဟင်…”

အားလုံးထံမှ ထွက်လာသည့် အသံများ ဖြစ်သည်။

“မယုံရင် ပြောင်နေတဲ့ မြေပေါ်က သစ်ရွက် တွေကို ကောက်ပြီး ရေတွက်ကြည့်ပါ ခင်ဗျာ”

လူပျော်ကြီး၏ စကားဆုံးသွားသည်နှင့် တောင်ပိုင်းဂိုဏ်းချုပ်ကြီးသည် မယုံမရဲနှင့် ဟန်ပင်မဆောင်နိုင်ဘဲ သစ်ရွက်များကို ကောက်ယူ၍ ရေတွက်နေ၏။

နောက်ဆုံး တစ်ရာ့ရှစ်ရွက်တွင် သစ်ရွက်များကုန်သွားသည်။

“ဟော့…တစ်ရွက်ပဲလိုတယ်ကွ”

တောင်ပိုင်းဂိုဏ်းချုပ်ကြီးက မြေပြင်ပေါ်တွင် ရှင်းနေပြီ ဖြစ်သော်လည်း ဟိုဟိုသည်သည်ကြည့်ရင်း ပြောလိုက်သည်။



အရှေ့၊ အနောက်၊ မြောက်ပိုင်းဂိုဏ်းချုပ်ကြီးများနှင့် တန်ဘုရင်မင်းမြတ်တို့၏ မျက်လုံးများ ကျွတ်ထွက်မတတ် ငေးကြည့်နေမိသည်။

တစ်ရွက်လောက်ဆိုတာကို တွက်စရာမလိုတော့။ ဤမျှတိကျမှန်ကန်သည်ကပင် အံ့မခန်းဖြစ်နေကြသည်။

“ဟား…ဟား…ဟား…မလိုပါဘူး၊ အဲဒီမှာ တစ်ရာ့ရှစ်ရွက်မဟုတ်လား”

လူပျော်ကြီးက ရယ်မောရင်း မေးလိုက်သည်။

“အေး…ဟုတ်တယ်”

တောင်ပိုင်းဂိုဏ်းချုပ်ကြီးက ပြန်ဖြေလိုက်သည်။

“ဒီမှာတစ်ရွက်လေ…ရော့”

“ဟော…”

ထိုအခါ၌ အားလုံး ဝါးစပ်ပြသွားကြသည်။ မအံ့သြဘဲ အဘယ်မှာ နေနိုင်တော့မည်နည်း။

လိုနေသော သစ်ရွက်တစ်ရွက်သည် လူပျော်ကြီး၏ လက်ဝါးပေါ်တွင် တင်လျက်သား ရှိနေချေသည်တကား။

“တယ်ကောင်းတဲ့ သိုင်းကွက်ပါလားဟေ့၊ အခုပြောနဲ့ သက်တွေ့ကတော့ တကယ်ကို ညီပါပေတယ်ကွာ”

www.burmeseclassic.com

www.burmeseclassic.com



"အို...ကျုပ်တို့ တောင်ပိုင်းသားတွေဟာ ဒီအတိုင်းပဲ ဘယ်တော့မှ လေသံမားတွေ မဟုတ်ဘူး၊ ဟုတ်တယ်မဟုတ်လား ညီလေး"

တောင်ပိုင်းဂိုဏ်းချုပ်ကြီး၏ မျက်နှာသည် ချက်ချင်း ရုတ်ယှဉ့်ကွဲသွားပြီး ဝမ်းသာလွန်းသော အပြုံးတို့ဖြင့် လူဖျော်ကြီး၏ပခုံးကို ဖက်လိုက်သည်။

"ကဲ...ညီလေး၊ နောက်ဆိုင်းတစ်ကွက်က ဘာလဲခြေဖော့"

တောင်ပိုင်းဂိုဏ်းချုပ်ကြီး၏ အသံက ပို၍ပီပြင်လာသတိ ရှိ၏။

"ဒါက လက်နက်မဲ့ဆိုင်းကွက်ပါ၊ လက်နက်နဲ့ယှဉ်ပြိုင် ရမယ်ဆိုတော့ ကျွန်တော့်လက်နက်က လက်ဝါးပဲပါ"

သည်တစ်ခါတော့ ဘယ်သူမှ မတားရဲတော့ချေ။

"ကျွန်တော့်လက်ဝါးရဲ့အားကို ပြရမယ်ဆိုရင် လေညင်းလက်ဝါးဆိုင်းကွက်ကို ပြပါမယ်၊ ဒါကတော့ လူတစ်ယောက်ရဲ့ လက်နက်နဲ့တိုက်ခိုက်မှ ပိုပြီး ပြကောင်းတဲ့အကွက် မဟုတ်ဘဲ ကျွန်တော့်လက်ဝါး လေအားကိုကြည့်ပြီး ဆုံးဖြတ်ကြပါ"



"ဗွီး...ဗွစ်"

"ဗွီး...ဗွီး...ဗွစ်...ဗွစ်"

ကွင်းတစ်ပြင်လုံးကို မြန်လှသောအလျှင်နှုန်းတစ်ခု ဖြတ်ပြေးနေသည်ကို အားလုံး သတိထားမိလိုက်ကြသည်။ သို့သော် တော်ဝန်းကျင်တစ်ခုလုံး ဘာမှ ထူးထူးခြားခြားမရှိလှပေ။

"ဟုတ် ကဲ့...ကျွန်တော့်ရဲ့ လေညင်းလက်ဝါးဆိုင်းကွက်ပါပဲ"

"ဟာ...ညီလေးရဲ့ ဘာမှ မထူးခြားပါလား၊ ဘယ်လိုလဲကွ"

တောင်ပိုင်းဂိုဏ်းချုပ်ကြီးက အထင်တကြီး မေးလိုက်သည်။

"ဖြည်းဖြည်းပေါ့ဂိုဏ်းချုပ်ကြီးရယ်၊ ထူးခြားတာတွေ ရှိပါတယ်၊ ကျွန်တော် နောက်မှပြပါ့မယ်၊ လေခလာဆယ် ဖြည့်မဖြစ်သေးလို့ပါ"

လူပျော်ကြီး၏ အဖြေစကားကြောင့် အားလုံးငြိမ်သွားကြသည်။

"ကဲ...ဒီတစ်ခါအတွင်းအားနဲ့ ပတ်သက်တာရယ်၊ ဘယ်လောက်ပညာနဲ့ပတ်သက်တဲ့ ဆိုင်းကွက်ပြပါမယ်၊ ဒါလဲ လက်ဝါးနဲ့ ပြမှာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး စိတ်ဓင်စားသွားကြသည်။

"စမြို"

"ဟော့...."

အသံနှင့်အတူ ကိုယ်ဖော့ပညာနှင့် ခုန်လိုက်သော လူဖျော်ကြီးသည် အပေါ်သို့ အတော်မြင့်မြင့်ရောက်သွားသည်။ အားလုံးမော့ကြည့်လိုက်ကြသည်၊ အပေါ်သို့ ခုန်တက်သွားသော လူဖျော်ကြီးက ဇောက်ထိုးကြီး ပြန်ကျလာသည်။

"ဟာ...သေတော့မှာပဲ၊ ကိုယ်ကိုလှည့်တော့လေ"

"ဟော့....ခေါင်းနဲ့ကျမယ်ကွ"

မလှည့်ပါ၊ ဇောက်ထိုးကြီး အရှိန်နှင့်ပင် ထိုးချလိုက်ပြီး...

"ဖတ်"

တိုးညင်းသောအသံဖြစ်သည်။ ကြည့်လိုက်တော့ မြေကြီးပေါ်တွင် လက်ညှိုး လေး တစ် ချောင်း တည်း ကို အားပြုထောက်ထား၍ အုန်းပင်စိုက် ဇောက်ထိုးကြီးရပ်လျက်သားရှိနေ၏။ မွမွလေးသာရှိသော မြေကြီးသည် လက်ညှိုးရှုလေး ထင်ရုံသာထင်နေပြီး မြေကြီးထဲသို့ ကျွံဝင်မသွားချေ။ ဤသို့နေရာမှ တစ်ဖက်သို့လှည့်ကာ အပေါ်တွင် လွတ်နေသော ဘက်တစ်ဖက်ဖြင့် ကျောက်ပိတောက်ပင်ကြီးဆီသို့ ဆန့်တန်းကာ လက်ဝါးတစ်ချက်ရိုက်လိုက်သည်။



"ဗွီး"

"ဝုန်း"

ရုတ်ခြည်း ကြောက်မက်ဖွယ်ကောင်းသော လေမုန်တိုင်းတစ်ခု ကျောက်ပိတောက်ပင်ကြီးဆီသို့ တန်းသွားသော လေကြီးတစ်လုံး ကျောက်ပိတောက်ပင်အား ဝင်ဆောင့်လိုက်နှင့်အတူ မြက်ပင်လေးတစ်ပင်လို ယိမ်းခါ၍ တစ်ဖက်သို့ ညွတ်သွားသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည်။

"ဝေါ...."

"ဗွီး"

လက်ဝါးကိုဆန့်လိုက် ပြန်ရုပ်လိုက်နှင့် လုပ်နေသော လူဖျော်ကြီး၏ လှုပ်ရှားမှုအတိုင်း ကျောက်ပိတောက်ပင်ကြီးမှာ ယိမ်းထိုးနေချေသည်တည်း။

"ဟိတ်...တော်ပါတော့ကွာ၊ တော်ကြာ ကျောက်ပိတောက်ပင်ကြီး ဟိုဘက်ကို ပဲ့ကျသွားပါမယ်၊ တို့မင်းရဲ့ ကိုယ်ဖော့ပညာနဲ့ အတွင်းအားကို ယုံပါပြီ"

"ဖတ်"

ဟန်ဘုရင်မင်းမြတ်ကိုယ်တိုင် မျက်စိမျက် မျက်နှာပေးနှင့် ဆောင်းပန်လိုက်မှ....

www.burmeseclassic.com

www.burmeseclassic.com



လူပျော်ကြီးက ပုံမှန်အတိုင်း ပြန်လည်၍ ခန္ဓာကိုယ်ကို ပြောင်းပြီး မတ်မတ်ရပ်လျက် အနေအထားသို့ ပြန်လည်ကာ မြူလုပ်လိုက်သည်။

“အင်း…ကြောက်ခမန်းလိလိ ပညာစွမ်းပဲ”

မြောက်ပိုင်းဂိုဏ်းချုပ်နှင့် ပန်းလိပ်ပြာ မယ်တော်က အသည်းတုန်ရင်တုန် မှတ်ချက်ချသည်။

“အင်း…ငါ့ညီရဲ့ ကိုယ်ဖော့ပညာနဲ့ အတွင်းအားက တော့ တို့မျက်လုံးထဲမှာ မျက်လှည့်ပြနေသလား အောက် မေ့ရတယ်”

တောင်ပိုင်းဂိုဏ်းချုပ်ကြီးက ထိတ်လန့်တကြီးပြောသည်။

“ကဲ…ကျွန်တော့်ရဲ့ လက်နက်ပုန်းပညာကိုတော့ ကျွန် တော်ပြသလိုက်ပါမယ်၊ တကယ်တော့ လက်နက်ပုန်းဆို တာ သိပ်ပြီး သိမ်ဖျင်းတဲ့သိုင်းသမားတွေနဲ့ မိန်းမကျင့်မိန်းမ ကြံ ကြံတဲ့ သိုင်းသမားတွေလောက်သာ အသုံးများတာမို့ ကျွန်တော့ မသုံးလိုပါဘူး၊ ဒါပေမယ့် ကျွန်တော် တတ် မြောက်တယ်ဆိုတာ မြင်ချင်လို့ ပြတာပဲဖြစ်ပါတယ်ခင်ဗျာ”

လူပျော်ကြီး၏ စကားက တိကျပြတ်သား မှန်ကန်လှ သည်။



ပန်းလိပ်ပြာ မယ်တော်ပင် မျက်နှာ တစ်ချက်ပျက်သွားရ သည်။

“ကျွန်တော်ဟာ ဒီပညာကို ရှုံ့မုန်းတဲ့အတွက် လက်နက် ပုန်း မဆောင်ပါဘူး၊ ကဲ…ရှိတဲ့ဟာနဲ့ လက်နက်ပုန်း လုပ် ပြီး ပြပါမယ်”

“ဝှစ်…ဝှစ်…ဝှစ်”

တိုးညင်းသောလေသံ ဆယ်ချက်တိတိ ပေါ်လာသည်။ အားလုံး မျက်လုံးမျက်ဆန်ပြူးသွားကြသည်။

အသံသာကြားပြီး ဘာနှင့်ပစ်လိုက်မှန်း သူတို့မသိလိုက် ကြပေ။ သူတို့သည် လက်နက်ပုန်းပစ်ခတ်မည်ဟု ပြောဆို သော လူကြမ်းကြီးကို အာရုံစူးစိုက်ကာ အကဲခတ်ကြည့်ရှု နေကြသော်လည်း လူကြမ်းကြီးသည် လက်နှစ်ဖက်ကို ခေါင်း ပေါ်တင်၍ ရပ်တချက် လှုပ်ရှားလိုက်သည်ကိုသာ တွေ့မြင် ရကာ ဘာလက်နက်ပုန်းနှင့် ပစ်လိုက်မှန်း မသိကြချေ။ သို့ သော် ပန်းလိပ်ပြာမယ်တော်က အခွင့်အရေး ရသည်နှင့် အပြစ်တင်စကား ပြောဆို၏။

“မင်းပြောတော့ လက်နက်ပုန်းပညာက ယုတ်ညံ့လို့ ဘာ လက်နက်ပုန်းမှ မဆောင်ဘူးဆို”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မယ်တော်ကြီး၊ ကျွန်တော် သုံးလိုက်တဲ့ လက်နက်ပုန်းက တမင် ယူဆောင်လာတာ မဟုတ်ပါဘူး၊ အမေ မွေးကတည်းက ပေးလိုက်တဲ့ ပစ္စည်းတစ်ခုပါပဲ၊ ဟို...ကျောက်ပိတောက်ပင်မှာ သွားကြည့်ကြပါ၊ တွေ့ပါလိမ့်မယ်"

လူပျော်ကြီးက အေးဆေးတည်ငြိမ်စွာဖြင့် ပြောသည်။ ဤတွင် ရပ်ကြည့်နေကြသူအားလုံး လက်နက်ပုန်းကို သိလိုသဖြင့် ကျောက်ပိတောက်ပင်ရှိရာသို့ ကပျာကယာ လျှောက်လှမ်းသွားကြသည်။

"ဟာ..."

"ဟယ်"

မြင်ရသူအားလုံး တအံ့တသြဖြစ်ကုန်ကြသည်။

"တို့တော့ ဒီညရှုံးမှာပဲတော့"

မြောက်ပိုင်းဂိုဏ်းချုပ်ကြီးက စိတ်မသက်သာဟန်ဖြင့်ပြောလိုက်၏။

"ဒီလောက်တောင်းတဲ့ သိုင်းပညာနဲ့သာဆို ဒီနှစ် သိုင်းပြိုင်ပွဲမှာ မင်းတစ်ဦးတည်းပဲ ဗိုလ်စွဲဖို့ သေချာနေပြီ"

သူတို့ ပြောသည့်ဆိုလျှင်လည်း ပြောစရာပင် ဖြစ်သည်။ နောက်ဆုံး ပြသွားသည့် လက်နက်ပုန်းပညာမှာ ကျောက်



တောက်ပင်ကြီးတွင် တန်းစီစိုက်ဝင်နေသည့် လက်နက်ငယ်မှာ ဆံပင်ခြည်လေးများပင် ဖြစ်နေသည် မဟုတ်ပါလော။

"ဒါနဲ့နေပါဦး၊ စောစောကလက်နက်နဲ့ တိုက်ခိုက်မှုမှာ နောက်ဆုံးမှပြလို့ ဖြစ်မယ်ဆိုတာလေးကို ပြစမ်းပါဦး"

တေးမှတ်ထားသော ပန်းလိပ်ပြာမယ်တော်က မေးလိုက်သည်။

"ကောင်းပါပြီ၊ ကျွန်တော့်ရဲ့ သိုင်းလေးတွက်လဲပြီးပြီ၊ မီးတိုင်များကို သိမ်းကြပါ"

လူပျော်ကြီး၏ စကားကြောင့် မီးတိုင်များကို အသီးသီး သွားရောက်သိမ်းဆည်း ရုတ်ယူလိုက်ကြသည်။

"အို..."

"ဟာ..."

"ဟင်"

တစ်ပြိုင်တည်းပင် အံ့သြသံတို့ကဆက်တိုက်ထွက်ပေါ်လာသည်။

မီးတိုင်များ၊ ဖယောင်းတိုင်များ အားလုံး၏ ခေါင်းလယ်မှ ပြတ်နေကြသည်။ အလွန်ထက်မြက်သော ဓားတစ်ချောင်းနှင့် ဖြတ်ထားသလားဟုပင်ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ...ဘုရင်မင်းမြတ်နှင့် မယ်တော်ကြီးတို့၊ ဂိုဏ်းချုပ်ကြီးတို့၊ ကျွန်တော့်မှာ သိုင်းပြိုင်ပွဲဝင်ဖို့အဆင့်ရှိပါသလား ခင်ဗျာ"

မည်သူမျှ အဖြေမပေးကြ။ မြီးတော့မှ သက်ပြင်းများပြိုင်တူ ချလိုက်ကြသည်။

"မင်းဟာပြိုင်ပွဲဝင်နိုင်ရုံမကဘူး၊ ဒီနှစ် သိုင်းပြိုင်ပွဲ ... ဗိုလ်ထမနေရာ ကျိန်းသေလောက်ပါတယ်"

ခေါင်းတဆတ်ဆတ်ညိတ်၍ တောင်ပိုင်းဂိုဏ်းချုပ်ကြီး ... ပြောလိုက်သည်။ သူတို့သုံးပါး ပြောဆိုနေသည်ကို တစ် ... အမှောင်ရိပ်မှ ချောင်းကြည့်နေသူ သုံးဦးတို့ အသာ ... ပြန်ထွက်သွားကြသည်ကို အားလုံး သတိမထားမိလိုက် ... ချေ။

ချောင်းမြောင်းကြည့်ရှုနေသူများ၏ ကိုယ်ဖော ပညာ ... လည်း လွန်စွာ ကောင်းလှသဖြင့် မသိလိုက်ခြင်းဖြစ်သည် ...

"ကျွန်တော် ဗိုက်ဆာပြန်ပြီခင်ဗျာ"

လူပျော်ကြီးက ဟန်ဘုရင်ကို ပြောလာပြန်သည်။

"ကောင်းပြီ...စားရစေ့မယ်၊ အထဲကိုသွားကြစို့"

လူအားလုံး ဟန်ဘုရင်မင်းမြတ် ယာယီတဲနန်းအတွင်း ... အသီးသီး ဝင်လာခဲ့ကြသည်။



လူပျော်ကြီးကို သူပြောသည့်အတိုင်း မိုးပေါ်ကလူ သို့ ... သော် မိုးပေါ်က သိုင်းသမားအဖြစ် အားလုံး၏ ရင်ဝယ် ... မှတ်ထားလိုက်ကြသည်။

* * *

... နက်လင်းသည်နှင့် ပန်းလိပ်ပြာမယ်တော်ထံသို့ သိုင်း ... င်းအသီးသီးမှ စာရင်းများ လာပေးကြသည်။

... လူပျော်ကြီးကတော့ အိပ်ရာမှမထသေးပေ။ ဟန်ဘုရင် ... မြတ် ယာယီတဲနန်းရှေ့ ကွပ်ပျစ်ပေါ်တွင် ကလေး တစ် ... ယောက်လို အပူအပင်ကင်းမဲ့စွာ အိပ်ပျော်နေသော လူပျော် ... ကို သိုင်းပြိုင်ပွဲအတွက် စာရင်းလာပေးသူများက အထူး ... အဆန်းလို ကြည့်သွားကြသည်။

"ဝါး...ဟားဟား"

... ယ်တရက် အပျင်းဆန့်လိုက်သော လူကြမ်းကြီး၏ အသံ ... ကြောင့် စာရင်းပေးသွင်းနေကြသူများက သူ့ကိုလှမ်းကြည့် ... ကြသည်။

"ဟင်...မိုးတောင်လင်းနေပါလား"

www.burmeseclassic.com

လူကြမ်းကြီးသည် အိပ်ရာမှလူးလဲထလိုက်ရင်း နံဘေးတွင် ချထားသော အရက်အိုးကို ကောက်ယူကာ ကမန်းကတန်း မော့လိုက်သည်။

"ဟာ…သိုင်းပြိုင်ပွဲအတွက် စာရင်းပေးနေကြတာပဲ"

လူကြမ်းကြီးအား တောင်ပိုင်းဂိုဏ်းချုပ်ကြီးက ခေါင်း ညိတ်ပြလိုက်သည်။

"ဒါဆို…ကျွန်တော်လဲ တစ်ခါတည်း စာရင်းပေးပါ ရစေ"

"ပေးပေါ့"

ဘုရင်မင်းမြတ်က တည်ငြိမ်စွာ ပြောလိုက်သည်။

"ကျွန်တော်တို့ ကန့်ကွက်ပါတယ်၊ ဒီလူကို စာရင်းပေ ပြီး ပြိုင်ခွင့်ပေးမယ်ဆိုရင် ကျွန်တော်တို့ သိုင်းအဖွဲ့အားလုံ ဒီနှစ်သိုင်းပြိုင်ပွဲကြီးကို မယှဉ်ပြိုင်ဘဲ ပြန်ကြမယ့် အစီအစ ရှိပါတယ်"

ရုတ်တရက် ထွက်ပေါ်လာသောစကားကြောင့် လူပေ ကြီး ကြောင်သွားသည်။

ပန်းလိပ်ပြာမယ်တော်၊အရှေ့ဂိုဏ်းချုပ်၊အနောက်ဂိုဏ် ချုပ်တို့၏မျက်နှာတွင် အပြုံးရိပ်များ သမ်းသွားသော်သည်



တောင်ပိုင်းဂိုဏ်းချုပ်ကြီး၏ မျက်နှာမှာ သိသိသာသာပျက် သွားသည်။

"ဟေ…ဘာဖြစ်လို့လဲကွ၊ သူလဲပြိုင်ခွင့်ရှိတာပဲ၊ မည်သူ မဆို ယှဉ်ပြိုင်နိုင်သည်လို့ ကြေညာထားတာပဲ"

တောင်ပိုင်းဂိုဏ်းချုပ်ကြီးက ပြောပြီး ဟန့်တားသူကို ကြည့်လိုက်သည်တွင် မြောက်ပိုင်းမှ ချန်မင်ဖြစ်နေသည်။

"မှန်ပါတယ် တောင်ပိုင်းဂိုဏ်းချုပ်ကြီး၊ ဘယ်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်တယ်ဆိုပေမယ့် ဒီလူမှာ ပြိုင်ပွဲဝင်စည်း ကမ်းချက်တွေနဲ့ မကိုက်ညီတာတွေ့ရပါတယ်…

"ဘာလဲဆိုတော့ ဒီပြိုင်ပွဲစည်းကမ်း နံပါတ်ငါးအရ ပြောရမယ်ဆိုရင် ပါဝင်ယှဉ်ပြိုင်သူဟာ သင်တန်းကျောင်း ဖြစ်စေ၊ ဂိုဏ်းတစ်ခုခုကဖြစ်စေ သင်တန်းသားတွေရဲ့ခေါင်း ဆောင်၊ ဒါမှမဟုတ် ကျောင်းအုပ်နာယက အဆင့်ရှိသူဖြစ် ရမယ်ဆိုတဲ့ အချက်ကို ထပ်မံဖြည့်စွက်ထားပါတယ်…

"ဒါဟာ ဘာလဲဆိုတော့ မိမိတို့ရဲ့ပညာကို တစ်ကိုယ် ကောင်းဆန်စွာ အသုံးချသူမဟုတ်ဘဲ တပည့်များကို ဖြန့်ဝေ ပေးနေတဲ့ သိုင်းသမားကောင်းတစ်ယောက် ဖြစ်ပါတယ်ဆို တဲ့ စိတ်ဓာတ်တို့ ဖော်ပြတဲ့ပြယုဂ်ဖြစ်တာမို့ ဒီအချက်ဟာ ပိုပြီး အရေးပါပါတယ်…

www.burmeseclassic.com



"အခု ဒီလူဟာ တင်ကိုယ်တော်ပုံစံမျိုးနဲ့ သူ့ပညာ တိုင်းပြည်အတွက် ဖြန့်ဝေပေးနေတဲ့ လူတစ်ယောက် မဟုတ် ဘူးလို့ စွပ်စွဲပါရစေ"

အရှေ့ပိုင်းသိုင်းအဖွဲ့ဖြစ်သော ကြောင်လျှို သိုင်းအဖွဲ့ ခေါင်းဆောင်ဖြစ်သော ပိုင်ရန်ကျိုကလည်း ချန်မင်၏သဘော နှင့် ထပ်တူပြုသည့်စကားကို ဝင်ရောက်ပြောဆိုလာပြန်သည်။

မှန်ပေ၏။ စင်စစ် စည်းကမ်းချက်ကို သည်နှစ်မှစ၍ သတ် မှတ်ခြင်းဖြစ်၏။

အဘယ်ကြောင့်ဆိုသော် အကယ်၍ ပြိုင်ပွဲတွင် တစ်ကိုယ် တော် သိုင်းသမားတစ်ဦးဦး ပထမဆုရသွားမည်ဆိုလျှင် သူ ၏ပညာကို ဖြန့်ဝေပေးခြင်းမရှိဘဲ တစ်ဆယ့်ငါးနှစ်လုံးလုံး မိမိအားသာ စည်းစိမ်ယစ်မူးနေမည်စိုးသောကြောင့်ဖြစ်သည်။

"ကျွန်တော် စကားတစ်ခွန်းလောက် ပြောပါရစေ ခင် ဗျာ၊ တဆိတ်လောက်သည်းခံကြပါ"

လူပျော်ကြီးက ထပြီးပြောဆိုသည်တွင် သိုင်းဂိုဏ်းအတော များများမှ မလိုလားသောအကြည့်များဖြင့် ကြည့်ကြသည်။

"ကဲ... မင်း ဘာပြောချင်သလဲ၊ ပြောစမ်း"



ဟန်ဘုရင်မင်းမြတ်က စိတ်မကောင်းစွာဖြင့် ခွင့်ပေးလိုက် သည်။

အကယ်၍တော့ ဟန်ဘုရင်မင်းမြတ်သည် မည်သူ့မဆို တော်သူကို တော်သလို ချီးမြှောက်လိုစိတ်ရှိသည့် ပုဂ္ဂိုလ်တစ် ဦးပီပီ သိုင်းပညာတွင် သူသေတော့ကျနေသော လူပျော်ကြီး ယှဉ်ပြိုင်ခွင့်ပေးလိုသည်။

"ကျွန်တော် ကတိဘစ်ခုပေးပါမယ်၊ ကျွန်တော်ဟာ ဒီ ပြိုင်ပွဲကြီးကို ဝင်ယှဉ်ပြိုင်ချင်လွန်းလို့ တိုးအဝေးကြီး နေ လာခဲ့တာပါ၊ ဒီတော့ ဒီကစည်းကမ်းတွေကိုလဲ ကြို မလေ့လာမိခဲ့ပါဘူး....

"ဒါပေမယ့် ကျွန်တော်သာ ကံကောင်းပြီး ဒီပြိုင်ပွဲမှာ ထမဖြစ်ဖြစ်၊ ဒုတိယဖြစ်ဖြစ်....

"တတိယဖြစ်ဖြစ် ရခဲ့ရင် ရတဲ့နေ့ကစပြီး ကျွန်တော့် ညာကို သင်ကြားချင်တဲ့လူကို သင်ကြားပေးပြီး ကျွန်တော့် ပညာကိုလဲ တိုင်းပြည်အတွက်သာ တစ်သီးတခြားနဲ့ ထူးချွန် အကျိုးပြုပါ့မယ်လို့ ကတိပေးပါတယ် ခင်ဗျာ"

လူပျော်ကြီးက မျက်နှာငယ်လေးနှင့် တောင်းပန်ကတိ ပေးစကား ပြောဆိုသည်။

www.burmeseclassic.com



"ဟော့…မရဘူး၊ ဒါစည်းကမ်းပဲ၊ နောင်ဖြစ်လာမယ့် ဟာကို ကတိပေးနေစရာ၊ ဘောင်းပန်စရာ မလိုဘူး၊ အခုလော လောဆယ် စည်းကမ်းက အရေးကြီးတယ်"

အားလုံးက လူပျော်ကြီးကို ပြိုင်ပွဲဝင်နိုင်အောင် တော ဆီးနေကြသည်။

လူကြမ်းကြီးသည် ဟန်ဘုရင်မင်းမြတ်ကို အားကိုးတကြီး နှင့် လှမ်းကြည့်လိုက်သည်။

ဘာမှမတတ်နိုင်၊ မိမိကိုယ်တိုင် ထုတ်ထားသောအမိန့်ကို မိမိ ပြန်လည်ပြင်ဆင်မည်ဆိုလျှင် မိမိပင် သိက္ခာကျမည်။ ဟန်ဘုရင်မင်းမြတ် ကောင်းစွာသဘောပေါက်မိ၏။

လူပျော်ကြီး၏မျက်နှာ တဖြည်းဖြည်းနီလာသည်။

နီရာမှ တင်းမာလာ၏။

ပြီးလျှင် ချက်ချင်းထလျက်…

"တကယ်လို့ ကျုပ်တပည့်တွေကို ပြန် ခေါ်မယ် ဆိုရင် ပြိုင်ပွဲဝင်ခွင့် ရမယ်မဟုတ်လား"

လူပျော်ကြီးက အားလုံးကို ခပ်တင်းတင်းကြည့်၍ မေး လိုက်သည်။ တဒင်္ဂအတွင်း မီးကို ရေနှင့်ဖလောင်းလိုက်သလို ငြိမ်ကျသွားသည်။



ခဏကြာမှ အရှေ့ပိုင်းသိုင်းအုပ်စုမှ ဝူရဲ့က ရုတ်တရက် ထရပ်ပြီး….

"ပေးမယ်၊ ခင်ဗျားရဲ့တပည့်တွေ ပါလာရင် ကျုပ်တို့ ပြိုင်ပွဲဝင်ခွင့်ပေးမယ်"

"ဟော့…ဒီလိုမပြောနဲ့ဦး၊ တော်ကြာ တွေ့ရာလူတွေ ဆွဲ ခေါ်လာရင် ဘယ်လိုလုပ်မလဲ"

အနောက်ဘက်မှ ခေါင်းဆောင်မုကြည့်ယွင်က စိုးရိမ် တကြီး ဝင်ထောက်လိုက်သည်။

"အို…သေမင်းပါးစပ်နှ ရဲ့ အန္တရာယ်ချောက်ကိုဖြတ်နိုင် ရင် ခေါ်လာပါစေ၊ သူ့တပည့်ဆိုရင် ပြီးရော"

ချန်မင်က ဝင်ရောက် အသင်သေးစကား ပြောလိုက်သည်။

"ဟုတ်တယ်၊ တပည့်အယောက်နှစ်ဆယ်က ဒီမှာ သူတို့ ရဲ့ ဆရာပါလို့ပြောရင် ပြိုင်ခွင့်ပေးမယ်"

လူပျော်ကြီး အားရပါးရပြုံးလိုက်သည်။

"ကဲ…ဒါဖြင့် ကျုပ် စာရင်းပေးခဲ့မယ်၊ သိုင်းပြိုင်ပွဲ မပြီးခင် ဒီကိုရောက်လာရင် ကျုပ် ပြိုင်မယ်၊ တကယ်လို့ သိုင်းပြိုင်ပွဲကို မမီတော့ဘူးဆိုရင် ကျုပ်ကို ပြိုင်ပွဲဝင်စာရင်း ကနေ ထုတ်ပယ်ပစ်လိုက်ပေါ့၊ ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



လူပျော်ကြီးက ခပ်သော့သော့ဟန်ဖြင့် ပြောလိုက်သည်။

ပန်းလိပ်ပြာမယ်တော်က ဟန်ဘုရင်မင်းမြတ်အား လှမ်းကြည့်သည်။ သဘောကတော့ လက်ခံရမလား၊ ငြင်းရမလား ဟူသောသဘောပင် ဖြစ်သည်။

"လက်ခံလိုက်ပါ မယ်တော်ကြီး၊ အဲ…တစ်ခုတော့သတိပေးလိုက်မယ်၊ နောက် သုံးရက်မြောက်တဲ့တစ်နေ့မှာ ပြိုင်ပွဲကို စတင်မယ်၊ ပြိုင်ပွဲစပြီး ဆယ်ရက်မြောက်တဲ့နေ့တိုင်လို့မှ မင်း ရောက်မလာရင် ဒီပြိုင်ပွဲမှာပေးထားတဲ့စာရင်းကို ဖျက်ပစ်မယ်၊ ဟုတ်လား"

ရုတ်တရက် လူပျော်ကြီး ကြောင်သွားသည်။ ဖျတ်ခနဲ ဟန်ဘုရင်မင်းမြတ်ကို လှမ်းကြည့်လိုက်သည်။ ဟန်ဘုရင်မင်းမြတ် နှုတ်ခမ်းသည် ရယ်လျက် တင်းတင်းစေ့ထားသည်ကို သတိပြုမိသည်။

"မင်းကို ငါယုံတယ်၊ မင်း ဆယ်ရက်အတွင်း ကောင်းကောင်းရောက်နိုင်ပါတယ်"

ထူးဆန်းသော အကြားအာရုံတွင် အတွင်းအားနှင့် ပြောလိုက်သည့်စကားသံ ကြားလိုက်ရသည်။ လူပျော်ကြီး အံ့သြသွားသည်။



အသံကိုစောကြောခြင်းအားဖြင့် အသံရှင်သည် ဟန်ဘုရင်မင်းမြတ်ဖြစ်မှန်း ရိပ်စားမိလိုက်သည်။

အတွင်းမနေအာရုံကို အတွင်းအားစုဖြင့် တစ်ဖက်လူကြားအောင် ပို့လွှတ်နိုင်သည်ကိုလည်း အတော်လေး အံ့သြသွားမိသည်။

တော်ရုံတန်ရုံ အဆင့်ဖြင့် သိုင်းပညာရှင်တစ်ယောက်ပင်လျှင်ကဲ့သို့ စိတ်ဖြင့် စကားပြောဖို့ မနိုးစပ်နိုင်သည်ကို လူပျော်ကြီး ကောင်းကောင်းသိ၏။

"ငါပြောတာ ကြားရဲ့လား"

တိုးညင်းသည့်စကားသံ ထပ်ပြီး ပေါ်ထွက်လာပြန်သည်။ လူပျော်ကြီးက ကမန်းကတန်းပင် မသိမသာ ခေါင်းညိတ်လိုက်သည်။

"ကောင်းလှပါပြီ၊ အရှင်မင်းမြတ် အမိန့်တော်အတိုင်း ကျွန်တော်မျိုး ကြိုးစားပါမယ်"

စကားဆုံးသည်နှင့် လူပျော်ကြီးသည် ကြိုလင် တောင်ကလပ်ပေါ်မှ ရုတ်ခြည်း ပျောက်ကွယ်သွားတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အတုက်တုန်းကထက် မြန်မှန်းကို ကောင်းစွာ သိရသည်။ စိတ်စောနေ၍လားမသိ၊ တောင်ခြေကို ရောက်နိုင်ခဲဘိခြင်းဟု စိတ်စောနေမိသည်။

အန္တရာယ်ချောက်ကို ရောက်ပြီး တစ်စုံတစ်ခုကို သူ စဉ်းစားနေသည်။ စဉ်းစားရမိသည်နှင့် တစ်ပြိုင်နက် ကြိုးလင် တောင်ခြေကို ငေ့ဝိုက်ကြည့်လိုက်မိသည်။

လိုချင်ဘာ ဘာမှမရှိ၊ ကျောက်တောင်ဟု ဆိုသကဲ့သို့ သစ်ပင်ဟူ၍ တစ်ပင်မျှမရှိ။ စိတ်ပျက်သွားမိသည်။ သို့သော် လူပျော်ကြီး ဇွဲမလျှော့ဘဲ သူလိုချင်သည့် ပစ္စည်းကို လိုက်ရှာသည်။

ယောက်ျားဆိုသည်မှာ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ကို သူ့နေရာနှင့်သူ မှန်ကန်စွာ အသုံးချတတ်သူကိုမှ ယောက်ျားကောင်း တစ်ယောက် ခေါ်သင့်သည် ဟူသော ရှေးစကားပုံကို လူပျော်ကြီးက သတိရလိုက်မိသည်။

သတိရမိသည်နှင့် ကြိုးစားမှုကြောင့် ကံကောင်းထောက်မစွာ သူလိုချင်သည့် ပစ္စည်းတစ်ခုကို တွေ့လိုက်ရသည်။

ချက်ချင်းပင် ခွန်အားစိုက်၍ လှုပ်ရှားလိုက်သည့် အခါ သိပ်မကြာသည့် အချိန်တွင် သူဖြစ်ချင်သော ဆန္ဒအရ ရည်ရွယ်ချက် တစ်ခု ပြီးစီးသွားသည်။



လူပျော်ကြီး ပျော်သွားသည်။

ကြိုးတင်ပြင်ဆင်ခြင်းတစ်ခု အောင်မြင်သွားသည်ကို သူ့စိတ်ထဲမှာ ကျေနပ်မိကာ အန္တရာယ်ချောက်နှုတ်ခမ်းမှ တစ်ဖက် ကမ်းပါးဆီသို့ အားအပြည့် သုံးကာ လှမ်းခုန်လိုက်လေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သေမင်းပါးစပ်ချောက်။

လူတိုင်းကို ဒုက္ခပေးနေသည့်နေရာ၊ သိုင်းလောကသားများ အကြောက်ဆုံးနေရာ၊ သေမင်းပါးစပ်ဟု နာမည်ပေးထားသည့်နေရာ။

နှင်းပြင်ကြီးက အပြန့်အပြော ကျယ်လွန်းလှသည်။ သူကူးခဲ့သည့် နေရာသည်ပင် နှင်းလွင်ပြင်၏ အကျဉ်းဆုံးနေရာ ဖြစ်သည်ဟု ဆိုသော်လည်း မိုင်ဝက်ခန့်မျှ ကျယ်ပြန့်သေးသည်။

သူ့မျက်စိရှေ့မှာပင် တစ်ယောက်ပြီးတစ်ယောက် မြုပ်သွားသူများကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည် မဟုတ်



ပါလား။ လူပျော်ကြီးသည် မျက်မှောင်ကြုတ်၍ စဉ်းစားနေ၏။

ယနေ့ခရီးသည် မိုးချုပ်တော့မည်မို့ သည်နေ့ညအဖို့ သူသည်ဘက် ကမ်းမှာပင် အိပ်စက်ပြီး မနက်မိုးသင်းမှ တစ်ဖက် လွင်ပြင်အား ဖြတ်ကူးရန် ဆုံးဖြတ်လိုက်သည်။

သူသည် ကြိုလင်တောင်ကလပ်ပေါ်သို့ လူများပြန်လာရမည် ဖြစ်သောကြောင့် သည်ဘက်ကမ်း၌ မိုးချုပ်ရခြင်းဖြစ်သည်။

သူတစ်ယောက်တည်းဆိုလျှင် နေမဝင်ခင် နှင်းလွင်ပြင်ကို ဖြတ်ကူး၍ဖြစ်သည်။

နှင်းလွင်ပြင်၏ ဟိုမှာဘက်ကမ်းမှ ဆက်ပြီး ခပ်ပြင်းပြင်း လျှောက်လိုက်လျှင် သိုင်းသမားများချသားသော စခန်းတစ်ခုအား ရောက်မည်။

နှင်းလွင်ပြင်ကို မဖြတ်နိုင်သော အဆင့်သိပ်မရှိသေးသည့် တပည့်များသည် သူတို့၏ ဆရာများကို ထိုနေရာ၌ စောင့်ကြသည်။

သိုင်းပြိုင်ပွဲကြီး ပြီးဆုံးပြီး ပြန်လာကြမည့် သူများကို သုံးရက်တိတိ စောင့်ရှိုးထုံးစံရှိပြီး သုံးရက်တိုင်၍ အတဲဖြတ်လူကြီးများ ဆင်းလာသည်အထိ သူတို့၏ဆရာများ ပါရှိမလာ

www.burmeseclassic.com



သည့်အခါ သူတို့၏ဆရာများ ပြိုင်ပွဲတွင် အသက်ဆုံးရှုံးသွားပြီဟု တွက်ဆကြပြီး ယင်း ပြိုင်ပွဲတွင် အကောင်းဆုံးနှင့် ပထမရလာသော ပုဂ္ဂိုလ်ထံ တပည့်ခံကြသည်။

ထိုအခါ တပည့်သိပ်မရှိသေးသူပင် တပည့်ပေါင်းမြောက်မြားစွာ ရရှိသွားတော့သည့် အစဉ်အလာရှိသည်။

ညသည် တ[illegible]ဖြည်း အေးစိမ့်လာချေသည်။

သို့စဉ်တိုင် တောင်ပေါ်တွင် လေတိုက်ခြင်းမရှိပါပေ။

''ဗွက်...ဗွက်''

ခပ်မှန်မှန်ထွက်နေသော ရွံ့ဗွက်သံများကို မပြတ်ကြားနေရသည်မှာ ကျောချမ်းစရာပင် ကောင်းလှသည်။

လရောင်က မှုန်ပျပျလင်းလျက်ရှိသည်။

လဆန်းရက်မို့ လကလေးက ကွေးကွေးလေး သာလျက်ရှိ၏။

လူပျော်ကြီးမှာ နွံလွင်ပြင် အစပ်ရှိ ချုံပုတ် တစ်ခုအတွင်းသို့ တိုးဝင်လိုက်ကာ တစ်ညဘာ မေးစက်ဖို့ ပြင်ဆင်ပြီး ထိုင်လိုက်နှင့်ပင် ငိုက်မေးနေလိုက်သည်။

* * *



တစ်ခနုကုန် ပင်ပန်းထား၍လား မသိ၊ မှေးခနဲအိပ်ပျော်သွားသည်ကိုပင် သတိမထားမိတော့။

''ခွိ...ခွိ...ခွိ''

ပတ်ဝန်းကျင်မှ ထူးဆန်းသောအသံတို့ကြောင့် ချုံပုတ်ထဲတွင် အိပ်ပျော်နေသော လူပျော်ကြီး လန့်နိုးလာသည်။

ချက်ချင်းပင် အသံလာရာသို့ မျက်လုံးဖွင့်ကြည့်လိုက်ရာ မျောက်များကို တွေ့ရလေသည်။

ကောက်ဆန်းတောင်မှ မျောက်များဖြစ်သည်။ သန်မာထွားကျိုင်းပြီး ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်ရှိသည်။ လရောင်က သာနေသောကြောင့် မျောက်များကို ထင်ရှားစွာ မြင်နေရသည်။

အကယ်၍ လရောင်မှုန်ဝါးနေမည်ဆိုလျှင် လူသားများ အုပ်စုဖွဲ့၍ တစ်ဖက်ကမ်းသို့ကူးရန် ကြိုးစားနေသည်ဟု ထင်နေပေမည်။

ပထမဆုံး မျောက်ငယ်လေးတစ်ကောင် နွံပြင်ပေါ်သို့ ခုတ်လျက် ပြေးဆင်းသွားသည်။

''ခွိ...ခွိ...ကွ...ကွ''

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ မျောက်မကြီးက အချိန်မီလိုက်ဆွဲသော်လည်း မျောက်ငယ်လေးက ပိုမြန်သောကြောင့် သေခင်းပါး နှ်ပြင်ပေါ်သို့ ခုန်လွှားရောက်ရှိသွားခတော့သည်။

“ခွိ…”

ခဲတစလုံးကို ပစ်ချလိုက်သည်ကမှ ကြာဦးမည်။ မျောက် ကလေးကမူ ပျောက်သွားပြီဖြစ်သည်။

အပေါ်တွင်ကျန်ရစ်သူ မျောက်မကြီးမှာ သားအတွက် အပူမီးဟောက်လောင်လျက် ဟိုးပြေးသည်ပြေးဖြစ်နေသည်ကို တွေ့ရသည်တွင် လူပျော်ကြီး တော်တော်စိတ်မကောင်း ဖြစ် သွားမိသည်။

“ကွိ…ကွိ”

ကျယ်လောင်နက်ရှိုင်းသော မျောက်ကြီးတစ်ကောင်၏ အော်သံကို ကြားလိုက်ရ၏။

ကြီးမားတုတ်ခိုင်သော မျောက်ကြီးတစ်ကောင်ကို မြင် လိုက်ရပြီး စောစောက သားအတွက် ဂနာမငြိမ်ဖြစ်နေသော မျောက်မကြီးကို လက်တစ်ဖက်ဖြင့် ဖမ်းဆွဲကာ ဖက်ထား လိုက်သည်။

သဘောကတော့ နှစ်သိမ့်သည့် သဘော ဖြစ်သည်။ ဆူညံ သော မျောက်အုပ်စု၏ အသံများသည် ငြိမ်ကျသွားသည်။ မျောက်ကြီးမှာ ခေါင်းဆောင်ဖြစ်ဟန်တူသည်။



သူတို့သည် တစ်ဖက်သို့ ကူးမည့်ဟန်ရှိသည်။ လူပျော်ကြီး ငြိမ်းသာသွားသည်။ သည်မျောက်များ မည်သို့မည်ပုံကူးမည် ကို သူ လေ့လာခွင့်ရမည်။

သို့သော် မျောက်များသည် ကိုယ်ဖော့ပညာ တတ်ပါ သည်လော။ တတ်မည်မဟုတ်ပါ။ သည်အတိုင်း ဖြတ်၍ပြေး မည်လော။

ဒါဆိုရင်တော့ တစ်အုပ်လုံး ကြွတော့မှာပဲဟူသည့် စိုးရိမ် စိတ်က လူပျော်ကြီးစိတ်ထဲတွင် ကြီးမားသောစိုးရိမ်စိတ် ဖြစ် လာစသည်။

သူ့အတွေးမဆုံးမီမှာပင် မျောက်ကြီး၏လှုပ်ရှားမှုကြောင့် စိတ်ဝင်စားသွားသည်။

“ဟာ”

လူပျော်ကြီးမှာ အံ့သြလွန်းသဖြင့် ပါးစပ်မှ အသံထွက် တော့မလို ဖြစ်သွားသည်။

တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်ဟု နှုတ်မှလိုက်၍ ရေတွက်နေသည်။

အကောင်နှစ်ဆယ် ပြည့်သည်တွင် သည်ဘက်ကမ်းမှ မျောက်များကုန်သွားသည်။ အားလုံး ဟိုဘက်ကမ်းသို့ ရောက် ရှိသွားပြီကို အံ့သြတကြီး တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ခေါင်းဆောင် မျောက်ကြီးသာ ကျန်တော့သည်။ သူကိုယ်တိုင် ဘယ်လိုကူးမည်တွဲ့ လူပျော်ကြီး ပို၍ စိတ်ဝင်စားစွာ ကြည့်နေမိသည်။

မကြာပါချေ။

"ခွီး...."

ကျယ်လောင်သော မာန်သွင်းသံကြီးနှင့်အတူ နောက်သို့ ခပ်ဝေးဝေးကို ဆုတ်လျက် တစ်ဟုန်ထိုးပြေးလာပြီး....

"ဝူး....ဖလူး"

ရှို့မျှား၏ ထိသံနှင့်အတူ အဟုန်ကြီးတစ်ခု သည်ဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ ရောက်ရှိသွားသည်ကို မြင်လိုက်ရသော လူပျော်ကြီး အသက်ပင်မရှူနိုင်အောင် ဖြစ်သွားတော့သည်။

"ဟာ....ကောင်းလိုက်တဲ့ အကြံဉာဏ်ကွာ"

နှုတ်မှလည်း ဖွင့်ဟ၍ ချီးကျူးမိလိုက်၏။

ချက်ချင်းပင် ချုံပုတ်ထဲမှ ထွက်လိုက်ကာ အပေါ်ယံ သူ့ဝတ်စုံကို ချွတ်လိုက်ပြီး ခါးတွင် နံငယ်ပိုင်းအဝတ်တစ်ခုဖြင့် မတ်လျက် စောစောက မျောက်ကြီး၏ ကူးပုံကူးနည်းအတိုင်း လေ့ကျင့်ရန် စိတ်ကူးလိုက်သည်။



စိတ်ထဲကတော့ သိပ်မရဲလှ။

သို့သော် မျောက်ကြီး၏ ဟန်အမူအရာ အားထုတ်ပုံတို့ကို သေချာမြင်တွေ့ရပြီးမို့ တထိတ်ထိတ်ခုန်နေသောရင်ကို ငြိမ်းအေးအောင် ကြိုးစားလိုက်ပြီး မျောက်ကြီးဆုတ်သည့် နေရာထက် နည်းနည်း ပိုဆုတ်လိုက်ပြီး အရှိန်ယူကာ အသက်ကို ပြင်းစွာရှူပြီး ခွန်အားကို စုစည်းလျက် တစ်ဟုန်ထိုး ပြေးသွားကာ....

"ယိ...ယား"

"ဝေါ....ဖလူး....ဝူး...,ဝူး"

သူ မတ်တတ်ရပ်လိုက်တော့....

"ဟာ....ဟုတ်ပြီ"

သူ ဝမ်းသာအားရ ထခုန်လိုက်သည်။

မိုင်ဝက်မျှဝေးသော နှံ့လွင်ပြင်၊ သို့မဟုတ် သေမင်း ပါးစပ်ကို သက်သောင့်သက်သာ ကူးနိုင်ရုံမက လူအယောက်သုံးဆယ်မပြောနှင့် လူနှစ်ထောင်ကိုပင် ဟိုဘက်ကမ်းမှ သည်ဘက်ကမ်းသို့ ပို့ဆောင်သည့် နည်းကို သူ ရလိုက်ပြီဖြစ်၏။

စိတ်ထဲမှလည်း ကျေးဇူးရှင် ဆရာတစ်ဦးဖြစ်သူ မျောက်ကြီးကို ကျေးဇူးတင်မဆုံး ဖြစ်နေသည်။

ဤနည်းကို တပည့်ဟူသော လူများနှင့် ပြန်လာလျှင် အသုံးပြုရမည်ဟု ကောင်းစွာ တွေးတောမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆရာတွေထဲမှာ မျောက်ကြီးလဲ ပါသွားပြီ၊ သူ့ကို ဂါရဝပြုရမယ်"

ဟုလည်း တစ်ယောက်တည်း တွေး၍ ပြုံးလိုက်သည်။

ဆရာ၏အပြန်ကို စောင့်နေကြမည့် တပည့်များ စခန်းချရာ လွင်ပြင်သို့ ရောက်လာခဲ့ပြီ ဖြစ်သည်။

လူများ စည်ကားနေကြ၏။

ကိုယ့်အဖွဲ့နှင့်ကိုယ် ရှိနေကြသည်။

စခန်း၏ထိပ်တွင် စားသောက်ဆိုင် တစ်ဆိုင် ဖြစ်သည် တည်ဆောက် ထားသည်ကို တွေ့လိုက်ရလျှင် လူပျော်ကြီး ပြုံးလိုက်မိသည်။

"စီးပွားရေးသမားတွေကတော့ တော်တော်လာဘ်မြင် တာပဲ၊ ဒီလောက်ဝေးလံတဲ့ နေရာအထိလိုက်ပြီး စီးပွားရှာ တဲ့ လူတွေလဲ ရှိသေးရဲ့"

လူပျော်ကြီး စိတ်ထဲမှ တွေးလိုက်မိသည်။

စဉ်းစားရင်းမှ ဗိမ်းတွင် ဆာလောင်လာသဖြင့် စား သောက်ဆိုင်ရှိရာသို့ ခြေလှမ်းတို့ ဦးတည်လိုက်သည်။

* * *



အရှေ့ပိုင်း သိုင်းအဖွဲ့သားများ လှုပ်လှုပ်ရွရွ ဖြစ်နေကြ သည်။

ဤစခန်းရှိ အရှေ့ပိုင်း ဂိုဏ်းသားတို့၏ အုပ်ချုပ်သူ လောဖိန်'သည် လက်ထဲတွင် ကိုင်ထားသော စာရွက်ကို ပြီးဖတ်လိုက်ပြန်သည်။

စာကိုဖတ်ရင်းမှ ခေါင်း တညိတ်ညိတ်နှင့် ရှိနေသော ခေါင်းဆောင်ဖြစ်သူ လောဖိန်ကို ကျန်အဖွဲ့သားများက မျက် တောင်မခတ် စောကြောနေ၏။

ယင်းစာသည် ယမန်နေ့ ညကတည်းက စာဆက်သွယ် သည့် စနစ်ဖြင့် ကြိုလင်တောင်ကလပ်ပေါ်မှ လွှတ်လိုက်သည့် ငှက်၏ခြေထောက်တွင် ပါလာသော အမိန့်စာပင်ဖြစ်သည်။

ယမန်နေ့ညက လူပျော်ကြီး၏ သိုင်းကွက်များကို ဟန် ချင်မင်းမြတ်နှင့် ကျန်အဖွဲ့ဝင် အကဲဖြတ် ပုဂ္ဂိုလ်များတို့ သနေစဉ် လာရောက်တိတ်တဆိတ်ချောင်းမြောင်းတွေ့သွား သော မှောင်ရိပ်ခိုသူများ အနေနှင့် လူပျော်ကြီး၏ သိုင်း ကွက်များကို နိုင်မည်မဟုတ်သောကြောင့် အရှေ့ပိုင်း သိုင်း ဆရာရှင်များအနေနှင့် နောက်တစ်နေ့တွင် လာရောက် ယှဉ် ပြိုင်ကြသော သိုင်းအဖွဲ့အစည်းများကို စည်းရုံးပြီး စည်း ခံချက် တစ်ချက်ကို တရားသေ ဆုပ်ကိုင်ကာ ကန့်ကွက်ခဲ့ ခြင်းဖြစ်သည်။

ထို့ကြောင့်သည်း....

www.burmeseclassic.com



လူပျော်ကြီးသည် တပည့်အရှာ ထွက်ခဲ့ရခြင်း ဖြစ်သည်။

သို့သော် ပို၍ခံသချာအောင် လူပျော်ကြီး တပည့်မရှာ နိုင်ရေးအတွက် အမျိုးမျိုး တားဆီး နှောင့်ယှက်ရန် [illegible] စာကို ကြိုတင်ပေးပို့ထားခြင်းဖြစ်သည်။

အရှေ့ပိုင်း ဂိုဏ်းသားတို့သည် မပြက်သော သတိဖြ[illegible] စတ်ရှိပြာ စတ်ဆင်ထားသော လူပျော်ကြီး၏ လာလမ်း[illegible] စောင့်ခနေကြသည်။

* * *

လူပျော်ကြီးသည် စီးပွားရေးသမားကြီး ဖွင့်လှစ်ထား သော စားသောက်ဆိုင်အတွင်းသို့ ဝင်လာခဲ့သည်။

သူကတော့ မည်သူ့ကိုမျှ သတိမထားမိ။

သူဗိုက်ဆာခနေပြီး အရက်သောက်ချင်သည့် စိတ်သာ စိ[illegible] စောနေသည်မို့ ဆိုင်ထဲသို့သာ တန်းဝင်လာခဲ့သည်။

ဝါးလုံးများကို တိုင်ထောင်ထားပြီး အပေါ်တွင် ဝါး[illegible] ကပ်များ ခင်းထားသော ယာယီစားပွဲများနှင့် စားသော[illegible] ဆိုင်ထဲတွင် လူအိမ်မများသော်လည်း စားပွဲများ အား[illegible] လိုလိုမှာ လူပြည့်နေ၏။



စားပွဲတစ်လုံးတွင် အနည်းဆုံး နှစ်ယောက်တော့ရှိသည်။

''အဲ...အလယ်က စားပွဲမှာ လူလွတ်နေပ လား''

လူပျော်ကြီးနှုတ်မှ တီးတိုးရေရွတ်ရင်း လွတ်နေသော အလယ်စားပွဲဆီသို့ လျှောက်လာခဲ့သည်။

စားပွဲတွင် ထိုင်ရန်ပြင်ဆင်ပုံရင်း တစ်ဆိုင်လုံးကိုအကဲခတ် ကြည့်လိုက်သည်။

တချို့ အရက်သောက်နေကြသည်။

သို့သော် အရက်ကို၊ အရက်သောက်သည့် ပုံစံမဟုတ်ဘဲ တန်ဆောင်သောက်သည့် ပုံစံမျိုး။ အချို့ အစားအသောက် များကို ရှေ့တွင်ချပြီး တို့ကနန်းဆိတ်ကနန်း မစားချင် စား ချင် စားနေသည့် ပုံစံမျိုး။

ထူးခြားနေသည်က....

စားပွဲတိုင်း လူပြည့် နေသော်လည်း အလယ်တည့်တည့် သူထိုင်နေသည့်စားပွဲတွင်မူ ဘာကြောင့်လူလွတ်နေရသနည်း။

ပါးသည်မှ လှစ်နေအောင်ပါးနပ်လှသည့် လူပျော်ကြီး၏ စိတ်ထဲတွင် ပတ်ဝန်းကျင်ကို အလိုလို သတိထားမြီးသား ဖြစ်သွားသည်။

အသာပင် ဟန်မပျက် ပြုံးလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်....အရက်ငါးအိုးနဲ့ စားစရာကောင်းကောင်းတွေ အမြန်လုပ်ပေးစမ်း၊ ငါဆာလာတယ်၊ နောက်ပြီး....ငါဒီမှာ ဆယ်ရက်လောက် တည်းခိုဖို့ နေရာတစ်နေရာ ပြင်ပေးစမ်း ပါဦး"

လူပျော်ကြီးသည် ခပ်တည်တည်နှင့် ဆိုင်အလုပ်သမား တစ်ယောက်ကို လှမ်းပြီး ခပ်ကျယ်ကျယ် အော်ဟစ်မှာကြား လိုက်သည်။

တစ်ဆိုင်လုံး သူ့ကို မသိမသာ စူးစမ်းဟန်နှင့် ကြည့်ကြ သည်။

ချက်ချင်းပင် ဆိုင်ရှိအလုပ်သမားတစ်ဦးက အရက် ငါး အိုး လာချပေး၏။

"အေး....စားစရာ မြန်မြန်လုပ်၊ ငါသိပ်ဆာနေပြီ၊ ပြီး တာနဲ့ ငါ့ဖို့ အိပ်ခန်းတစ်ခု မြန်မြန်ပြင်ပေးစမ်းကွာ"

"ကောင်းပါပြီ ဆရာ"

စားပွဲထိုးလေး ထွက်သွား၏။

လူပျော်ကြီးက အရက်တစ်အိုးအား တစ်ရှိန်ထိုး မော့ သောက်လိုက်သည်။

ထိုစဉ်မှာပင်....

"မိတ်ဆွေ....ကျုပ် ဒီမှာထိုင်ပါရစေ"

ထိုအချိန်မှာပင် အဝါရောင်ဝတ်စုံနှင့် သိုင်းသမား တစ် ယောက် ရောက်လာပြီး ထိုင်ခွင့်တောင်းသည်။



လူပျော်ကြီးက အသာအယာမော့ကြည့်ရင်း ခေါင်းညိတ် ပြလိုက်သည်။

ပါးစပ်တွင်တပ်ထားသော ဒုတိယအရက်အိုးကိုမူ ဆက်ပြီး တော့ထားဆဲ။

အဝါရောင် ဝတ်စုံဝတ် သိုင်းသမားသည် အရှေ့ပိုင်း ဂိုဏ်းမှ အခန်းအုပ်ချုပ်သူ လော့ဖိန် ဖြစ်၏။

လူပျော်ကြီးက သူ့နာမည်ကို မသိချေ။ သို့သော် သူ့ အား အနှောင့်အယှက်ပေးမည့် လူတစ်ယောက်ဟု စိတ်ထဲ တွင် သတိထားလိုက်မိပြီး ဖြစ်သည်။

"ခင်ဗျား ကြိုလင်တောင်ဘက်က လာတာတွေ့လိုက်ပါ တယ်၊ ဘာဖြစ်လို့ ဆက်မသွားတာလဲ၊ သေမင်းပါးစပ်ကို ကျော်လို့မရလို့လားဗျ"

အဝါရောင် ဝတ်စုံနှင့်လူက စပ်စပ်စုစု မေးစမ်းလာ၏။ ပါးနပ်သော လူပျော်ကြီးက အရမ်းမဖြေပေ။

သူတောင်ပေါ်မှ ပြန်လည်ကာ ဆင်းသက်လာခဲ့ရသည့် အကြောင်းကို သူတို့သိနိုင်သည်။

ထို့အပြင်....

သူဘာကြောင့် ပြန်ဆင်းလာသည်ဆိုသည်ကိုလည်း သူတို့ မသိမဆိုနိုင်။ အရှေ့ပိုင်းဂိုဏ်းသားတို့သည် ခိုဖြင့်ဆက်သွယ် တတ်ကြောင်း သူကောင်းကောင်း သိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား ပြိုင်ပွဲဝင်ရန် ကန့်ကွက်သည့် အထဲတွင်သည်း အခရှ့ပိုင်း ဂိုဏ်းသားတို့ အဆိုးဆုံး ဖြစ်သည်ကိုလည်း ကောင်းစွာ ရိပ်မိသည့်အပြင် သူစခန်းမှထွက်ခွာစတွင် သူ့နောက်မှ ခိုတစ်ကောင် ပျံသန်းပြီး တောင်အောက်သို့ ဆင်းသွားသည်ကို တွေ့မြင်ခဲ့ရသည်။

လူများကို သူက အနိုင်ယူနိုင်စွမ်းရှိသည်။

သို့သော် မဟုတ်သည့် ကိစ္စဖြင့် မတိုက်ခိုက်ချင်သော သူ၏ဉာဉ်အတိုင်း စိတ်ဓာတ်ရေးရာနှင့် ဖြေရှင်းမည်ဟုသာ စဉ်းစားထားသည်။

"မဟုတ်ပါဘူး၊ ကျွန်တော် ခေါင်ကယပ် ပေါ်ကို ရောက်ရှိမကပါဘူး၊ ပြိုင်ပွဲဝင်ဖို့ စာရင်းတောင် မပေးထားပါသေးဘူး"

"ဟင်...ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ ပြန်ဆင်းလာတာလဲ...."

"ကျွန်တော့်ကို ပြိုင်ပွဲဝင်ဖို့ လက်မခံကြလို့ပေါ့"

အမှန်ကို ပြောသဖြင့် ဝတ်စုံဝါနှင့် လေ့ဖိန် ယုံကြည်သွားပုံရသည်။

"အို...ဘယ်လိုလက်မခံတာလဲဗျ"

"ကျုပ်မှာ တပည့်မပါလို့"



"အင်း...ဒီလူဟာ ငါတို့ သူ့ကိုစောင့်ပြီး နှောင့်ယှက်တားဆီးမယ်ဆိုတာ မသိဘူးထင်တယ်၊ သူ့ရဲ့ အစီအစဉ်ဘယ်လိုရှိတယ်ဆိုတာ သိရအောင် ဆက်ပြီးမေးရင် ကောင်းမယ်"

လေ့ဖိန်က တွေးနေသည်။

"ဟား...,ဟား၊ မင်းစိတ်ထဲမှာ ဘာတွေတွေးပြီးကြံစည်နေတယ်ဆိုတာ ငါသိပါတယ်ကွာ"

အရက်ကို အရသာခံသောက်ကာ မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်းမှ လူပျော်ကြီး တွေးလိုက်၏။

"ဒါဖြင့် ခင်ဗျား တပည့်တွေစုဖို့ ဆင်းလာတာပေါ့၊ ဘယ်နှစ်ရက် အချိန်ပေးလိုက်လဲ"

"ဆယ်ရက် အချိန် ပေးလိုက်တယ်၊ မနက်ဖြန် ပြိုင်ပွဲတော့မှာ မဟုတ်လား၊ ကျွန်တော် စိတ်ပျက်သွားပါပြီဗျာ၊ တပည့်နှစ်ဆယ် ရတယ်ပဲထား၊ ဒီတပည့်တွေကို ဆယ်ရက်အတွင်း ဘယ်လို သိုင်းပညာ သင်ပေးမလဲ၊ နောက် လမ်းခရီးကလဲ အန္တရာယ်များပါတိနဲ့၊ ကျွန်တော်တောင် မနည်းကြိုးစားလာရတော့ သူတို့ကို ဘယ်လို ခေါ်သွားနိုင်မလဲ၊ ပြီးတော့...."

လူပျော်ကြီးသည် စကားကို ခေတ္တရပ်လိုက်ပြီး အရက်ခင်အိုးကို မော့သောက်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ခင်ဗျား တပည့်ရှာ မသွားတော့ဘူးလား"

"ကျွန်တော် ဒီမှာ ဆယ်ရက်လောက် တည်းမယ်၊ ဆယ်ရက်ထည်းပြီးတာနဲ့ ပြန်မယ်ဗျာ၊ ဒီနှစ်မပြိုင်ရလဲ နောက်တစ်ကြိမ် ပြိုင်ပွဲတော့ မီပါသေးတယ်၊ ခုမှ ကျွန်တော့် အသက်က လေးဆယ်ဝန်းကျင်ပဲ ရှိသေးတာကိုး"

လူပျော်ကြီးက ခပ်အေးအေးပင် ပြန်ပြော လိုက်သည့် သူ့စကားကို ဝတ်ရုံဝါက ယုံကြည်ထားပုံရသည်။

"ဒါပေါ့ဗျာ...ဒီနှစ် မပြိုင်ရလဲ နောက်တစ်ကြိမ်မီနိုင်ပါ သေးတယ်၊ ကျွန်တော်သောင် ဒီနှစ် ဆရာကြီးတွေက သူ ပြိုင်မယ်ဆိုလို့ ဦးစားပေးပြီး နောက်ချန် နေခဲ့တာဗျ၊ မဟုတ်ရင် ကျွန်တော်ဝင်ပြိုင်မှာဗျ"

"အေးပေါ့၊ ဒီနှစ်မပြိုင်ရတော့ ဒီနှစ်မသေရဘူးပေါ့"

ဟု ပြောလိုက်ချင်စိတ်ကို လူပျော်ကြီးက မနည်းထိန်းထား ရသည်။

စားပွဲပေါ်တွင် စားစရာများ စုံလင်စွာ ရောက်ရှိနေပြီ၊ လူပျော်ကြီးက စတင်၍စားသောက်နေချေပြီ။

"ဟာ...ကျွန်တော်နဲ့ အတူတူ ဝင်စားပါလားဗျ၊ ကျွန် တော် ဖိတ်ခေါ်ပါတယ်"



လေ့ဖိန်က အရက်အနည်းငယ်ကိုသာ တစိမ့်စိမ့်သောက် ပြီး စားသောက်မှုကို ငြင်းပယ်လိုက်သဖြင့် လူပျော်ကြီး တစ် ယောက်တည်းသာ စားလိုက်သောက်လိုက်လုပ်နေ၏။ အရက် ငါးအိုး ကုန်သွားသည့်အခါ...

"ဟေ့...အစားပိတ် သောက်ရအောင် နောက်ထပ် အရက်တစ်အိုး ပေးပါဦး"

ဆိုင်အတွင်းရှိ လူများ မျက်လုံးပြူးသွားကြ၏။ အရက် ပြောနှင့် ရိုးရိုးရေပင် ဤမျှသောက်ပါက ဗိုက်ကွဲ၍ သေဖွယ် ရာ ရှိ၏။

"ဟေ့...မကြားဘူးလား၊ နောက်ထပ် အရက် တစ်အိုး ပေးလေကွာ"

လူပျော်ကြီး၏ လှမ်းအော်သံကြောင့် ဆိုင်ထဲမှ စားပွဲထိုး များ ဘာလုပ်ရမှန်းမသိဖြစ်သွား၏။

"အစ်ကိုကြီး သိပ်မူးနေမှာစိုးလို့ပါ ခင်ဗျာ၊ တော်ပါ တော့"

"ဟေ့...ငွေပေးပြီး သောက်တာဘွ၊ အလကားသောက် တာ မဟုတ်ဘူး"

မူးမူးနှင့် ပြောနေသည့် လူပျော်ကြီး ကို ကြည့်ရင်း ဝတ်ရုံ ဝါ လေ့ဖိန်သည် ကျေနပ်စွာ ပြုံးပျော်လျက်...

www.burmeseclassic.com

www.burmeseclassic.com



"ခဟ...နောက်ထပ် တစ်အိုး ပေးလိုက်ပါ"

စားပွဲထိုးကို လှမ်းပြောလိုက်သည်နှင့် စားပွဲထိုးက ခေါင်းညိတ်ပြီး အရက်အိုး ယူလာခဲ့သည်။

"ခင်ဗျား မော့ပြီး သောက်လို့ရပါဦးမလား"

မိမိကိုယ်ကို မဟာန်နိုင်သည့် လူပျော်ကြီးကို လော့ဖိန်က မေးလိုက်ခြင်းဖြစ်သည်။ လူပျော်ကြီးက ပြုံးလိုက်၏။

"ရပါတယ်၊ မော့ပြီး မသောက်နိုင်တော့ ပါးစပ်ထဲ အလိုလို ရောက်တဲ့နည်းနဲ့ သောက်တာပေါ့၊ ဟဲ...ဟဲ"

ပြောပြောဆိုဆို စားပွဲပေါ် တင်ထားသည့် အရက်အိုးကို လက်ညှိုးနှင့် ဆတ်ခနဲ ထိုးလိုက်၏။

"ဖောက်"

တိုးတိုးလေး ထွက်လာသည့် အသံဖြစ်၏။ ဝတ်ရုံဝါလော့ဖိန် မျက်လုံးပြူးသွားသည်။

အရက်အိုး အပေါ်မှ ပန်းထွက်လာသည့် အရက်များကို ခုံပေါ်တွင် စောင်းလျက် မေးတင်ထားရင်းမှ ဗိုမ်နှင့်သောက်နေသည့် လူပျော်ကြီးကို ထူးဆန်းစွာ ငေးကြည့်နေမိ၏။

ခဏအကြာဝယ်....



"ဘယ်လောက်ကျသလဲဟေ့"

"ဟုတ်ကဲ့၊ ငွေစရှစ်စကျပါတယ်"

"ရော့...ဒီမှာ၊ ငွေခွက် တစ်ခွက်ပိုတာ မင်းယူလိုက် ကြားလား၊ ငါ့ကို အခန်းလိုက်ပို့ပေး"

ယိုင်တိုင်တိုင်နှင့်ထရင်း သူ့အိတ်ထဲမှ ငွေစ (ဆယ်စ) နှင့်ညီသော ငွေကို ထုတ်ပေးလိုက်သည်။

စားပွဲထိုးမှာ ငွေစ အပို နှစ်စ ရထားသောကြောင့် လူပျော်ကြီးကို တည်းခိုဆောင်ရှိရာ အနောက်ဘက် တဲတန်းများဆီသို့ တွဲလျက် သူ့အတွက် သတ်မှတ်ထားသည့် အခန်းတွင်း၌ သိပ်ထားခဲ့ပြီး အပြင်မှ တံခါးကို ပြန်ပိတ်ခဲ့သည်။

* * *

"ဘယ့်နှယ်လဲဟေ့...အိပ်သွားပြီလား"

"သိပ်မူးနေတော့ အခန်းထဲ ရောက်သွားတာနဲ့ တန်းပြီး အိပ်ပျော်သွားတာပဲ"

ဝတ်ရုံဝါ လော့ဖိန်၏ မျက်နှာသည် ပြုံးယောင်သမ်းသွားပြီး....

www.burmeseclassic.com

www.burmeseclassic.com



''တို့က ဖော်တော်ကို တားဆီး တိုက်ခိုက် ရမယ့် အရေးပေါ် စီစဉ်လိုက်ရတာ၊ ဘယ့်နှယ် အရက်သမား လာတွေ့နေရတယ်လို့ကွာ၊ ဟား...ဟား''

''ဟုတ်တယ်၊ ဒီလူ တော်တော်သောက်နိုင်တယ်၊ သော သလောက်လဲ မူးတာပဲ၊ ခုလောက်ဆိုရင် အိပ်မက်ထဲ တပည့်တွေစုနေကောပေါ့၊ ဟား...ဟား''

ဆရာတပည့်နှစ်ယောက် အားရပါးရ ရယ်လိုက်ကြသည် ၍စားပွဲထိုးသည် အရှေ့ပိုင်း သိုင်းသမား အဖွဲ့ဝင် တစ် ဖြစ်ပြီး လော့ဖိန်၏ အစီအစဉ်ဖြင့် စားပွဲသိုး ဟန်ဆောင် စောင့်ဆိုင်းနေခြင်း ဖြစ်သည်။

''ကဲ...ဆရာ၊ ကျွန်တော့်တာဝန် ပြီးပြီလား'' ,

''မပြီးသေးဘူးကွ၊ သူ့ကို နောက်ထပ် ဆယ်ရက်လော ထိန်းထားနိုင်ရင် ပိုကောင်းတာပေါ့ကွာ၊ ဒါပေမယ့် ကြည့်ရတာ အတော် စိတ်ဓာတ်ကျနေပုံပဲ၊ သူ့ တပည့် စုပြီးရတယ်ပဲထား၊ သေမင်းပါးစပ်နဲ့ အန္တရာယ်ချောက် ဖြတ်ကျော်ဖို့ဆိုတာ လွယ်တဲ့ ကိစ္စမှ မဟုတ်ဘဲ၊ ဒါကို သဘောပေါက်ပါတယ်ကွာ''

ဝတ်ရုံဝါက အေးဆေးစွာ ပြောလိုက်ပြီး စားသော ဆိုင်အတွင်းမှ ထွက်ခွာသွားလေ၏။



တပည့်ဖြစ်သူမှာ သူရရှိလိုက်သော ငွေစ အပိုကြောင့် ရက်တစ်အိုးကို ယူပြီး စားပွဲ တစ်လုံးတွင် ကျေနပ်စွာ သောက်လျက် ကျန်ရစ်ခဲ့သည်။

သူပျော်ကြီးကတော့ သူ့အခန်းထဲတွင် အမူးလွန်ပြီး အိပ် ပျော်နေမည်ကို တွေးစရာပင်မလိုတော့ပေ။ ဝတ်ရုံဝါလော့ ဒေါသထိပ်ဖြစ်နေ၏။ သူ့လူများကို ပယ်ငယ်နယ်နယ် ဆူနေ၏။

''မင်းတို့ နည်းနည်းမှ အသုံးမကျဘူး၊ အခုတောင် ငါ သတိပေးလို့၊ နို့မို့ ဆိုရင် ဘယ်အချိန်ကျမှသိမလဲ မပြောတတ် ဘူး''

စားပွဲထိုး လူငယ်ကို စေ့စေ့ကြည့်ရင်းမှ ပြောလိုက်ခြင်း ဖြစ်၏။

''မင်းက ဒီလောက် မူးနေရအောင် အရက် ဘယ်နှစ်အိုး သောက်ထားလို့လဲ၊ ဟင်...ခွေးသား''

ဒေါသဖြစ်စွာ အော်ဟစ် ဆဲဆိုနေသော လော့ဖိန့်ကို မငွဲ့ ရဲ ဟန်ဖြင့်....

''ကျွန်တော် တစ်အိုးကုန်အောင် သောက်လိုက်မိလို့ မူး သွားတာပါ ခင်ဗျာ''

www.burmeseclassic.com

www.burmeseclassic.com



"အေး....မင်းက တစ်အိုးသောက်လိုက်ပြီးမူးတယ်၊ ဟို ခြောက်အိုးသောက်ပြီး ခုဘယ်ပျောက်သွားပြီလဲ၊ ဒီကောင့် ထိန်းထားနိုင်မှလို့ ငါ ပြောထားလျက်နဲ့ကွာ၊ တကယ်လို့ ဒီကောင် စိတ်တစ်မျိုးပြောင်းသွားပြီး တပည့်တွေ သွားရှာ တာများလား မသိပါဘူးကွာ"

ဒေါ့ဖိန် စိတ်မာတက်ကျစွာ ပြောလိုက်သည်။

"တကယ်တော့ သူ့အနေနဲ့ ဒီကိစ္စကို ဘယ်လိုမှဖန်တီး မရပါဘူးဆရာသမားရယ်၊ သူ စိတ်ကူးယဉ်ပြီး တပည့်တွေ မူးမူးရူးရူးနဲ့ သွားရှာလို့ရတယ်ပဲ ထားပါဦး၊ ကျွန်တော် အနေနဲ့ကတော့ သူတို့အဖွဲ့ကို တိုက်လဲမတိုက်ချင်ဘူး၊ တာ လဲ မတားချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုယ်သူတော မနည်းကူးရမယ့် သေမင်း ပါးစပ်ပေါက်မှာ အားလုံး သူ စရိတ်နဲ့သူ ကြွကုန်မှာပါ"

ဘေးတွင်ရပ်နေသည့် ဝဇ်ရဲနက်သိုင်းသမား တစ်ယော ဝင်ရောက်ပြောဆိုလိုက်ခြင်း ဖြစ်လေသည်။ ထိုလူ၏ စကား ကြောင့် ဒေါ့ဖိန်၏ စိတ်တွင် အနည်းငယ်လောက်တော့ သက်သာရာရရှိသွားမိသည်။

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့်....ငါ့အနေနဲ့ကတော့ မီးဆိုတာ မလောင်ခင်ကတားတာ အကောင်းဆုံးပဲ ဆိုသ



ထက်ကိုလဲ မသေခင်တာသတ်မှ ဖြစ်မှာကွ၊ ဒီတော့ သူ့နောက် ကို မှန်းပြီး တို့လိုက်သွားမယ်၊ မင်းတို့က ဒီကပဲ စောင့်နေကြ ကြားလား၊ နောက် ရှစ်ရက်၊ ကိုးရက်လောက်ကျရင် ငါ ကိုယ်တိုင်ပြန်လာခဲ့မယ်၊ အဲ....ငါတို့လမ်းမှာလွဲပြီး သူ့တပည့် တွေနဲ့ ဒီကို ပြန်ရောက်လာရင် တတ်နိုင်သလောက် ကြိုတင် ဟားဆီးထားရမယ်၊ ကြားလား"

ဝတ်ရုံဝါသည် တော်တော် ပုပန်တတ်သည့် လူပဲဟု တပည့်များက စိတ်ထဲတွင် သတ်မှတ်ထားလိုက်ကြသည်။

"ဟေ့ကောင်တွေ၊ မင်းတို့ ငါပြောတာ ကြားလား၊ ငါ လိုက်သွားမယ်၊ မင်းက ဒီကနေစောင့်ပြီး ဟိုကောင်ကို တိုက် ရမယ် ဆိုတာကိုတော့ မှတ်မိကြရဲ့လား"

နံဘေးတွင် ရပ်နေကြသော လက်ထောက်များကို တင်းမာ သော အသံဖြင့် လှမ်းပြောလိုက်သည်။ တစ်ဆက်တည်းမှာ ပင်....

"ဟေ့ကောင်....ကျွန်တာဆဲ၊ ငါ့မြင်း သွားယူခဲ့စမ်း၊ မင်းလဲ ငါနဲ့လိုက်ခဲ့ ကြားလား"

"ကောင်းပါပြီ"

ကျွန်တာဆဲဘစ်ယောက် နေရာမှ ပြေးထွက်သွားခဲ့သည်။ မကြာပါ၊ ချက်ချင်းပင် မြင်းနှစ်ကောင်ဆွဲလျက် ရောက်ရှိလာ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ...ငါတို့ ဒီလှတ်ဝန်းကျင်မှာ လိုက်မရှာခင် မင်းတို့အားလုံး တည်းခိုခန်းတွေထဲမှာ အခန်းစေ့ လိုက်ရှာကြစမ်း ဒီကောင် အပေါ်တွေဘာတွေထသွားပြီး မှုန်မှုန်ရှုံရှုံနဲ့ ဒီ အခန်းထဲမျာ မှားဝင်ပြီး အိပ်နေသလားမသိဘူး၊ ဘော်ကြ တလွဲတချော် ဖြစ်နေဦးမယ်၊ သွားကြစမ်းကွာ၊ မြန်မြန်ရှာ ကြစမ်း"

အနားတွင် ရပ်နေသော သူ့တပည့်များကို အမိန့်ပေး လိုက်သည်နှင့် အရှေ့ပိုင်းဂိုဏ်းသားများ နေရာအနှံ့ အပြေး ဆီသို့ ပြေးထွက်သွားကြသည်။

တည်းခိုခန်းများ အတွင်းသို့ လည်းကောင်း၊ ပတ်ဝန်း ကျင် ချုံပုတ် များမှအစ သစ်ပင်ပေါ် ချိုင့်ဝှမ်းများပါမကျန် စေ့စေ့စပ်စပ် ရှာဖွေကြသည်။

အချို့သော ဂိုဏ်းသားများမှာ အရှေ့ပိုင်း ဂိုဏ်းသား များ ပျာယာခတ် လှုပ်ရှားနေသည်ကို ထူးဆန်းစွာ ငေးငေး ကြည့်ရှုနေကြသည်။

ဒီနေ့တွေ ဘာဖြစ်နေကြတာပါလိမ့်ဟူသော မျက်နှာများ ဖြင့် တချို့က စပ်စုလိုဟန်ရှိသည်။

တချို့ကတော့ ဘာမှမဆိုင်သလို ခပ်တည်တည်ပင် ရှိ သည်။



တော်တော်လေးကြာသည့် အချိန်တွင် အရှေ့ပိုင်းဂိုဏ်း သားတို့ သူတို့၏ တဲတန်းရှေ့တွင် ပြန်လည်စုရုံးကြပြီး...

"ဘယ်လိုလဲဟေ့...တွေ့သလား"

ဝတ်ရုံဝါ လော့ဖိန်က မေးလိုက်သည်။

"အစအနတောင် မတွေ့ပါဘူး ဆရာ"

အားလုံး၏ အသံသည် တစ်ပြိုင်တည်းလိုလို ပေါ်လာခဲ့ သည်။

"အေး...ကောင်းတယ်၊ ဒီခလောက် လူတွေ ကြားထဲက ဒဏ်ရာအကျွံမှုနေတဲ့လူ ထွက်သွားတာကို မတွေ့လိုက်ကြဘူး ဆိုတော့ ဒီကောင် မြေလျှိုးမိုးပျံ သွားတာပဲ ဖြစ်ရမယ်"

"ဖြစ်နိုင်တယ်ဆရာ"

နံဘေးမှ တပည့်တစ်ယောက်က မျက်နှာလိုမျက်နှာရ ဝင် ပြောလိုက်သော ဂိုဏ်းသား တစ်ဦးကို ဒေါသဖြစ်စွာ စောင်း ကြည့်လိုက်ရင်း...

"ဟာ...ဒီခွေးမသား၊ ငါ့ကို မခန့်လေးစားနဲ့၊ တဲကွာ"

"မြန်း"

"အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ချက်က သိပ်မပြင်းလှသော်လည်း ကြောက်လန့်[illegible] အော်လိုက်သော တပည့်ဖြစ်သူ၏ အသံကြောင့် ဝတ်ရုံ[illegible] လှောဖိန်ပင် လန့်သွားမိသည်။ သို့သော် သူလန့်သွားသည်[illegible] ဟွန်မပျက် ထိန်းလိုက်ရင်း....

''ကဲဟေ့....ဒါဆို ပထမ အစီအစဉ်အတိုင်း ဆက်[illegible] မယ်၊ ငါ ဒီငနဲ့နောက်ကို လိုက်သွားမယ်၊ မင်းတို့ ဆယ်ရ[illegible] မြောက်တဲ့ နေ့မှာ ဒီကောင် ပြန်ရောက်မလာရင်တော့ [illegible] လက်ချက်နဲ့ကြွပြီသာ မှတ်ကြတော့၊ ဟဲ....ဟဲ....ဟဲ''

ဝတ်ရုံဝါက ခပ်ကြွားကြွားပြောလိုက်သည်။

''ဆယ်ရက်ပြည့်လို့ ဆရာ ပြန်မလာရင်ကော ဆရာ''

ရုတ်တရက် ဝင်မေးလိုက်သော ဂိုဏ်းသား တစ်ဦးကြော[illegible] ဝတ်ရုံဝါလှောဖိန် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ [illegible] ခနဲ ပျက်သွားသော မျက်နှာကို ပြန်ပြုံးရင်းမှ....

''ငါက ပြန်မလာလို့ မင်းကြီးတော်ဆီ သွားအိပ်နေ[illegible] လားကွ၊ ကဲ...သွားမယ်''

စကားဆုံးသည်နှင့် မြင်းကိုဒုန်းစိုင်းလျက် သူ့နောက်လို[illegible] တစ်ယောက်နှင့်အတူ ထွက်ခွာသွားလေတော့သည်။

ကျန်ရစ်ခဲ့သော အရှေ့ပိုင်းဂိုဏ်းသားများ တစ်ယော[illegible] မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးနေကြရာမှ သူတို့ဆ[illegible] ဝတ်ရုံဝါလှောဖိန် တော်တော်ဝေးဝေးသို့ရောက်သွားမှ—



''ဝါးဟား....ဟား''

အားပါးတရ ရယ်မောလိုက်ကြသည်။

* * *

လူပျော်ကြီးစိတ်ထဲမှာ ရယ်ချင်ချင် ဖြစ်နေသည်။ မနက်[illegible]ခင်းက အဖြစ်တို့ကို မျက်လုံးထဲမှာ ပြန်မြင်ယောင်နေမိသည်။

သူ့အား အခုလောက်ဆိုလျှင် အရှေ့ပိုင်းဂိုဏ်းသားတို့ လိုက်ရှာနေကြပြီဟု ထင်လိုက်မိသည်။

သူ တည်းခိုခန်းအနောက်ဘက်ပေါက်မှ ထွက်လာခဲ့သည့် အချိန်မှာ သူ့အား တည်းခိုခန်းမှ စားပွဲထိုးအခန်းတွင်းသို့ လိုက်ပို့ပြီး ပြန်ထွက်သွားသည်နှင့် နာရီမဆိုင်း အနောက် ဘက်ပေါက်ထဲမှ ထွက်လာခဲ့ခြင်းဖြစ်သည်။

တကယ်တော့ သူ မမူးပါ။ လူပျော်ကြီးသည် အရက်ကို [illegible]ရလို့သောက်နိုင်သူဖြစ်ပြီး သောက်သမျှကိုလည်း သူ့ဝမ်း[illegible]က သည်းခံစွာ သိုလှောင်ပေးနိုင်စွမ်းရှိသည်။

www.burmeseclassic.com



စားသောက်ဆိုင်တွင်း၌ သူ မှုးတာန်ဆောင်လိုက်ခြင်းမှာ အကြောင်းရှိသည်။

ယင်းအကြောင်းမှာ အရှေ့ပိုင်းဂိုဏ်းသားများ သူ့အား ဝိုင်းရံထားသည်ကို သတိပြုလိုက်မိသည်တွင် ဘာမဟုတ်သည့် ကိစ္စနှင့် အချင်းများကာ ခြေလွန်လက်လွန်တွေ ဖြစ်မိမည်ကို မလိုလားသောကြောင့် ရန်ကိုရှောင်လျက် ထွက်လာခဲ့ခြင်း ဖြစ်သည်။

ညနေပင် စောင်းနေတော့မည်။

သာမန်လူ နှစ်ရက်မျှသွားရမည့်ခရီးကို သူ၏ ကိုယ်ဖော့ ပညာစွမ်းဖြင့် တစ်နေ့တည်း ခရီးပေါက်လာခြင်းဖြစ်သည်။

"အင်း...ညသန်းခေါင်မကျော်ခင် ငါတို့ နန်ပြည်နယ်ရဲ့ မြို့တော် ကျန်းနန်ကိုရောက်မှာ သေချာတယ်၊ တကယ်လို့ ငါနောက်ကလိုက်လာရင်လဲ မနက်ဖြန်ညနေမှ သူတို့ ရောက် လိမ့်မယ်၊ ဒါတောင် မြင်းနဲ့မှရောက်မှာ"

တောလမ်းတစ်လျှောက် ခပ်မှန်မှန်လျှောက်ရင်းမှ တွေး လိုက်သော အတွေးဖြစ်သည်။

လူပျော်ကြီးအနေနှင့် ခပ်မှန်မှန် လျှောက်သည်ဟုဆိုငြား သူ၏ကိုယ်ဖော့ပညာသည် ကောင်းမွန်လွန်းနေသောကြောင့် တော်တော်ကို မြန်လွန်းနေသည်။



"ငါ့ကို တပည့်လုပ်မယ့်လူတွေကို လောလောဆယ် ငါ ဘယ်လိုစမ်းသပ်ရမလဲ၊ ဘယ်လိုပုံစံနဲ့ လောလောဆယ် ရှာမယ်ကို စဉ်းစားရမယ်"

မှန်သည်။ သိုင်းပညာပြိုင်ပွဲကိုသွားမည့် သူ့အဖွဲ့မှတပည့် များသည် မည်ကဲ့သို့တပည့်များ ဖြစ်သင့်သည်ကို သူ တွေး ကြည့်မိသည်။

"အင်း....သိုင်းပညာ လုံးဝမတတ်တဲ့လူတွေကို ခေါ်သွား လို့လဲ ဖြစ်မှာမဟုတ်ဘူး၊ ဒေါ်ကြာ ငါ့တပည့်ပုံတွေက သိုင်းသမားပုံမပေါက်ဘဲ မဟုတ်တဲ့ပုံတွေပေါက်နေရင် မဖြစ် သေးဘူး....

"ဒီတော့ ငါ ပထမ သိုင်းသမားသူငယ်တွေကို ရှာရ မယ်၊ ရက်ကတော့ လိုပါသေးတယ်၊ ဒီနေ့မနက်မှ သိုင်းပြိုင် ပွဲကြီး စမှာဆိုတော့ ကိုးရက်တောင် လိုသေးတာပဲ....

"ငါ ဒီတစ်ညနားပြီး မနက်ဖြန်တစ်နေ့ လူစုမယ်၊ နောက် တစ်နေ့ ဒီကနေပြန်ထွက်၊ လမ်းမှာ သူတို့နဲ့အတူတူလျှောက် နေမှာက နှစ်ရက်၊ ဟောင်ကေပေါ်တက်ရမှာက တစ်ရက်ဆိုတော့ သိုင်းပြိုင်ပွဲကြီးစလို့ ငါးရက်နေ့ညမှာ ပြန်ရောက်သွားမှာပဲ....

"ဟား....ဟား...ဟား....ရတယ်ကွ၊ ရတယ်"

နံ့သာကုန်းတောတန်းကို ဖြတ်ပြီးသည်နှင့် ရှေ့တွင် ကျန်း နန်ပြည်နယ်ထဲသို့ ရောက်တော့မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တက်ကြွသောအတွေးကြောင့် ခြေလှမ်းများ ပိုမြန်လာခဲ့သည်။

မကြာမီမှာပင် နံ့သာတူန်းတောတန်းတွင်းသို့ ဝင်မိပြီး ဖြစ်သည်။

* * *

"ဗွီး"

အသံကို ကြားလိုက်ရသည်။

လူပျော်ကြီး မရှောင်ပါ။

ငြိမ်နေလိုက်သည်။

သူ့ကိုယ်အထက်ပိုင်းကို ကြိုးကွင်းတစ်ကွင်း လာရောက်စွပ်မိသွားသည်ကို သူ သတိပြုမိလိုက်ချိန်တွင်....

"ဟား...ဟား...ဟား၊ ဘာလဲ...ရှောင်ဖို့ ကြိုးစားနေတာလား၊ မရဘူး ကိုယ့်လူ၊ ဒီကြိုးကွင်းနဲ့ လုပ်စားလာတာ ကြာပြီ"

မုတ်ဆိတ်မွေးထူလပျစ်၊ မျက်လုံးက ပြူးပြူး၊ နားရွက်ကားကားနှင့်လူတစ်ဦး ထွက်လာသည်။



သူ့ကို ကြိုးကွင်းနဲ့ ပစ်ဖမ်းလိုက်သူဟု သိလိုက်သော် လူပျော်ကြီး မျက်မှောင်ကုတ်၍ကြည့်လိုက်သည်။ သူ့ပညာကို သူ့တော်တော် သဘောကျ အထင်ကြီးပုံလည်းရသည်။

"ကဲ....ဟေ့ကောင်တွေ ထွက်ခဲ့ကြတော့ဟေ့၊ ဒီမှာ မိထားပြီကွ၊ မင်းတို့ ပြောတော့ ဟို...ဝေးဝေးကတည်းက မြေးလာတာ သိပ်မြန်တာပဲဆို၊ ဘယ်လောက်ပဲ မြန်မြန် ငါ့ကြိုးကွင်းနဲ့တွေ့ရင် မလွယ်ပါဘူးကွာ၊ ဟဲ....ဟဲ"

အရေးထဲ ထိုလူက ကြွားလုံးထုတ်နေသေးသည်။ လူပျော်ကြီးက တော်တော်စိတ်ရှုပ်သွားသည်။

ကျွန်းနန်မြို့တော်တွင် ခပ်စောစော ရောက်လိုခါမှ ဘယ်လို အနှောင့်အယှက်တွေနဲ့ လာတွေ့နေပါလိမ့်ဟု စိတ်ထဲတွင် တွေးနေမိသည်။

ဗိုလ်ရုပ်ဆိုး၏ အသံကြောင့် သစ်ပင်ကြီး တစ်ပင်ကြားမှ လူဆယ့်ငါးယောက်ခန့် ထွက်လာသည်ကို တွေ့လိုက်ရသည်။

၎င်းသည်ကို ကြည့်ရင်းမှ လူပျော်ကြီး တစ်စုံတစ်ခုကို တွေးမိပြီး သဘောကျသွားသည်။

ပြုံးလိုက်သောမျက်နှာကို ကြည့်ရင်း ဗိုလ်ရုပ်ဆိုးက မခန့်လေးစား အပြုံးကို ပြုံးပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ သူငယ်ချင်း၊ ကြောက်လို့ မျက်နှာချို သွေ
နေတာ သား၊ မလုပ်နဲ့ မရဘူး၊ ခုအချိန်မှာ ကြောက်နေလို့
အပိုပါပဲ၊ ငါကတော့ ငါ့လက်ထဲရောက်တဲ့လူကို ဘယ်တော့
လွယ်လွယ်နဲ့ အလွတ်မခံဘူးကွ၊ ငါလိုချင်တဲ့ဟာရမှ လွှတ်
တတ်တာ၊ ဒါကြောင့် ဂျစ်ကန်ကန်လုပ်ရင် နည်းနည်းပါး
ဆုံးမပြီးမှ လွှတ်တတ်တယ်နော်၊ သတိပေးထားတာပါ"

လူပျော်ကြီး ဘာမှ ပြန်မပြောဘဲ ခေါင်းညိတ်ပြလို့
သည်။ ပြီးတော့ သူ့စိတ်ကူးထဲမှ အကြံအစည်အတိုင်း ဗိုလ်
ချုပ်ဆိုး၏ ငယ်သားတို့ကို စိတ်ထဲမှ ကျိတ်ပြီး ရေတွက်ကြည့်
နေမိသည်။

ဗိုလ်ချုပ်ဆိုး အပါအဝင် အားလုံး ဆယ့်ရှစ်ယောက်။

"ဟုတ်ပြီ...အဆင်သင့် သိုက်တာ"

ချက်တချက် ဝမ်းသာသွားသဖြင့် စိတ်ထဲမှ ရေရွတ်လိုက်
သော အသံက ထွက်သွားသည်။

"ဘာ...ဘာပြောလိုက်တယ်"

ဗိုလ်ချုပ်ဆိုး ကြောင်သွားသည်။

"ဟိုဗျာ...ကျွန်တော်နဲ့ ခင်ဗျား အပေးအယူ တစ်
လောက် လုပ်ရအောင်"



လူပျော်ကြီးက ဗိုလ်ချုပ်ဆိုးအား ပြုံးသျက် ပြောလိုက်
သည်။

"ဘာအပေးအယူလဲ"

"ခင်ဗျား အခု ဘာလိုချင်လို့ 'ကျုပ်ကိုဖမ်းတာလဲ"

"ပစ္စည်းဖြစ်ဖြစ်၊ ငွေဖြစ်ဖြစ် ရတာ လိုချင်လို့ပေါ့ကွ၊
ခင်းကို တို့က အလှကြည့်ဖို့ ဖမ်းတယ်များ မှတ်နေလား၊ ခု
ခားပြဘိုက်နေတာ ဘာမှတ်လဲ"

ခပ်ကြမ်းကြမ်းလေသံဖြင့် ပြောလိုက်သော ဗိုလ်ချုပ်ဆိုးကို
ရှမစိုက်ဘဲဟန်ဖြင့်....

"ဒါဖြင့် ကောင်းပြီ၊ ခင်ဗျားလိုချင်တာ ကျုပ်ပေးမယ်၊
ဒါပေမယ့် ကျုပ်လိုချင်တာလဲ ခင်ဗျားပေးရမယ်"

"အယ်...မင်းက ငါ့ကိုများ အရောင်းအဝယ် လုပ်နေပြန်
ပြီ၊ ကဲကွာ...ပြောစမ်းပါဦး၊ မင်းက ဘာလိုချင်လို့လဲ"

"ကျွန်တော် ခင်ဗျားလူတွေကို ခဏငှားချင်လို့"

"ဟေ...."

ဗိုလ်ချုပ်ဆိုး မျက်လုံးပြူးသွားသည်။ မထင်မှတ်သော
လူပျော်ကြီး၏ စကားကြောင့် ကြောင်တောင်တောင် ဖြစ်
သွားပြီး....

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ မင်းပြောပုံကလဲ နေရာမကျလိုက်တာ၊ လူတွေများ ပစ္စည်းတွေကျနေတာပဲကွာ၊ ခဏငှားပါဦး တော့ ဘာလုပ်မလို့လဲ"

"ဒါက ကျွန်တော့်အလုပ်ပါ၊ ခင်ဗျား ငှားမယ်ဆိုရင် ခု ကျုပ်မှာပါလာတဲ့ ငွေစနဲ့ ရွှေတွေ ပေးခဲ့မယ်၊ မကြာစေရ ဘူး၊ ဒီလမကုန်ခင် ခင်ဗျားလူတွေကို ပြန်ပို့ပေးမယ်"

ဗိုလ်ရုပ်ဆိုး တော်တော် ခေါင်းရှုပ်သွားဟန် ရှိသည်။ ခေါင်းကို သွက်သွက်ယမ်းခါရင်းမှ....

"အိုကွာ...မဖြစ်ပါဘူး၊ ငါ့လူတွေကို ငါ စိတ်မချဘူး၊ မင်းက ဘာလုပ်မလို့မှန်းလဲမသိဘူး"

ဗိုလ်ရုပ်ဆိုး စိတ်ဝင်စားသွားပုံရသည်။

* * *

သို့သော် လက်မှ ကိုင်ထားသော ကြိုးရှိတော့ မလွှတ် သေးဘဲ သတိနှင့် ကိုင်ထားရင်းမှ....

"ပြောစမ်းပါဦး၊ မင်းက ဘာကိစ္စ ငါနဲ့ ငါ့လူတွေကို ငှားနေရတာလဲ"



"ကိစ္စရှိလို့ပေါ့"

"ဘယ်သူ့ကို ဓားပြတိုက်ပေးရမှာလဲ"

"ကျုပ် ဒီလိုအောက်တန်းကျတဲ့အလုပ်ကို စိတ်မဝင်စား ဘူးဗျ"

လူပျော်ကြီး၏စကားကြောင့် ဗိုလ်ရုပ်ဆိုးမျက်နှာမှာညိုး မည်းမည်းကြီး ဖြစ်သွားရသည်။

"ဟေ့....ဟေ့ စကားပြောတာ ကြည့်ပြောပါကွ၊ မင်း ဘာလုပ်ဖို့ တို့ကိုငှားတာလဲ၊ ဒါပဲပြော၊ ရှည်ရှည်ဝေးဝေး ပြောမနေနဲ့"

"ကောင်းပြီ၊ ကျုပ်ကလဲ တိုတိုတုတ်တုတ်ပဲ ပြောချင် တယ်...."

"ကျုပ်နောက်ကို လိုက်ခဲ့ဖို့ပဲပေါ့၊ တခြား ပင်ပင်ပန်း ပန်း ဘာမှမလုပ်ရဘူး"

"အလုပ်က...."

"ကျုပ်တပည့်လုပ်ရမယ်"

"ဘာ"

"ဟုတ်တယ်၊ ခင်ဗျားတို့က ကျုပ်တပည့်လုပ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ရှပ်ဆိုး မရှင်းသဖြင့် အာဟူ ထပ်မေးလိုက်သည်။ သေချာစွာ ဆက်ပြောလိုက်သည်။

လူပျော်ကြီးစကားကြောင့် ဗိုလ်ရှပ်ဆိုး ရှုံ့မဲ့ရှုံ့မဲ့ သွားလေ၏။

''မင်းစကားက စော်ကားလှချည်လားကွ ဟေ့''

''ဟုတ်ကဲ့...ဗိုလ်ကြီး၊ ဒီကောင်က ဘာကောင်မို့ ကျွန်တော်တို့ကို သူ့တပည့်လုပ်ခိုင်းရတာလဲ၊ ဒါ သက်သက် စော်ကားပြီး ပြောတဲ့စကားပဲ''

မီးလောင်ရာလေပင့်သကဲ့သို့ သူတို့ခေါင်းဆောင်၏ဒေါသကို ဒေါသမီးမှနေပြီး မြှောက်ပင့်ပေးလိုက်သူကလည်း ရှိသေးသည်။

ဒါပေမယ့် လူပျော်ကြီးက ဂရုမစိုက်ပါ။

''ဒီမှာ...ဟေ့လူတွေ၊ ခင်ဗျား ကျုပ်ပြောတာကို လက်ခံရင် ကျုပ်ဆီမှာ တပည့်ရှာဖို့ပါလာတဲ့ ငွေစနဲ့ ရွှေစတွေ အကုန်ပေးမယ်၊ ဒါမှမဟုတ်ရင် ငွေစ မပြောနဲ့၊ ကြေးစ တစ်ပြားတောင် မရဘူးမှတ်ကြ''

မြှုတ်ဆွဲအားတည်ငြိမ်သော လူပျော်ကြီး၏ စကားကြောင့် လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။



''ဒီမှာ...ဟေ့ကောင်၊ မင်းက တို့ကို ဆရာခေါ်ရမယ့်အချိန်မှာ တို့ကို မင်းက တပည့်ပြန်ခေါ်ချင်နေတာကတော့ သဘောကျစရာကောင်းနေပြီ၊ ဟား...ဟား...ဟား''

ဗိုလ်ရှပ်ဆိုးက ပြောလိုက်ခြင်းဖြစ်သည်။

''ဒီကောင် ဆရာရူး ရူးနေတာနဲ့တူပါတယ်၊ သနားစရာကောင်းနေပြီဟေ့''

တစ်ယောက်က ဝင်ပြောလိုက်ပြန်သည်။ လူပျော်ကြီး စိတ်ရှည်တော့။

သူက လိုချင်သည်မှာ တပည့်။ ယခု တွေ့နေရသူများက ဆရာလုပ်ချင်နေသူတွေ။ ဘယ်သို့မှ နီးစပ်၍ မရတော့မှန်း သဘောပေါက်လိုက်သဖြင့်....

''ကဲဟေ့....ငါပြောတာ လက်မခံနိုင်ရင် ငါ သွားစရာရှိသေးတယ်ဟေ့၊ မင်းတို့အနေနဲ့ ခပ်မြန်မြန်စဉ်းစားကြရင်တော့ ငါ မစောင့်နိုင်ဘူး''

ကျယ်လောင်စွာလှမ်းမေးလိုက်သော လူကြမ်းကြီးကို ဗိုလ်ရှပ်ဆိုးမှအစ အားလုံးသောလူများမှာ ထူး ထူး ဆန်း ဆန်း ငေးကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



“မင်းဟာ သိပ်ပြီး ဦးနှောက်မမှန်ဘူးနဲ့တူတယ်၊ ခု တို့က မင်းကို ဓားပြတိုက်ဖို့ ဖမ်းထားတယ်ဆိုတာကော မင်း နား လည်ရဲ့လား၊ မင်း တို့လိုချင်တာတွေ မပေးခဲ့ဘဲ ဘယ်... သွားမှာလဲ၊ ကြိုးစက ငါ့လက်ထဲမှာကွ”

ဗိုလ်ရုပ်ဆိုးက ခပ်တင်းတင်းမျက်နှာထားဖြင့် လူပျော် ကြီးရှေ့မှာ ရပ်ရင်းက ပြောလိုက်သည်။

လူပျော်ကြီးက ခေါင်းကိုယမ်းရင်း ပြန်ပြောလိုက်သည်။

“ငါ အစကတည်းက ဒီကြိုးကို ဂရုမစိုက်လို့ အခိ... လိုက်တာပေါ့ကွ၊ မင်းတို့တော်လို့ မိတာမဟုတ်ဘူး၊ နောက် ပြီး ဒီကြိုးလောက်ကလဲ အပ်ချည်ကြိုးလောက်အဆင့်ရှိတာ ဘာဖြစ်တာမှတ်လို့လဲ၊ ကဲ...ငါ့ဆီကတော့ မင်းတို့ ဘာ... ရဖို့ စိတ်မကူးနဲ့၊ သွားမယ်၊ ရှေ့ကဖယ်စမ်း”

“မဖယ်ဘူးကွာ၊ မင်း ဘယ်လိုရုန်းမလဲ၊ ရုန်းကြည့်စမ်း”

လူပျော်ကြီးက အစွမ်းကုန်အားထုတ်ပြီး ရုန်းသည်။

ကြိုးက တင်းကျပ်စွာ ရစ်ပတ်စွပ်မိနေသည်မို့ ရုန်း... မလွယ်။

“အီး...အား...အင်း...အား”



“တော်ပါတော့ကွာ၊ တော်ကြာ အသားတွေ ကြိုးတွေ ...ပွတ်မိတာနဲ့ ပွန်းပဲ့ပြီး လန်ကုန်ပါ့မယ်၊ ဟဲ...ဟဲ...တို့ကို ...င်းမှာပါလာတဲ့ ရွှေစနဲ့ငွေစတွေ ပေးခဲ့ပေတော့၊ ပြီးရင် ...င်းကြိုက်ရာလမ်း သွားပေတော့”

လူပျော်ကြီးက မျက်မှောင်တည်တည်ဖြင့်...

“မပေးနိုင်ဘူးကွ၊ ဒါ ငါ တပည့်ရှာတဲ့နေရာမှာ သုံးဖို့ ...ထားတာ”

“အေး...မပေးတော့လဲ ကြိုးဖြေမပေးဘူး၊ လွှတ်လဲ ...လွှတ်ဘူး၊ ဒါကတော့ ရှင်းနေတာပဲ”

“ဒါဖြင့် ကိုယ့်ဟာကိုယ်ဖြတ်လို့ရရင်...”

လူပျော်ကြီး၏ စကားကြောင့် ဗိုလ်ရုပ်ဆိုး ဟက်ဟက်ပက် ...ဆ် ရယ်မောလိုက်သည်။

“ကဲပါဗျာ...ကဲပါ၊ မြင်းတစ်ကောင်တောင် နိုင်အောင် ...ရုန်းနိုင်တဲ့ ကြိုးကို အသားအနာခံပြီး ရုန်းချင်ပါတယ်ဆို ...တော့ ခက်တာပဲကွာ၊ ကဲ...ကဲ...မင်းရဲ့ ဝီရိယကို ငါတို့ ထိုင် ...း ကြည့်ပါ့မယ်၊ ရရင် သွားချင်ရာသွားပေါ့ကိုယ့်လူရာ၊ မင်း ...ကာ ဘာမှ မယူတော့ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



လူပျော်ကြီးက ပြုံးလိုက်သည်။ သည်လိုဖြစ်လာအောင် ဖန်တီးလိုက်ခြင်းကို ဗိုလ်ရှုပ်ဆိုး မသိရှာ။

"ကဲပါလေ...ကျုပ်ကလဲ ခင်ဗျားတို့ကို အခွင့်အရေး တစ်ခု ထပ်ပေးပါမယ်၊ ဒီတစ်ခါ ပြန်ပြီး ဖမ်းမိခဲ့ရင် ခင်ဗျားတို့ဆီမှာ တစ်သက်လုံး တပည့်ခံမယ်၊ ပစ္စည်းတွေလဲ ပေးပါမယ်"

လူပျော်ကြီး၏ စကားကြောင့် ဗိုလ်ရှုပ်ဆိုး အပါအဝင် တောပုန်းခေါင်းပြများ၏ မျက်နှာတွင် ဒေါသရိပ်များ၊ အထင်သေး အမြင်သေးသည့် အရိပ်များ သမ်းသွားကြလေသည်။

"ကောင်းပြီ၊ မင်းစကားတည်ပါစေ"

"ဟုတ်ပြီ၊ ခင်ဗျားတို့လဲ ကတိတည်ပါစေ"

အပြန်အလှန် မခန့်လေးစား ပြောဆိုပြီးနောက် ဗိုလ်ရှုပ်ဆိုးသည် သူ့လက်ထဲမှ လူပျော်ကြီးအား ဖမ်းထားသော ကြိုးစကို အတော် ထန်မာသွားကျိုင်းသော တပည့် တစ်ဦး လက်တွင်းသို့ လှမ်းပေးလိုက်ကာ သူ့လက်ထဲတွင် နောက်ထပ် ကြိုးတစ်ကွင်းစွပ်ရန် ကြိုးတစ်ခုကိုပါ အဆင်သင့် ပြင်ထားသည်။

"ကဲ...ရုန်းပေတော့"



ဗိုလ်ရှုပ်ဆိုးက အထင်သေးသည့် လေသံဖြင့် မေးဆတ်ကာ ပြောလိုက်သည်။

"ရုန်းစရာမလိုပါဘူး၊ တောဒီမှာ"

"ထုတ်...ထုတ်...ထုတ်"

"ဟာ...ဟင်...ဟယ်"

အားလုံး အံ့အားသင့်သွားကြသည်။ စောစောက မာန်တင်း၍လည်းကောင်း၊ အံခဲ၍လည်းကောင်း၊ လူးလိမ့် ရုန်းကန်သော်လည်း မပြတ်ခဲ့သည့် ကြိုးမှာ ခန္ဓာကိုယ် အနည်းငယ် တင်းလိုက်ရုံနှင့် တပြုတ်ပြုတ် ပြတ်ထွက်ကုန်သည်ကို ကြည့်ရာ တွေ့လိုက်ရသဖြင့် တစ်အုပ်စုလုံး မျက်လုံးပြူးကာ ကြက်သေသေသွားရသည်။

"ဟေ့...ကျုပ်က ပြေးတော့မှာ၊ ကြိုးကွင်းဖမ်းဖို့ မေ့သွားပြီလား"

မှန်သည်။ ကြောင်ပြီး မေ့နေမိရသော ဗိုလ်ရှုပ်ဆိုး ယခုမှပင် သတိဝင်လာကာ ကြိုးစကို မြှောက်လိုက်ချိန်တွင်...

"ဝှစ်"

"ဟာ"

"ဟေ"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ထပ်ပြီး အံ့ဩသွားကြပြန်သည်။ လူမှ ဟုတ်ရဲ့လား ဟူသော မျက်လုံးများဖြင့် လူပျော်ကြီးကို ကြည့်နေကြလေသည်။

"ဝှစ်" ဟူသော အသံနှင့်အတူ ပြေးထွက်သွားသည်မှာ အရိပ်ကိုပင် မမြင်လိုက်ရသည်မို့ ကြိုးကွင်းပစ်ဝိဇ္ဇာကြီး ဗိုလ်ရှုပ်ဆိုးမှာ ပါးစပ် ဟောင်းလောင်းဖြင့် လှမ်းကြည့်နေရင်း ကျန်ရစ်ခဲ့လေတော့သည်။

★

# အခန်း (၄)

ကျွန်းနန်ခရိုင်....

မုံမြို့လယ်ရှိ နှင်းပန်းစားသောက်ဆိုင်။

ဆိုင်အတွင်း၌ စားသောက်သူ အတော်များများ ရှိနေသည်။ တချို့က သုံးလေးယောက် ဝိုင်းဖွဲ့၍ လည်းကောင်း၊ တချို့က တစ်ဦးချင်း နှစ်ဦးချင်း ဝိုင်းဖွဲ့၍ စားသောက်နေကြသည်။

ထမင်းစားသူ စားကြသည်။ အရက်သောက်သူ သောက်ကြသည်။ ဆိုင်၏ အလယ်တည့်တည့် စားပွဲဝိုင်းတွင် လူငါးဦး ထိုင်၍ ထမင်းမစားမီ အရက်သောက်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ မျက်နှာမှာ အရက် အတော်သောက်ထားကြ သဖြင့် နီရဲနေကြ၏။ ထိုအချိန်...ဆိုင်အတွင်းသို့ လူတစ်ဦး ဝင်လာခဲ့သည်။

ဆိုင်အတွင်း နေရာအနှံ့ အပြားကိုလည်း အကဲခတ် ကြည့်ရှုပြန်သည်။ တစ်ဆိုင်လုံးတွင် ခမ်းနား ကြီးကျယ်ခြင်း မရှိလှပေ။

"ဒီမှာ...လူရှိပါသလား"

ဝင်လာသူက အလယ်စားပွဲတေးဘက်ရှိ လူလွတ်နေသော ခုံကလေးကိုကြည့်ရင်း အရက်သောက်နေသူ ငါးဦးတို့ ဘက်ကို မေးလိုက်ခြင်းဖြစ်သည်။

"မရှိပါဘူး၊ ထိုင်ပါ...ထိုင်ပါ"

အရက်သောက်နေသူများထဲမှ အရပ်ပုပုနှင့်လူက ဝင် ရောက်လာသောသူ၏ အမေးကို ဖြေကြားလိုက်ခြင်း ဖြစ် သည်။

"ဘာသုံးဆောင်မလဲ အစ်ကိုကြီး"

စားပွဲထိုးလူငယ်တစ်ယောက်က ဝင်လာသော လူနားသို့ ရောက်လာပြီး ရိုကျိုးရည်မွန်စွာ ပြုံးပြရင်း မေးလိုက်၏။



"မင်းတို့ဆိုင်မှာ အကောင်းဆုံးအရက် ဘာရှိလဲ"

"ဆိတ်ချိုအရက် ရှိပါတယ်ခင်ဗျာ"

"ဒအး...အဲဒီအရက် ငါးလုံးယူခဲ့၊ နောက် စားစရာ အမင်းပွဲဖါ ယူလာခဲ့ကွာ"

"ဟုတ်ကဲ့...ခင်ဗျာ"

စားပွဲထိုးလူရွယ်သည် ဝင်လာသူက မှာကြားပြီးသည်နှင့် ထိုနေရာမှ ဆိုင်အနောက်ဘက် ချက်ပြုတ်ရာသို့ ခပ်သွက် သွက်ကလေး ဝင်သွားသည်။

"ဟေ့ကောင်၊ တော်တော့ကွာ၊ မင်းချည်းပဲ သောက် နေ၊ နောက်လူတွေဖို့လဲ ချန်ထားဦး၊ တစ်ခါတည်း ငတ် နေတာ ကျနေတာပဲ"

ဝင်လာသူ ထားချင်းယှဉ်နေသော စားပွဲဝိုင်းမှလူတစ်ဦး က သူ့အဖော်အား ပြောလိုက်ခြင်းဖြစ်သည်။

"ငါသောက်တာ နည်းနည်းပါကွာ၊ မင်းကလဲ မသဒ္ဒါ လှုလား"

ထိုလူနှစ်ယောက်မှာအနည်းငယ်သာကျန်သောအရက်အိုး အား လုသောက်ရင်းမှ တတွတ်တွတ် စကား များနေကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် စားပွဲထိုးလူငယ်လေးမှာ အကောင်းစားအရက် ငါးအိုးနှင့် စားသောက်ဖွယ်ရာများနှင့် ထမင်းပွဲကို လာချပေးလေသည်။

"ဒီကမိတ်ဆွေတို့၊ အရက်လိုရင် ကျုပ်က မိတ်ဖြစ်ဆွေဖြစ် တိုက်လိုပါတယ်၊ ဒီစားပွဲမှာ ဝိုင်းလိုက်ကြရအောင်လား"

ဆိုင်တွင်းသို့ဝင်လာသူက သူတို့ငါးဦးအား ဖိတ်ခေါ်လိုက်သည်။

"ဟာ....အားနာစရာဗျာ"

ထိုလူငါးဦးက ဟန်လုပ်၍ ငြင်းပယ်သိုက်ခြင်း ဖြစ်သည်။

"အားနာစရာ မဟုတ်ပါဘူး၊ ကျုပ်က မိတ်ဆွေအဖြစ်ညှိခံချင်လို့ပါ၊ ဒါကြောင့် ဒီမှာအရက်ငါးအိုးတောင် မှာထားတာပါ၊ လာကြပါဗျာ၊ ပျော်ပျော်ပါးပါးခပ်"

ဆိုင်အဘွင်းသို့ နောက်မှဝင်လာသူက အတင်းအခမ့်ဖိတ်ခေါ်နေလေသည်။

ကြာတော့ ထိုလူငါးဦးသည် ဝင်လာသော ညှိသည်စားပွဲကို ပြောင်းရွှေ့၍ စုပေါင်း ထိုင်လိုက်ကြလေတော့သည်။



"ဒီကမိတ်ဆွေကို ဒီမှာ မမြင်ဖူးပါဘူး၊ ဧည့်သည် ထင်တယ်"

အရပ်ပုပုလူက ဝင်ရောက်စပ်စုလိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်ကဧည့်သည်ပါ"

"ဩော်....ဒါကြောင့် ကျွန်တော်တို့ မမြင်ဖူးတာကိုး၊ ဘာလဲ အလည်အပတ် သက်သက်ပဲလား"

အခြားတစ်ယောက်ကပါ ဝင်၍စပ်စုလိုက်ပြန်သည်။

"အလည်သက်သက်တော့ မဟုတ်ပါဘူး ခင်ဗျာ၊ လူအယောက် နှစ်ဆယ်လောက် တပည့်အဖြစ် ခေါ်မွေးစားထားချင်လို့ပ !"

ဆိုင်အတွင်းသို့ နောက်ဆုံး ဝင်ရောက်လာသူက သူ၏လာရင်းအချက်ကို ပြောပြလိုက်ပါသည်။

တုတ်ပါသည်။

သူ့တပည့်လိုက်ရှာရင်းမှ ဤဆိုင်သို့ရောက်လာရခြင်းဖြစ်ပါသည်။

တခြားလူတွေမရသည့်အဆုံး အရက်သမားများကိုငွေဆားပြီး ခိုင်းစေရတော့မည်ဟု စိတ်ပိုင်းဖြတ်ကာ ရောက်လာခြင်းဖြစ်သည်။

www.burmeseclassic.com



"ဟာ...ခင်ဗျားအလုပ်ကလဲ ခပ်ဆန်းဆန်းပဲ၊ တပည့်
ခေါ်မွေးချင်လို့၊ ပြီးတော့တစ်ယောက်သဲမဟုတ်၊ အယော
နှစ်ဆယ်ဆိုတော့ ဟုတ်မှဟုတ်ရဲ့လား"

အရက်ဝိုင်းဖွဲ့ သောက်နေသူများထဲမှ စပ်စပ်စုစုနိုင်
သော လူတစ်ဦးက လူပျော်ကြီးအား မေးမြန်းလိုက်
သည်။

"ဘာမှတော့ ထွေထွေထူးထူး မလုပ်ရပါဘူးဗျာ၊ ကျွ
ကို ဆရာအဖြစ် ရိုရိုသေသေ ဆက်ဆံဖို့ပါပဲ"

လူပျော်ကြီးက စိတ်ရှည်လက်ရှည် ရှင်းပြနေလေ၏။

"ခင်ဗျား ဆရာရူး ရူးနေတာတော့ မဟုတ်ပါ
နော်"

လူငါးယောက်ထဲမှ ညာဘက်တွင် ထိုင်နေသောလူက
တရဲ လျှာလေးအာလေးသံဖြင့် ဝင်မေးလိုက်သည်။

လူကြမ်းကြီးစိတ်ထဲတွင် အောင့်သက်သက်ဖြစ်သွားသည
ဒါပေမယ့် ဘာမှမဖြစ်သလို နေလိုက်ရသည်။

သူ့အဖြစ်ကလည်း ထင်စရာပင် ဖြစ်နေသည် မဟုတ်
လား။

"မဟုတ်ပါဘူးဗျာ၊ ကျုပ်ကအတည်ပြောတာပါ၊
ဘူးလား၊ နောက်ဆုံး ငွေပေးပြီး တပည့်လုပ်မယ့်သူရှိ
ကျုပ် ခိုင်းမယ်ဗျာ တပည့်လုပ်ခ ပေးရပေးရ ပေါ



လူပျော်ကြီး သူ့နောက်ဆုံးပိတ် အစီအစဉ်ကိုပြောပြလိုက်
သည်။

"ခင်ဗျားဟာ တကယ်ဟုတ်ပါလား၊ ဘာမှ ထွေထွေ
ထူးထူးလဲ မလုပ်ရဘူး၊ ဆရာခေါ်ရုံ တပည့်ခေါ်ရုံနဲ့ ငွေရ
မယ်ဆိုတော့ ကျုပ်တို့ ခင်ဗျားတပည့်လုပ်ရမလို ဖြစ်နေပြီ"

အဝတ်အစား ခပ်နွမ်းနွမ်းကို ဝတ်ထားသော အရက်
သမားက ဆိုလာသည်။

"ဟာ...ခင်ဗျားတို့သာ လုပ်နိုင်မယ်ဆိုရင် ကျုပ်လက်ခံ
မယ်ဗျာ၊ တကယ်လုပ်မလား"

"ခင်ဗျား ငွေသာပေးမယ်ဆိုရင် လုပ်ကြမှာပေါ့ဗျာ"

"ဟေ့...လုပ်မယ် ဟုတ်လားဟေ့"

ထိုသူကသူ့အပေါင်းအဖော်များသဘောကို ရယူလိုက်ပြန်
သည်။

"ဟာ...ရရင်တော့ လုပ်မှာပေါ့ကွ၊ အဲ...အဲ ဒါပေမယ့်
ကျုပ်တို့ကို အရက်မပြတ်ရှာပေးရမယ်နော်၊ ဒါမှကျုပ်တို့
ဆရာခေါ်မှာ၊ နို့မဟုတ်ရင်တော့ မရဘူး မိတ်ဆွေ၊ ဟဲ...
ဟဲ...ဟဲ"

အရက်သမားများအဖို့ အရက်သောက်ဖို့ အခွင့်အရေးကို
ဆောင်းဆိုလာကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ....ဟုတ်တယ်....ဟုတ်တယ်၊ အဲဒါတော့ အရေးအကြီးဆုံးပဲ၊ ငွေရဖို့ထက် အရက်ရဖို့က၊ အရေးကြီးတယ်"

နောက်တစ်ယောက်ကပါ ထောက်ခံစကား ဆိုလာပြန်သည်။

"ကဲ....ဒါဖြင့်ရင် ခင်ဗျားတို့တောင်းဆိုတာကို ကျုပ်လုပ်ပေးမယ်၊ ကျုပ်ဆန္ဒကိုလဲ လိုက်လျောရမယ်နော်၊ ဟုတ်လား"

လူပျော်ကြီးက ပြောလိုက်သော်....

"ဟာ....စိတ်ချပါ၊ စိတ်ချ၊ ကဲပါ ပြောနေကြာတယ်၊ အခုပဲလုပ်ငန်းစကြရအောင်၊ ကဲ....ဆရာ၊ ကျွန်တော်တို့တပည့်တွေကို နောက်ထပ် အရက်တစ်အိုး မှာပေးပါဦးဆရာ၊ ဟဲ....ဟဲ"

"ဆရာ့တပည့်တွေကို နည်းနည်းပါးပါး ဒါနပြုပါဦး"

အရပ်ပုပုနှင့်လူက စားပွဲပေါ်မှအရက်အိုးတို့ကို မှောက်ချပြရင်း အရက်ထပ်မံ တောင်းဆိုလိုက်ပြန်သည်။ သူတို့ ငါးယောက်အဖွဲ့သည် အရက် တော်တော်သောက်နိုင်သူများဖြစ်၍ လူပျော်ကြီး နောက်ထပ် အရက်တစ်အိုး မှာကြားပေးရ



"ကဲ....ကိုယ့်လူတို့၊ ဒီနေ့အဖို့ ဒီလောက် သောက်ရရင် တော်ကြတော့ဗျာ၊ ခင်ဗျားတို့က ငါးယောက် ဆိုတော့ နောက်လူ ဆယ့်ငါးယောက်တောင် လိုသေးတယ်၊ ဒီတော့ တခြား တစ်နေရာမှာ ကျုပ် သွားရှာရဦးမယ်"

လူပျော်ကြီးက ပြောကြားရင်း စားသောက်ဖိုးနှင့် အရက်အိုးဖိုးတို့အား သူ၏ အနီရောင် ဝတ်ရုံအတွင်းမှ ငွေစတို့အား ထုတ်ယူလိုက်သည်။ သူ့လက်တွင် ငွေစ ဒင်္ဂါးတော်များများ ပါလာသည်ကို တွေ့လိုက်ရသည်။

"ကဲ....ဒီအထဲက စားသောက်ဖိုးနဲ့ အရက်အိုးဖိုး ငွေရှင်းပြီးလို့ ပိုတာကို ခင်ဗျားတို့ယူထားလိုက်"

လူငါးဦးအနက် အသက်အကြီးဆုံး အစိမ်းရောင် ဝတ်စုံနှင့် လူအား ငွေစများကို လူပျော်ကြီး လှမ်းပေးလိုက်ရသည်။ အစိမ်းရောင်ဝတ်စုံလူက လှမ်းယူလိုက်ပြီး....

"ခင်ဗျားက တခြားသွားရှာတာ ဟုတ်ပါပြီ၊ ကျွန်တော်တို့ ငါးယောက်က ဘယ်တော့ ဘယ်အချိန် ခင်ဗျားနဲ့ ပြန်ဆုံရမှာလဲဗျ၊ တော်ကြာ ခင်ဗျားကထွက်သွားရင် တလွဲစီ ဖြစ်ကုန်မယ်၊ တော်ကြာ ခင်ဗျား ငွေကြိုပေးထားရတာတွေ ဆုံးနေမယ်နော်၊ ဟဲ....ဟဲ"

ရယ်ရယ်မောမောနှင့် ထိုလူက ပြောလိုက်သည်။

"ဟာ....လွဲလို့တော့ ဘယ်ဖြစ်မှာလဲဗျာ၊ ခင်ဗျားတို့အဖို့ ဒီအာမှ အလုပ်ရှိတာမှမဟုတ်ဘဲ၊ ကျုပ်ကို ဆရာခေါ်ရုံလေးနဲ့ ငွေရော အရက်ပါရမယ့် အလုပ်မျိုး ခင်ဗျားတို့က လွဲအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ် မဟုတ်သလို ကျုပ်ကလဲ မလုပ်ဘူးဗျ၊ ဒီတစ်ရ... အတွင်း ကျန်တဲ့ ဆယ့်ငါးယောက်ကိုလဲရှာပြီး ဒီကို ခေါ်လာ... ပြီး စုစည်းသွားကြမယ်''

လူပျော်ကြီးက သူ့ အစီအစဉ်ကို ရှင်းပြ ပြောဆိုလို... သည်။

''ကျုပ်တို့ တောင်းဆိုတာတွေကိုလဲ အဲဒီနေ့မှာ အဆ... သင့် ဖြစ်ပါစေ''

''စိတ်ချပါ၊ အဲဒီနေ့ကျတော့ အရက်ဆည် တစ်လုံး... ကျုပ် အသင့်ထမ်းလာခဲ့မယ်၊ ငွေလဲပေးမယ်၊ ခင်ဗျားတို့... ကိုယ်လိုအပ်မယ့် အသုံးအဆောင်ပစ္စည်းတွေကို ယူစရာရှိယူ... အရင်ရောက်နှင့်တဲ့လူက စောင့်ပေါ့၊ နံနက် စောစောသ... လာခဲ့ကြ''

''ကောင်းပါပြီဆရာ၊ ဟား....ဟား....ဟား''

အရက်သမား တစ်စုက လူပျော်ကြီးအား ဆရာဟု ခေါ်... လိုက်ပြီး သူတို့ဘာသာ သူတို့ သဘောကျကာ ဝါးခနဲ ရယ်... မောလိုက်သည်။ လူပျော်ကြီးလည်း ဆိုင်အတွင်းမှ လှမ်းထွ... လာခဲ့လေသည်။

*  *  *



မုံမြို့သို့ သူရောက်ခနသည်မှာ နှစ်ရက်ရှိပြီ၊ သည်နှစ်ရက် ...အတွင်း သူသည် လူနှစ်ဆယ်ကို တပည့်အဖြစ်သို့ရောက်အောင် ...ဝေး၍ ငှားခဲ့သည်။ သူငှားခဲ့သော လူအားလုံးလိုပင် ...ရက်သမားများ ဖြစ်နေသဖြင့် သူ စိတ်ညစ်မိသလိုလို ...ဘာကျသလိုလို ဖြစ်နေရ၏။

အို....ဘာပဲဖြစ်ဖြစ် တပည့်လုပ်မယ်ဆိုရင် ပြီးတာပဲဟု ဆုံး...တ်လိုက်သည်။ သူ့ကျောဘက်မှအထုပ်ကို တည်းခိုသည့် စား...သောက်ဆိုင်ထဲ ရောက်သည်နှင့်....

''ဘုန်း'' ခနဲ ပစ်ချလိုက်လေသည်။ ထိုစဉ် ဆိုင်အတွင်းမှ ...ာင်လေး တစ်ယောက် ပြေးထွက်လာပြီး....

''ဟော....အစ်ကိုကြီး ပြန်လာပြီကိုး၊ ကျွန်တော် ဘာလုပ်...းရမလဲ''

သူ ဤဆိုင်တွင် တည်းခိုနေစဉ် လိုအပ်သည်များအား လုပ်...ရန် ကောင်လေးကို ငှားထားခြင်း ဖြစ်သဖြင့် သူရောက်...သည်နှင့် အွက်၍ ဆီးကြိုကာ မေးလိုက်ခြင်းဖြစ်သည်။

''ငါ့အတွက် ညစာစားဖို့ တစ်ခုခု လုပ်ပေးပြီးတော့ ဒီ...ထုပ်ကို ငါ့အခန်းထဲ အရင်သွားပို့ထား''

''ဟုတ်ကဲ့''

ကောင်လေးသည် စောစောက သူထမ်းလာသော အထုပ်...ကောက်ယူ၍ ထမ်းကာ သူ့အခန်းဆီသို့ သယ်ယူသွားလေ...သည်။ သူသည် စားသောက်ဆိုင်အတွင်းသို့ ဝင်လာပြီး လွတ်

www.burmeseclassic.com

www.burmeseclassic.com



နေသော ခုံ၌ ထိုင်ကာ စောစောက ကောင်လေးအား စော
နေလိုက်သည်။ မကြာမီပင် ကောင်လေး ပြန်ရောက်လာသည်

''အစ်ကိုကြီး....အသားကင်နဲ့ ထမင်းပွဲယူခဲ့မယ်၊ အရ
ကော ယူဦးမလား''

''မယူတော့ဘူးကွာ၊ ဒါနဲ့ ငါမှာခိုင်းထားတဲ့အရက်စ
ရပြီလား''

''ရပါပြီ အစ်ကိုကြီး၊ အနောက်ခန်းမှာ အဆင်သင့်
ပဲ၊ အစ်ကိုကြီး စနက်သွားတော့ အဆင်သင့် ထုတ်ပေးထာ
ပါမယ်''

''အေး....အေး....ကောင်းပြီ၊ ကဲ....ငါ့ဖို့ ထမင်းပွဲမြန်မြ
လုပ်ကွာ''

''ဟုတ်ကဲ့''

ပြောပြော့ဆိုဆို ကောင်လေးသည် အပြေးလေးထွက်သွာ
ကာ တစ်ခဏအတွင်းပင် ထမင်းနှင့်အသားကင်တို့ကို လာ
ချပေးသည်။

သူသည် မောမောနှင့် ထမင်းပွဲကို အားပါးတရ စာ
သောက်ကာ ပြီးသည်နှင့် မိမိအခန်းဆီသို့သွားကာ အနာ
ယူရန် ခုတင်၌ဘက်၍ လှဲလိုက်သည်။ တစ်ခဏအတွင်း အိပ်
ပျော်သွားရသည်။

နှစ်ရက်လုံးလုံး တပည့်နှစ်ဆယ်ရရန် ဟိုမှသည် သည်
ဟို လျှောက်ရင်း လူစုခဲ့ရသည်။



လူဖမ်းမှု၊ စိတ်ပန်းမှုတို့ပေါင်းကာ အိပ်ပျော်သွားရလေ
သည်။

* * *

နံနက်မိုးသောက် အလင်းရောက်ခဲ့လေပြီ။ သို့သော် လူ
ပျော်ကြီး အိပ်ရာမှ မထဖြစ်သေး။

ဘာရယ်ကြောင့်မသိ၊ စိတ်ထဲ၌ ကျေနပ်နေရပြီး သူ့အဖို့
တပည့်လုပ်မည့်သူများကိုလည်း ငွေရမ်းခဲ့ပြီးဖြစ်သဖြင့် ကျေ
နပ်နေရသည်။

သူ့တပည့်အားလုံးလိုလို အရက်သမားများဖြစ်ကြသည်။
အရက်သမားမှ တော်ရုံတန်ရုံ အရက်သမားများ မဟုတ်၊
အရက်အိုးမှာ ချိုးကပ်နေသူများဖြစ်သည်။

ဘာတွေပဲဖြစ်ဖြစ် တပည့်အယောက်နှစ်ဆယ်အထိရှိဖို့သာ
သူ့အတွက် အရေးကြီးသည် မဟုတ်ပါလား၊ စဉ်းစားခန်းကို
ဖြတ်၍ အိပ်ရာထမှ ထလိုက်သည်။

မနေ့ကမှ ဝယ်ယူလာသော အနက်ရောင်ဝတ်စုံသစ်ကို ဝတ်
ဆင်ရန် အထုပ်အတွင်းမှ အပြင်သို့ထုတ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးသည်နှင့် ကိုယ်တွင်ဝတ်ဆင်ထားသော အဝတ်ဟောင်းကိုချွတ်၍ အနက်ရောင်ဝတ်စုံအသစ်ကို ဝတ်လိုက်၏။

''ဟော....အစ်ကိုကြီးက နိုးနေပြီကိုး၊ စောစောက ကျွန်တော် လာကြည့်သေးတယ်၊ ဒီမနက်စာအတွက် ကျွန်တော်ဘာလုပ်ပေးရမလဲ''

သူ့အတွက် တောက်တိုမည်ရခိုင်းရန် ငှားထားသောကောင်လေးရောက်လာပြီး သူ့ကို မေးလိုက်ခြင်းဖြစ်သည်။

''အေး....ငါ့ဖို့ ပေါက်စီငါးလုံးနဲ့ ရေနွေးအိုးအသင့်လုပ်ထားပေး၊ ငါ အခုပဲ စားသောက်ဆိုင်လာခဲ့မယ်၊ အရက်စည်ကိုလဲ အဆင်သင့် ဆိုင်ရှေ့ချထားပေ''

လူပျော်ကြီးက ငှားထားသောကောင်လေးအား ခိုင်းစေလိုက်ခြင်းဖြစ်သည်။

''ဟုတ်ကဲ့ အစ်ကိုကြီး''

''ဟေ့....နေဦး....နေဦး''

လူပျော်ကြီးသည် အပြင်သို့ ပြန်ထွက်သွားတော့မည့်ဆဲဆဲကောင်လေးကို တားဆီးလိုက်ပြီး သူ့အိတ်အတွင်းမှငွေစများကို ထုတ်လိုက်ပြီး ငွေစ ဆယ့်ငါးစကို ကောင်လေးလက်တွင်းသို့ လှမ်းထည့်ပေးရင်း....

''ရော့....ငါ့ဘည်းခိုခ၊ စားသောက်ခတွေ ရှင်းပေး၊ ကျန်တာတို မင်းယူ၊ ကဲ....သွားနိုင်ပြီ''



ကောင်လေးသည် သူ့လက်ထဲမှ ငွေစများကိုယူပြီး သူ့အခန်းမှ ထွက်ခွာသွားသည်။

လူပျော်ကြီးသည် သူ့ပစ္စည်းများကို သိမ်းဆည်းကာ အိတ်ကြီးတစ်လုံးအတွင်းသို့ အားလုံး သိမ်းကျုံးထည့်လိုက်သည်။

နောက် လွယ်အိတ်တစ်လုံးကို လွယ်ပိုးလျက် စားသောက်ခန်းဆီသို့ လာခဲ့သည်။

စားပွဲတစ်ခုတွင် သူမှာထားသည်တို့ကို အသင့်ပြင်ထားပြီး သူ့ကိုစောင့်နေသော ကောင်လေးအား တွေ့ရ၏။

''ဟေ့....ငါမှာထားတဲ့ အရက်စည်ကို နှင်းပန်းစားသောက်ဆိုင်ကို မင်း ထမ်းပို့ပေးမလား''

''ပို့ပေးမယ်လေ''

''အေး....ဒါဆို မင်းထမ်းပြီး တစ်ခါတည်းလိုက်ခဲ့လေ''

''ဟုတ်ကဲ့ အစ်ကိုကြီး''

လူပျော်ကြီးသည် စားပွဲပေါ်ရှိ စားသောက်ဖွယ်ရာများကို စားသောက်ပြီးသည်နှင့် ရွှေငါးစားသောက်ဆိုင်သို့ သူတို့နှစ်ဦးသား ထွက်လာခဲ့လေသည်။

''အင်း....ငါ့လူတွေတော့ ငါ့ကိုစောင့်ရတာနဲ့ ဒေါကန်နေကြမလားမသိဘူး၊ နေတောင် အတော်မြင့်နေမှပဲ''

လူပျော်ကြီးသည် နေမင်းကြီးကိုမော့ကြည့်ရင်းမှ တီးတိုးပြောလိုက်သည်။

သူတည်းခိုသောစားသောက်ဆိုင်နှင့် နှင်းပန်းစားသောက်ဆိုင်မှာ တစ်မိုင်ခန့်ဝေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်တွေ ဒေါ်ပုနေလဲ အရက်စည် ပြလိုက်တာနဲ့ ပျော်သွားမယ့် လူတွေပါပဲ၊ တော်တော် ထိန်းသိမ်းရမယ့် အဖွဲ့ပဲ၊ ကြုံကြုံရတယ်ကွာ"

လူပျော်ကြီးသည် လမ်းလျှောက်လာရင်းမှတွေးလာသော အတွေးဖြစ်၏။

သူခိုင်းထားသည့် ကောင်လေးမှာလည်း အရက်စည်ကို ထမ်းလျက် သူ့နောက်မှ လိုက်လာလေသည်။

သူတို့နှစ်ယောက် နှင်းဆန်းစားသောက်ဆိုင်ရှေ့သို့ ရောက်လာခဲ့ပြီဖြစ်သည်။ သို့သော် ဘာသံမှမကြားရ။ တိတ်ဆိတ်နေလေသည်။

"ငါ့လူတွေ မရောက်သေးဘူးနဲ့တူတယ်"

လူပျော်ကြီးသည် ဆိုင်အတွင်းမှ ဘာသံမှမကြားရ၍ သူ့လူများ နောက်ကျနေသည်ဟု ထင်လိုက်မိသည်။ ဆိုင်အတွင်းသို့ လှမ်းဝင်လိုက်သည်။

"ဟာ"

"ဟင်"

သူတို့နှစ်ဦးသည် ဆိုင်အတွင်းမှမြင်ကွင်းကြောင့် အံ့အားသင့်သွားကြရသည်။

* * *



အရက်စည်ထမ်းလာသော ကောင်လေးသည် အရက်စည်အား ကမန်းကတန်းပစ်ချ၍ ထိုနေရာမှ ပြေးထွက်သွားလေသည်။

လန့်ဖျပ်သွားခြင်းကြောင့် ခြေဦးတည့်ရာဆီသို့ စွတ်ပြေးသွားသည်။

လူပျော်ကြီးသည် မြင်လိုက်ရသောမြင်ကွင်းကြောင့် ကြက်သေ သေသွားရသည်။

ကျိုးပဲ့နေသော စားပွဲကုလားထိုင်တို့သည် ရဲရဲနီနေ၏။ စားသောက်ဆိုင် အတွင်းသည် ထိတ်သန့်စရာ ကောင်းလောက်အောင် တိတ်ဆိတ်နေလေသည်။

ပန်းကန်ခွက်များ၊ ပန်းအိုးများ၊ အရက်အိုးများသည်လည်း တစ်ဆိုင်လုံး ဟိုသည်ပြန့်ကျဲနေသည်။ ဟိုဘက်ယောက် သည် တစ်ယောက် တွေ့နေရသည်။

တချို့သည် ခုံပေါ် ထိုင်နေလျက် တွေ့နေရပြီး တချို့သည် ကြမ်းထက်၌ လဲလျောင်း၍ လည်းကောင်း၊ ပက်လက် တစ်မျိုး၊ မှောက်ခုံတစ်ဖုံ ပုံစံအမျိုးမျိုး တွေ့လိုက်သည်။

တစ်ယောက်နှင့် တစ်ယောက် အနေအထားချင်း မတူညီကြသော်လည်း တစ်ခုတော့ တူညီလျက်ရှိနေသည်။

၎င်းကား အခြားမဟုတ်။ အားလုံး အသက်နှင့် ကိုယ်ခန္ဓာ ကင်းကွာနေကြခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည်။ သူတွေ့လိုက်ရသော အနီရောင်တို့က သူတို့ကိုယ်မှ ထွက်နေသော သွေးများကြောင့် ရဲရဲနီနေခြင်းပင် ဖြစ်သည်။

တချို့တွင် ခေါင်းမရှိ၊ လက်မရှိ၊ တချို့တွင် ဗိုက်ပွင့်လျက်၊ တချို့သည် ကျောပွင့်လျက်။

အားလုံးပင် ရက်ရက်စက်စက် လုပ်ကြံခံရသောကြောင့် သေဆုံးရသည်ကို လူပျော်ကြီး သိလိုက်ရသည်။

တစ်ဆိုင်လုံး ဘာသံမျှ မကြားရအောင် တိတ်ဆိတ်နေသည်မှာတော့ ထူးခြားလှပေသည်။ ဆိုင်က လူတွေ ဘယ်ရောက်ကုန်ပြီလဲ ဟူသော အတွေးကြောင့် ဟိုဟိုသည်သည် ကြည့်လိုက်မိသည်။

သို့သော် တစ်ယောက်မှမတွေ့၊ ဘာသံမျှ မကြားရ။ ဆိုင်အတွင်းဘက်ဆီသို့ ဝင်လာခဲ့၏။

ဟော….တွေ့လေပြီ။

ဆိုင်အလုပ်သမားများ ကြမ်းပြင်ထက်၌ ငုတ်တုတ် အိပ်ပျော်နေကြ၏။ အားလုံး ခြောက်ယောက်ဖြစ်၏။

သူတို့ကတော့ အသက်ရှိသေး၏။ မည်သည့် ဒဏ်ရာကိုမျှလည်း မတွေ့ရ။ ခုံတစ်လုံးပေါ်၌ ခပ်ဝဝ လူကြီး တစ်ဦးကို တွေ့လိုက်ရ၏။ သူလည်း ဘာမျှ ဒဏ်ရာမရှိ။ ငုတ်တုတ် အိပ်ပျော်လျက်ပင်။



သူတို့တွေအား ခေတ္တ မေ့ကြောပိတ်ထားခဲ့ဟန် တူသည်ဟု လူပျော်ကြီး တွေးလိုက်မိ၏။

ထို့ကြောင့် လက်တစ်ဖက်ဖြင့် အိပ်ပျော်နေသူ လူနှစ်ဦး၏ အကြောတစ်နေရာကို ထောက်ပေးလိုက်၏။

တစ်ခဏအတွင်း သူတို့ နှစ်ဦး သတိရလာကြသည်။ သူတို့၏ မျက်လုံးများ၌ ကြောက်ရွံ့မှုများကို ထိတ်လန့်ဖွယ်ရာ တွေ့လိုက်ရ၏။

"ကျုပ်တို့ အသက်တော့ ချမ်းသာခွင့်ပေးပါ ခင်ဗျာ"

ဆိုင်ရှင်လူဝကြီးက တုန်ယင်သောလေသံဖြင့် လူပျော်ကြီးအား တောင်းပန်နေ၏။

ကျန်လူများကတော့ သတိရလျှင်ရချင်း နီးရာ အပေါက်များမှ ပြေးထွက်သွားကြလေ၏။

"ကျုပ်….ကျုပ်အသက်ကို ချမ်းသာပေးပါဗျာ၊ ကျုပ်ရဲ့ ငွေတွေ အကုန်ပေးပါ့မယ်၊ ဒီမှာရှိတာတွေနဲ့ မကျေနပ်သေးရင် အိမ်မှာ စုထားတဲ့ ငွေတွေကိုပါ ပေးပါ့မယ် ဆရာကြီးရယ်၊ အသက်ကိုတော့ ချမ်းသာပေးပါခင်ဗျာ"

လူဝကြီးသည် အလွန်အမင်း ကြောက်ရွံ့စွာနှင့် လူပျော်ကြီးအား ခြေကိုဖက်၍ တောင်းပန်လိုက်လေ၏။

"ခင်ဗျားကို ကျုပ် မသတ်ဘူး၊ ကျုပ်မေးတာ ဖြေမလား"

"ဖြေပါ့မယ် ဆရာကြီး၊ ဖြေပါ့မယ်"

www.burmeseclassic.com



ဆိုင်ရှင် လူဝကြီးသည် လျှာကို ခလုတ်တိုက်လုမတတ် ခပ်သွက်သွက်ပင် အဖြေပေးလိုက်လေ၏။

"ရှေ့က လူတွေကို ဘယ်သူသတ်သွားသလဲ သိလား"

"ဘယ်သူ သတ်သွားတယ် ဆိုတာတော့ မသိပါဘူး ခင်ဗျာ"

"မြင်ရော မြင်လိုက်လား"

"ဟုတ်...ဟုတ်ကဲ့၊ မြင်လိုက်ပါတယ်၊ ဟို...အနက်ရောင် ဝတ်စုံ ဝတ်ထားတဲ့ လူတစ်စု ရောက်လာပြီး သတ်သွားတာပါ၊ ကျုပ်တို့တစ်တွေကတော့ ဒီအနောက်ဘက်မှာ အသံမှ မထွက်နဲ့ဆိုပြီး ထိုင်ခိုင်းထားပါတယ်"

"ဘာကြောင့် သတ်သွားတယ်ဆိုတာရော သိသလား၊ ကဲ... ခင်ဗျား မြင်သမျှ တွေ့သမျှ အစအဆုံး ပြောစမ်း၊ အဲဒီခုံမှာ ထိုင်"

လူပျော်ကြီးသည် ဆိုင်ရှင်လူဝကြီးကို ထိုင်ခုံ တစ်လုံးတွင် ထိုင်ခိုင်းပြီး မေးလိုက်၏။

"ဆိုင်ရှေ့မှာ သေနေတဲ့ လူတွေက ဒီနေ့ မနက် စောစော ကတည်းက ကျုပ်ဆိုင်ကို ရောက်လာကြပါတယ်၊ လေးငါး ယောက် တစ်စုစီ ရောက်လာကြပါတယ်၊ အဲ...ရောက် လာပြီး အရက် မှာသောက်ကြပါတယ်၊ ကျသင့်ငွေကိုတော့ သူတို့ ဆရာကြီး လာရင် ပေးမယ်ဆိုပြီး သောက်နေကြတာပါပဲ—



"အဲ...သူတို့ ဆရာကြီးဆိုတဲ့ လူက တော်တော်နဲ့ ရောက် မလာပါဘူး၊ အဲ...စောစောက ကျုပ်ပြောတဲ့ အနက်ရောင် ဝတ်စုံနဲ့ လူတစ်စုသာ ရောက်လာကြပါတယ်၊ ပြီးတော့ စော စောက ရောက်နှင့်ပြီး အရက်သောက်နေကြတဲ့ လူတွေကို မေး ပါတယ်၊ မင်းတို့ တပည့်လုပ်ဖို့ရောက်လာတဲ့ လူတွေလားလို့"

ဆိုင်ရှင် လူဝကြီးက စကားကို ဆုံးအောင် မဆက်သေးဘဲ မောသွားသဖြင့် ခေတ္တရပ်နားလိုက်သည်။

"ပြီးတော့ ဘာဖြစ်သေးလဲ၊ ဆက်ပြောပါ"

လူပျော်ကြီးက စကားကို ထောက်ပေးလိုက်သည်။

"ပြီးတော့...အဲဒီလူတွေက ဟုတ်ပါတယ်၊ ကျုပ်တို့ တပည့်လုပ်ဖို့ ဆရာကို လာစောင့်နေတာပါ၊ အခု ဆရာမလာ သေးဘူး၊ ဘာလဲ ခင်ဗျားတို့ကလဲ ကျုပ်တို့လို တပည့်လုပ်ချင် လို့ ဆရာကို လာစောင့်နေတာလား...

"ဒါဆို နောက်ကျသွားပြီဗျ၊ ဒီမှာ လူနှစ်ဆယ်ပြည့်နေပြီ လို့ အရက်သောက်နေတဲ့ လူတွေက ပြောတော့ အနက်ရောင် ဝတ်စုံနဲ့ လူတွေထဲက ခေါင်းဆောင်နဲ့တူတဲ့ လူတစ်ယောက်က အား...တပည့်လုပ်ချင်တဲ့ အကောင်တွေ အရည်အချင်းရှိမရှိ စမ်းသပ်ဖို့ တို့ရောက်လာတာပဲ...

"ကဲ...သေပေတော့ဆိုပြီး အရက် သောက်နေကြတဲ့ လူ တွေကို ဝင်ခုတ်သူကခုတ်၊ ထိုးသူကထိုးနဲ့ လုပ်သွားကြတာပါ ပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်လူဝကြီးက သူတွေ့မြင်သမျှကို ပြောပြလိုက်ခဲ့လေသည်။

လူပျော်ကြီးသည် လူဝကြီးစကားဆုံးသည်နှင့် စိတ်မကောင်းဖြစ်သွားရသလို လူအယောက်နှစ်ဆယ်ကို သေစေရန် သူသည် ဤဆိုင်သို့ စုဝေးစေခဲ့သလို ဖြစ်သွားရသည် မဟုတ်ပါလား။

''ခင်ဗျားကရော ဘယ်သူလဲ၊ ဟိုအနက်ရောင်ဝတ်စုံနဲ့ လူတွေရဲ့ အဖွဲ့ကလား''

ဆိုင်ရှင်လူဝကြီးက အရေးထဲ မေးလိုက်သေးသည်။

''ကျုပ်ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျားနဲ့မဆိုင်ဘူး၊ သေသွားတဲ့လူတွေဟာ ကျုပ်လူတွေပဲ''

''ဟင်...ဟုတ်လား၊ ဒါဆိုသူတို့ပြောတဲ့ဆရာကြီး ဆိုတာလား၊ ဒါဆိုရင် အရက်ဖိုးတော့ ပေးခဲ့ပါဦးဗျာ''

အတော်ပင်ကပ်စေးနဲနေသည့် လူဝကြီးဟု လူပျော်ကြီးက ထင်လိုက်မိသည်။

လူတွေ သေနေရသည့်အထဲ အရက်ဖိုး တောင်းနေပြန်သည်။

''အရက်ဖိုးဟုတ်လား၊ အေး...ငွေတော့ မပေးနိုင်ဘူး။ သူဘို့ဖို့ယူလာတဲ့ အရက်စည်တော့ ခင်ဗျားဆိုင်ရှေ့မှာရှိတယ်၊ အဲဒါ အစားယူပေတော့၊ ကဲ...ကျုပ် သွားမယ်''



လူပျော်ကြီးကစိတ်ပျက်လက်ပျက်နှင့်နှင်းပန်းစားသောက်ဆိုင်မှ ပြန်ထွက်လာခဲ့သည်။

''အင်း...ငါ့အဖို့ တာည့်ရဖို့က မလွယ်ပါလားနော်၊ ရမယ်ကြံကာ ရှိသေးတယ်....

''သင်းတို့က ဒီထိအောင် လိုက်နှောင့်ယှက်နေပါလား၊ အေးပေါ့ကွာ သိကြသေးတာပေါ့''

လူပျော်ကြီးသည် နှင်းပန်းစားသောက်ဆိုင်မှ ထွက်လာရင်း လမ်းတွင် တစ်ကိုယ်တည်း တီးတိုး၍ တပည့်လုပ်မည့်သူများကို သတ်သွားသည့် အနက်ရောင်ဝတ်စုံနှင့်လူများအား မကျေမနပ် ကြိမ်းဝါးလိုက်တော့၏။

* * *

လူပျော်ကြီးကစိတ်ပျက်လက်ပျက်နှင့် မိုးမြို့မှထွက်ခွာလာခဲ့သည်။

ပထမ၌ သူသည် သည်လမ်းသည်ခရီးကို တပည့်များနှင့်သွားရတော့မည်ဟု ရည်မှန်းထားခဲ့သော်သည်း ယခုတော့မူ တစ်ယောက်တည်း လျှောက်နေရသည်။

''ဘာလုပ်လို့နဲ့ ပြိုင်ပွဲရက်တောင် အခဘော်နီးလာပြီ ငါ့မှာလဲ အခုထိ တပည့်မရသေး၊ မိမှမိပါ့မလား''

www.burmeseclassic.com



ဟူသောစိုးရိမ်စိတ် ဝင်လာခဲ့လေသည်။

မှေးလာသောခြေလှမ်းတို့အား ပို၍ သွက်လက်အောင် လှမ်းလာခဲ့သည်။

သူလာခဲ့သောခရီး၌ မည်သည့်အနှောင့်အယှက်မှ မတွေ့ရသေး။

သည့်အတွက် ဝမ်းသာနေသည်။

ယှဉ်ပြိုင်ရမည် စိုး၍မဟုတ်။ အချိန်ကုန်နေမည်ကိုစိုးရိမ်၍ဖြစ်သည်။

နေသည် အတော်မြင့်လာပြီး တဖြည်းဖြည်း မွန်းတည့်ချိန်သို့ ရောက်လာလေပြီ။

သူသည် မုံမြို့မှ ဟိုန်နန်မြို့သို့ သွားရောက်ရန်ရည်ရွယ်၍ ထွက်လာခဲ့ခြင်းဖြစ်သည်။

ယခုမှ ခရီးတစ်ဝက်ပင် မရောက်သေး။

လမ်းခရီးက ကြမ်းတမ်းမှုမရှိလှ။

သစ်ရိပ်ဝါးရိပ်ပေါသော တောကြီးကို ဖြတ်ရသည့်အခါ ဖြတ်ရ၍ တစ်ခါတစ်ရံ လွင်ပြင်များကိုဖြတ်ရ၏။ ယခုလမ်းဆုံတစ်ခုသို့ ရောက်ပေပြီ။

''အင်း....နေ့လယ်စာစားရင်း ခဏတော့နားဦးမှ''

ဟုဆုံးဖြတ်ကာ သူသည် မနက်က မုံမြို့က ယူလာသော ထမင်းထုပ်ကို ကျောပိုးအိတ်ထဲမှ ထုတ်ယူလိုက်သည်။



အနားရှိသော အတော်မြင့်သည့် သစ်ပင်တစ်ပင်ထက်သို့ တက်၍စားလေ၏။

သစ်ပင်ပေါ်မှနေ၍ အောက်မှမြင်ကွင်းတို့အားတွေ့နေရသည်။

စားလက်စထမင်းကို ရပ်လိုက်ပြီး မြင်းဆီသို့ အာရုံစိုက်လိုက်၏။

မြင်းပေါ်မှ ပါလာသော အပြာရောင်ဝတ်စုံရှည်နှင့်လူမှာ သူ၏ဝတ်စုံရှည်ကြီးက လေဝယ်တလွင့်လွင့် လွင့်မျောနေသည် သော အတော်ကို ကြည့်၍ ကောင်းနေတော့သည်။

မြင်းစီးသူကို သေသေချာချာ ကြည့်လိုက်သောအခါ သက် တော်တော်ကြီးနေပြီကို တွေ့ရလေသည်။

မြင်းသည် သူတက်နေသော သစ်ပင်ကြီးအောက်အရောက် တွင် ရပ်နားလိုက်သည်။

ကုန်းနှီးတွင်ချိတ်ထားသော ဝါးကျည်တောက်ယူ၍ ခေါင်း မော့သောက်နေသော မြင်းစီးလာသူ၏ မျက်နှာကို ယခုအခါမှ မုတ်ဆိတ်ပျော့်ကြီးသည် ထင်ရှားစွာ မြင်၏။

''ဝမ်ကျုံးကျို''

လူပျော့်ကြီးနှုတ်မှ တိုးတိုး ရေရွတ်လိုက်သည်။

ဟုတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးလာသော အဘိုးအိုအား သူနှင့်အတော်ရင်း ခဲ့ဖူးသည်။

ရုပ်ပြောင်းရုပ်လွှဲ ဆရာကြီး ဝမ်ကျုံးကျိုပင် ဖြစ်ေ သည်။

လူပျော်ကြီးသည် သစ်ပင်ထက်မှ လျင်မြန်စွာ ခုန်ဆ လိုက်၏။

အားကောင်းလှသော ကိုယ်ဖော့ပညာကြောင့် သစ်ရွ ကလေးတစ်ရွက် ကြွေကျလာသယို့ ထင်၍ ကျဆင်းလ သည်။

မြေပေါ်သို့ ရှရှလေး ခြေစုံရပ်မိ လိုက်သည်။

ဝမ်ကျုံးကျိုသည် သူ့ရှေ့၌ မိုးပေါ်က လွင့်ကျ သော ဝတ်ရုံနက်နှင့် လူပျော်ကြီးကိုမြင်သောအခါ ထ၍ သွားသည်။

နောက်မှ မျက်နှာကို သေသေချာချာမြင်လိုက်ရမှ မှ သွားဟန်ရှိလေသည်။

"ဆရာကြီး ကျုံး....နေကောင်းပါရဲ့နော်၊ ကျွန်တော့် မှတ်မိပါရဲ့လား ခင်ဗျာ"

လူပျော်ကြီးက ချိုသာစွာပြုံးပြရင်း နှုတ်ခွန်းဆက်စ ကို ဆိုလိုက်သည်။



"အေး....ကောင်းပါတယ်ကွား ဒါနဲ့ မင်းက သစ်ပင် ပေါ်တက်နေပြီး ဘာလုပ်နေတာလဲ၊ ချောင်းမြောင်း ရုတ်တရက် ပေါ်ကကျလာတော့ အစကလန့်သွားတယ်၊ မင်းမှန်း သိမှ စိတ်အေးသွားရတယ်ကွယ်"

ဆရာကြီးကျုံးက လူပျော်ကြီး၏အမေးကို ပြန်ဖြေလိုက် ခြင်းဖြစ်သည်။

"ဆရာကြီး....ဟိုနန်မြို့က လာတာလား"

"အေး....ဟုတ်တယ်ကွယ်၊ မင်းကရော ဘယ်ကလာတာ ဘယ်ကိုသွားမလို့လဲ"

"ကျွန်တော်က မုမြို့က ထွက်လာတာပါ၊ ဟိုနန်မြို့ ကိုပဲ သွားမှာပါ၊ ဟိုမှာ အခြေအနေ ကောင်းပါရဲ့လား ခင်ဗျာ"

လူပျော်ကြီးက ဟိုနန်မြို့ အခြေအနေကို စုံစမ်းမေးမြန်း လိုက်၏။

"ကောင်းပါတယ်ကွယ်၊ ဟိုမှာ အေးအေးချမ်းချမ်းပါ ပဲ ကျောက်စိမ်းနဂါးပွဲတော်ရှိလို့ အနယ်နယ်အရပ်ရပ်က လာကြတဲ့သူတွေလဲ အတော်များများပဲ၊ ခုလမ်းမှာတောင် ဝတ်ရုံနက်အဖွဲ့ကို တွေ့ခဲ့သေးတယ်၊ ပွဲတော်ကို ပျော်ဖို့ပဲ သွားကြတာထင်ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကျုံးက သူလမ်း၌တွေ့ခဲ့ရသော ဝတ်ရုံနက်အ
အကြောင်းကို ပြောပြလိုက်သည်။

ဆရာကြီးစကားကြောင့် လူပျော်ကြီးမှာ အံ့အားသ
သွားရ၏။

သူသွားမည့်ခရီးကိုပင် စောင့်နေကြပြီကို သိသဖြင့်လည်
သတိနှင့်သွားမှဟု ဆုံးဖြတ်လိုက်သည်။

"ဟာ....ဟုတ်ပြီ"

သူသည် အကြံတစ်ခုကို ရလိုက်သဖြင့် နှုတ်မှပင်ဝမ်းသ
အားရ ပြောလိုက်မိသည်။

"ဘာတွေဟုတ်တာလဲကွ"

ဆရာကြီးကျုံးက မြင်းပေါ်မှဆင်းလာကာ လူပျော်ကြ
နှင့် မျက်နှာချင်းဆိုင်ရပ်၍ မဆီမဆိုင်....

ဟာ....ဟုတ်ပြီ" ဆိုသောစကားကို နားမလည်၍မေ
လိုက်ခြင်းဖြစ်သည်။

'ဟိုနန်းမြို့မှာကျောက်စိမ်းနဂါးပွဲတော်ဆိုတာကျွန်တေ
လဲ အဲဒီပွဲမှာ ဆင်နွှဲရရင် ကောင်းမလားလို့ပါ၊ အဲဒါဆ
ကြီး ကျွန်တော့်ကို ကူညီပါဦးခင်ဗျာ"



"ဟေ....ဘာများတုံးကွယ့်၊ မင်းဟာက ပျော်ပွဲရွှင်ပွဲ
သွားတာ ငါက ကလေးတစ်ယောက်လို့ချီပိုးပြီး လိုက်ပို့ပေး
ရမှာလား"

ဆရာကြီးကျုံးက နားမရှင်းသဖြင့် မေးလိုက်ရာ...

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော့်ကို အသွင်းဆုံးတဲ့
မျက်နှာပုံစံမျိုး ပြောင်းပေးဖို့ပါပဲ၊ ဒါမှတို့မှာ လွတ်လွတ်
လပ်လပ် ပျော်ပွဲရွှင်ပွဲ သွားနိုင်တာပေါ့၊ နို့မဟုတ်ရင် ကျွန်
တော့်ပုံစံနဲ့ မလွယ်ဘူး၊ ဆရာကြီးကို ညာဏ်ပူဇော်ခဲ့ပေးပါ
မယ်"

လူပျော်ကြီးက အကြံအစည်ကို ထုတ်ဖော်ပြောပြလိုက်
သည်။

အမှန်ကတော့ ပျော်ပွဲရွှင်ပွဲဝင်ဖို့ မဟုတ်ပေ။

ဝတ်စုံနက်များ ကြိုတင်ရောက်ရှိနေကြပြီဆိုသဖြင့် သူတို့
မှတ်မိအောင် ရုပ်ပြောင်းခြင်းပင်ဖြစ်သည်။

ဒါမှ သူ့အဖို့ တပည့်များမွေးရာတွင် လွယ်ကူမည်။
စောင့်အယှက်ကင်းမည်ဟု အကြံရလိုက်ခြင်းကြောင့် ဆရာ
ကြီးကျုံးနှင့် တွေ့လိုက်ရခြင်းသည် သူ့အဖို့ ကံကောင်းသွား
ရသည်။

"အေး....ဒါဖြင့်လဲ ကျုပ်လုပ်ပေးလိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကျုံးက ရှောရှောရှူရှူပင် လုပ်ပေးမည်ဟု
သဖြင့် လူပျော်ကြီးမှာ စိတ်ထဲကအကျေနပ်ကြီး ကျေနပ်သွာ
သည်။

"ကဲ...လာ၊ ဒီသစ်ပင်အောက်မှာပဲထိုင်ပြီးလုပ်ပေးမယ်"

ဟုဆိုကာ ဆရာကြီးကျုံးသည် သစ်ပင်ခြေရင်း အ
ကောင်းကောင်းရသော နေရာတွင် သူ့မြင်းကိုဆွဲယူပြီး မြ
ပေါ်မှ အထုပ်တစ်ထုပ်ကို ယူလိုက်သည်။

ထို့နောက်....

မကြာမီအချိန်မှာပင် လူပျော်ကြီး မူလရုပ်နှင့် လုံး
မတူတော့ဘဲ ရုပ်ဆိုးကြီးတစ်ဦး၏ ပင်သို့ ပြောင်းသွာ
ခဲ့သည်။

လူပျော်ကြီးသည် အတော်ဝမ်းသာသွားပြီး ဆရာကျုံ
အား ဂါရဝပြုကာ ဟိုနန်မြို့သို့ ထွက်ခွာလာခဲ့သည်။

ဟိုနန်မြို့....

ယနေ့သည် ဟိုနန်မြို့၏ ကျောက်စိမ်းနဂါးပွဲတော်နေ
ဖြစ်သည်။

မြို့၏ တောင်ဘက်မှ အသက်အားဖြင့် လေးဆယ်ခန့်သာ
ရှိသေးသောလူတစ်ဦး ဝင်လာသည်။

ထိုလူသည် အဖြူရောင်ကိုယ်ကျပ်အင်္ကျီနှင့် အဖြူရော
ပိုးတောင်းဘီကိုဝတ်ဆင်ထားသည်။



ထိုလူကား လူပျော်ကြီးအမည်ရှိ သိုင်းအကျော်အမော်
ခေါ်ဒီးပင် ဖြစ်သည်။

လူပျော်ကြီးသည် ပျားပန်းခပ်မျှ လှုပ်ရှားနေသော လူ
အားကိုကြည့်ရင်း တစ်ကိုယ်တည်း ညည်းတွားလိုက်သည်။

"အင်း...သူတို့ကတော့ ပျော်နေလိုက်တာ၊ ငါမှာတော့
ပျော်နိုင်ဘူး၊ ကိုယ့်ကိစ္စနဲ့ကိုယ် ဆောင်ရွက်ရဦးမယ်"

ထိုစဉ် အဝါရောင်ဝတ်စုံ ဆင်တူဝတ်ထားသော လူငယ်
င်လာကြသည် အစိမ်းရောင် ပိတ်စတွင် ငွေရောင် နဂါးရုပ်
သော အလံတစ်ခုစီကို ကိုင်လျက် လျှောက်လာနေသည်ကို
တွေ့ရ၏။

မြို့စားကြီး ကျောက်စိမ်း နဂါးပွဲတော်သို့ လှည့်လည်
လာခြင်း ဖြစ်သည်။ မြို့လူထုသည် ဒူးတုပ်၍ အရိုအသေပေး
ကြသည်။ လူပျော်ကြီးလည်း အများနည်းတူ ဒူးတုပ်၍ အရို
အသေ ပေးလိုက်သည်။

မြို့စားကြီးတို့ ကျော်ဖြတ်သွားသောအခါ မြို့လူထုသည်
ဘန်မပျက် လှုပ်ရှားသွားလာနေကြသည်။ လူပျော်ကြီးလည်း
အားသောက်ဆိုင် တစ်ဆိုင်သို့ လှမ်းလာခဲ့သည်။

* * *

www.burmeseclassic.com



လူပျော်ကြီးသည် ဆိုင်တွင်းသို့ သုမ်းဝင်လာခဲ့သည်။ စား
ပွဲထိုး လူငယ်က....

''ဘာသုံးဆောင်မလဲခင်ဗျာ''

ရည်မွန်ဖော်ရွေစွာ ပြောဆိုလိုက်သည်။

''အရက်တစ်အိုးနဲ့ ထမင်းဘစ်ပွဲပေးပါ''

စားပွဲထိုးကလေး အပြေးကလေး ပြန်ထွက်သွား၏။ ခဏ
အကြာတွင် စားပွဲထိုးလေးသည် လင်ပန်းတစ်ခုတွင် စား
တို့ကိုထည့်ကာ လူပျော်ကြီး၏ စားပွဲပေါ်သို့ တစ်ခုချင်းချ
လေသည်။ လူပျော်ကြီးက အိတ်အတွင်းသို့ ငွေစ နှစ်စ
လိုက်သည်။

BURMESE CLASSIC

''ရော့....မင်းအတွက်တစ်ခု၊ ကျန်တာ ဆိုင်ကိုပေးလိုက်

လူပျော်ကြီးသည် စားပွဲပေါ်မှ စားသောက်ဖွယ်ရာများ
ကုန်စင်အောင် စားလိုက်ပြီး စားသောက်ဆိုင် အပြင်သို့ ထွ
လာခဲ့၏။

''အင်း....ငါလိုချင်တာ ဒီအရပ်မှာ ရှိမှာ မဟုတ်
တောင်ဘက်တံခါးက ဝင်လာတာ ငါ့အမှားပဲ၊ နောက်တ
ထိန်ယူမြစ်ကို သွားမှပဲ''

ဘစ်ယောက်တည်း ရေရွတ်ရင်း မြို့၏ အနောက်ဘ
ဆီသို့ လျှောက်လာခဲ့၏။



''ဟင်...ဟိုမှာ ကောင်လေးတစ်ယောက်ပါလား၊ ဟာ...
ဒီကောင်လေး သူများ လှူထားတဲ့ မုန့် အကျိုးအပဲ့တွေ
ကောက်စားနေပါလား၊ တော်တော် ဆင်းရဲတယ်နဲ့ တူ
တယ်''

ဆယ့်ခြောက်နှစ် အရွယ် ကောင်လေး တစ်ဦးသည်
ဘုရားရှေ့တွင် မုန့် အကျိုးအပဲ့များ ကောက်ယူ စားနေ
သည်ကို တွေ့ရသဖြင့် လျှောက်သွား၏။

''ဟေ့....မင်း ဘာလို့ မုန့်အကြေတွေ ကောက်စားနေ
တာလဲ''

''ကျ...ကျ...ကျွန်တော် ဆာလို့ပါ''

ကောင်လေး၏ စကားကြောင့် လူပျော်ကြီးက သနား
သွား၏။

''မင်းနာမည် ဘယ်သူလဲ''

''လီရှုဝါး''

လူပျော်ကြီး၏ အမေးကို ကောင်လေးက ဖြေလိုက်၏။

''မင်း မိဘတွေကော''

''မရှိကြဘူးဗျ''

''ဟေ....ဘယ်သွားကြလို့လဲ''

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် ငယ်ငယ်ကတည်းက အဖေ၊ အမေ ပစ်သွားလို့ သူများက ကျွေးမွေးလာတာပါ"

လူပျော်ကြီး၏မျက်နှာ ဝင်းပသွား၏။

"ဒါဆို ငါနဲ့လိုက်နေမလား၊ မင်းကို အစားအစာကျွေးမယ်၊ အဝတ်အစား ဝယ်ပေးမယ်"

လူပျော်ကြီးက ကောင်လေးကို မက်လုံးပေးပြီး မေးလိုက်သည်။

"ခင်ဗျားနဲ့လိုက်ပြီး ကျွန်တော်က ဘာလုပ်ရမှာလဲ"

လီရှုဝါးက ပြန်လည်၍ မေးခွန်းထုတ်လိုက်၏။

"ဟာ....ငါခိုင်းတာ လုပ်ရမှာပေါ့၊ ကဲ....လာ၊ ပြောနေတာ ကြာတယ်"

လူပျော်ကြီးသည် လီရှုဝါးကို လက်ဆွဲ၍ စားသောက်ဆိုင်တစ်ဆိုင်သို့ ခေါ်လာကာ အစားအစာများ ကျွေးလေသည်။ ကောင်လေးသည် အားရပါးရ စားသောက်လေ၏။

"ကျွန်တော် ဝသွားပြီ"

အဆော်ဝအောင် စားပြီးမှ လီရှုဝါးက ပြောလာ၏။ လူပျော်ကြီးက ငွေရှင်းပေးပြီး ဆိုင်အတွင်းမှ ထွက်လာ၏။



"မင်း သိုင်းပညာကို ဝါသနာပါလား လီ"

"သိုင်းပညာဆိုတာ ဘာလဲဟင်"

လီရှုဝါးက မျက်လုံး အဝိုင်းသားနှင့် လူပျော်ကြီးအား မေးလာပြန်၏။

"ဟ....သိုင်းပညာဆိုတာ ခုတ်တာတို့၊ လှံထိုးတာတို့၊ တစ်ယောက်နဲ့ တစ်ယောက် သတ်ပုတ်တာတို့ပေါ့"

"ဩော်....ဒါမျိုးလား၊ ဒါဆို ကျွန်တော် သင်ချင်တာပေါ့ ဦးလေးရ"

"အေး....သင်ချင်တယ်ဆိုရင် ဦးလေး သင်ပေးမယ်၊ ဒါပေမယ့် တစ်ယောက်တည်း သင်လို့လဲ မရဘူးကွ၊ မင်းလို လူငယ်တွေ အများကြီးရှိမှ ဖြစ်မယ်၊ အနည်းဆုံး နှစ်ဆယ်မှ ဖြစ်မှာ၊ လောလောဆယ် လူစုရဦးမှာကွ၊ ဒီတော့ ဦးလေးနောက်ကို လိုက်ခဲ့၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့....ဦးလေး၊ ဒါထက် နေပါဦး၊ ကျွန်တော် စကားတစ်ခွန်းလောက် မေးပါရစေ"

ကလေးငယ်၏ စကားကြောင့် လူပျော်ကြီး၏ မျက်နှာ တည်သွား၏။

"ဩော်....ဦးလေး လိုချင်တဲ့ အယောက်နှစ်ဆယ် ကျွန်တော့်မှာ ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ လီ"

"သူတို့လဲ ကျွန်တော့်လို မိဘမဲ့ လမ်းပေါ်မှာ လျှောက်လှမ်းနေကြတဲ့ သူတွေပါ၊ ကောင်းကောင်း စားသောက်ရမယ်ဆိုရင် ဦးလေးနောက်ကို လိုက်မယ် ထင်ပါတယ်"

လူပျော်ကြီး ဝမ်းသာသွား၏။

"ဟုတ်ပြီ...ဝမ်းသာလိုက်တာ လီရာ၊ ကဲ...ဒီကိစ္စမှာ မင်းက ငါ့ဆရာပေါ့ကွာ၊ မင်းလုပ်တဲ့ အစီအစဉ် အတိုင်းပဲ လုပ်ပါ့မယ်၊ သူတို့ကိုပါ ပြောပေးပါ"

လူပျော်ကြီးက ခေါ်လာဆော်လိုက်သည်။ လမ်းတစ်လျှောက်လုံး ရှေ့မှ ဦးဆောင်နေသော လီရှူဝါး၏ နောက်မှ လူပျော်ကြီးက လိုက်ပါလာခဲ့၏။

* * *

"ဦးလေးရေ၊ ကွေ့လိုက်ရင် ရောက်တော့မယ်"

"ဘယ်ကိုလဲ"

"သချိုင်းကုန်းကိုပေါ့"

"ဟေ...သချိုင်းကုန်းကို ဟုတ်လား"



"ဟုတ်တယ်၊ ဘာလဲ ဦးလေးက ကြောက်လို့လား၊ မကြောက်ပါနဲ့၊ ကျွန်တော်တစ်ယောက်လုံးပါတာပဲ၊ ကျွန်တော်က ညဘက်မှာတောင် အဲဒီမှာအိပ်တာ၊ ဟိုကျတော့ ဦးလေး တွေ့မှာပါ"

လူပျော်ကြီးက အံ့အားသင့်သွားသည်။

မကြာပါချေ။

ဖုန်ထူထူလမ်းကလေးကို တွေ့လိုက်ရသည်။

"ဟော...ဟိုမှာ ကျွန်တော့်သူငယ်ချင်းတွေ ရှိတယ်"

ချက်ချင်းပင် တစ်အုပ်ကြီး ပြေးလာကြသည်။

ရေတွက်ကြည့်လိုက်တော့စုစုပေါင်း နှစ်ဆယ့်ငါးယောက် တိတိရှိ၏။

လီရှူဝါးက သူ့သူငယ်ချင်းများကို လူပျော်ကြီးနှင့် မိတ်ဆက်ပေးလိုက်သည်။

"ဟေ့...သူငယ်ချင်းတို့၊ ဒီဦးလေးက ငါတို့ကို အစားအစာလဲကျွေးမယ်၊ အဝတ်လဲဆင်မယ်တဲ့ကွ၊ ဒါပေမယ့် တို့တွေက ဒီဦးလေးခိုင်းတာ အကုန်လုပ်ပေးရမယ်၊ ဒါကြောင့် မင်းတို့ဆီ ငါရောက်အောင် ခေါ်လာတာပဲ"

လီသည် စကားကိုရပ်လိုက်ပြီး လူပျော်ကြီးဘက်သို့လှမ်းကြည့်လိုက်သည်။

ထိုစဉ်....

အားလုံးထဲမှ တစ်ယောက်က....

"သူငယ်ချင်းလီ၊ ငါတစ်ခုလောက် မေးချင်တယ်"

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ထိုချာတိတ်သည် တင်ရွှေမ်လီဖြစ်ကြောင်းလီကလူပျော်ကြီးအား တီးတိုးပြောပြလိုက်သည်။

''ပြောပါသူငယ်ချင်း....ပြောပါ''

လီက လှမ်းကြည့်ပြောလိုက်သည်။

''ခု....ဦးလေးကြီးမှာ သိုအပ်နေတဲ့အကူအညီဆိုတာ ဘာအကူအညီလဲ၊ ငွေစပ်စုတာ မဟုတ်ဘူးနော်လီ၊ ကောင်းတဲ့လုပ်ငန်းလား၊ မကောင်းတဲ့လုပ်ငန်းလား၊ ရက်ဘယ်လောက်ကြာမလဲ၊ တို့လူငယ်တွေအနေနဲ့ ခုလိုဘဝကနေ ရာဇဝတ်မှုဖြစ်ပြီး ဝရမ်းပြေးတွေ ဖြစ်ကျန်ရစ်ရမယ့် အလုပ်လား''

''ဟာ .... ဟေ့ကောင်၊ ဒါ...မင်း ငါ့ကို စော်ကားတာပဲ''

လီသည် ဒေါသတကြီး ထပြောလိုက်သည်။

ထိုကိစ္စအား ဘူဝင်မှ ဖြစ်တော့မည်ဟု လူပျော်ကြီးက သိလိုက်သဖြင့်....

''ဟေ့....နေကြပါဦး၊ ဒီမှာလီ၊ တင်ရွှေမ်လီပြောတဲ့စကားက မေးသင့်တဲ့စကားပါပဲ၊ လူငယ်ဆိုတာ ဒီလိုဆင်ခြင်မှုရှိမှပေါ့၊ ဒါမေးသင့်တဲ့ မေးခွန်းပဲ၊ ဦးလေး ဖြေပါ့မယ်''

''ကျွန်တော် စိုးရိမ်လို့မေးမိတာ ခွင့်လွှတ်ပါ ဦးလေးရယ်''

တင်ရွှေမ်လီက တောင်းပန်လိုက်သည်။



''ကျေနပ်ပါတယ်ကွာ၊ ဦးလေးရဲ့ ရည်ရွယ်ချက်နဲ့ ဦးလေး မင်းတို့ကို ဘာလို့ခေါ်သွားမယ်ဆိုတာကို မလိမ်မညာဘဲ ဖြေပါ့မယ်၊ ဒီလိုကွ...ဦးလေးရဲ့နာမည်က လန်သင်းယီလို့ ခေါ်တယ်၊ ဦးလေးကတရုတ်ပြည်တောင်ပိုင်းက ဆိုင်းသမားတစ်ယောက်ပါပဲ၊ ဒီနှစ် ဟန်ဘုရင်မင်းမြတ်ရဲ့ ထိပ်သီး ဆိုင်းပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ဖို့ ကြိုလင်တောင်ကလပ်ကို ရောက်ခဲ့တယ်၊ ဒါပေမယ့်....''

လူပျော်ကြီးသည် ဖြစ်ပျက်သမျှ အသုံးစုံကို ကလေးငယ်များအား ပြောပြလိုက်သည်။

★

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

လန်ထင်းယီ၏ စကားဆုံးသွားသောအခါ တစ်ချိန်လုံး ငြိမ်၍ နားထောင်နေကြသော ကလေးများက....

''ဟာ....ဒါဆို ကျွန်တော်တို့လိုက်မယ်၊ တော်ကြာ မစစ်မှန်တဲ့ သိုင်းပညာရှင်တွေသာ ဒီသိုင်းကျေးဇူးဘွဲ့ ကိုရသွားရင် တိုင်းပြည်သိပ်နစ်နာမယ်၊ ဦးလေးသာကျိန်းသေပါဝင်ယှဉ်ပြိုင်မယ်ဆိုရင် ကျွန်တော်တို့ လိုက်ပါမယ်''

တစ်ပြိုင်နက်တည်း အားပေးစကားပြောကြသည်။

လန်ထင်းယီက ဝမ်းသာသွားသည်။



''ဒါဆို...ဒီနေ့ညပဲ ခရီးထွက်ကြတာပေါ့၊ ကိစ္စမရှိပါ ူး၊ လမ်းမှာ ဦးလေးမောလာရင် ပုခက်လုပ်ပြီး ထမ်းပါ ယ်၊ ကျွန်တော်တို့ဟာ ခရီးဝေးသွားနေကျပါ ဦးလေး ည်''

တင်ရှမ်လီ၏စကားကို လန်ထင်းယီ သဘောကျသွား၏။ ၍သို့ဖြင့် သူတို့အားလုံးတို့သည် သချိုင်းဇရပ်ထဲမှ ထွက် ာကြသည်။

မြင်းခွာသံကြားရသည့် ထင်၏။

တကယ်တော့ ထင်ခြင်းမဟုတ်၊ တကယ်ကြားရခြင်း ဖြစ် ည်။

မသိမသာ အတွင်းအားကို စုစည်းလေ့ကျင့်နေသည်။

လန်ထင်းယီ၏နားထဲတွင် ခပ်ဝေးဝေးမှမြင်းခွာသံကို ပီပီ သ ကြားနေရသည်။

''ဟိတ်...အားလုံး လွင်ပြင်ထဲကထွက်ပြီး ဘေးကချုံပုတ် တွေထဲမှာ အမြန်ပုန်းကြစမ်း၊ ငါ မခေါ်မချင်း ဘယ်သူမှ ွက်မလာရဘူး၊ ကြားလား''

သူတို့ဆရာကြီး၏စကားကို ကြားရသည်နှင့် ချာတိတ်များ ာ ဘာမှနားမလည်ဘဲ နီးစပ်ရာချုံပုတ်များကို ပြေးလွှား ်းကွယ်လိုက်ရသည်၊

www.burmeseclassic.com

www.burmeseclassic.com



လန်ထင်းယီက ချုံပုတ်ထဲမှ မြင်းခွာသံကိုနားထော ရင်း တွေးလိုက်၏။

"အင်း....မြင်းက နှစ်စီးပါလား"

တဖြည်းဖြည်း မြင်းခွာသံက နီးလာ၏။

လန်ထင်းယီ ချောင်းကြည့်လိုက်သောအခါ မြင်းက နှစ်စီး လူက သုံးယောက်။

သေသေချာချာကြည့်လိုက်တော့ အံ့အားသင့်သွားရသည်

"ဟိတ်...တို့ ဒီနေရာမှာ ခဏခဏနားဦးမှကွ ဒီ ကောင်လေးတွေဟာ ဒီလမ်းကလာတာမှ ဟုတ်ရဲ့လား ဘူး၊ တကယ်လို့ ဒီလမ်းက လာတာသေချာရင် ဒီလေ ခရီးဟာ သူတို့ အလွန်ဆုံးရောက်နိုင်တဲ့ ခရီးပဲ"

ရှေ့မြင်းပေါ်မှ ဝတ်စုံနက်နှင့်လူက သူ့နောက်မှ တ ဖြစ်သူကို လှည့်မကြည့်ဘဲ ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်ဘယ်လေ ဆရာ၊ ဒီလမ်းကသာ သူတို့သွားရင်း ရင်တော့ ခုချိန်ဆို တွေ့လောက်ပါပြီ၊ ဆရာဖမ်းလာတဲ့ သူတောင်းစားလေးကလဲ ဘာမှမေးလို့မရဘူး ကျွန်တော် တော့ စိတ်မရှည်ချင်တော့ဘူး"

နောက်မှပါလာသော တပည့်က ပြောလိုက်သောစကား ဖြစ်သည်။



"တို့ ဒီနေရာမှာ ခဏနားမယ်ကွာ၊ ဟော့ကောင်...ဆင်း စမ်း၊ မင်းကို တင်လာရတာ အကိုပဲ"

"ဘုတ်"

"အား"

ဝတ်ရုံနက်ခေါင်းဆောင် လေ့ဖိန့်၏ တွန်းချလိုက်သော အရှိန်ကြောင့် လန်ထင်းယီ ဝင်ရောက်ခိုနားနေသောချုံရှေ့ နားသို့ လွင့်စဉ်ပြီး ကိုးရိုးကားရား ကျလာသောသူမှာ လန် ထင်းယီ၏ရင်ထဲတွင် တသသ သတိရနေသော တင်ရွှမ်လီပင် ဖြစ်သည်။

ယောင်၍ အော်လိုက်မည်ဟု ကြံမိသော်လည်း ပါးစပ်ကို မနည်းကြီးပိတ်လိုက်ရသည်။

စိတ်ထဲတွင်လည်း ထောင်းခနဲ ဒေါသများ လိပ်တက်လာ ခဲ့သည်။

"လာဟေ့....တို့ ဟိုကွက်လပ်မှာ နားကြမယ်၊ ဒီကောင် လေးကို ဒီနေရာမှာ စစ်မေးမယ်၊ ဒါမှ ဂျစ်ကန်ကန် ဆက်ပြီး လုပ်နေဦးမယ်ဆိုရင် သတ်ပစ်လိုက်ရုံပဲ"

လူတစ်ယောက်၏အသက်ကို ဖက်ရွက်တစ်ရွက်လောက်ပင် တန်ဖိုးထားသည့်ပုံစံဖြင့် ပြောလိုက်သော ဝတ်ရုံနက်ခေါင်း ဖိန့်သည် မြေကြီးပေါ်တွင် မသက်မသာလဲကျနေသော တင် ရွှမ်လီကို ကုပ်ပိုးမှ ဆွဲမလိုက်ပြီး စောစောက လန်ထင်းယီ

www.burmeseclassic.com

www.burmeseclassic.com



နှင့် သူ့တပည့်များနားခဲ့သော ကွင်းပြင်ကလေးအလယ်သို့ ဝင်သွားလေသည်။

"ဟာ…ဆရာ၊ ဒီမှာ စောစောက လူတွေ နားသွားပုံ ရတယ်"

"ဟေ…ဘယ်လိုကွ"

စတ်ရှိနက်သည် တပည့်ဖြစ်သူကို ဆတ်ခနဲလှည့်ကြည့်ရင်း မေးလိုက်သည်။

ချုံထဲမှာပုန်းနေသော ချာတိတ်များ လန့်သွားကြသည်။

စောစောကပင် သူတို့ဆရာပြောသော စားပြီးသောက်ပြီး အကြွင်းအကျန်တို့ကို သေချာစွာသိမ်းဆည်းပြီး မြေမြှုပ်ထား ရမည်ဟူသော စကားကို သတိရလိုက်မိကြသည်။

"ဒါဆို ဟိုငနဲနဲ့ သူ့ကောင်လေးတွေ ဒီနေရာကိုရောက် လာပြီးပြီ ထင်တယ်ကွ၊ ဒီခွေးမသားလေး တို့ကိုလိမ်သွား ယ် သူ့သူငယ်ချင်းတွေနဲ့ ဟိုငနဲကြီး အနောက်ဘက်က ထွက်သွား တယ်လို့ ညာနေတာ၊ ခု ပေါ်ပြီ၊ ကဲကွာ…လိမ်ချင်ဦး"

"ဗုန်း"

"အား"

စတ်ရှိနက်၏လက်ဝါးသည် ပြင်းထန်လွန်းလှသည်။



တင်ရှမ်လီတစ်ယောက် မြေပြင်ပေါ်သို့ ဟပ်ထိုးလဲကျ သွားသည်ကို တွေ့လိုက်ရသော လီရှုဝါးသည် ချက်ချင်းပင် ချုံထဲမှထွက်ပြီး စတ်ရှိနက်နှင့်လူကြီးကို တိုက်ခိုက်ချင်စိတ် ဖြစ်လာသည်။

သို့သော် သူတို့ဆရာက သူမခေါ်မချင်း မထွက်ရဘူးဟူ သော စကားကြောင့် သူငယ်ချင်းအတွက် အံကို တင်းတင်း ကြိတ်လျက် မျက်လုံးကို စုံမှိတ်ထားလိုက်ရသည်။

"ကဲ…ဆက်လိုက်မယ်ကွာ၊ မနားနဲ့တော့၊ သူတို့ ဝေး ဝေးရောက်ဦးမှာ မဟုတ်ပါဘူး၊ တို့ကိုလန့်ဖျပ်ပြီး ပြေးတာ ဖြစ်နိုင်တယ်"

ချုံထဲမှ ချာတိတ်များ တော်တော်မခံချင်စိတ် ဖြစ်သွားရ သည်။

"ဟား…ဟား…ဟား…ဟား…ငါတို့ မပြေးပါဘူးကွာ၊ မင်းတို့ကို စောင့်နေပါတယ်"

"ဟင်…မင်း…မင်း…"

"ဟုတ်ပါတယ်၊ ငါ မင်းတို့ရှာနေတဲ့ လန်ထင်းဖော်ပါ၊ ချုပ်ဖျက်ထားလို့ မင်းတို့ မမှတ်မိတာပါ၊ ဒီမှာတော့ကွာ ငါ့ မျက်နှာ"

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဆိုးဆိုးမျက်နှာကြီးကိုခွာချလိုက်သောအခါယောက်ျား ပီပီသသ ချောမောခန့်ညားသော လန်ထင်းယီ၏ မူလ မျက်နှာ ပေါ်လာသည်။

"ဟာ…ဦးလေး"

တင်ရှမ်လီ သိပ်ဝမ်းသာသွားသည်။

နေရာမှ လှစ်ခနဲ လန်ထင်းယီထံ ပြေးသွားသည်။

ဝတ်ရှိန်ကသည် လန်ထင်းယီကိုသာ ဂရုစိုက်နေရသဖြင့် လှစ်ခနဲပြေးသွားသော တင်ရှမ်လီကို မဖမ်းဆီးနိုင်တော့ဘဲ လွတ်သွားရလေသည်။

"ဒီမှာ…ဟေ့ကောင် မိန်းမလျှာ၊ မင်းနဲ့ငါ ဖြစ်တဲ့ကိစ္စမှာ မဆိုင်တဲ့လူတွေကို ဘာလို့ဒုက္ခပေးရတာလဲကွ၊ မင်းတို့ဟာ မိန်းမကျင့် မိန်းမကြံနဲ့ အရက်မူးသမားတွေလဲ သတ်ပစ်ခဲ့တယ်၊ အဲဒီကတည်းက မင်းတို့ကို တွေ့ချင်နေတာ"

တည်ငြိမ်ရင့်ကျက်၍ မာန်မာနအပြည့်ပါသော မျက်နှာဖြင့် ဝတ်ရှိန်ကလော့ဖိန်တို့ ဆရာတပည့်နှစ်ယောက်ကို ကြည့်ရင်း ပြောချလိုက်သည်။

လော့ဖိန်မျက်နှာ တစ်ချက်ပျက်သွားသည်။

"မင်းက ဘာအယောက်အထားနဲ့ ငါတို့ကို စွပ်စွဲရတာလဲ၊ ငါတို့မသိဘူး၊ ဘယ်သူ့ကိုမှလဲ မသတ်ဘူး"



လော့ဖိန် ခပ်တည်တည်နှင့် ငြင်းဆိုလိုက်သည်။

လန်ထင်းယီ၏မျက်နှာသည် ချက်ချင်းပင် တင်းမာသွားသည်။

သူ့ရှေ့တွင်ရပ်နေသော တင်ရှမ်လီကို နောက်ဘက်သို့ ဆွဲယူလိုက်ရာမှ…

"မင်းဟာ မိန်းမတစ်ယောက်လောက်မှ အသုံးမကျတဲ့ အကောင်ပဲ၊ ကိုယ့်အပြစ်ကို ကိုယ်ဝန်မခံရဲတဲ့လူဟာ သိုင်းသမားကောင်း တစ်ယောက်မှ မဟုတ်ဘဲ၊ ငါ့အနေနဲ့လဲ ဒီလို အကျင့်ပျက် သိုင်းသမားတွေကို သိပ်ရှင်းနေချင်တာ၊ မင်းငါ့ကို တိုက်မလား၊ ငါ မင်းကို တိုက်ရမလား"

လန်ထင်းယီ၏ ပြတ်သားသောစကားကြောင့် လော့ဖိန်နှင့် တပည့်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ နှစ်ဦး ခွဲလိုက်ကြသည်။

"ဘယ်လဲ မိန်းမလျှာကြီး"

လန်ထင်းယီသည် ခပ်ရိရိပင် ထပ်မေးလိုက်သည်။

လော့ဖိန် မထူးဇာတ်ခင်းပြီး ရှုတ်တရက် ခြေတစ်ဖက်မြှောက်တက်လာပြီး လန်ထင်းယီရင်ဘတ်ဘည့်တည့်သို့ ကန်သည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗုန်း...."

"ဗွီး...."

လန်ထင်းယီအတွက် ချုပ်ပုတ်ထဲမှ ကလေးများပါ မ... လန်ထင်းယီ၏ ဘေးတွင်ရပ်နေသော တင်ရွှမ်လီပင် မျက်... မျက်နှာပျက်ပြီး ရင်ထဲတွင် ဒိန်းခနဲဖြစ်သွားသည်။

ဖြစ်ပုံကလည်း ဘော်တော်ရင်ထိတ်စရာ ကောင်းသည်... လော့ဖိန် လှမ်းကန်လိုက်သော ခြေကန်ချက်ကို လုံးဝရှောင်... ရှားခြင်းမပြုဘဲ ဂရုမစိုက်ဟန်ဖြင့် တင်းခံလိုက်သည်။

ဗုန်း ့ဟူသော အသံကြီးနှင့် လန်ထင်းယီသည် ဘာ... မဖြစ်ဘဲ ကန်လိုက်သော လော့ဖိန်သာ နောက်သို့ ပြန်က... လွင့်ထွက်သွားရသည်ကို အံ့သြဖွယ်ရာ တွေ့လိုက်ရသည်။

"ဘယ့်နှယ်လဲ၊ မင်းတို့ အရှေ့ပိုင်းသိုင်းအဖွဲ့က ခြေက... အားက တယ်ချာလှချည်လား၊ ငါ့တပည့်လေးတစ်ယော... ကန်အား ဈောက်တောင် မပြဝ်းထန် ပါလားကွ၊ ဟား... ဟား...ဟား"

လှောင်ရယ် ရယ်လိုက်၏။

ဝတ်ရှုံနက် လော့ဖိန် တော်တော်ရှက်သွားပုံရသည်။

"ကဲ...ဘယ်လိုလဲ၊ မင်းအလှည့် ပြီးပြီ၊ ငါ့အလှည့်... ကျန်တော့တယ်၊ မင်း ငါ့ရင်ကို ကန်ပြီးပြီ၊ ငါကန်ရမယ့်... အလှည့်၊ မင်းအကန်ခံရဲပါ့မလား"



လန်ထင်းယီ၏ ခပ်ရိရိအမေးကို ဘာပြန်ဖြေရမှန်းမသိဘဲ ရှိနေရာမှ ရှက်သွားပြီး....

"ကဲ....ကန်ဗျာ၊ အသင့်ပဲ"

လန်ထင်းယီ ပြုံးလိုက်သည်။

ပြီးမှ....

"မင်း ပွဲချင်းပြီး သေသွားမှာပေါ့ကွ၊ ငါမင်းကို ကန်စရာ မလိုပါဘူး၊ လက်ဝါးနဲ့ရိုက်လိုက်ရုံနဲ့ မင်းသေနိုင်တယ်၊ ဒီတော့ ဒီလိုလုပ်၊ ငါ့တပည့်လေးလဲ စိတ်ချမ်းသာအောင်၊ မင်းလဲ ပြိုင်လို့ ကောင်းအောင် မင်းတစ်ချက် ငါတစ်ချက် မိုက်မိုက်ကန်းကန်း ကြိုက်တာပြိုင်မယ်...."

"မင်းက မင်းကိုယ်တိုင် ငါ့ကို ကြိုက်သလိုလုပ်နိုင်တယ်၊ ငါ့အလှည့်ကျရင် ငါ့ကိုယ်စား ငါ့တပည့် တင်ရွှမ်လီက မင်းကို တုံ့ပြန်လိမ့်မယ်၊ ဘယ့်နှယ်လဲ ကြိုက်မလား"

ဝတ်ရုံနက်လော့ဖိန် မျက်နှာ ဝင်းထိန်သွား၏။

"ကဲ...ဒီပြိုင်ပွဲမှာ ကျွန်တော်နိုင်ရင်...."

"မင်းခိုင်းတာ ငါလုပ်မယ်"

"ခင်ဗျားနိုင်ရင် ကျုပ်ဘာလုပ်ရမလဲ"

"မင်း ဘာမှ လုပ်နိုင်တော့မှာမှ မဟုတ်တာဘဲဗျာ၊ ခင်းရှုံးတာနဲ့ မင်းသေမှာပဲ၊ ဟား....ဟား...ဟား"

www.burmeseclassic.com

လန်ထင်းယီ စကားကြောင့် ယော့ဖိန် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ကဲ....ဒါဖြင့်လာ၊ ပြိုင်မယ်"

ရှေ့သို့ဘိုးထွက်လာချင်းမှ လန်ထင်းယီကို စိန်ခေါ်လိုက်သည်။

"နေဦးလေ၊ ငါတို့က စရမှာကွ၊ ကဲ.... တင်ရှမ်လီ၊ သွား....မင်းကြိုက်သလို တစ်ချက်လောက်ချလိုက်စမ်း"

တင်ရှမ်လီ ကြောက်ရွံ့ရွံ့ဖြစ်နေသည်။

ချုံပုတ်များထဲတွင် ပုန်းအောင်းနေသော ချာတိတ်များက တင်ရှမ်လီ ရွံ့တွန့်တွန့်ဖြစ်နေခြင်းအတွက် မကျေမနပ် ဖြစ်နေကြသည်။

"ဒီမှာ တင်....မင်းကို ရက်ရက်စက်စက် ရိုက်နှက်ထားတာကို မင်းဒီလိုပဲ မိန်းမစိတ်နဲ့ ငြိမ်ခံနေမှာလား"

လန်ထင်းယီ၏အမေးစကားကြောင့် တင်ရှမ်လီ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး....

"မဟုတ်ပါဘူး.... ဦးလေး၊ ဒီလူကြီးကို ကျွန်တော် အစိမ်းလိုက် ဝါးစားချင်လောက်အောင် ဒေါသတွေ ဖြစ်နေရပါတယ်၊ ဒါပေမယ့် ကျွန်တော့် အားနဲ့ လုပ်လိုက်ရင် ထိခိုက်မှု မရှိမှာစိုးလို့ပါ"



တင်ရှမ်လီ အမှန်စကား ပြောလိုက်မှန်း လန်ထင်းယီ သိလိုက်၏။

"ရပါတယ်ကွာ၊ သွားစမ်းပါ၊ ရင်ဘတ်ကို လက်သီးနဲ့ ထိုးလိုက်ပါဦး၊ ဒီကောင်မခံနိုင်ပါဘူး၊ ကဲ...လာကွာ"

လန်ထင်းယီသည် အတွင်းအားကို စုစည်းပြီး တင်ရှမ်လီ၏ ကျောဘက်မှတွန်းကာ အတွင်းအား ပို့ဆက်နည်းဖြင့် ခပ်ဆတ်ဆတ်လေး တွန်းထည့်လိုက်သည်။

"အုန်း"

"အွတ်"

တင်ရှမ်လီ အံ့အားသင့်သွားသည်။

သူ၏လက်နှစ်ဖက်ဖြင့် တွန်းထိုးလိုက်သော အရှိန်သည် သာမန် အားမရှိဟု ထင်လိုက်သည်။

တစ်ဖန် တင်ရှမ်လီသည် ထပ်မံပြီး အံ့သြရသည်။

ပထမ ထုပ်ထိုးနှက်လိုက်မည်ဟု ကြံစည်စဉ်က လက်တစ်ဖက်တည်းဖြင့် ထိုးမည်ဟု ကြံခဲ့သော်လည်း နောက်မှထိုးလိုက်သော လန်ထင်းယီ၏ အတွင်းအားကြောင့် လက်နှစ်ဖက်မှာ အလိုလိုမြောက်တက်လာပြီး ယော့ဖိန်၏ရင်ဘတ်အလယ်ခေါင်အုံ နှစ်ဖက်ကို စုံပစ်ထိုးလိုက်မိရာတွင် ထူးဆန်းသောအား

www.burmeseclassic.com



တစ်ခုက လက်ထဲမှ တစ်ဆင့်တိုးထွက်သွားသည်ဟုထင်လိုက်မိသည်။

သူ့လက်သီးသံကြောင့် ချုံပုတ်များထဲတွင် ပုန်းလျက်ချောင်းကြည့်နေသော လီရှုဝါးနှင့် အပေါင်းအသင်းများအားလုံးပင်လျှင် အထိတ်တလန့် တုန်လှုပ်သွားကြသည်။

တစ်ဖန်....

လက်သီးဒဏ်ထိသွားသော လော့ဖိန်ကိုယ်တိုင်ပင် မျက်လုံးပြူးပြီး ရင်ထဲသို့ မီးစကြီးတစ်စဖြင့် ထိုးလိုက်ဆကဲ့သို့နှင့်ခံနဲခံစားလိုက်ရသဖြင့် တင်ရှမ်လီအား လန့်ပြီး ကြည့်လိုက်သည်။

"ဟာ...မင်းက တအားကြီး ထိုးလိုက်တာကိုး၊ မင်းသာမန်လူငယ်ဘာစ်ယောက်က ထိုးတာဆောင် သူ့ခမျာ ဒီ ခွေသွားရတယ်ဆိုရင် ငါသာထိုးလိုက်ရင်တော့ ဒီကောင် လောက်ဆိုနဂါးနတ်သမီးဆီ ရောက်သွားပြီသာ မှတ်ပေ့ ဟား....ဟား....ဟား"

လန်ထင်းယိက လှောင်ရယ်ရယ်လိုက်လေသသည်။

လော့ဖိန် ဘာမှဝင်မပြောနိုင်။

သူ့ရင်ဘတ်ဘွင်း၌ နာကျင်စူးရှသော ဝေဒနာကို ကြိတ်မှိတ်ခံစားနေရသည်။



"ကဲ...မင်းအလှည့်၊ ငါ့ကိုကြိုက်သလိုလုပ်နိုင်တယ်"

လန်ထင်းယိ လက်ပိုက်လျက် လော့ဖိန်ရှေ့တွင် ခပ်တင်းတင်း ရပ်ပေးလိုက်သည်။

ချုံပုတ်ထဲမှ ကောင်လေးများက သိပ်ပြီး သဘောကျသွားသကဲ့သို့ လန်ထင်းယိအပေါ်တွင်လည်း အထင်ကြီးအားတိုးသွားကြသည်။

လော့ဖိန်က အားတင်းလိုက်သည်။

ကြောင်ရှေ့ရောက်နေသော ကြွက်ပမာ တုန်လှုပ်ချောက်ချားနေသော စိတ်ကိုတင်းပြီး အရှေ့ပိုင်း သိုင်းသမားတို့၏ အစွမ်းထက်ဆုံး ကလိုဏ်လက်ဝါး သိုင်းကွက်ကို ပြင်လိုက်ပြီး....

"ယား"

မာန်သွင်းသံပြုကာ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ပြီး....

"ဗွိုး"

"အား....အင့်"

တစ်ဟုန်ထိုး လန်ထင်းယိရင်ဘတ်အား ပြေးရိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းတိုက်တွက်မှာ လေ့ဖိန်၏ သူခိုသက်ယ်သေ ဆုံး ကွက်ဖြစ်သည်။

ချုံထဲမှ တပည့်ဖြစ်သူများ ခြေမကိုင်မိ လက်မကိုင်မိဖြစ် သွားကြသည်။

ကြည့်လိုက်တော့ လန်ထင်းယီမှာ နောက်သို့ခပ်လန်လန် ဖြစ်သွားပြီးမှ သူ့ကိုယ်သူ မနည်း ပြန်ထိန်းလိုက်ရသည်ကို တွေ့လိုက်ရသည်။

တကယ်တော့ လန်ထင်းယီကိုယ်တိုင်ပင် မိုက်မဲလိုက်ခြင်း သာ ဖြစ်သည်။

တစ်ဖက်မှ တိုက်ကွက်၏ ရိုပ်စားမိလိုက်သဖြင့် အတွင်း အားတို့ကို ရင်ဝတွင် စုစည်းတွန်းကန်ထုတ်ခံလိုက်သည်မှ သည်မျှသာ ခံလိုက်ရခြင်းဖြစ်သည်။

အကယ်၍သာ စောစောပိုင်းကလို ရိုးရိုးတင်းခံလိုက်မည် ဆိုလျှင် ရင်ထဲမှ အသည်းနှလုံးများအားလုံး ကြေမွသွားနိုင် သည်ဟုထင်မိသည်။

လေ့ဖိန်၏အနောက်မှ ရပ်ကြည့်နေသူတပည့်မှာ သူ့ ဆရာ၏ တိုက်ကွက်ကို လန်ထင်းယီခံလိုက်ရပြီဟုသော အသံ ဖြင့် ဝမ်းသာအားရ သူ့ဆရာထံ ပြေးလာပြီး ဝမ်းသာ ဂုဏ် ယူသောဟန်ဖြင့် ရှေ့သို့ကုန်းကုန်းကြီး ရပ်နေသည့် လေ့ ဖိန်ကို....



"တယ်ကောင်းတဲ့ တိုက်ကွက်ပါပဲ ဆရာရယ်၊ ဟား... ဟား... ဟား"

"နောက်တစ်ချက်သာ တိုက်လိုက်ရင် ဒီလူကြီး...."

"ဘုန်း"

"ခွပ်"

"ဟာ"

လေ့ဖိန်၏တပည့်ဖြစ်သူ စကားမဆက်နိုင်တော့ဘဲ သွေး ပျက်ဖွယ်မြင်ကွင်းကြောင့် လန့်ဖျပ်ပြီး နောက်ဆုတ်သွားရ သည်။

ဖြစ်ပုံမှာ မယုံကြည်စရာအဖြစ်မို့ သူကြောက်မည့်ဆိုက ကြောက်စရာပင်။

ဝက်စုံနက် လေ့ဖိန်သည် လန်ထင်းယီကို ဝင်တိုက်ပြီး ချိန်မှစ၍ မလှုပ်မယှက်ကုန်းကုန်းကြီး ရပ်နေသည်ကို ဝမ်းသာ အားရ သွားကိုင်လိုက်သောတပည့်ကြောင့် အရုပ်ကြိုးပြတ် လဲကျသွား၏။

လေ့ဖိန်၏ ကိုယ်ခန္ဓာသည် မြေကြီးပေါ်သို့မရောက်မီကပင် အသက်ပျောက်နေပုံရသည်။

အဘယ်ကြောင့်ဆိုသော်....

www.burmeseclassic.com

www.burmeseclassic.com



လော့ဖိန် လဲကျသွားသည့်အခါ ပါးစပ်မှသွေးပွက်ပွက်အန်ကာ လဲကျသွားသောကြောင့်ဖြစ်သည်။

လန်ထင်းယီ ရင်ဘတ်ကြီးတစ်ခုလုံး ပြေးဝင်ရိုက်လိုက်သည့်အခါတွင် အားအပြည့်တင်းခံနေသော လန်ထင်းယီရင်ဘတ်သည် ကျောက်နံရံတစ်ခုပမာ ဖြစ်သွားပြီး ဝတ်ရုံနက် အရှေ့ပိုင်းသိုင်းသမား လော့ဖိန်သည် အတွင်းဒဏ်ရာအပြင်းအထန်ရပြီး မတ်တတ်ရပ်လျက် အသက်ပျောက်သွားခြင်းကို မည်သူမှမသိလိုက်ကြချေ။

သူတို့ဆရာ၏ ယိုင်နဲ့သွားမှုကို စိုးရိမ်တကြီးဖြစ်နေသော ချုပ်တပ်ထဲမှ တပည့်ငယ်တစ်စုသည် ဖြစ်ပျက်သမျှကိုမျက်ဝါးထင်ထင် တွေ့လိုက်ရသောအခါ ဝမ်းသာအားရ ဖြစ်သွားသည်။

''ဟေး...တို့ဆရာကြီး လန်ထင်းယီဟေ့''

ဟု ဝမ်းသာအားရ တစုတဝေးကြီး ထွက်ဖော်ကြတော့သည်။

နောက်ဘက်မှ ပြေးထွက်လာသော အသံကြောင့် ဝတ်ရုံနက် သိုင်းသမား၏ တပည့်ဖြစ်သူမှာ ဘာလုပ်ရမှန်းမသိဘဲ လန့်သွား၏။

ချာတိတ်အားလုံးသည် သူ့အား ခပ်စိန်းစိန်း ဝိုင်းကြည့်လိုက်ကြသည်။



''ဟိတ်...တို့ဆရာကိုရော သူငယ်ချင်းကိုပါ ဒုက္ခပေးခဲ့တဲ့ တရားခံကို ငါတို့ ဆုံးမကြမယ်''

တင်ရှမ်လီ၏ ကြွေးကြော်သံကြောင့် နောက်လိုက် လူငယ်တပ်ဖွဲ့ဝင်များ အားလုံး တညီတညွတ်တည်း လော့ဖိန်၏ တပည့်ကို တိုက်ခိုက်ရန် အသင့်ပြင်ကြသည်။

ဤသည်ကိုကြည့်၍ လန်ထင်းယီ သဘောကျစွာ ပြုံးလိုက်မိသည်။ လော့ဖိန်၏ တပည့် ဘာလုပ်ရမှန်းမသိ၊ အများနှင့်တစ်ယောက်၊ မျက်စိသူငယ် နားသူငယ် ဖြစ်နေသည်။

''ဟိတ်...ဒီလို မတရားမလုပ်နဲ့ကွာ၊ ခုလောလောဆယ်မှာ သူဟာ အင်အားနည်းတဲ့သူ ဖြစ်နေပြီ၊ ဒီတော့ မင်းတို့က အများနဲ့ ဝိုင်းပြီးတိုက်မယ်ဆိုရင် အနိုင်ကျင့်ရာ ရောက်သွားမှာပေါ့''

''သူက သိုင်းတတ်နေတာပဲ၊ ကျွန်တော်တို့က ဘာမှမတတ်တဲ့လူတွေပဲ၊ တကယ်လို့သာ သူ့အနေနဲ့ သိုင်းပညာကိုအသုံးချပြီး ကျွန်တော်တို့ကို ခုခံကာကွယ်မယ်ဆိုရင် ကာကွယ်လို့ ရတာပဲ''

လီက ဒေါသဖြင့်ပြောလိုက်သည်။

''မနေစမ်းလီ၊ ငါ့စကားကို နားထောင်ပြီး ငြိမ်ငြိမ်လေးနေပါ၊ ဒီကိစ္စကို ကြည့်ပြီး ငါစီစဉ်မယ်''

www.burmeseclassic.com

www.burmeseclassic.com



လန်ထင်းယီ၏ စကားသံကြောင့် လီရှုဝါး ငြိမ်သွားသည်။

"ကဲ...တင်ရွှမ်လီ၊ မင်း သူ့ကို နိုင်အောင် တစ်ယောက်ချင်း တိုက်ရမယ်၊ ကဲ...လာ"

မတ်မတ်ကြီး ရပ်နေသော တင်ရွှမ်လီ ကို ခေါ်ပြီး လော့ဖိန် တပည့်နှင့် မျက်နှာချင်းဆိုင် ရပ်စေလိုက်သည်။ တကယ်တော့...တင်ရွှမ်လီ သည် စောစောက သူ့လက်ချက်ဖြင့် လဲသွားခဲ့သော လော့ဖိန်ကို မြင်ပြီးကတည်းက မိမိကိုယ် မိမိ အထင်ကြီးပြီး မာန်တက်နေသူ ဖြစ်သည်။

သူထင်နေသည်က သူ့လက်သီး တစ်ချက်သာ ကောင်းကောင်းမိလျှင် ဆရာလို ငနဲတောင် လန်သွားပေရာ တပည့်ဖြစ်သူကိုတော့ အပျော့ဟု တွက်ထားမိသည်။

"ဦးလေး...ကျွန်တော် ဒီကောင့်ကိုချမယ်"

လန်ထင်းယီကို ဆရာဟု ခေါ်ရမည် ဟူသော ဆုံးဖြတ်ချက်ကို မကြားသေး၊ တင်ရွှမ်လီ က ဦးလေးဟုပင် ခေါ်တုန်း ဖြစ်သည်။ လန်ထင်းယီက သဘောကျသွားသည်။

"ကောင်းပါပြီ၊ ဒါပေမယ့်...မင်းက သိုင်းပညာမှ မတတ်ဘဲ၊ သူ့ကိုတိုက်လို့ ဘယ်နိုင်မလဲ၊ ဒီတော့...ဒီနေ့ည ဒီကောင့်ကို ဘာမှမလုပ်ဘူး၊ ဖမ်းရုံ ဖမ်းထားမယ်၊ မနက် မိုးလင်းမှ တိုက်...



"ငါ မင်းကို သိုင်းကွက် ငါးကွက် ပြပေးမယ်၊ အဲဒါကို ညလုံး ဒီနေ့ည လေ့ကျင့်ပြီး မနက်ကျရင် တိုက်တော့"

လန်ထင်းယီ၏ အစီအစဉ်ကို အားလုံး သဘောကျသွားသည်။

"ဟုတ်တယ်ပေါ့...တင် သူငယ်ချင်း၊ မင်း ဒီအတိုင်း ဒါသရှေ့ထားပြီး တိုက်မယ်ဆိုရင် ဘယ်လိုမှ မနိုင်နိုင်ဘူး ကွ၊ ဆရာကြီးလန် ပြောသလိုလုပ်"

"တောက်"

"အား"

လီ စကားပြောနေစဉ်မှာပင် လန်ထင်းယီက လက်တစ်ဖက်ကို ရိပ်ခနဲ လှုပ်ရှားလိုက်သည်။ သစ်ကိုင်းငယ်ကလေး တစ်ချောင်းနှင့် ကောက်ပေါက်လိုက်ခြင်းသာ ဖြစ်သော်လည်း လန်ထင်းယီ ပစ်လိုက်ခြင်းမှာ အကြောပိတ်နည်းတစ်ခု ဖြစ်သော အမြင်မောတ်နှင့် အကြားခေတ် ဟူသော အကြောကြီး နှစ်ခုကို ပိတ်လိုက်ခြင်း ဖြစ်သည်။

သို့ကြောင့်...လော့ဖိန် တပည့်မှာ မတ်တတ်ရပ်နေခြင်းမှ ဘာမှမမြင်၊ ဘာမှမကြားတော့ဘဲ ယောင်တောင်တောင်ကြီး ဖြစ်သွားကာ ထိုနေရာ၌ပင် ယောင်ယမ်းယမ်း ထိုင်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဟာ...ဆရာကြီးလန်၊ သူ့ကို ဘယ်လိုလုပ်လိုက်တာလဲ''

''အမြင်နဲ့ အကြားခေတ်တွေကို ပိတ်လိုက်တာလေ''

အားလုံး အံ့ညြသွားကြ၏။

''ကျွန်တော့်ကို အဲဒီလို ပိတ်ပြစမ်းပါ ဆရာကြီးလန်''

လီက လက်တွေ့စမ်းကြည့်လိုဟန်ဖြင့် ရှေ့သို့တိုးကာ ပြုံးစိစိဖြင့် လန်ထင်းယီကို ပြောလိုက်၏။

လန်ထင်းယီက စိတ်မဆိုးပါ၊ လူငယ်ဟူသော စိတ်သည် သူများပြောသမျှကို လက်ခံရန်မှာ ရမ်းပြီးလက်မခံတတ်သည့် အကျင့်စရိုက်ကို သဘောကျသွား၍ ပြုံးပဝ် ပြုံးလိုက်မိသေးသည်။

''ကောင်းပြီ၊ လက်တွေ့ ငါပြပေးမယ်၊ အားလုံး ဒီနားကို လာကြ၊ ဒီမှာကြည့်စမ်းလီ၊ ငါ အမြင်ကြောပိတ်ပြမယ်''

လန်ထင်းယီက လီ၏ ရှေ့တွင် ရပ်ရင်း ပြောလိုက်၏။ တပည့်များ အနီးသို့ ဝိုင်းအုံလာ၏။

''တောက်''

''အား''

တစ်ကိုယ်လုံးကျဉ်သွားသဖြင့် လီ လန့်ပြီး အော်လိုက်ခြင်း ဖြစ်၏။



''ကဲ...ခင်းမျက်လုံးထဲမှာ တို့ကို မြင်သေးရဲ့လား''

လီရှဝါး ပတ်ဝန်းကျင်ကို မျက်လုံးပြူးပြီးလှည့်ကြည့်နေမှ မျက်နှာတွင် တဖြည်းဖြည်းပြုံးလာသည်။

''ဟာ...ဟုတ်တယ်၊ ကျွန်တော် ဘာမှမမြင်တော့ဘူးဆရာကြီး''

''ထူးဆန်းလိုက်တာဗျာ၊ ဟုတ်တယ် သူငယ်ချင်း၊ ငါ ဘာမှမမြင်ရတော့ဘူး''

မျက်လုံးပြူးလျက် ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုခြင်းမှ ပြောလိုက်သောစကားကြောင့် အားလုံး စိတ်ဝင်စားသွားကြသည်။

တင်ရှမ်လီ ရှေ့သို့ထွက်လာပြီး လီ၏ရှေ့တွင် ရပ်ကာ မျက်လုံးကို လက်ညှိုးဖြင့် ဆတ်ခနဲထိုးလိုက်သည်။

''ဟာ....''

အားလုံး လန့်ပြီး အော်လိုက်ကြသည်။

လီရှဝါးကတော့ သူ့ကို သူငယ်ချင်း ဘာလုပ်သည်ကို မမြင်ဟန်တူသောကြောင့် ဘာမှ လှုပ်ရှားခြင်း၊ ရှောင်ရှားခြင်းမပြုဘဲ ငြိမ်လျက် မျက်လုံးကြီးပြူးကာ သူ့မျက်လုံး

www.burmeseclassic.com



တည့်တည့် တိုးဝင်လာသော တင်ရွှမ်လီ၏ လက်ညှိုးကို ရှော
တောင်မခတ်ဘဲ ဖြူးကြည့်နေသည်။

လက်ညှိုးသည် မျက်ခွံတောင်မွေးလေးများကို ထိလုထိ
မှာပင် ရပ်သွားသည်။

မျက်ခွံတောင်မွေးကို လာရောက်ထိသော တင်ရွှမ်လီ
လက်ကြောင့် မျက်ခွံတောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ရ
မှ—

"ဟေ့....ငါ့ကို ဘာလုပ်တာလဲကွ၊ ဘယ်ဘူလဲ"

"ဟား....ဟား....ဟား....ဟား"

အားလုံး သဘောကျသွားပြီး ဝိုင်းရယ်လိုက်ကြသည်။

"ဟာ....တို့ မျက်လုံးပိတ်ပြီး အဝတ်ထုပ်ရိုက်တမ်းက
ရင် မျက်နှာကို အဝတ်စည်းတာထက် ဆရာကြီးလန်ကို ဒီ
လုပ်ပြီး မျက်လုံးမမြင်အောင် လုပ်ခိုင်းရင် လိုက်ရတဲ့
လူလည်လုပ်လို့ မရတော့ဘူးကွ"

ကလေးစိတ် မကုန်သေးသူများပီပီ သူတို့စိတ်ထဲတွင်
သော ဆန္ဒတို့ကို တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသော
သူ့တပည့်များကို လန်ထင်းယီ သဘောကျနေ၏။

"တော်က"



လန်ထင်းယီ လက်ကာင်ဖက် လှုပ်ရှားသွားသည်။

လီရှဝါးကို အကြောပြန်ဖွင့်ပေးလိုက်ခြင်းဖြစ်သည်။

သိပ်မကြာပါ။

ချက်ချင်းဆိုသလိုပင် လီတစ်ယောက် မျက်နှာသွင်ပြင်တွင်
တွင် ဝမ်းသာခြင်း၊ အံ့ဩခြင်းတို့ဖြင့်....

"ဟေ့....ဒါမှ တို့ဆရာကြီး လန်ကွ၊ တို့ဟာ ဆရာကောင်း
တစ်ယောက် မမြော်လင့်ဘဲ ရလိုက်တာပဲ၊ နဂါးမယ်တော်
တ်သမီးရဲ့ မ,စမှုပဲကွ....

"ဆရာကြီးလန်ကို ရိုရိုသေသေ ဆက်ဆံရမယ်၊ ဆရာကြီး
လန်ဟာ သာမန်ပုဂ္ဂိုလ် မဟုတ်ဘူး၊ အရှမ်းအစွမ်းထက်တဲ့
သူရဲကောင်း လူစွမ်းကောင်းကြီး တစ်ယောက်ပဲဟေ့"

သူငယ်ချင်းချင်း ပြူးကျယ် ဝိုင်းစက်သောမျက်လုံးများဖြင့်
ကြည့်ကြည့်လိုက်ရင်းမှ သူ့ရင်ထဲကအသိကို ပြောလိုက်ခြင်း
ဖြစ်သည်။

"ကဲ....ကဲ....မင်းတို့အားလုံး ဝိုင်းပြီးဆိုင်ကြကွာ၊ ဆရာ
ကြီး တင်ရွှမ်လီကို သိုင်းကွက်ငါးကွက် သင်ပေးမယ်၊ မင်း
တို့လဲ မှတ်ထားကြ၊ ဒါပေမယ့် ဒီကောင့်ကွဲတော့ ကောင်း
ကောင်းနိုင်နိုင်တဲ့ အကွက်တွေပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



တပည့်အားလုံး ဝိုင်းထိုင်လိုက်ကြသည်။

တင်ရွှမ်လီတစ်ယောက်သာ အလယ်တွင် မတ်တတ်ရပ်လျက်ရှိသည်။

သူ့ရှေ့တွင် လန်ထင်းယီ ရပ်နေသည်။

အမြင့်နှင့်အကြား အကြောပိတ်ခံထားရသော လော့ဖိန်၏ တပည့်ကတော့ ဘာမှမသိသလို မျက်နှာငယ်လေးနှင့် သူ့နေရာတွင် ထိုင်နေဆဲ။

''ဒါက အဖျက်ငါးကွက်၊ တိုက်ငါးကွက်နဲ့ ပေါင်းလိုက်ရင် ဆယ်ကွက်ပဲ၊ ဒါပေမယ့် ဖျက်ဘာနဲ့တိုက်ဘာနဲ့ကို ခြွင်းပြီး ပေါင်းလိုက်ရင် ဖျက်တိုက်ဆိုတဲ့ ဆန့်ကျင်ဘက် နှစ်ခု ပေါင်းထားတဲ့ တိုက်ကွက်ငါးကွက် ပေါ်လာမယ်၊ ကဲ... အတိုက်ငါးကွက်ကို သပ်သင်ပေးမယ်၊ ကြည့်''

လရောင်မလင်းတလင်း တောထဲမှ ကွင်းပြင်လေးထဲတွင် လန်ထင်းယီသည် တင်ရွှမ်လီအား အတိုက်နှင့်အဖျက် နှစ်ခု ပေါင်းထားသည့် တိုက်ဖျက်ဟူသော သိုင်းကွက်ဆယ့်ငါးကွက်ကို သေသေသပ်သပ် တတ်မြောက်သွားသည်အထိ မနားမနေ သင်ပေးနေသည်။



နံဘေးပတ်လည်တွင်ထိုင်နေကြသော လီအပါအဝင် ကျန်လူလေးများမှာလည်း တိုးတက်သော၊ ညဏ်ကောင်းသော အရွယ်များမို့ တစ်သဝေမတိမ်း လှုပ်ရှားဟန်သိုင်းကွက်များကို တတ်မြောက်နေပေပြီ။

''ကဲ...အားလုံး တန်းစီကြ၊ ခပ်ကျဲကျဲ မတ်တတ်ရပ်ကြစမ်း''

ထိုင်နေကြသောတပည့်များအားလုံး စနစ်တကျတန်းစီပြီး ရပ်လိုက်ကြသည်။

''ကဲ...တင်ရွှမ်လီက ရှေ့ဆုံးကနေ၊ ဟုတ်ပြီ''

ပြီးသည်နှင့်....

''ဒီမှာကြည့်၊ အဲသက်ကို တခါကြီး ရှူသွင်းလိုက်ကြစမ်း''

''ရှူး''

''ဟုတ်ပြီ၊ ဟောဒီဘယ်ဘက်လက်က ရန်သူရဲ့တိုက်ကွက်ဖျက်တဲ့နေရာမှာ လက်ရဲ့လွှဲအားကို ချွေတာလို့မရဘူးနော်၊ နည်းနည်းလေးပေါ့ရင် များများကြီးခံရလိမ့်မယ်၊ ညာဘက်လက်က ကိုယ်ခန္ဓာတစ်ခြမ်းလုံးရဲ့ အားကိုထည့်ပြီး ရန်သူကို တိုက်ရမှာ''

www.burmeseclassic.com

www.burmeseclassic.com



လန်ထင်းယီသည် ရှေ့မှရပ်လျက် ပါးစပ်မှကတွတ်တွတ်ပြောရင်း သူ့တပည့်များကို ရနေပြီးဖြစ်သောသိုင်းကွက်အား အသုံးချ အားထည့်ပုံ၏ သေချာအောင် မွမ်းမံသင်ကြားလျက် ရှိနေသည်။

ညသည် တစ်ဖက်စောင်းသွားပြီဖြစ်၏။

နံနက်ဟူသော အရုဏ်ဘက်သို့ အလေးသာနေပြီ ဖြစ်သည်။

လန်ထင်းယီတစ်ယောက် သစ်ပင်ကိုမှီရင်း အိပ်နေပြီဖြစ်သော်လည်း သူ၏တပည့်များမှာ တင်ရွှမ်လီအမှူးပြုပြီး ကြိုးစားပမ်းစား ယခုထက်တိုင် မနားသေးဘဲ ညဘက်က သင်ပေးထားသော တိုက်ဖျက်ပါးကွက်ကို ထပ်ခါတလဲလဲ လေ့ကျင့်နေတုန်း။

* * *



နေရောင် စပြီးလင်းလာပြီ။

"ဟေး...."

"ယား...."

မာန်သွင်းသံ၊ ရယ်သံ၊ လက်ဝါးရိုက်သံများ ဆူညံနေ၏။ လင်ထန်းယီ မျက်လုံးဖွင့်ကြည့်လိုက်သည်။

ကျန်လူများ အနားယူနေကြပြီဖြစ်သော်လည်း တင်ရွှမ်လီ တစ်ယောက် လေ့ကျင့်နေဆဲ။

ပြုံးလိုက်သည်။

ကျေနပ်အပြုံး ဖြစ်လေ၏။

တင်ရွှမ်လီသည် လွန်စွာ တိကျသွက်လက်လှသည်။

တကယ့်သိုင်းသမားတစ်ယောက်၏ လှုပ်ရှားပုံ လှုပ်ရှားနည်းများဖြင့် မာန်အပြည့် ဟန်အပြည့်။

"ခဏလောက် နားလိုက်ပါဦး တင်၊ ဒီလောက်ဆိုရင် ရလောက်ပါပြီ၊ မင်းရဲ့ဇွဲကို ဆရာကြီး လေးစားပါတယ်"

ထိုနေရာမှလှမ်းပြောလိုက်သော လန်ထင်းယီ၏အသံ ဖြစ်သည်။

တင်းမာနေသောကြွက်သားများ လျှော့ချလိုက်ပြီး လေ့ကျင့်မှုကို ရပ်ဆိုင်းလိုက်သော တင်ရွှမ်လီသည် လန်ထင်းယီ၏ နံဘေးသို့ လာကပ်ပြီးထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ....နောက်ဆုံး အရေးကြီးတဲ့စကားတစ်ခွန်းပြောမယ်၊ မင်းတို့ နားထောင်ကြစမ်း၊ ဒီသိုင်းကွက်ငါးကွက်ကို တတ်တာနဲ့ ငါ့ကိုယ်ငါ တကယ့်သိုင်းသမားကြီးတွေ ဖြစ်ပြီလို့ မထင်ကြစေချင်ဘူး၊ ခု အကွက်တွေက ပုံမှန်သင်ကြားရမယ့် အနေအထားကိုကျော်ပြီး အရေးပေါ်သင်ပေးတာ၊ ဟုတ်ရဲ့လား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကဲ ...နေတောင် တော်တော်ထွက်လာပြီ၊ သွားကြဖို့ပြင်၊ တင်ရွှမ်လီအနေနဲ့ခုသိုင်းကြိုးစားမှုကိုလဲ တစ်နေရာရာမှာအရေးပေါ် လိုအပ်လာရင် အသုံးချဖို့ တတ်မြောက်ထားတာလို့ မှတ်ယူလိုက်ပေါ့"

"ဟင်....ကျွန်တော်တို့ ဟိုသူနဲ့ မတိုက်ရတော့ဘူးလား ဆရာကြီးလန်"

တင်ရွှမ်လီ ပထမဆုံး ဦးခေါင်းဘူ ခေါ်နေရာမှ ဆရာကြီးလန်ဟု ပြောင်းလဲခေါ်လိုက်ခြင်း ဖြစ်သည်။

တင်ရွှမ်လီ၏အမေးကို ပြန်ဖြေမည့်လန်ထင်းယီ၏ စကားသံကိုသူ့တပည့်အားလုံး စိတ်ဝင်စားစွာနားဆင်နေကြသည်။

"မင်းတို့တိုက်စရာ မလိုတော့ပါဘူး"

"ဗျာ"



"ဟုတ်တယ်၊ ဒီကောင်ဟာသိုင်းသတ္တိကြောင်တဲ့အကောင်ပဲကွာ၊ ငါ့သူ့ကို သိုင်းကွက်တွေမှတ်မှာစိုးလို့အမြင်နဲ့အကြားကို ပိတ်လိုက်တာ၊ သူဘာမှတ်သလဲ မသိပါဘူးကွာ၊ ညကတည်းက အကြောက်လွန်ပြီး နှလုံးသွေး ရပ်သွားတယ်ထင်ပါရဲ့ကွာ၊ ဟား....ဟား....ဟား"

"ဟာ....ဒါဆို တစ်ညလုံး လေ့ကျင့်ထားတာတွေ အပိုဖြစ်သွားပြီပေါ့"

တင်က စိတ်ပျက်စွာ ညည်းညူရင်းမှ ရေရွတ်လိုက်သည်။

လန်ထင်းယီ၏မျက်နှာ တင်းသွားသည်။

"ဒီလိုမပြောရဘူးလေ တင်လူကလေး၊ သိုင်းပညာဆိုတာ ရည်ရွယ်ချက်တစ်ခုတည်းနဲ့ သင်ရတဲ့ပညာ မဟုတ်ဘူး၊ ကလေ့စားချေချင်လို့ သင်တာမျိုး၊ စစ်တိုက်ချင်လို့ သင်တာမျိုး၊ မိမိကိုယ်ကိုမိမိ ကာကွယ်ချင်လို့ သင်တာမျိုး၊ ဘာပဲဖြစ်ဖြစ်လေ၊ ဘယ်လိုပဲသင်သင် နောက်ဆုံး သိုင်းပညာသင်ကြားမှုဟာ ရည်ရွယ်ချက်နဲ့အတူ ဦးတည်ချက်ဆိုတဲ့ ဒွန်တွဲရေဟိတတွေ ပါလာရတာပဲကွ"

တပည့်များ၏မျက်နှာမှာ သဘောပေါက်ပုံရကြ၏ မှန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သန်ထင်းယီ၏ စကားများက အတိမ်မြှောစကားများဖြစ်သောကြောင့် တပည့်ငယ်များ လွယ်လင့်တကူ နားလည်မည် မဟုတ်ဟု စိတ်ထဲတွင် တွေးမိလိုက်သည်။

"မင်းတို့ သဘောပေါက်မယ်မထင်ဘူး၊ သဘောပေါက်အောင် ငါကြိုးစားပြီး ပြောပြမယ်၊ ဒီလိုကွ—မင်းတို့သိုင်းပညာကိုသင်ကြားမယ်ဆိုရင် ရည်ရွယ်ချက်တစ်ခု ထည့်မထားနဲ့ကွ၊ ငါ့အတွက် မဖြစ်စေရဘူး၊ အားလုံးအတွက်ဖြစ်စေရမယ်ဆိုတဲ့ ဆောင်ပုဒ် ရည်ရွယ်ချက်ကိုထားရမယ်...

"ဥပမာ...တစ်ညလုံးလိုလို တင်ရွှမ်လီ လေ့ကျင့်နေခဲ့တာဟာ ပထမတော့ လွယ်လွယ်လေး စဉ်းစားမယ်ဆိုရင် သူ့အပေါ်ကို ရက်ရက်စက်စက်လုပ်ခဲ့တဲ့ရန်သူကို လက်စားချေဖို့ပဲ၊ ဒါက မကောင်းတဲ့ အမြင်ဘက်က တွေးတာ၊ ကောင်းတဲ့ဘက်က ပြန်တွေးရင် မှန်ကန်တဲ့ ငါတို့တစ်တွေ ဒုက္ခပေးဖို့ လိုက်လာတဲ့ရန်သူကို တိုက်ခိုက်တာ၊ ငါတို့ ကျောင်းက အများအတွက်ပါသွားပြီ၊ ဟုတ်တယ်မို့လား"

သန်ထင်းယီ တတ်နိုင်သမျှ စကားတို့ကို ရှင်းပြလိုက်လေသည်။

သည်ဘုစ်ခါတော့ သူ့တပည့်များ ခေါခေါက စကားကို အဓိပ္ပာယ် ပေါက်သွားပုံရသည်။



"ဟာ...ဟုတ်တယ်၊ စောစောက ဆရာကြီးသန် ပြောသွားတဲ့ ရည်ရွယ်ချက်နောက်မှာ ကပ်ပါလာတဲ့ ဦးတည်ချက်ဟာ နောက်ဆုံး အများအတွက် ပြောင်းလိုက်နိုင်တာပဲကိုး"

လီကာ ဝင်ပြောလိုက်ခြင်းဖြစ်သည်။

သည်တွင် တင်ရွှမ်လီက...

"ကျွန်တော်လဲ သဘောပေါက်ပါပြီ၊ ပထမ ကျွန်တော့်ကို ရိုက်နှက်ခဲ့တဲ့ရန်သူကို လက်တုံ့ပြန်ဖို့အတွက် ဒေါသနဲ့ လေ့ကျင့်သင်ကြားခဲ့တဲ့ ပညာဟာ အခုတော့ သူ့ကိုသာ ဦးတည်တော့တဲ ကျွန်တော်တို့အဖွဲ့နဲ့ နောက်မှ မှုခမှန်တဲ့ အန္တရာယ်တွေကို ကာကွယ်ဖို့ ဖြစ်သွားတာကို ကျွန်တော် သဘောပေါက်လာပါပြီဆရာ"

တည်ငြိမ်အေးဆေးစွာ ပြောလိုက်သော တင်ရွှမ်လီကို သန်ထင်းယီသည် သဘောကျသွားပြီး ခေါင်းကိုအသာပုတ်လျက်...

"ကဲ...နေရောင်အတော်မြင့်လာပြီ၊ တို့ ခရီးဆက်ကြစို့"

"ဟုတ်ကဲ့...ဆရာကြီး"

ပြိုင်တူဖြေကြားရင်း အားလုံး အသင့်ပြင်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင်....

''ဒါနဲ့ နေပါဦးဆရာကြီး၊ ကျွန်တော်မသိလို့ တစ်ခု မေးပါရစေ''

လီက လန်ထင်းယီကို လှမ်းပြောလိုက်သည်။

''ဘာများလဲလီ''

''ဟိုလူသေနေတာကို ဆရာကြီး သွားလဲမကြည့်၊ အနား လဲ မကပ်ဘဲနဲ့ ဘယ်လိုသိသလဲ ဆိုတာကို သဘောပေါက် အောင် ပြောပြစေချင်ပါတယ် ခင်ဗျာ''

''အို...ဟုတ်သားပဲ၊ ဒါက မင်းတို့အဆင့်နဲ့တော့ သိနိုင် မယ် မထင်ဘူး၊ ဥပမာ...ညက ဟိုးအဝေးကြီးကလာတဲ့ မြင်း ခွာသံကို မင်းတို့ကြားလား''

အားလုံးငိုင်သွားကြပြီး....

''မကြားပါဘူး ဆရာကြီး''

''အေး...အဲဒီလို တင်ရှွမ်လီကိုဖမ်းထားတဲ့ ဝတ်ရုံနက် တို့ ဆရာတပည့်နဲ့ မြင်းခွာသံကို ကြားရတာဟာ လေ့ကျင့်မှု များလို့ရလာတဲ့ စိတ်အာရုံပဲ၊ နားပါးတယ်ဆိုတဲ့သဘော ခမ်းဆင်ဆင်ပေါ့ကွာ....



''မိမိရဲ့စိတ်ကို မပျံ့လွင့်အောင် ချုပ်တည်းနိုင်တဲ့အခါမှာ တော်ဝန်းကျင်က ဝင်လာတဲ့ သဘာဝ သက်ပိုတဲ့အသံ၊ အနံ့နဲ့ ထိအတွေ့တို့ကို သတိထားမိလာတဲ့ သဘောပေါ့ကွာ၊ ခုလဲ ကောင်ရဲ့ အသက်ရှူသံဟာ ညလယ်လောက်ကတည်းက ပ်သွားတယ်လေ....

''ဒါကြောင့် သူသေသွားပြီဆိုတာသိနေတာပေါ့၊ မဆန်း ဘူး''

အားလုံး၏ မျက်နှာသည် သူ့ဆရာ လန်ထင်းယီကို ဝမ်း သာအားရ တလေးတစားကြီး ဖြစ်သွားရသည်။

''ကဲ...သွားကြစို့ဟေ့၊ လမ်းသွားရင်း စကားပြောကြ တာပေါ့''

ထိုင်ရာမှထလျက် လန်ထင်းယီ ဦးဆောင်၍ ထွက်သည်နှင့် နောက်မှ လီနှင့် တင် ဦးဆောင်သည့် တပည့်များ ခပ်သွက် သွက် လိုက်သွားကြ၏။

''ဟေ့...လီ သူငယ်ချင်း၊ မင်း မနေ့က ငါ့ကို ညနေဆက် ချိန်းထားတဲ့နေရာ ရောက်မလာလို့ တော်တော် စိတ်ဆိုးနေ တယ် မဟုတ်လား''

''ဟာ...စိတ်ဆိုးရုံဘင် ဘယ်ကမလဲ တင်ရှွမ်လီရာ၊ မင်းကို တို့က သစ္စာဖောက်လို့ သတ်မှတ်ပြီး မင်းကို သူငယ် ချင်း အဖြစ်ကတောင် ပစ်မယ်တော့လို့ သိလား''

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ကြားမှုဖြတ်၍ ပြောလိုက်၏။

"အေး....ငါလဲ ထင်တော့ထင်သားပဲ၊ မင်းတို့ အားလုံး ငါ့ကို အတော်စိတ်ဆိုးနေကြတော့မယ်လို့ ထင်နေတာ၊ ဒါပေမယ့် တယ်လိုမှ မတတ်နိုင်ဘူးဟေ့....

"မင်းတို့နဲ့ ငါ ပြန်ထွက်လာတဲ့ အချိန်မှာ ဝတ်ရုံနက်နဲ့ လူကြီးက ငါ့ကို လှမ်းခေါ်ပြီး ဝတ်ရုံ အနီနဲ့ အနက် ဝတ်တဲ့ ကလေးတွေကို မင်းသိလားဆိုပြီး မေးတော့တာပဲ"

လမ်းလျှောက်လာရင်းမှ တင့်ရွှမ်လီက ရှင်းပြနေခြင်း ဖြစ်၏။

"အဲဒီတော့ မင်းက ဘာပြန်ဖြေလဲ"

တစ်စုံ တစ်ယောက်က မေးလိုက်ပြန်သည်။ ရှေ့သို့သာ မဲ့ပြီး လျှောက်နေပေမယ့် တင့်ရွှမ်လီ၏ စကားကို နားစွင့်နေ ကြသည်။

"ဟ...ငါက ချက်ချင်း ဆရာကြီးစကားကို သွားသတိရ တာပေါ့၊ အဲဒီတော့ အင်း...ဒီလူကြီး နှစ်ယောက်ဟာ ငါ့ကို သတ်ချင်သတ်ပါစေ၊ ငါ့သူငယ်ချင်းတွေနဲ့ ဆရာကြီးကိုတော့ လွတ်အောင် ကြံမှပဲဆိုပြီး အားလုံး အမှန်တစ်ဝက် အမှား တစ်ဝက် ဖြေလိုက်တယ်ကွာ"



သည်စကားသံကြောင့် လန့်ထင်းယီပင် စိတ်ဝင်စားသွား ပြီးနောက် လှည့်မကြည့်သော်ငြားလည်း နားစွင့်ထားလိုက် သည်။ သူ့နည်းတူပင်....

"ဟေ့....မင်းပြောတဲ့ စကားက ဘယ်လိုလဲကွ၊ အမှန် တစ်ဝက် အမှားတစ်ဝက်ဆိုတာတွေကို ရှင်းအောင် ပြောစမ်း ပါ တင်ရာ"

သူတို့အဖွဲ့ထဲမှ တစ်ယောက်က မရှင်းဟန်ဖြင့် လှမ်းမေး လိုက်သည်။

"ဒီလိုဟေ့....အမှန်တစ်ဝက် ဆိုတာက ကျွန်တော်တို့ ကလေးတွေကို လူကြီးတစ်ယောက်က တပည့်လုပ်ရမယ်၊ မုန့် တွေ ဝယ်ကျွေးမယ်ဆိုပြီး လာခေါ်တယ်လို့ ပြောလိုက်တာ ကွ"

"ဟေ"

"ဟာ"

အားလုံး လန့်သွားကြသည်။

"ဟုတ်တယ်၊ ငါလဲ ပြောလိုက်ရော သူတို့ နှစ်ယောက် ချက်ချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတာပေါ့၊ အဲဒီမှာ တစ်ယောက်က မေးတယ်ကွ၊ တို့ဆရာကြီး အကြောပိတ်ထား ပြီး သေသွားတဲ့ လူလေကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမေးတာလဲဟ့င်"

လီက ဝင်မေးလိုက်သည်။

"မင်းက ဘာလို့ တစ်ခါတည်း လိုက်မသွားတာလဲ
အဲဒီတော့ ငါက ခပ်တည်တည်နဲ့ ကျွန်တော် အဲဒီ လူကြီး
တပည့် မလုပ်ချင်ဘူး၊ သက်သက်မဲ့ အဲဒီလူကြီးကို လိမ်
ငွေယူလာခဲ့တာ....

"သူတို့က ကျွန်တော့်ကိုခေါ်ပြီး အနောက်ဘက် တော
တန်းတွေကိုဖြတ်ပြီး ခရီးသွားမယ်လို့ ပြောတာပဲ၊ ကျွန်တော
တတော့ လိုက်မသွားပါဘူးလို့ လိမ်ပြောတာပေါ့ကွ"

"သူတို့က ယုံသလား"

လီက ထပ်မေးလိုက်သည်။

"ဟာ....ပထမတော့ ယုံတယ်ကွ၊ ဒါဖြင့်လဲ အဲဒီလူကြီး
ကလေးတွေ ချိန်းထားတာ ဘယ်နေရာလဲလို့ မေးတာ
ငါလဲ ပါးစပ်ထဲရှိတဲ့ အနောက်ဘက် တစ်နေရာကို ပြောလို
မိတာပေါ့"

လန်ထင်းယီ ရင်ထဲမှ တင်ရွှမ်လီအား ချီးကျူးမိပါသည်

"အချိန်ကိုကော မေးသေးသလား"



"အေး....မေးတယ်လီ၊ ငါက ညနေ မိုးချုပ်မှလို့ ပြော
က်တယ်၊ ပြီးတော့လဲ ဦးလေးတို့ ကျွန်တော် သွားတော့
ယ်ဆိုပြီး မယောင်မလည်နဲ့ ပတ်ထွက်ခဲ့လာတာကွ"

"ဒါဖြင့် မင်းကို ဘယ်လိုလုပ်ပြီး ပြန်ဖမ်းမိသွားတာလဲ"

"ဟို....ဝတ်ရုံနက်နဲ့ လူပေါ့ကွ၊ ချက်ချင်း သတိရပြီး
ါ့ကို အတင်းလိုက်ဖမ်းတာကွ၊ သူ သတိရတာက ဘာပါ
မ့်၊ သြော်....ဟို"

"ကြိုလင်တောင်က မြို့အရှေ့ဘက်က ထွက်ရမှာတဲ့
ငါပြောတာက အနောက်ဘက်ဖြစ်လို့ဆိုပြီး ငါ့ကိုပြန်ဖမ်း
ာ့တာပါပဲ"

"မင်းကလဲကွာ... အ လိုက်တာ၊ သူတို့ဆီက ထွက်လာ
တည်းက တစ်ခါတည်း အရမ်းပြေးခဲ့ပါလားကွ၊ မင်းက
ိုးကလေးပုံးစံမျိုးနဲ့ လှမ်းနေသလားမှ မသိဘာကိုး"

သူတို့ထဲမှ တစ်ယောက်က အပြစ်တင်လိုက်သည်ကို တင်
ရွှမ်လီက ဒေါသဖြစ်သော လေသံဖြင့်....

"ဟ....အရမ်း စွတ်ပြောနေတာပဲ၊ မင်းတို့စဉ်းစားကြည့်
ါလား၊ ချက်ချင်းကြီး ထွက်ပြေးရင် သူတို့အနေနဲ့ ရိပ်မိ
သွားမှာပေါ့ကွ၊ ငါက ဟန်မပျက် ဘုရားကျောင်းကို
ဘက် အပေါက်ကအသာဝင်၊ ဟိုဘက် အပေါက်ကျတော့

www.burmeseclassic.com

www.burmeseclassic.com



အတင်းပြေးမယ် လုပ်ရော ငါ့ကို သူတို့က ပြန်ဖမ်းမိ
တာပဲ''

''ဟာ....ဒါဆို သူတို့ကလဲ ပါးတာပဲကွ''

လီက ပြောလိုက်ပြန်သည်။

''အေး....ပါးတာမှ တော်တော် ပါးတယ် ကိုယ့်လူ
ကိုလဲ မိရော နားရင်း ကောင်းကောင်း အုပ်တော့တာ
ဘာလို့လိမ်တာလဲ ဆိုပြီးတော့ပေါ့ကွာ....

''ငါကလဲ မလိမ့်ဘူးဆိုပြီး အရမ်းအော်တာပေါ့၊
ပေမယ့် အနောက်ဘက်မှာ ချိန်းထားတယ်ဆိုရင်
လိုက်ခဲ့၊ လိုက်ပြ၊ မတွေ့ရင် မင်းပါ အသေပဲဆိုပြီး
မြင်းပေါ် တင်ခေါ်ခဲ့တာပေါ့''

''ဒါနဲ့ မင်းက ပြောလိုက်ရောဆိုပါတော့''

သူတို့အုပ်စုထဲမှ လှမ်းပြောလိုက်သော စကားသံ
တင်ရွှမ်လီမှာ....

''မင်းတို့က ငါ့ကိုတော်တော်အထင်သေးတာပဲ၊ ငါ
လောက် သတ္တိမရှိနည်းသေးပါဘူးကွ၊ တဲ....ကျုပ် လိုက်
မယ် ဆိုပြီး မြို့အနောက်ကို ခေါ်သွားတော့တာပေါ့၊
အနောက်ဘက် တောင်စပ်မှာ အကြာကြီး ရပ်နေကြ



''မင်းက အဲဒီနေရာမှာ ချိန်းထားတယ်လို့ပြောလို့လား''

လီက အားတက်သရော ဟန်ဖြင့် သူငယ်ချင်း ဖြစ်သူကို
လေးလေးစားစားကြည့်ရင်း မေးလိုက်သည်။

''အေးပေါ့၊ ငါက ဒီနေရာကနေ မိုးချုပ်တဲ့အချိန် လူ
စုမယ်လို့ ချိန်းထားတယ်ဆိုပြီး အချိန်ဆွဲထားတာ၊ စိတ်ထဲ
မှာလဲ မင်းတို့ငါ့ကိုမစောင့်ဘဲ သွားပါစေဆိုပြီး ဆုတောင်း
လိုက်ရတာကွာ၊ ငါကတော့ ကိုယ့်ကိုယ်ကို သေရှုလို့သတော
ထားတာကိုး၊ မင်းတို့လွတ်ဖို့က အဓိက မဟုတ်လား''

တင်ရွှမ်လီ၏ စကားကို ကြားရသော လန်ထင်းယီသည်
တကယ့်သူရဲကောင်းလေးကို ရွေးချယ်ထားမိပြီဟု သိရသဖြင့်
ကြက်သီးများပင် ထသွားမိသည်။

''မင်းတို့ စောင့်နေရင်းနဲ့ တို့နောက် ဘယ်လိုလုပ် လိုက်
လာတာလဲ''

''ဟိုမှာ မိုးတော်တော်ချုပ်တော့ ငါသူတို့ကို လိမ်တယ်
ဆိုတာ ရိပ်မိပြီး ချက်ချင်း ငါ့ကို ရိုက်နှက် စစ်ဆေးတော့
တာပေါ့၊ ဒါပေမယ့် ငါကမပြောဘဲ မသိဘူး၊ ဒီနေရာ
မှာ ချိန်းထားတာပဲလို့ ဇွတ်ငြင်းနေတာ၊ နောက်ဆုံး ဟို
အကြောက်လွန်ပြီးသေတဲ့လူက ဒီမြို့ကဆိုရင် အရှေ့ဘက်က
ထွက်တာဖြစ်ရမယ်၊ လာ....လိုက်ကြည့်မယ်ဆိုပြီး ထွက်လာခဲ့
ကြတာကွ၊ ငါ့ကိုလဲ မြင်းနဲ့တင်ပြီး တစ်ခါတည်း ခေါ်လာ
ခဲ့ကြတာပေါ့''

www.burmeseclassic.com



"ခုဒါဖြင့် သူတို့ ရမ်းသမ်းလိုက်လာခဲ့ကြတာပေါ့" တစ်ယောက်က ပြောလိုက်သည်။

"ဘယ်ကလာ ရမ်းသမ်းလိုက်လာရမှာလဲ၊ မင်းတို့ [illegible] လမ်းက သွားတယ်ဆိုတာ သေသေချာချာသိလို့ လိုက်လာကြ တာပေါ့ကွ"

"ဟေ...ဟုတ်လား၊ ဘယ်လိုလုပ် သိသွားတာလဲ"

"ဘာလဲ၊ ငါပြောလိုက်တာလားလို့ မေးမှာ မဟုတ် လား...."

"အဲဒါ မင်းတို့ကြောင့် သိသွားတာ"

တင်ရွှမ်လီ၏ စကားကြောင့် အားလုံး တုံ့ခနဲရပ်သွား ကြသည်။

ရှေ့ဆုံးမှ သွားနေသော လန်ထင်းယီလည်း ရပ်သွား သည်။

"ကဲ...တင် လူကလေး၊ သူတို့ ဘာတွေ လုပ်ခဲ့သလဲ [illegible] တာ...."

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် ပြောပြပါမယ်၊ ကျွန် တော့်ကို ဖမ်းလာတဲ့လူတွေဟာ မြို့အရှေ့ဘက် အပေါ[illegible] လဲရောက်ရော ထူးဆန်းတဲ့ နေရာတွေကို သူတို့ သတိထား ကြည့်တော့ ထီးထီးကြီးဖြစ်နေတဲ့ မိုးမခပင်ကြီးကိုတွေ့တော့ သူတို့နှစ်ယောက် ရပ်သွားကြတယ်၊ ဟို ဝတ်စုံနဲ့လူက [illegible] လောက် မဟုတ်ဘူး၊ သူ့တပည့်က သိပ်တော်တာ၊ ပါး[illegible] ပါးနပ်လွန်းတယ်....



"ဆရာ...မြို့ပြင်မှာဆိုရင် ချိန်းလို့ကောင်းတာဆို မိုးမခ ပင်ကြီးပဲ၊ ကဲ...လာသွားကြည့်မယ်ဆိုပြီး သွားကြည့်တော့ ကာစေ့ခွံတွေ၊ သစ်ကြားသီးခွံတွေ၊ မိုးမခပင်ကြီးကိုခြစ်ထား တဲ့ အရာတွေ ပွနေတာကိုး"

"အေး...ဟုတ်ပြီ၊ ညတုန်းကတောင် သူတို့ကို သတိပေး သေးတယ်၊ ကိုယ်ရပ်နေတဲ့ နေရာကို အထူးသဖြင့် ခြေရာ လက်ရာ မကျန်အောင် သတိထားလုပ်ရမယ်လို့၊ ဒါတော့ သူက တို့ဒီမှာနားခကြောင်း အဲဒီ တပည့်လုပ်တဲ့သူပဲ သိတာ မဟုတ်လား၊ ဘာလဲ ဟိုပေါက်စီဘုံ ကပ်တဲ့ စက္ကူစတွေ သိမ်းမိလို့ မှတ်ထားကြ၊ အဲဒီလို ဘာမဟုတ်တဲ့ ကိစ္စလေး တွေကအစ သတိထားရမယ်၊ နောက်ကို သတိထားကြ...."

သူတို့၏ ဆရာကြီး စကားကို ကြားလိုက်ရသော အခါ တပည့်အားလုံးတို့ ခေါင်းလေးငုံ့သွားကြသည်။

"ကဲ...တို့သူငယ်ချင်း တင်ရွှမ်လီဟာ သူ့ရဲ့ အသက်ကို မငဲ့ကွက်ဘဲ ဝတ်ရုံနက်ဆရာတပည့်တို့ကို ရဲရဲဘင်းတင်း လှည့် စားခဲ့တာကို ငါကအစ တို့တစ်တွေအားလုံး သူ့ကိုအထင်လွဲ ပြီး သစ္စာဖောက်လို့ စွပ်စွဲခဲ့မိတာကို တောင်းပန်ကြရမယ်၊ ကဲ...အားလုံးကိုယ်စား ငါကပဲ မင်းကို တောင်းပန်ပါတယ် တင်ရယ်...."

လီက လှိုက်လှဲစွာ တောင်းပန်လိုက်သလို 'တို့ကို ခွင့်လွှတ် ပါ သူငယ်ချင်းရယ်'ဟု အားလုံးက တစ်ပြိုင်တည်း တောင်း ပန်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ၊ ငါခွင့်လွှတ်ပါတယ်၊ ငါလဲ မင်းတို့နေရာမှာနေရင်လဲ ဒီလိုပဲ ထင်မိမှာပဲ"

တင်ရွှမ်လီက ခပ်ပြုံးပြုံးလေး သူငယ်ချင်းများကို ပြန်ပြောလိုက်သည်။

"အဲဒီနေရာမှာ မင်းတို့ ပညာယူစရာ ဖြစ်လာပြန်ပြီ ဘာလဲ သိလား"

"ဟုတ်ကဲ့...ပြောပါဆရာကြီး"

"ဘယ်ကိစ္စမဆို အကျိုးအကြောင်း မသိသေးဘဲနဲ့ ရမ်းသမ်းဆုံးဖြတ် အပြစ်တင်တာဟာ မကောင်းဘူးဆိုတဲ့ ဥပဒေသ တစ်ခုကို မင်းတို့မှတ်ထားကြ"

★

## အခန်း (၆)

ရှေ့မှ အရှိန်နှင့်သွားနေသော လန်ထင်းယီ, နောက်သို့ စိုးစဉ်းမျှ လှည့်မကြည့်မိ။

သူ့စိတ်ထဲတွင် သိုင်းပြိုင်ပွဲကြီး ကျင်းပမနေပြီ ဖြစ်သော ကြိုလင် တောင်ကလပ်ကြီးဆီသို့ ရောက်ဖို့ စိတ်စောနေမိသည်။

စိတ်ကမြန်လေ ခြေကသွက်လေ။

ကိုယ်ဖော့ပညာကိုသုံးလျက် ရှေ့ကသွားနေမိသည်။

စိတ်ထဲတွင် တစ်စုံတစ်ခုကို သတိရလိုက်မိသဖြင့် နောက်ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သော အခါ...

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

လန်ထင်းယိ မျက်လုံးပြူးသွားသည်။

သူ့နောက်မှ လိုက်လာသော တပည့်လက်သစ်တို့ ဘယ်နေရာမှာ ခြေပစ်လက်ပစ် ကျန်နေခဲ့သည်ကို သူမသိ။

"ဟား ဟား ဟား....ငါ့နှယ်ကွာ မေ့လိုက်တာ၊ ကိုယ့်လူတွေ ကိုယ်မေ့ရတယ်လို့"

လန်ထင်းယိ ရပ်နေသော ခြေလှမ်းကို နောက်ဘက်သို့ လှည့်လိုက်ပြီး လာလမ်းအတိုင်း ကိုယ်ဖော့ကာ ပြန်ပြေးလာမိသည်။

သူ့စိတ်ထဲတွင် သူ့တပည့်များကို စိတ်ပူနေမိ၏။

ရှေ့မှ တစ်ဟုန်ထိုး သွားသော သူ့အားလည်း လှမ်းမပြောရဲ။ မမီမှာစိုးပြီး တရကြမ်းလိုက်သဖြင့် ဒူးကွဲ၊ခေါင်းပေါက်၊ လဲပြို ကျန်ရစ်နေပြီလားဟု စိုးရိမ်ဘကြီး လာလမ်းအတိုင်း ပြန်လှည့်လာခဲ့ခြင်း ဖြစ်လေသည်။

"ဟာ....ဆရာလန် ပြန်လှည့်လာ.... ဟော....ဧဟာ....ဟဲ....ဟဲ....ဟော....ဟဲ....သာ....လာပြီ"

ရှေ့ဆုံးမှ တင်ရွှမ်လီ အသံဖြစ်သည်။

လန်ထင်းယိသည် ကိုယ်ရှိန်သတ်ပြီး ရပ်လိုက်သည်။



တပည့်များအားလုံးကိုဝေ့ကြည့်လိုက်ရာ အကုန်လုံး မျက်ဖြူလန်သူလန်၊ ပါးစပ်ထဲမှ အမြှုပ်များထွက်သူထွက်နှင့် ဖြစ်နေကြသည်ကို တွေ့လိုက်ရ၏။

"ဟာ....ငါမှားသွားတယ်ကွာ၊ မှားတာထက် သတိမေ့သွားတာပေါ့ သတိမေ့သွားတာ၊ ငါ့စိတ်ထဲမှာ ခုချိန်ဆို ပြိုင်ပွဲစတင်တာ ခုနစ်ရက်ရှိပြီ၊ နောက်ထပ် သုံးရက်ပဲ ကျန်တော့တယ်ဆိုတာ တွေးပြီး အလောတကြီးစိတ်နဲ့ နောက်လှည့်မကြည့်ဘဲ သုတ်ခြေတင်သွားမိတာ ခွင့်လွှတ်ကြ တပည့်တို့ရာ"

အားလုံးကို မေးဖေးမမလုပ်ရင်းမှ တောင်းပန်စကားပြောလိုက်သည်။

သို့ငြား....

လီရှူဝါးနှင့် တင်ရွှမ်လီတို့ ပြောလိုက်သော စကားသံကြောင့် လန်ထင်းယိ မျက်လုံးပြူး သွားပြီးနောက်မှ သူတို့အထင်တွင် တစ်မျိုးဖြစ်ပြီး ပြောနေတာပဲဟု သဘောကျစွာပြုံးလိုက်မိသည်။

**တင်ရွှမ်လီတို့ ပြောလိုက်သော စကားမှာ....**

"ဟာ....ဆရာကြီးလန်အနေနဲ့ မတောင်းပန်ပါနဲ့ခင်ဗျာ၊ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ ဒေါသဖြစ်နေတာပါ၊ ဘာ

www.burmeseclassic.com

www.burmeseclassic.com



လို့လဲ ဆိုတော့ ဒီလောက် ကိုယ့်ဆက် အသက်ကြီးနေတဲ့သူကရှေ့က မျက်ခြည်ပြတ်မတတ် ကျော်ပြီးသွားနိုင်လျက်နဲ့ ကျွန်ုပ်တို့လို ဖျတ်ဖျတ် လတ်လတ် လူငယ်တွေ နောက်မှာ ကျန်နေရစ်ခဲ့ရတယ်ဆိုတာကို တော်တော် စိတ်တိုနေကြတာပါ…”

တင်ရွှမ်လီ၏ စကားအဆုံးတွင်…

“ဟုတ်တယ်၊ ဖြစ်သင့်တာက ဆရာကြီးက အသက်အရွယ် ကြီးရင့်နေပြီမို့ မောပန်းနွမ်းနယ်ပြီး ကျွန်တော်တို့က ဆရာကြီးကိုကျော် ချီသယ်ပိုးပြီး ခေါ်ရမှာဖြစ်ပါတယ်”

“ဟား…ဟား…ဟား၊ ငါ့တပည့်တွေရဲ့ စိတ်ဓာတ်နဲ့စိတ်ကူးကို သဘောကျသွားပြီကွာ၊ တကယ်ပါပဲ၊ ဟား…ဟား…ဟား”

လန်ထင်းယီ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သောအသံကြောင့် အားလုံး ကြောင်တောင်တောင် ဖြစ်ကုန်ကြသည်။

“ဘာလဲ၊ မင်းတို့က ငါရယ်တာကို နားမလည်ဘူးမဟုတ်လား”

“ဟုတ်ပါတယ် ဆရာကြီး”



“ဒီမှာ၊ မင်းတို့ ကလေးတွေအနေနဲ့ သိပ်ပြီး ရိုးသားတယ်ဆိုတော့ ခုလိုဖြစ်တဲ့ ကိစ္စမှာ ဘာကြောင့် မင်းတို့ ဆရာကို မမီတယ် ဆိုတာကို သိမှာမဟုတ်ဘူး၊ သိရော သိကြရဲ့လား”

“မသိပါဘူး ဆရာကြီး”

“တောင်ခေါင်တက်တဲ့လမ်းမို့ပါ ဆရာကြီး”

အားလုံးသည် သူတို့၏ဆရာ စိတ်များ ဆိုးသွားပြီလားဟု စိုးရိမ်သောမျက်နှာများဖြင့် ကြည့်ကြောင်း လန်ထင်းယီ သဘောပေါက်မိသည်။

ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

“အေး…မင်းရဲ့ အမြင်၊ မင်းရဲ့ ဟန်လေးကတော့ မဆိုးပါဘူး၊ ဒါပေမယ့် ဆရာကိုလေးစားတာနဲ့ ဆရာ့အကဲ ပိုပြီး ဘတ်အောင် မသင်တဲ့ တပည့်တွေ အများကြီး ရှိတာပဲကွ၊ အဲ…ဆရာကိုယှဉ်ပြီး ပြိုင်ရင် ပြီးတာပဲကွာ၊ ဒါပေမယ့် ဆရာထက်တော့ တတ်အောင်သင်ရမယ် သိလား”

အားလုံး ခေါင်းလေးတွေ တညိတ်ညိတ်ပြုကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲ... လောလောဆယ် မင်းတို့ ဆရာ့ကို မနိုင်နိုင်ဘူး ဆိုတာ အခြား မဟုတ်ပါဘူး၊ မင်းတို့တာ သိုင်း မတတ်သေးတဲ့ သာမန် ကလေးတွေ မဟုတ်လား....

"ဆရာက သိုင်းပညာ တတ်တဲ့လူဆိုတော့ ကိုယ်ဖော့ပညာမှာ မင်းတို့ထက် သာနေတယ်၊ ဒါကြောင့် ဆရာ့ကိုယ်ခန္ဓာဟာ သိပ်ပြီး ပေါ့ပါးနေတော့ မင်းတို့ ဘယ်လိုလုပ်ပြီး နိုင်မလဲ"

"ခင်ဗျာ၊ ဆရာက ကျွန်တော်တို့ထက် ပေါ့ပါးတယ် ဟုတ်လား"

လီရှူဝါးက မဝံ့မရဲ မေးလိုက်သည်။

အားလုံး၏ မသိပါဘူးဟူသော အသံများထဲတွင် အသံစူးစူးလေး တစ်သံကြားလိုက်ရသဖြင့် အသံရှင်ကိုလှည့်ကြည့်လိုက်ကြသည်။

စောစောက ပါးစပ်တွင် အမြှုပ်များ ထွက်နေသည့်သူ ဖြစ်သည်။

သူ့နာမည်က ရှင်ကျင့်ပင် ဖြစ်၏။

"ဟေ... ဘယ်လို... ဘယ်လို၊ ခုန ပြောလိုက်တာ ဘယ်သူလဲကွ၊ ကဲ... ဆရာ့ကို သဘောပေါက်အောင်ပြောပါဦး"



လန်ထင်းယီ၏ စကားသံကြောင့် ရှင်ကျင့်သည် ထိုင်နေရာမှ ထလိုက်ပြီး....

"ကျွန်တော့်ရဲ့အထင်ကို ပြောတာပါ ခင်ဗျာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"ပြောပါ... ရဲရဲသာပြောပါ"

"ဟို... ကျွန်တော် ထင်တာကတော့ တောင်တက်တောင်ဆင်းလမ်းတွေဟာ ဆရာကြီးသွားနေကျမို့ ထင်ပါတယ်၊ ကျွန်တော် တောင်ပေါ်လမ်းကို ခုမှ ပထမဆုံးအကြိမ် သွားဖူးတာပါ၊ မကျွမ်းကျင်သေးဘူးလေ၊ ဒါကြောင့် ဆရာကြီးက မမီတာ ဖြစ်မှာပါ၊ မြေညီမြေပြန့်ဆိုရင် ဆရာကြီး ကျန်ခဲ့မှာ သေချာပါတယ်"

ရှင်ကျင့်၏စကားကို ကြားလိုက်ရသော လန်ထင်းယီမှာ စိတ်မဆိုးပါ၊ စိတ်မဆိုးရုံမက ဤကဲ့သို့ မာန်ရှိသော စိတ်ဓာတ်ကိုပင် သဘောကျစွာ ချီးကျူးမိသည်။

တပည့်များ၏ မျက်နှာကို စေ့စေ့ကြည့်၍ အကဲခတ်လိုက်သည်။

"ဟုတ်တယ်၊ မင်း အခုဆရာကို ခုန်ပြစမ်း၊ ဘယ်လောက်မြင့်မြင့် ခုန်နိုင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



လီရှုဝါးနှင့် တင်ရွှမ်လီတို့ တစ်ယောက်တစ်လှည့် အားပါးတရ ခုန်လိုက်ကြသည်။

နှစ်ယောက်စလုံး အနည်းငယ်မျှသာ ခုန်နိုင်ကြသည်။

"ကဲ...ဆရာ့ကိုကြည့်"

စကားပြောရင်းမှ 'ယား'ခနဲ မာန်သွင်းသံနှင့်အတူ လန်ထင်းယီ၏ ခန္ဓာကိုယ်သည် လီရှုဝါးနှင့် တင်ရွှမ်လီတို့ထက် ပို၍ မြောက်တက်သွားပြီး လှပစွာ ပြန်လည်ကျသွားသည်။

"ဟာ...ဆရာကြီး၊ ခုလောလောဆယ် ကျွန်တော်တို့ကို ဒီပညာ သင်ပေးပါလား"

"ဟုတ်တယ် ဆရာကြီး၊ ဒါမှ ကျွန်တော်တို့ ဆရာကြီးနဲ့ အတူလိုက်ပြီး ကျွန်တော်တို့ ပြေးနိုင်မှာ"

လီနှင့်တင်သည် သူတို့၏ ဆရာကိုကြည့်ရင်း ဝမ်းသာ အားရ ဝိုင်းပြောလိုက်ကြသည်။

"မင်းတို့ကို ချက်ချင်း သင်ပေးလို့ ရမယ်ဆိုရင် ချက်ချင်း သင်ပေးတာပေါ့ကွာ၊ ဒီပညာကိုရလာအောင် ဆရာကြီး ဒီလိုဖြစ်လာအောင် အနှစ်နှစ်ဆယ်လုံးလုံး အဆင်းရဲအပင်ပန်းခံပြီးမှ ရလာတဲ့ပညာကွ၊ ချက်ချင်း သင်လို့မရဘူး"



လန်ထင်းယီသည် တပည့်များကို စိတ်မကောင်းစွာဖြင့် ပြောလိုက်သည်။

ဆရာ၏ စကားကြောင့် လီတို့အုပ်စုသည် ပါးစပ် အဟောင်းသား ဖြစ်သွားကြသည်။

"ဟာ...ဒါဆိုရင် ဆရာကြီး အချိန်မီပါ့မလား"

တင်ရွှမ်လီက စိုးရိမ်တကြီးမေးလိုက်သည်။

"အေး...ငါလဲ ဒါကိုစဉ်းစားနေတာ၊ ဒီလိုသာ ဟိုနား ဒီနား သွားနေမယ်ဆိုရင် မီမှာမဟုတ်ဘူးကွ၊ ငါက ငါ့ရဲ့ ကိုယ်ဖော့ပညာနည်းနဲ့ တွက်ဆပြီးပြောတာတောင် ဆယ်ရက်တင်းတင်းပြည့်တဲ့နေ့မှ ရောက်မယ်ဆိုတော့ ခုလိုပုံနဲ့သာ ဆိုရင် ပြဿနာပဲ"

အားလုံး မျက်စိမျက်နှာ ပျက်သွားကြသည်။ သူတို့ဆရာ အတွက် စိတ်မကောင်းဖြစ်သွားကြသည်။

ဘယ်လိုအကြံပေးရမယ်ဆိုတာ သူတို့မတွေးတတ်အောင် ဖြစ်၍သွားကြသည်။

လန်ထင်းယီ သေသေချာချာ စဉ်းစားနေပုံရသည်။

မျက်ခုံးနှစ်ဖက် ထိဆက်လုနီးပါးဖြစ်အောင် မျက်မှောင် ကုတ်လျက် စဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ဖန်မျှားစွာ သက်ပြင်းချရ၏။ သို့သော် သိပ်မကြာ မှာပင် မျက်နှာဝင်းပလာသည်။

ဆရာ၏မျက်နှာကို တစေ့တစောင်းကြည့်ရင်း ငေးငေး နေကြသော ကလေးငယ်တို့၏မျက်နှာမှာလည်း သူဝ့်ဆရာ မျက်နှာနည်းတူ မျက်နှာလေးတွေ ဝင်းပသွားသည်။

"ဟာ....ဟုတ်ပြီ၊ ဒါပေမယ့် မင်းတို့ပင်ပန်းမယ်"

ရုတ်တရက် ပြောလိုက်သော ဆရာဖြစ်သူစကားကြော လီရှဝါးတို့ တစ်အုပ်လုံး မတ်တတ်ရပ်လိုက်ကြသည်။ ပြီးလျှ ချက်ချင်းပင်....

"ဆရာကြီး....ကျွန်တော်တို့ပင်ပန်းတာ ကိစ္စမရှိပါဘူ ပင်ပန်းပါစေ၊ ဆရာကြီး ဟိုကို အချိန်မီရောက်ဖို့ အရေးကြ ပါတယ်၊ ကျွန်တော်တို့ ဘာလုပ်ရမှာလဲ ဆရာကြီးပြော ညာတာ မနေပါနဲ့"

နောက်ဘက်မှ လှမ်းပြောလိုက်သော စကားဖြစ်သည်

"ဟုတ်တယ် ဆရာကြီး၊ ကျွန်တော်တို့ ဘာလုပ်ရမ ဆိုတာကို ပြောပါ"

တစ်ပြိုင်တည်းလိုလို သံပြိုင်ပြောလိုက်ကြသည်။



လန်ထင်းယီသည် နှုတ်ခမ်းကို တွန့်ရှုံ့ဆိုသလောက် တွေး ချက် ပြုံးလိုက်ပြီး ဦးခေါင်းကို တဆတ်ဆတ်ညိတ်ပြကာ သည့်တပ်ကိုကြည့်နေသည်။ ပြီးလျှင်....

"ကောင်းပြီ...စမ်းတော့ ကြည့်သေးတာပေါ့"

အားလုံး ပြုံးလိုက်ကြသည်။

"ဖြစ်ရမှာပေါ့၊ ဆရာကြီးလုပ်မယ့် အစီအစဉ်ကို ပြော ါ"

"ဖြစ်အောင်လုပ်ဖို့က ကျွန်တော်တို့တာဝန်ပါ"

တင်ရှမ်လီက အားတက်သရော ပြောလိုက်သောအခါ....

"ငါ့ရှေ့ကပြေးမှာ၊ မင်းတို့က ငါ့နောက်က တညီ ညွတ်တည်းလိုက်ခဲ့ကြ"

"ဗျာ...."

အားလုံး အံ့ဩသွားကြသည်။

လမ်းက တောင်တက်လမ်းဖြစ်သည်။ တစ်ယောက်တည်း င်မနည်းလျှောက်ရသောလမ်း ဖြစ်သည့်လမ်းကို ဆရာဖြစ် က သူတို့ကိုပါ ခေါ်းတွင်ချိတ်ပြီး တက်မည်ဆိုသဖြင့် အံ့ဩ ားကြခြင်းဖြစ်သည်။

www.burmeseclassic.com



''ဆရာကြီး သိပ်ပင်ပန်းနေမှာပေါ့''

လီရှဝါးက မရဲတရဲ ပြောလိုက်သည်။

''စောစောက မင်းတို့ပြောတယ်မဟုတ်လား၊ ကိုယ့်တာဝန် ကိုယ်ကျေစေရမယ်ဆို၊ ဒီလိုပဲပေါ့၊ ရှေ့ကသွားဖို့ငါ့တာဝန်ပါ၊ မင်းတို့နဲ့ မဆိုင်ပါဘူးကွ၊ ဘယ့်နှယ်လဲ''

သူ့အား စိုးရိမ်တကြီး ပြောလိုက်သော လီအား အမှုံးပြုလျက် ကျန်သူများကိုပါ မေးလိုက်သောအခါ...

''ဆရာကြီး ဖြစ်မယ်ဆိုရင် ကျွန်တော်တို့အားလုံး လိုက်ပါ့မယ်''

''ကဲ...စမ်းကြည့်ရအောင်''

တင်ရှမ်လီက ရှေ့ဆုံးမှရပ်ပြီး သူ့နောက်မှ လီရှဝါး ပြီးတော့ တစ်ယောက်နောက်မှ တစ်ယောက် တညီတညွတ်တည်း ရပ်လိုက်ကြသည်။

''ကဲ...မင်း ပိုပြီးအရေးကြီးတယ်၊ ကဲပါကွာ...ဒီလိုလုပ် တစ်ယောက်နဲ့တစ်ယောက် ဝတ်စုံဘေ့ပူးပြီး ချည်လိုက်ကြစမ်းကွာ၊ ဆက်ဆက်ပြီးရတော့ပေါ့၊ ဒါမှ လက်အံသေတို့ ပြုတ်သွားလဲ ကျန်မနေခဲ့ဘူးပေါ့၊ ကျန်နေခဲ့လဲ အော်သာ အော်လိုက်နော်''



ဆရာ၏ စကားဆုံးသည်နှင့် အားလုံး ဝတ်စုံချင်း ပူးဆောင်းချည်လိုက်ကြသည်။ ပြီးသည်နှင့်...

''တင်ရှမ်လီနဲ့ ဆရာ့ဝတ်စုံဆက်ပြီး ချည်လိုက်ကွာ၊ ပြီးတော့ ညီညီညာညာလိုက်လုပ်၊ ကြားကြလား''

တင်ရှမ်လီသည် ရှေ့ဆုံးမှဖြစ်သောကြောင့် စိတ်မချဟန်ဖြင့် သူကိုယ်တိုင် တင်ရှမ်လီ၏ ဝတ်စုံစကို လက်နှစ်ဖက်တွင် သိုင်းလျက်ချည်လိုက်သည်။

''ဟေ့...နောက်ကလူတွေ၊ မျက်လုံးကို ပိတ်ထားကြသော့၊ ကဲ...စပြီ''

လန်ထင်းယီက လေကို ရှူသွင်းရှူထုတ် လုပ်ကိုင်နိုင်ပြီး အတွင်းအားများကို စုစည်းလိုက်ကာ ကိုယ်ဖော့အားကို တစ်ကိုယ်လုံး ထည့်ထားလိုက်ရာမှ နောက်မှ တပည့်များဆီသို့လည်း တွန်းထုတ်လိုက်ပို့ပေးလိုက်ကာ...

''ယိ...ယား...ယား''

စတင်ပြေးပြီဖြစ်သည်။

အံ့ဩဖွယ် ကောင်းလောက်အောင် နောက်ဘက်မှ လူတန်းကြီးသည် တန်းစီ၍ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြေးစက ကသိကအောက်ဖြစ်သော်လည်း အရှိန်ရလာသောအခါ အနောက်မှ ပါလာသော လူပေါင်းနှစ်ဆယ်ခြောက်ယောက် အရှိန်သည် ရှေ့သို့တွန်းပို့သကဲ့သို့ဖြစ်နေပြီး ပြေးအားအရှိန်မှာ လွန်စွာကောင်းလာပြီး ခရီးတော်တော်ပေါက်လာခဲ့သည်။

နောက်မှလိုက်လာသော တပည့်များ ဖြစ်သူမှာလည်း ပထမ ရင်ထဲတွင် ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်းဘို့ဖြင့် ကြောက်လန့်နေကြသော်လည်း ကြာလာသောအခါ လန့်ထင်းယီလိုပင် တိုင်ပင် အံ့ဩရသည်။

မိမိကိုယ်မိမိ မောရမှန်းပင် မသိတော့။

ပထမပြေးစဉ်က ၃လက သူ၏အင်အားကို တော်တော်စိုက်ထုတ်ခဲ့ရသော်လည်း တကယ်တမ်းတွင်မူ ရိုးရိုး ဆယ်ယောက်တည်း ပြေးလွှားစဉ်က ကဲ့သို့ပင် သက်သာရုံသာ နောက်မှပါလာသော အရှိန်ကြောင့် ရှေ့သို့ခရီးသည် ပို၍ လျင်မြန်လာခဲ့သည်။

အဝေးကကြည့်မည်ဆိုလျှင် ညို့မှလွှတ်လိုက်သော မြားတစ်စင်းကဲ့သို့ ထင်ရမည်ဖြစ်သည်။

နောက်မှ လူဘန်းကြီးမှာလည်း စပြေးသာကြသည်။ အားလုံးပျော်နေကြသည်။



"တောထဲမှာ ပန်းကလေးတွေ ပွင့်နေတယ်ကွယ်....

တောင်ပေါ်မှာ နှင်းကလေးတွေ ကျနေပါတယ်။

နေရောင်ခြည်ဟာ အရှေ့ဆီက ဝင်းလျက်ထွက်လာခဲ့တယ်။

အရှယ်က တက်ကြွဖွယ် အနီရောင်ခြယ်။

တိုက်ပွဲဝင်မယ့် လူစွမ်းကောင်းတွေကို ကြိုဆိုနေမယ်ဆိုတဲ့....

ရည်ရွယ်ချက်နဲ့ ပတ်ဝန်းကျင်တစ်ခုလုံး အားလုံးလှပနေပါတယ်"

တယ်သူက စလိုက်မှန်းမသိ။

တဖြည်းဖြည်း သီချင်းသံသည် တညီတညာတည်း ထွက်လာခဲ့၏။

ပထမ လန်ထင်းယီသည် ဤသီချင်းသံကြောင့် ဆူညံသည်ဟု ထင်ကာ တားမည်ကြံသေးသည်။

သို့သော်....မတားပါ။

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင် ပျော်ရွှင်လာပြီး တပည့်များနှင့် အတူတူ သူရေးသည့် သီချင်းကို တစ်ဝက်တစ်ပျက် လိုက်ဆိုရင်း ဖြေးနှန်းကို တစ်ဆင့်ပိုတင်လိုက်ထည်။

''ဟေး....ဆေး....ဟေး''

*　*　*

စားသောက်ဆိုင်ကလေးသည် ပုံမှန်ရောင်းလျက် ရှိသေးသည်။

ထိုကွင်းပြင်တွင် တရုတ်ပြည်တစ်ခုလုံးမှ သိုင်းသင်တန်း အသီးသီးမှ သိုင်းသမားအတော်များများ လာရောက်တည်းခိုနေကြသည့် နေရာလည်း ဖြစ်သည်။

ကြိုလင်တောင်ကလပ်သို့ သူတို့ကိုယ်တိုင် လိုက်သွားဖို့ အဆင့်မရှိ၍သာလျှင် တဲလွင်ပြင်တွင် စခန်းချရင်း မိမိတို့ ခေါင်းဆောင်များ၊ ဆရာများ အပြန်ခရီးကို ရင်တထိတ်ထိတ်နှင့် စောင့်နေရသော နေရာလည်း ဖြစ်သည်။



ဤကဲ့သို့ စောင့်ဆိုင်းနေကြသော သိုင်းအဖွဲ့ အသီးသီးသည်လည်း သူ့ဆရာက မတော်၊ ငါ့ဆရာက ပိုတော်သည့်တု ပါးစပ်ပြိုင် ရန်ထောင်နေကြသော နေရာလည်း ဖြစ်သည်။

ယနေ့ဆိုလျှင်....

တောင်ကလပ်ပေါ်တွင် သိုင်းပြိုင်ပွဲများ ကျင်းပနေသည်မှာ ယနေ့ဆိုလျှင် ရှစ်ရက်တင်းတင်း ပြည့်ပေပြီ။

ဤတွင် ပြိုင်ပွဲပေါင်း ဆယ့်ခြောက်ပွဲခန့် ပြိုင်ပြီး ဖြစ်သော်လည်း မည်သည့်အဖွဲ့ကနိုင်နေပြီး မည်သည့်အဖွဲ့ကရှုံးနေသည့် သတင်းကို သေသေချာချာ မသိကြရသေးချေ။

သို့သော်....

အရှေ့ပိုင်းအဖွဲ့သားများမှာ တော်တော် ထောင်ထောင်ထောင်ထောင် လုပ်နေသည်။

ကျန်အဖွဲ့များမှာ စည်းကမ်း သေသေဝပ်ဝပ်နှင့် မိမိ၏ အဖွဲ့သားများသတင်းကိုစောင့်မျှော်နေကြသော်လည်း အရှေ့ပိုင်း ဂိုဏ်းသားတို့သည် ပြီးခဲ့သော ပြိုင်ပွဲထွင် လက်ရှိပသာမရထားသော သူတို့၏အဖွဲ့သာလျှင် သည်နှစ်တွင်လည်း ဆက်

www.burmeseclassic.com

www.burmeseclassic.com



လက် အောင်ပွဲခံနိုင်ခဲ့သည်ဟု ထင်ဘစ်လုံးနှင့် ကျန်အဖွဲ့များကို မာနထောင်လွှားနေကြသည်။

ဝတ်ရုံနက် ခေါင်းဖိနပ်တစ်ရံယောက် ခရီးထွက်နေ၍ တော် သေးသည်။

သူက ပိုဆိုးသည်။

ယာယီစားသောက်ဆိုင်များတွင်သည်း သူတို့ဂိုဏ်းသား များသာ မှီးယစ်သောက်စားနေကြသဖြင့် အခြားဂိုဏ်းသား များမှာ လုံး၀ စားသောက်ဆိုင်သို့ လာရောက်ခြင်း မရှိ ချေ။

ယခုလည်း စားသောက်ဆိုင်အတွင်း၀ယ် အရှေ့ပိုင်းဂိုဏ်း သားတို့ ကြီးစိုးမင်းမူနေကြဆဲ။

"ဟေ့...ဘယ်နှစ်နာရီထိုးပြီလဲကွ၊ ငါ့ကိုဘာလို့ လာ မနှိုးကြတာလဲကွ...ဟေ"

နောက်ဘက်တည်းခိုခန်းမှ ထွက်လာသော အသံကြီးတစ် သံကြောင့် စားသောက်ဆိုင်အတွင်း စားသောက်နေကြသူ များမှာ အသံလာရာဘက်သို့ ကြည့်လိုက်ကြသည်။

စားသောက်ဆိုင် ပိုင်ရှင်သည်ပင် ကြောင်တောင်တောင် ဖြစ်သွားသည်။



"ဟေ့...ဘယ်သူလဲကွ နောက်က အော်နေတာ၊ နိုးရင် လဲ ထွက်ခဲ့ပါလားကွ၊ မင်းကို ဘယ်သူက လာနှိုးရဦးမှာ လဲ"

အရှေ့ပိုင်း ဂိုဏ်းသားတစ်ဦးက အနောက်ဘက်ဆီသို့ လှမ်းအော်လိုက်သည်။

"ဘယ်ကောင်လဲကွ၊ ငါအော်တာကို ပြော၊ မင်းတို့ဆိုင် ထဲကကောင်တွေ ဆူညံလွန်းလို့ ငါအိပ်ရာက လန့်နိုးလာ တာ၊ ဒီမှာ ခုနစ်ရက် အိပ်ထားတာတောင် အိပ်ရေး မ၀ သေးဘူး နားလည်လား၊ ငါသိပ်ပြီး အအိပ်ကြီးလို့ လာနှိုး ပါလို့ ပြောထားတဲ့ စားပွဲထိုးရော ဘယ်ရောက်နေလဲ"

စကားဆုံးသည်နှင့် အိပ်ချင်မူးတူးဖြင့် ယိုင်ထိုး ယိုင်ထိုး ထွက်လာသည့် လူကို တွေ့လိုက်ရသော လူအားလုံးမှာ အံ့အားသင့်သွားကြသည်။ ထိုသူမှာ ဝတ်ရုံနီနှင့် လူပျော်ကြီး ဖြစ်လေသည်။

"တင်...ခင်ဗျား ဘယ်ကထွက်လာတာလဲ"

အရှေ့ပိုင်းဂိုဏ်းသား တစ်ဦးက မျက်လုံးပြူး မျက်ဆန် ပြူးနှင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ အိပ်နေရာက ထ,လာတာပေါ့၊ ငါ စ,ပြီး တည်းခိုကတည်းက ခုနစ်ရက်လောက် နေပါမယ် ပြောပြီး တည်းခိုတာပဲ၊ ခု ဘယ်နှစ်ရက်ရှိပြီလဲ"

"အို…မဖြစ်နိုင်ဘူး၊ လုံးဝ မဖြစ်နိုင်ဘူး"

"ဟာ…ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ ငါတည်းခိုတာ မကျေနပ်လို့လား၊ မကျေနပ်ရင် ငါသွားမယ်၊ ငါအိပ်တာ ဘယ်နှစ်ရက် ကြာသွားလဲဆိုတာ ပြောစမ်း၊ တစ်ရက်ကို ဘယ်လောက်ပေးရမလဲ၊ ရော့…ငွေ ခုနစ်ခွက်၊ ပိုတာ ပြန်မအမ်းနဲ့"

ထိုစဉ်…

လူပျော်ကြီးကို အခန်းထဲသို့ လိုက်ပို့သော စားပွဲထိုးဟန်ဆောင် အရှေ့ပိုင်း ဂိုဏ်းသားသည် မမျှော်လင့်ဘဲ သူ့ကို တွေ့လိုက်ရသဖြင့်…

"ဟာ…ဘယ်ကနေ ပြန်ရောက်လာတာလဲ"

"ဟေ…မင်း ငါ့ကို အခန်းထဲ လိုက်ပို့ပေးတဲ့ကောင် မဟုတ်လား၊ မင်း တော်တော်ဆိုးတဲ့ကောင်ကွာ၊ ငါ့ကို နည်းနည်းတော့ လာနှိုးသင့်တာပေါ့၊ ခု ငါမှာ ဘာမှမစားရဘဲ အိပ်နေတာ၊ ခုမှ ဗိုက်ဆာလာလို့ နိုးလာတာ"



လူပျော်ကြီးက ထိုသိုင်းသမားကို မှတ်မိသွားပြီး ဆီးကြို၍ အပြစ်တင်လိုက်သည်။

"အိုး…ခင်ဗျားကို လာကြည့်တာပေါ့၊ သေသေချာချာကို လာကြည့်တာ၊ ခင်ဗျားကို အခန်းထဲမှာ မတွေ့ပါဘူး"

"ဟား…ဟား…ဟား၊ ငါ့ကို မင်းတို့ ဘယ်တွေ့မလဲကွ၊ ငါက ကွပ်ပျစ်ပေါ်မှာ အိပ်တာမှ မဟုတ်တာ၊ ကွပ်ပျစ်အောက်ကိုဝင်ပြီး မြေကြီးတွေကို ယက်ထုတ်၊ မြေကြီးထဲကို ဝင် အပေါ်က ပြန်ဖုံး… နှာခေါင်းဖော်ထားပြီး အိပ်တာ၊ မင်းတို့ ဘယ်တွေ့ရမလဲ၊ ဟား…ဟား"

လူပျော်ကြီး၏ စကားကြောင့် တစ်ဆိုင်လုံး အံ့အားသင့်သွားကြသည်။

"ကဲ…ငါ့ကို အရက်နှစ်အိုး မြန်မြန်ပေးစမ်းပါ၊ ခုနက ပေးလိုက်တဲ့ ငွေခွက် ဘယ်လောက်ပိုလဲ၊ အဲဒါကိုပြန်မပေးနဲ့၊ အရက်ဖိုး ငါပေးမယ်၊ မြန်မြန်ပေး၊ စားစရာတွေလဲ ယူခဲ့ကွာ"

ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ သူ့ဆန္ဒကိုသာ အော်ဟစ်လိုက်သဖြင့် ဆိုင်ရှင်မှာ ငွေမျက်နှာဖြင့်…

"ဟေ့…ဒီဆရာကြီးကို မြန်မြန် လုပ်ပေးကြစမ်း" ဟု သူ့အလုပ်သမားတို့ကို လှမ်းပြီးပြောလိုက်သည်။ လူပျော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



သည့် ဆိုင်ပေါက်ဝဘက်သို့လှည့်ပြီး ထိုင်နေရာမှ တစ်စုံတစ်ဦး ကို လှမ်းပြီး ကြည့်နေသည်။

သူကြည့်နေသည်မှာ အရှေ့ပိုင်း ဂိုဏ်းသားတို့ စုစုဝေးဝေးဖြင့် သူ့ကို အကဲခတ်နေကြခြင်းကြောင့်ဖြစ်သည်။ ထိုသူများသည် တစ်စုံတစ်ခုကို တိုင်ပင်ပြီး သူအိပ်ခဲ့သည့် အခန်းဆီသို့ အားလုံး ဝင်သွားကြသည်ကို တွေ့လိုက်ရသဖြင့် နှုတ်ခမ်းစွန်းတွင် အပြုံးလေးတစ်ခု သင်သွားသည်။

သို့ပြား...ပတ်ဝန်းကျင်ရှိ လူများ ဘယ်သူမှ သူ့ အပြုံးရိပ်အား လှမ်းမြင်လိုက်ကြခြင်း မရှိပေ။ မကြာမီ...စားစရာများနှင့် အရက်အိုး နှစ်အိုး ရောက်လာသဖြင့် လူပျော်ကြီးသည် အရက်နှင့် အစားအသောက်ကို အငမ်းမရ ယူငင် စားသောက်နေလေသည်။

သိပ်မကြာပါ။ သူအိပ်သော အခန်းထဲသို့ ဝင်သွားသူများ အလျှိုလျှို ပြန်ထွက်လာကြသည်။

"ခင်ဗျားက ကြံကြီးစည်ရာလုပ်တဲ့လူပဲဗျာ"

သူ့နံဘေးတွင် ရယ်၍ ပြောလိုက်သော အရှေ့ပိုင်း ဂိုဏ်းသား တစ်ဦးကို မော့၍ပင်မကြည့်ဘဲ...

"ဘာလုပ်လို့လဲဗျ"



အရက်အိုးကို လက်စသတ်မော့ရင်း ပြန်မေးလိုက်သည်။

"ဘာလုပ်ရမှာလဲဗျ၊ ကျုပ်တို့က ခင်ဗျား ထွက်သွားပြီတဲ့လို့ လိုက်ရှာနေတာ၊ ကျုပ်ဆရာ ငလာ့ဖိန်တောင် ဘယ်ရောက်နေမှန်း မသိဘူး"

လူပျော်ကြီးက မျက်လုံးပြူးလျက် ပြန်ကြည့်လိုက်ရင်းမှ...

"အို့...ကျုပ် ထွက်သွားမှာ စိုးရိမ်လို့လား"

"ဟုတ်တယ်"

"ကျုပ် ရှိနေသားပဲ၊ ခုနစ်ရက်လောက် ကျုပ် တည်းခိုမှာပါလို့၊ ကျုပ် ဘာဖြစ်လို့ ထွက်သွားရမှာလဲ"

အရှေ့ပိုင်း ဂိုဏ်းသား၏ မျက်နှာမှာ ပြုံးယောင်သမ်းလာသည်။

"ခင်ဗျား တပည့်တွေ သွားစုနေသလားလို့ပါ"

"ဟား...ဟား...ဟား...ခင်ဗျားတို့ တော်တော် စိုးရိမ်တတ်တဲ့ လူတွေဗျာ...

"ကျွန်တော် သွားစုလို့ မီမှာလဲမဟုတ်ဘူး၊ ဘာလို့ အပင်ပန်းခံတော့မှာလဲ၊ ခင်ဗျားတို့ စဉ်းစားကြည့်လေ၊ ကျုပ် တပည့်တွေ ရလာတော့ကော ကျုပ်တပည့်တွေ သေမင်း ပါး

www.burmeseclassic.com

www.burmeseclassic.com



စပ်ကို ဘယ်လိုဖြတ်မလဲ၊ အန္တရာယ်ချောက်ကိုဖြတ်ပြီး တ နှစ်ဆယ်ကို ဘယ်လိုခေါ်သွားနိုင်မှာလဲ''

အရှေ့ပိုင်းဂိုဏ်းသားတို့ ခေါင်းတညိတ်ညိတ် ဖြစ်သွား ကြသည်။

''ဒါဖြင့် အခု ခင်ဗျား ဘာလုပ်မလဲ''

''ကျုပ် ပြန်အိပ်မယ်၊ နောက် တစ်ပတ်လောက်ဆိုရင် အပေါ်ကသတင်းတွေ ကြားရတော့မှာပေါ့၊ ကျုပ်က ကိုယ် တိုင် မပြိုင်ရပေမယ့် နားတော့ ထောင်ချင်သေးတယ်၊ ဘယ် သူတွေရှုံးပြီး ဘယ်သူတွေနိုင်တယ်ဆိုတာပေါ့''

လူပျော်ကြီး၏စကားကြောင့် အားလုံး ဘာပြောရမှန်း မသိ ဖြစ်ကုန်သည်။

''ဟုတ်တယ်လေ၊ ကျုပ်အလုပ်က အိပ်နေရုံအပြင် ဘာ လုပ်ရမှာလဲ၊ ဟဲ...ဟဲ...ဟဲ...အိပ်နေတာ လူကျန်းမာတယ်။ ကျုပ် အိပ်လိုက်ဦးမယ်''

လူပျော်ကြီး ထိုင်ရာမှ ထလိုက်သည်။

ပြီးတော့ ဆိုင်ရှင်ရှိရာသို့ ယိုးဒိုးယိုင်ထိုးနှင့် လျှောက် သွားပြီး...

''ကျုပ်အိပ်နေတုန်း မနိုးနဲ့တော့၊ ခုဘယ်နှစ်ရက်ရှိ သွားပြီလဲ''



ဆိုင်ရှင်က ကြောင်တောင်တောင်ဖြင့်...

''ခင်ဗျားအိပ်တာ ဘယ်နှစ်ရက်လဲ၊ ခင်ဗျားမသိဘူး လား''

''မသိလို့မေးတာပေါ့၊ ကျုပ်ကတော့ တစ်ရေးပဲရ တယ်''

လူပျော်ကြီး၏စကားကို နားထောင်နေသူများအဖို့ မယုံ လည်းခက် ယုံလည်းခက် ဖြစ်နေသည်။

မယုံလည်းမဖြစ်၊ သူတို့ကိုယ်တိုင် လူပျော်ကြီး၏ အခန်း တွင်းသို့ ဝင်ကြည့်သောအခါ သူ ပြောသလိုပင် ကွပ်ပျစ် အောက်၌ မြေတွင်းကြီးတွေ့ရလေသည်။

ကျင်းကြီးကလည်း လူတစ်ယောက် အိပ်နေသည့်ပုံစံမျိုး ဖြစ်နေသည်။

''ကဲ...နောက်ထပ် ကျွန်တော် တစ်ရေးအိပ်မယ်၊ ဘာပဲ ဖြစ်ဖြစ် ကျွန်တော်အိပ်ရင် နောက်ထပ် ခုနစ်ရက်ကြာမှာ သေချာပါတယ်၊ ဟဲ...ဟဲ...ဟဲ...သွားမယ်''

ဆိုင်ရှင်ကို ပြောရင်း တစ်ဆက်တည်း...

''ဟေ့...ငါ့ကို လိုက်ပို့ပေးလေကွာ၊ ခုဘောင် ငါ အိပ် ငိုက်နေပြီ''

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုလိုက်ပို့ဖူးသော အရှေ့ပိုင်းဂိုဏ်းသားကို လှမ်း
ခေါ်လိုက်သည်။

ပြီးလျှင် စားသောက်ဆိုင်အတွင်းမှ လူများအား တစ်ချက်
ဝေ့ကြည့်လိုက်သည်။

''ကဲ…မိတ်ဆွေတို့ကို အရက်လှူခဲ့ပါရစေ၊ ကျုပ် အ
တုန်းငြိမ်ငြိမ်လေးသောက်နေကြပေါ့ဗျာ၊ ဟုတ်လား''

ဆိုင်ရှင်ဘက်သို့ ပြန်လှည့်လိုက်ပြီး....

''ရော့…ဒီကမိတ်ဆွေတွေ ကြိုက်သလောက် သောက်
စေဗျာ၊ ရော့....ရွှေထစ်တုံး''

အားလုံး တုန်လှုပ်သွားကြသည်။

သူတို့ကို ရက်ရက်ရောရော အလှူပေးသွားသူကို ကျေးဇူး
တင်စွာဖြင့် လှမ်းကြည့်လိုက်ရင်းမှ ဝမ်းသာအားရ ဖြစ်သွား
သည်။

''ဟေ့…တို့မိတ်ဆွေကြီးကို ကောင်းကောင်း အိပ်နိုင်
စေလို့ ဆုတောင်းကြကွာ၊ ဟား....ဟား....ဟား''

အားလုံး မတ်တတ်ရပ်၍ ဆုတောင်းလိုက်ကြသည်။

လူပျော်ကြီးသည် အရှေ့ပိုင်းဂိုဏ်းသားတစ်ဦးကို
ဖက်ပြီး ယိုင်ထိုးယိုင်ထိုးနှင့် သူ့အခန်းဆီသို့ သွားရင်း



''ဗျို့....ဆိုင်ရှင်ကြီး၊ ကျုပ်တံခါးကို အထဲက ပိတ်ထား
ယ်နော်၊ ဘယ်သူမှ လာမနှိုးစေနဲ့နော်''

''ကောင်းပါပြီဗျာ....ကောင်းပါပြီ''

လှည့်မကြည့်ဘဲ ပြောသွားသော လူပျော်ကြီးကို ရွှင်ပြုံး
စွာပင် ပြန်ပြောလိုက်သည်။

စားသောက်ဆိုင်တွင်းရှိ အရှေ့ပိုင်း ဂိုဏ်းသားတို့မှာ
သည်း အရက်မှာသံ၊ စားသောက်စရာမှာသံတို့ဖြင့် ဆူညံနေ
ပေသည်။

''ဟေ့....တိုးတိုးမှာကြပါကွာ၊ တို့အလှူရှင်ကြီး မအိပ်ရ
ဘဲ နေဦးမယ်''

သူတို့ထဲမှ တစ်ယောက်သောသူက ပြောလိုက်ခြင်းဖြစ်
သည်။

ချက်ချင်း ငြိမ်ကျသွားသည်။ အရက်မှာသံကတော့ ရှိနေ
တုန်းပင်။ မကြာမီမှာပင် ဆိုင်တစ်ဆိုင်လုံး ကိုယ်စီနှင့် မူးယစ်
ပျော်ပါးနေသော အရှေ့ပိုင်းဂိုဏ်းသားတို့သည် အားလုံး
သတိလက်လွတ်နီးပါး ပျော်နေကြခြင်းဖြစ်သည်။

သူတို့သည် လူပျော်ကြီးကိုလည်း သတိမရကြတော့။ သူ
တို့ကိုယ်သူတို့လည်း သတိမရကြတော့။ အားလုံး လောက
စည်းစိမ် အရက်ကမ္ဘာမှာ ပျော်ပါးနေလေပြီဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြောင်စပ်စပ်နှင့် လူပျော်ကြီး ဦးဆောင်သော ကလေးတစ်အုပ် ယခုယီတည်းခိုခန်းသို့ ရောက်လာကြသည်။

သူ့နေရာနှင့်သူ တည်းခိုနေကြသော သိုင်းသမားတို့ သည် သူတို့အုပ်စုကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြ သည်။

ဆော့လိုက်သည့်ကလေးများကလည်း မျောက်က အခေါ် ခေါ်ရမည့်ပုံ။

"ဆရာ...အဲ...ဟို...လူပျော်ကြီး"

လီရှုဝါးက လန်ထင်းယီနားကပ်၍ ခေါ်လိုက်သည်။

သူစကားမှားသွားသဖြင့် ကမန်းကတန်း ပြန်ပြင်ခေါ် လိုက်သည်။

ဆရာ၏ မျက်စောင်းတစ်ချက်ကို ခံလိုက်ရသဖြင့် လီမှာ ကုပ်ကုပ်လေး ဖြစ်သွားရသည်။

"ဟော့...မင်းတို့နဲ့ငါ ဒီနေရာရောက်လာတာ ဟုတ်ပြီ ဘာမှလဲ မသိဘူးကွ၊ ဟေး...ဟေး"

လူပျော်ကြီး ဟန်ဆောင်ထားသော လန်ထင်းယီက လူ ပျော်ကြီးတစ်ယောက်၏ လေသံဖြင့် သူ့လူများကို လှမ်းအော် လိုက်သည်။

"ဟုတ်တယ်...လူပျော်ကြီး၊ ကျုပ်တို့ လမ်းမှားလာကြပြီ ထင်တယ်"



တင်ရှမ်လီက အလိုက်သင့် ပြန်ပြောလိုက်သည်။

သူတို့၏ အော်ကျယ်ကျယ်အသံကြောင့် သိုင်းသမားများ ထွက်လာကြသည်။

"ဟိတ်...မင်းတို့ ဘယ်သွားကြမလို့လဲ"

ခက်ထန် မာကျောသော အသံဖြင့် အရက်မူးနေသော ရှေ့ဂိုဏ်းသားတစ်ဦးက စားသောက်ဆိုင်အတွင်းမှ ထွက် လာပြီး မေးလိုက်သည်။

"ဟာ...ဆ...ဆရာတို့၊ ကျွန်တော်တို့ အပျော်ခရီးထွက် လာကြတာပါ"

လူပျော်ကြီးက ကျိုးနွံစွာ ခေါင်းငုံ့၍ အရိုအသေပေး၍ ပြန်ဖြေပေးလိုက်သည်။

"ဒါ ရွာမဟုတ်ဘူးကွ၊ ကြိုလင်တောင် သိုင်းပြိုင်ပွဲကို လာတဲ့သိုင်းသမားတွေ၊ မင်းတို့ဘာကောင်တွေလဲ"

"ကျ...ကျ...ကျွန်တော်တို့ တောတောင်စုံ လျှောက်ပြီး ပန်းစုံစုဆောင်းတဲ့သူတွေပါ၊ ကျွန်တော်တို့ ပန်းရောင်းတဲ့ သူတွေပါဗျာ"

လူပျော်ကြီးက သူ့နောက်မှပါလာသော ညစ်ပေရေစုတ် ပတ်နေသော ကလေးများကို လက်ညှိုးထိုးပြရင်း ပြောလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ပိုင်းသိုင်းသမားများမှာ ကျေနပ်ပုံမရ၊

''မင်းတို့ ဘာကောင်တွေဖြစ်ဖြစ် ဒီမှာ မတည်းခိုကြနဲ့ ဒီကနေတည့်တည့်သွားရင် ဟိုတော်တော်ဝေးဝေးမှာ ရွာတစ်ခု တွေ့လိမ့်မယ်၊ အဲဒီကနေ ဖြတ်သွားရင် မြို့ထဲ မြို့ကို ရောက်နိုင်တယ်၊ မြန်မြန်သွားကြ''

အရှေ့ပိုင်းဂိုဏ်းသား၏စကားကြောင့်....

''ဟိတ်...ကလေးတွေ၊ သူပြောတဲ့ဘက်ကို မသွားကြနဲ့ အဲဒီဘက်မှာ....''

''ဗိုး''

''ဘုတ်''

နောက်မှထွက်လာသော လူကြီးကို အရှေ့ပိုင်းဂိုဏ်းသားက ရုတ်တရက် ကန်လိုက်၍ မြေပြင်ပေါ်တွင် လဲကျသွားသည်။

''ဟိတ်...ဒါက ဘာလုပ်တာလဲ၊ မင်းတို့ တရားလွန်နေပြီ၊ မင်းတို့ကြီးစိုးနေတယ်လို့ ထင်လို့လား''

တစ်ဖက်မှ လူသုံးယောက် ပြေးထွက်လာရင်း ပြောလိုက်ရာ....

''ချွမ်း''



ဓားသုံးလက် တစ်ပြိုင်တည်း ဆွဲထုတ်လိုက်ကြသည်။

အမှန်မှာ....

အရှေ့ပိုင်းဂိုဏ်းသား လူပျော်ကြီးတစ်ဖြစ်လဲလဲနိုင်ထင်းယီကို မမှတ်မိဘဲ ကလေးများကိုပါ သေစေရန် သေမင်းလွင်ပြင်ကို လမ်းညွှန်သည့်အတွက် မနေနိုင်ဘဲ ဝင်ပြောမိသော လူတစ်ယောက်ကို တိုက်ခိုက်လိုက်သဖြင့် ချက်ချင်း သိုင်းအဖွဲ့မှ လူသုံးယောက်သည် သည်းမခံတော့ဘဲ ဓားများကို ဆွဲကာ ဝင်လာကြခြင်းဖြစ်သည်။

''အမယ်...မင်းတို့လို မဖြစ်စလောက် အဖွဲ့လေးကများ ငါ့ကို ဓားတွေဘာတွေထုတ်ပြီး မာနရှေ့ကျော့ရနဲ့ လာကြစမ်း''

အရှေ့ပိုင်းဂိုဏ်းသား၏ စိန်ခေါ်သံ မဆုံးမီမှာပင်....

''ဟိတ်''

''ဗိုး''

''ဒုတ်''

ဓားသုံးလက် သိုင်းသမားတို့၏ တိုက်ခိုက်မှုကြောင့် အရှေ့ပိုင်းဂိုဏ်းသားများမှာ အူးခနဲ အော်၍ လဲကျသွားသည်။

ထိုစဉ်မှာပင်....

www.burmeseclassic.com

www.burmeseclassic.com



"တို့အဖွဲ့ကိုချနေပြီဟေ့....လာကြ"

အရှေ့ပိုင်းဂိုဏ်းသား၏ အသံမဆုံးမီမှာပင် စားသောက်ဆိုင်တွင်းမှ အရှေ့ပိုင်းဂိုဏ်းသားများ ဓားများကို ဆွဲထုတ်လျက် ထွက်လာကြသည်။

"ယိုင်"

"ယား"

"လာကြဟေ့"

တိုးတိုးပြောလိုက်သံနှင့်အတူ လူပျော်ကြီးနှင့် ကလေးများ ထိုနေရာမှ လစ်ထွက်လာကြသည်။

တကယ်တော့ ပြဿနာက သိပ်မကြီးကျယ်လိုက်ရပါ။ အဘယ့်ကြောင့်ဆိုသော် စခန်းတစ်ခုလုံး အုပ်ချုပ်ရန် ဘုရင်မင်းမြတ်၏တပ်မှူးဖြစ်သူအလယ်ပိုင်းသိုင်းအဖွဲ့လက်ထောက်ခေါင်းဆောင်တစ်ယောက်က ပင်ရောက် ဖျန်ဖြေထိန်းသိမ်းလိုက်ခြင်းကြောင့် ဖြစ်သည်။

သိုင်းသမားများ မကျေမနပ်ဖြင့် လူစုခွဲလိုက်ကြသည်။ အမှန်မှာ စခန်းတစ်ခုလုံးကို အုပ်ချုပ်သော တပ်မှူးသည် ရိုးခန့်သဘောရှိသည့် သူ့တည်းခိုဆောင်တွင်နေ၍ အုပ်ချုပ်နေသောကြောင့်လည်းကောင်း၊ တော်ရုံတန်ရုံကိစ္စများကို သူ့



ယ်သားများနှင့် ပြီးပြတ်စေခြင်း တို့ကြောင့်လည်းကောင်း သူသည် အပြင်သိပ်မထွက်ချေ။

ယခုလို အရေးကြီးသောအခါ တည်းခိုဆောင်တွင်းမှ ထွက်၍ ကိုယ်တိုင်လာရောက် ထိန်းသိမ်းခြင်းဖြစ်သည်။

"ဒီမှာ သိုင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များကို ကျွန်တော် နည်းနည်းလောက် တောင်းပန်ချင်တယ်၊ ကိုယ့်ဆရာတွေ တို့မှာ အသက်စွန့်ပြီး တိုက်နေချိန်မှာ ဒီမှာကျန်နေခဲ့တဲ့သိုင်းသမားများက စည်းကမ်းသေဝပ်ဖို့ကောင်းတယ်၊ ဟိုမှာ နိုင်တယ်၊ ရှုံးတယ်ဆိုတာ မသိရသေးဘူး၊ အကယ်၍ ကိုယ့်အဖွဲ့က ရှုံးသွားရင် ဘယ်လောက်ရှက်ဖို့ကောင်းသလဲ၊ ဒါကို ခင်ဗျားတို့ မတွေးကြဘူးလား"

တပ်မှူး ကျန်ထိတ်ရှိန်က သိုင်းသမားများကို စေ့စေ့ကြည့်၍ တစ်လုံးချင်းပြောကာ စကားကို အဆုံးသတ်လိုက်လေသည်။

"ပြီးတော့....တစ်ခုလောက် ပြောချင်တာက ခုဖြစ်တဲ့ကိစ္စဟာ အရှေ့ဂိုဏ်းသားတွေ သိပ်မှားတယ်၊ ကိုယ်ဟာ သိုင်းသမားတစ်ယောက်ဆိုတော့ ဒုက္ခရောက်တဲ့သူကို ကူညီရမယ်၊ ဘက်စိလည်လမ်းမှားသွားတဲ့ လူကို သေမင်းပါးစပ်ထဲမှတာ ပဲကိုဆိုးဝါးလွန်းတယ်"

www.burmeseclassic.com



အရှေ့ဂိုဏ်းသားများ၏ခေါင်း အောက်သို့စိုက်သွားကြသည်။

ခုမှ သူတို့ရော ပတ်ဝန်းကျင်မှ လူများပါ လူပျော်ကြီးနှင့်အဖွဲ့ကို လိုက်ရှာကြည့်မိသည်။

မတွေ့တော့ပါ။

ဘယ်ရောက်သွားမှန်းမသိ၊ အားလုံး စိုးရိမ်သွားကြလေသည်။

အရှေ့ဂိုဏ်းသားများမှာ သာမန်မျှသာဖြစ်သည်။

ကျန်လူများက ကလေးများနှင့် လူပျော်ကြီးအတွက် တော်တော် စိုးရိမ်သွားကြသည်။

အကယ်၍ရမ်းသမ်းပြီး သေမင်းပါးစပ်ထဲသို့သာသွားလျှင် လူပျော်ကြီးနှင့်အဖွဲ့ အတွက်စိုးရိမ်တွေးတောစရာပင် ဖြစ်လေသည်။

အားလုံး လူပျော်ကြီးနှင့် ကလေးများအတွက် စိတ်မကောင်းကြပါ။

''ဟေ့....လောင်ဝမ်တစ်ယောက် မမြင်ပါလားကွ''

အရှေ့ပိုင်းဂိုဏ်းသားများသည် အရှေ့ပိုင်းဂိုဏ်းသားများကို လှမ်းမေးလိုက်သည်။



''အေး....ဟုတ်တယ်၊ ဟိုခနက လူပျော်ကြီးကို အခန်းထဲ လိုက်ပို့တာ တွေ့လိုက်တယ်''

တစ်ယောက်က ဝင်ပြောလိုက်သည်။ စတင်မေးသူမှာမျက်မှောင်ကြုတ်လျက်ရှိနေပြီး....

''အေးကွ....ဟုတ်ဘယ်၊အဲဒီကတည်းကပျောက်သွားတာ၊ လုံးလုံး ရှာမတွေ့သေးဘူး''

''ကဲ....ဟို အခန်းထဲမှာ သွားရှာကြည့်စမ်း''

''ဖြစ်ပါ့မလား...., တော်တော်ကြာ ဟို အမူးသမားက လှမ်းဟောက်နေမှဖြင့်....''

တစ်ယောက်နှင့် တစ်ယောက် ဆင်ခြေ တက်နေကြလေသည်။

စိတ်မရှည်သူတစ်ယောက်က....

''ကဲ....ငါသွားကြည့်မယ်''

ဂိုဏ်းသားတစ်ဦး စိတ်မရှည်စွာဖြင့်ထွက်သွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်သူ ပြန်အလာကို စောင့်နေကြသည်။

''တကယ်လို့မတွေ့ရင် ကျန်ထိတ်ရှန်ကို သွားအကြောင်းကြားထားရမှာပဲဟေ့''

ထိုစဉ်မှာပင်....

သွားကြည့်ခိုင်းသူက ပြောလိုက်သည်။

''ဟေ့....ပြဿနာတော့ ပေါ်ပြီဟေ့''

အခန်းထဲမှ ဖမာပန်းတကြီး ထွက်လာသော ဂိုဏ်းသားကြောင့် အရှေ့ဂိုဏ်းသားများနှင့် ဆိုင်ရှင်ပါ မျက်လုံးပြူးသွားကြသည်။

''ဘာပြဿနာ ပေါ်တာလဲကွ၊ မြန်မြန်ပြောစမ်း''

''လောင်ဝမ်သေပြီ''

''ဘာ''

''ဟာ''

''ဟေ''

အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်။

''ဟိုအခန်းထဲမှာသားဟေ့''



''အေး....ဟုတ်တယ်၊ လာ....လာ....စခန်းမှူးကို သွားပြီးတိုင်ရမယ်၊ ငါတို့အရှေ့ပိုင်း ဂိုဏ်းသားတွေကို လုပ်ကြံသူရှိနေပြီ၊ ဒါကိုသိအောင် ပြောထားရမယ်''

သွားကြည့်ခဲ့သောဂိုဏ်းသား ပြောပြောဆိုဆို ရှေ့မှထွက်သွားလေသည်။

''ဟေ့....ဒါထက် ဟိုအိပ်ပျော်နေတဲ့သူရော''

ဆိုင်ရှင်က လှမ်းမေးလိုက်သည်။

''သူမရှိတော့ဘူး၊ သူအိပ်တဲ့နေရာမှာ ကျုပ်တို့လူ သေနေတာ တွေ့နေတာပဲ၊ ဒီကောင်ကြီးပဲ သတ်တာ ဖြစ်မှာပဲ''

''ဟေ''

ဆိုင်ရှင် ပါးစပ်ပြသွားသည်။

''ဘုရား....ဘုရား....ငါ့ဆိုင်တော့ ပြဿနာတော့တက်ပြီ''

ဆိုင်ရှင်က ဘုရားတလိုက်သည်။ လူပျော်ကြီးသည် သူတို့အား တစ်ပတ်ရိုက်ခြင်း ဖြစ်သည်။ မှန်သည်။ ဤကြိုလင်ဘောင်ကလပ်သို့ သွားရာလမ်းမှာ ဤစခန်းကို လွှဲဖယ်၍ မရပေ။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့...လန်ထင်းယီသည် ဇဝန ဉာဏ်ကို သုံး၍ အရှေ့ပိုင်းဂိုဏ်းသားနှင့် သိုင်းသမားများကို လှည့်စားလို ခြင်းပင် ဖြစ်သည်။

ဤသည်ကို မည်သူမျှ မရိပ်မိကြ၊ သူတို့ တာဝန် ရှိသော လူပျော်ကြီးသည် ဆိုင်အတွင်းဝယ် အိပ်နေသည်ဟု ထင်ခဲ့ကြ တော့သည်။

* * *

သည်နေ့သည် သိုင်းပြိုင်ပွဲ စတင်သည်မှာ ကိုးရက်မြောက် သောနေ့ ဖြစ်သည်။ တည်းခိုခန်းမှ ထွက်လာပြီး ကတည်းက သူ့တပည့်များကို ရှေ့မှ ဦးဆောင်ကာ ပထမညတွင် သူ သော နည်းအတိုင်း တောင်လမ်းတစ်လျှောက် အပြေးအလွှား လာခဲ့သော်လည်း ဆူးတော၊ ကြိမ်တောများသို့ အရောက်တွင် စောစောကနည်းကို သုံး၍မရချေ။

သွေးသံရဲရဲနှင့် သူ့တပည့်များ တော်တော် ဒုက္ခရောက် ကြသည်။ အုံ့ဩဖွယ်ကောင်းလောက်အောင် သူ့တပည့်များ ၏ဇွဲနှင့် သတ္တိကို မချီးကျူးဘဲမနေနိုင်တော့ပေ။ အဘယ်ကြောင့် ဆိုသော်...



သူ့တပည့်များသည် ဒုက္ခဆင်းရဲခံကာ သွားလာနေခြင်း ဖြစ်သည်။ ညည်းငြယ်ဟန်မပြဘဲ ပျော်ရွှင်မြူးနေ၏။ ပါးစပ် များ၊ မျက်နှာများတွင်လည်း သွေးစများ၊ လက်မောင်းများ တွင်လည်း သွေးစများဖြင့် လည်းကောင်း သနားစဖွယ်တွေ့ရ သည်။

"ငါ့တစ်ယောက်တည်း ကောင်းစားရေးအတွက် ကလေး တွေကို ဒုက္ခပေးသလို ဖြစ်နေပြီ" ဟူသော စိတ်က လန်ထင်း ယီ၏ စာနာတတ်သော နှလုံးသားထဲဝယ် ခိုဝင်လာခဲ့သည်။

"ဟေ့...တို့ နောက်ပြန်လှည့်မယ်"

"ဗျာ"

အားလုံး အံ့အားသင့်သွားကြသည်။

"ဟုတ်တယ်...မင်းတို့ သိပ် ဒုက္ခရောက်နေပြီ၊ ဒါဟာ ငါ့ရဲ့ အကျိုးတစ်ခုတည်းအတွက် မင်းတို့ကို ဒုက္ခပေးမိသလို ဖြစ်နေပြီ၊ ဒီတော့ ငါလဲ ပြိုင်ပွဲမဝင်တော့ဘူးပေါ့၊ ငါ မင်း တို့ကို မင်းတို့နေရာအထိ လိုက်ပို့မယ်"

လန်ထင်းယီ၏ အသံဝယ် ဝမ်းနည်းမှု ယူကျုံးမရဖြစ်မှု ရောယှက်နေသည်။ ဤစကားကို ကြားလိုက်ရသော အဖွဲ့ ကလေးများသည် ပျော်ရွှင်မှုလေးများ ပျောက်သွားပြီး ညှိုး ငယ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဆရာကြီးရယ်....ဆရာကြီးကို ကျွန်တော်တို့ သိပ်ချစ် သိပ်သံယောဇဉ်ရှိပါတယ်၊ ဒီလိုသာ ဆရာကြီး ဆုံးဖြတ်မယ် ဆိုရင် ကျွန်တော်တို့လဲ မပြန်တော့ဘူး၊ ဒီကနေ ဟို ချောက်ထဲကို အားလုံး ခုန်ချပြီး သေလိုက်မှာပဲ၊ ကျွန်တော် ဆရာကြီးရဲ့ အောင်မြင်မှုကို သိပ်လိုလားနေလို့ပါ''

မျက်ရည်များ စီးကျနေသော လီရှုဝါးက ပြောသည်။

''ဆရာကြီးက ယောက်ျားမဟုတ်လား၊ ကိုယ့်အလုပ် ဆက်လုပ်ပါ၊ ကျွန်တော်တို့ကို မငဲ့ကွက်ပါနဲ့၊ ကျွန်တော် အားလုံးဟာ ယောက်ျားတွေပါ ဆရာကြီး''

တင်းမာ ပြတ်သားသော တင်ရှမ်လီ၏ အသံ ဖြစ်သည်။

''ကျွန်တော်တို့ ကြိုးလှင်တောင်ပေါ်မှာ ဆရာကြီး အော ပွဲမခံနိုင်ရင် ဘယ်မှမသွားဘူး၊ အားလုံး အသေခံပြီး တို မယ်''

''ဟုတ်ပါတယ်ဆရာကြီး၊ ကျွန်တော်တို့ သတ္တိတွေ အများ ကြီး ရှိပါသေးတယ် ဆရာကြီး''

တပည့်များမှ ထွက်ပေါ်လာသော စကားသံတို့က ထင်းယီအား တိုးရောက် မွှေနှောက်သွားလေသည်။

''ဆရာ....မင်းတို့ ကို သနားလို့ပြောတာပါ တပည့်တို့ရဲ့



''ရပါတယ်ဆရာကြီး၊ ကျွန်တော်တို့ဗျဲ့ရှိပါတယ်၊ အောင် မြင်မှုကို ရယူချင်ရင် အခက်အခဲကို ကျော်လွှားရမှာပဲ ဆရာ ကြီး၊ ကဲ....ရှေ့ကို ခရီးဆက်ကြပါစို့၊ ဒီနေ့ည တောင်ပေါ် ကို ရောက်ရင် ကိုးရက်ပြည့်တဲ့နေ့ပဲ မဟုတ်လား ဆရာကြီး''

တင်ရှမ်လီက ပြောရင်း ရှေ့မှ ဦးဆောင်ကာ ဆူးတော ထဲသို့ တိုးဝင်သွားလေသည်။ လန်ထင်းယီသည် တွေတွေကြီး ငေး၍ ကျန်ရစ်ခဲ့လေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

အချိန်မည်မျှကြာသွားပြီး ရပ်နေမိပြီမသိ၊ လန်ထင်းယ[illegible] တစ်စုံတစ်ခုကို ဖြုန်းခနဲ သတိရလိုက်သည်။

"ဟာ…မဖြစ်ဘူး၊ မြန်မြန်လိုက်မှ"

နှုတ်မှပြောရင်း ရပ်နေရာမှ တစ်ဟုန်ထိုး ပြေးထွက်သွား[illegible] သည်။

လန်ထင်းယီ၏ ကိုယ်ခန္ဓာအန္တံ့အပြားသို့ ဆူးများစူးသွား[illegible] ကြသည်။

သို့သော်လည်း ဤဒဏ်ရာဒဏ်ချက်များကို ဂရုမစိုက်နို[illegible] အား။ ဤကြိမ်တော ဆူးတောကို ကျော်လွှန်၍သွားရ[illegible] အရေးကြီးသည်။



ဤကြိမ်တောလွန်လျှင် သေမင်းပါးစပ်ဟူသော မာရဏ [illegible]ဆိုင်လွင်ပြင်ကို ရောက်တော့မည်မဟုတ်လား။ သူအချိန်မီ [illegible]တားဆီးနိုင်လျှင် သူ့တပည့်ငယ်များ သေမင်းပါးစပ်ကို [illegible]သိဘဲ ဖြတ်ကျော်မိလျှင် ဆက်၍ မတွေးရဲတော့။ အားသွန် [illegible] ပြေးလာခဲ့သည်။

လန်ထင်းယီ ကိုယ်ဖော့ပညာ အသုံးပြုလျက် ပြေးလာခဲ့ [illegible]သော်လည်း အတွင်းအားပုံမှန်မရသဖြင့် ခရီးထင်တိုင်း [illegible]မပေါက်ချေ။

ဤသို့ဖြစ်ရခြင်းမှာ စိုးရိမ်မှု လွန်ကဲသောကြောင့် ဖြစ် [illegible]သည်။

သူ့ရင်တွင်း ပူလောင်လာ၏။ အတွင်းအားစုစည်းမှု [illegible]ပျက်ပြားလာကာ နှာခေါင်းပေါက်နှင့် ပါးစပ်ပေါက်မှ သွေး [illegible]များစီးကျလာသည်။

မည်သို့ဖြစ်စေ ပြေးအားကို မလျှော့ပါ။ တဖြည်းဖြည်း [illegible]နှင့် ကြိမ်တောကို ကျော်လွန်တော့မည်။

ရှေ့တွင်အရိပ်အယောင်စိုးစဉ်းမျှ မတွေ့ရသေး။ ကြိမ် [illegible]တောကို 'ယား'ဟုအော်ပြီး ခုန်ကျော်ထွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြိမ်တောတစ်ဖက်စပ်တွင်ကျလာသည်။ လှည့်ကြည့်လိုက်တော့ ဆက်မတင်လေးသာ လိုတော့သည်။ သူ့တပည့်များအားလုံး သေမင်းပါးစပ်သို့ ရောက်နေပြီ ဖြစ်သည်။

* * *

တစ်ရှမ်လီတို့အုပ်စု အတင်းတိုးဝင်သောကြောင့် နောက်မှ လိုက်လာသော သူတို့ဆရာကြီးကို မတွေ့ရချေ။

အို...ဆရာလိုက်လာမှာပါ ဟူသောစိတ်ဖြင့် ဆက်လာခဲ့ကြသည်။

ထိုစဉ် 'ယား' ဟူသော မာန်သွင်းလိုက်သောအသံကြောင့် နောက်သို့ ထိတ်ထိတ်ပျာပျာနှင့် လှည့်ကြည့်လိုက်သောအခါ လေထဲတွင် ကိုယ်ခန္ဓာကြီးတစ်ခု မြောက်တက်လာပြီး တစ်ဖက်လွင်ပြင်စပ်တွင် ပုံပျက်ပန်းပျက် ကျသွားသည်ကို တွေ့လိုက်ရသည်။

အားလုံး ကြောင်ကြည့် နေမိသည်။ ပြီးမှ တစ်စုံတစ်ယောက်က သတိရသောဟန်ဖြင့်....



"ဟာ...ဆရာကြီးလန်ပါလား၊ လာကြဟေ့...လာကြတာ၊ ဘာဖြစ်သလဲမသိဘူး"

အားလုံးသော တပည့်များက ဆရာကြီးလန်အနီးသို့ စုပြုံရောက်ရှိနေသည်။

"ဆရာကြီး...ဘာဖြစ်တာလဲဟင်၊ ဘယ်သူနဲ့ တိုက်ခိုက်လာတာလဲ"

"ဟာ...ဆရာကြီး နှာခေါင်းနဲ့ပါးစပ်မှာ သွေးတွေနဲ့ပါလား"

"ဆရာကြီး သိပ်မောနေပုံရတယ်၊ ယပ်ခတ်ပေးပါဟ"

"ဟေ့...ဆရာကြီးကို သစ်ပင်ရိပ်အောက်ကို သယ်သွားကြရအောင်"

တစ်ယောက်တစ်ပေါက် ပြောနေသော တပည့်များကို ဆရာကြီးက ပြုံးလျက်ကြည့်လိုက်သည်။

"တစ်ယောက်၊ သုံးယောက်၊ ငါးယောက်၊ နှစ်ဆယ့်သုံး၊ နှစ်ဆယ့်လေး၊ နှစ်ဆယ့်ငါး၊ နှစ်ဆယ့်ခြောက်၊ ဟူး...တော်ပါသေးရဲ့"

မိမိတို့အား ရေတွက်ကြည့်နေသော ဆရာကြီးကို တပည့်များ နားမလည်သလို ဝိုင်းကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အား...ငါလဲ ခုမှ စိတ်အေးရတော့မယ်၊ မင်း...မင်းတို့ ငါ့ကိုစိုးရိမ်နေသလို ငါလဲ မင်းတို့ကို စိုးရိမ်နေလို့ ဒီလို ဖြစ်နေရတာပဲဟေ့"

"သိုင်းဆရာကြီးက ကျွန်တော်တို့ကို စိုးရိမ်နေလို့၊ ဟုတ်လား"

"ဟုတ်တယ်၊ ငါက မင်းတို့ကို မနည်းမီအောင် လိုက်လာရတာ၊ မင်းတို့အားလုံး သေတော့မလို့"

"ဟာ..."

ထိတ်လန့်သံများ တစ်ပြိုင်နက်တည်း ထွက်ပေါ်လာသည်။

"ခုမှတော့ ဘာမှကြောက်မနေနဲ့၊ ဆရာ့ကို ဟောဒီအိတ်ထဲက ဆေးနီဘူးယူပြီး ရေဘူးထဲက ရေတစ်ခွက် ပေးကြစမ်းကွာ၊ မြန်မြန်လုပ်"

ဆရာကြီးလန် စကားကြောင့် ရေယူပေးသူပေး၊ ဆေးယူပေးသူပေး အလုပ်ရှုပ်နေကြသည်။

ဆရာကြီးလန်သည် ဆေးဘူးထဲမှ ဆေးနှင့်ရေကို မော့သောက်လိုက်လေသည်။

ထကျိုက်ကျိုက်နှင့် သောက်နေသော လန်ထင်းယီကို တပည့်များဝိုင်း၍ ကြည့်နေကြသည်။



ခွက်ထဲမှ အနီရောင်ဆေးများကို သောက်ပြီးသည်နှင့်...

"မင်းတို့ ဒါဘာဆေးလဲ သိကြရဲ့လား"

"ဟင့်အင်း...မသိဘူးဆရာကြီး"

"အဲဒါ မျောက်သွေးရယ်၊ ကြံ့သွေးရယ်၊ ကျောက်သွေးရယ် ပေါင်းပြီးစပ်ထားတဲ့ ဆေးကွ၊ အတွင်းအားဆေး တစ်မျိုးပဲ၊ တို့ယ်ဖော့အားလဲကောင်းဘယ်..."

"အေး...မင်းတို့ကတော့ ဘာမှ မသိဘူး၊ မင်းတို့ စောစောက သေမင်းပါးစပ်ထဲကို ရောက်နေပြီ၊ သိကြရဲ့လား"

"ဗျာ..."

အားလုံး ဖြိုင်တူလိုသို့ အသံများ ထွက်လာကြသည်။

"အဲဒါ မင်းတို့ရှေ့က ရပ်နေတာ စိမ်းဖန့်ဖန့်နဲ့ ရွှံ့နွံ သာ အဲဒီအပေါ်ယံကလောက်ပဲ မာနေတာ၊ နင်းလိုက်တာနဲ့ အထဲကို ကျွံကျသွားနိုင်တယ်"

"ဟာ...ဟုတ်တယ်၊ ဒီနေရာက ထူးခြားပါတယ်လို့ ထင်သော့ ထင်မိသား၊ ဆရာကြီးသာ အချိန်မီ ရောက်မလာရင် ကျွန်တော်တို့တော့ မလွယ်ဘူး"

လီရှုဝါး မျက်လုံးပြူးလျက် ပြောလိုက်သည်။ ပြီးသျှင် ချက်ချင်း...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ဆရာကြီး တနိုင်ပြီလား၊ တောင်ပေါ်ရောက်ဖို့ကော နီးပြီလား"

လီကပင် ဆက်၍မေးလိုက်သည်။

"အင်း…ငါ့တစ်ယောက်တည်းဆိုရင်တော့ ဒီနေ့ညဉ့်ပိုင်းလောက် တောင်ပေါ် ရောက်နိုင်တာပေါ့၊ မင်းတို့ပါတော့ မနက်ဖြန် နေ့လယ်ရောက်ရင်တော့ ကံကောင်းတယ်"

"မနက်ဖြန် ဆရာကြီးကို ချိန်းတဲ့နေ့နော်"

"အေး…ဟုတ်တယ်၊ ဒီနေရာရောက်မှ ငါစိတ်ချမ်းသာသွားပါပြီကွာ"

လန်က အေးအေးဆေးဆေးပင် ပြောလိုက်သည်။

"ဆရာကြီး သေမင်းပါးစပ် လွင်ပြင်က ဘယ်လောက်ကျယ်သလဲဟင်"

"မင်းတို့ လှမ်းကြည့်ပါလားကွ၊ ကဲ…လာ…လာကြ"

လွင်ပြင်စပ်သို့ ရောက်သွားကြသည်။ နောက်မှ လီရှင်းနှင့် တင်ရွှမ်လီတို့ ခေါင်းဆောင်သော အုပ်စုက မရဲတရဲ လိုက်သွားကြသည်။

ရှေ့တွင် စိမ်းဖန့်ဖန့်မြေပြင်ကို ကျယ်ပြန့်စွာ တွေ့လိုက်သည်။



"အင်း…အနည်းဆုံး မိုင်ဝက်လောက်တော့ရှိလိမ့်မယ်"

လန်က ခပ်တွေတွေလေး ပြောလိုက်သည်။

"ဟာ…ဒါဆိုရင် ဘယ်လိုလုပ်ပြီး ကူးမှာလဲဆရာကြီး"

တပည့်တစ်ယောက်က ဆရာကြီးလန်ကို လှမ်းမေးလိုက်သည်။

"လမ်းလျှောက်ကူးတာပေါ့ကွ"

တင်ရွှမ်လီ၏ အမေးကို အဖြေပေးလိုက်သည်။

သူ့စကားကြောင့် တပည့်များအားလုံး မယုံနိုင်သလို ဖြစ်သွားကြသည်။

"ကဲ…ဒီမှာကြည့်စမ်း၊ နေကလဲ သိပ်ပူနေတယ်၊ ဒါပေမယ့် ဟိုဘက်ကမ်းမှာ နေရိပ်မိတယ်၊ အဲဒီရောက်မှ နားကြပေါ့ကွာ၊ လောလောဆယ် မင်းတို့ကို ငါ စမ်းကြည့်မယ်"

လန်တင်းယီသည် သူ့တပည့်များအား မည်သို့စမ်းဖြရမည်ကို တွေးဆရင်းမှ ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်သည်။

"ဟေ့…ဟိုမှာမြင်နေတဲ့ ကျောက်တုံးကြီးကို သွားယူကြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းမှ လူတစ်ဖက်စာရှိသော ကျောက်တုံးကြီး ကိုလှမ်းယူရန် ပြောလိုက်သည်။

အားလုံး တက်တက်ကြွကြွဖြင့် ကျောက်တုံးကြီးကိုမလိုက် ကြသည်။

ကျောက်တုံးကြီးသည်လှုပ်ရုံသာလှုပ်ပြီး ကြွတက်လာခြင်း မရှိပေ။

ဒါပေမယ့် ကြိုးစားပြီး မ,ကြည့်နေသည်။

ပါးစပ်က ဖွင့်ဟမပြောကြသော်ငြား လက်လျှော့ပါပြီ ဟူသော သဘောကို လန့်ထင်းယီ နားလည် သဘောပေါက် လိုက်၏။

"ဟား...ဟား...ဟား၊ ဒီလောက်လူတွေအများကြီးနဲ့မ, တာတောင် မနိုင်ဘူးလားကွ"

ရယ်မောရင်း လှမ်းပြောလိုက်သော ဆရာစကားကြောင့် မျက်နှာပျက်သွားကြသည်။

"ဟာ...ဆရာကြီးမဖြစ်နိုင်တာ၊ ဒီလောက် အကြီးကြီး ဘယ်လိုလုပ်ပြီး မ,နိုင်မှာလဲ ဆရာကြီးရဲ့"

လန့်ထင်းယီက တဟားဟား အော်ရယ်လျက်....

"ကောင်းပြီ....ငါပြမယ်၊ ငါမ,နိုင်ရင် မင်းတို့ငါခိုင်းတာ လုပ်ရမယ်"



"ဟုတ်ကဲ့ပါ ဆရာကြီးလန့်"

အားလုံး ခေါင်းညိတ်အဖြေပေးလိုက်သည်။

ဇီတို့လူစု အသက်မရှူဘဲ ငေးမော ကြည့်ရှုနေကြလေ သည်။

"ဟိတ်"

"ယိစ်"

"အား"

လန့်ထင်းယီ အားမာန်သွင်းသံနှင့်အတူ....

"ဟာ....ဒါမှ တို့ဆရာကြီးလန့်ကွ"

တပည့်များ ဘက်သို့ ဆရာကြီးလန့် ကျောက်တုံးကြီးမ၍ လျှောက်လာခဲ့သည်။

"ဟား....ဟား....ဘယ့်နှယ်လဲ၊ ယုံသွားပြီမဟုတ်လား"

"ဟုတ်....ဟုတ်ကဲ့၊ ယုံသွားပါပြီဆရာကြီး"

ဆရာကြီးသည် ချက်ချင်း ခြေလှမ်းပြောင်းကာ မြေမာ ပေါ်သို့ ကျောက်တုံးကြီးအား ပစ်ပေါက်ချလိုက်သည်။

"ဒုန်း"

"ဝုန်း"

"ဂျစ်"

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းလောက်သော ပေါက်ကွဲသံကြီးနှင့်အတူ မြေပြင်ကြီးတစ်ခုလုံး တသိမ့်သိမ့်တုန်သွားပြီး ကျောက်တုံးကြီးအစအနများ ကြွေသွားသည်။

"ကဲ-ကွဲသွားတဲ့ ကျောက်တုံးလေးတွေကိုသေမင်းပါးစပ်ထဲကို ပစ်ကြည့်စမ်းဟေ့"

လန်ထင်းယီက အနားယူရင်း ပြောလိုက်သည်တွင် တပည့်တစ်ယောက်က ကျောက်တုံးလေးကိုသေမင်းပါးစပ်ထဲသို့ပစ်ချလိုက်သည်။

"ဝှီး"

"ခွပ်"

"ဟာ"

အားလုံး ကြောက်လန့်သွားကြသည်။

နောက်ထပ် မည်သူမှပင် မကြည့်ရဲတော့ချေ။

သေမင်းပါးစပ်လွင်ပြင်ကြီးကိုသူတို့အားလုံးကြောက်လန့်သွားကြသည်။

"ကဲ...မင်းတို့ကိုဆရာပြမယ်၊ ဒီမှာကြည့်"

လွင်ပြင်ကြီးကို ရဲရဲဝံ့ဝံ့ လျှောက်သွားသော ဆရာကြီးကိုကြည့်ပြီး လူမဟုတ်ပါလေစဟူသော မျက်လုံးများဖြင့် ဝိုင်းကြည့်နေကြသည်။



လန်ထင်းယီ အလယ်လောက်တွင်ရပ်၍ တပည့်များကို လက်ပြနှုတ်ဆက်နေလေသည်။

"ဟာ...ဒါမှ တို့ဆရာကွ"

လန်ထင်းယီ တပည့်များထံ ပြန်လာခဲ့လေသည်။

"ဟာ...ဆရာကြီးက သိပ်တန်ဖိုးရှိတဲ့ လူကြီးပဲ၊ ဆရာကြီးကို ခင်မင်ရခဲ့တာ၊ အခုဘာ ဆရာကြီးဟာ မိုးပေါ်က နတ်သားတွေလို တန်ခိုးကြီးတာသိရလို့ ကျွန်တော်တို့ ဆရာကြီးကို ရိုသေကိုင်းရှိုင်းပါတယ်"

သူ့တပည့်များသည် ဆရာရှေ့ဝယ်ဒူးထောက်ချ၍စကားဆိုလိုက်သည်။

တစ်ဆက်တည်းမှာပင်...

"ကျွန်တော်တို့အပေါ် ထားရှိတဲ့ ဆရာကြီးရဲ့မေတ္တာစေတနာကို ကျွန်တော်တို့ နားလည်ပါတယ် ဆရာကြီး"

ဆရာကြီးကို တပည့်များအားလုံး ဒူးထောက်၍ အရိုအသေပြုလိုက်သည်။

လန်ထင်းယီ၏ရင်ထဲဝယ်ကျေနပ်မှုလှိုင်းဂယက်တို့ကြောင့် မျက်လုံးအိမ်မှမျက်ရည်များ ကျလာခဲ့သည်။

"ကဲ...မင်းတို့ကို လေးစားပါတယ် တပည့်တို့ရာ၊ ငါ့ရဲ့တပည့်တွေဆိုတာထက် အကောင်းဆုံးမိတ်ဆွေဆိုရင် ပိုပြီးမှန်လိမ့်မယ် တပည့်တို့ရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟေး...ဒါမှ တို့ဆရာကြီးကွ"

"တို့ဆရာကြီး...အောင်ပွဲဆင်နိုင်ပါစေ"

ကလေးများအားလုံး ဝမ်းသာသွားကြသည်။

ဒူးထောက်ထိုင်နေရာမှ ဆရာကြီးအား ဖက်လိုက်ကြလေသည်။

လန်ထင်းယီရင်ဝယ် ဖော်မပြနိုင်သော ဝေဒနာတစ်မျိုး ခံစားလိုက်ရသည်။

"ကဲ...လာ၊ တို့ ဟိုဘက်ကမ်းကိုကူးဖို့ စီစဉ်ကြစို့"

* * *

"ဟေ့...မင်းတို့ထဲက စ,ပြီး ဘယ်သူက ဟိုဘက်ကမ်းကို ကူးမလဲ"

ပျော်ရွှင်မှု မျက်နှာလေးများ ရုတ်ခြည်း ဆိုသလိုပင် သေွးဆုတ်သွားကြသည်။

"မင်းတို့ထဲက လီရှဝါးနဲ့ တင်ရွှမ်လီက ခေါင်းဆောင်တွေပဲ၊ ဘယ်သူက စ,ပြီး ကူးမလဲ"



"ကျွန်တော် အရင်ကူးမယ် ဆရာကြီး"

လီရှဝါးက စတင်၍ပြောလိုက်သည်။

"ကဲ...မင်း အဝတ်အစားတွေ ချွတ်လိုက်"

"ဟာ...ဆရာကြီး၊ ဒီအဝတ်အစားတွေက ဘာမှ သုံးလို့ ရတော့တာ၊ ပေချင်ပေပါစေပေါ့"

"ဟေ့...ငါက ဆရာ မဟုတ်လား၊ ငါခိုင်းတာ လုပ်မ်း"

လန်ထင်းလီက ခပ်တည်တည် ပြောသို့က်ရင်းမှ တစ်ဆက်တည်း....

လီရှဝါးက ဆရာ၏ အမိန့်အတိုင်း အင်္ကျီတွေကို ချွတ်ပစ်လိုက်သည်။ အပေါ်ပိုင်း ဗလာဖြစ်သွားသည်။ အောက်ပိုင်းမှာ ကိုယ်ကျပ် ဘောင်းဘီလေးသာ ရှိသည်။

"ပြီးပါပြီ ဆရာကြီး"

"ကဲ...တင်ရော၊ နောက်တစည့်တွေရော လီလို အကုန်ချွတ်ထားကြ"

"လာဟေ့...လီ"

"မင်းတို့အားလုံး သူ့ကို ကြည့်ထားကြ၊ သူ လုပ်သလို လိုက်လုပ်ရမယ်၊ ဟိုဘက်ကမ်းကို ရောက်ရင် စမ်းချောင်း

www.burmeseclassic.com



လေးရှိမယ်၊ အားလုံး အဲဒီမှာ ရေချိုးပြီး အဖြူရောင် ဝတ်စုံ တွေကို အကုန် ဝတ်ကြရမယ်၊ ကြားသား''

''ကြားပါတယ် ဆရာကြီး''

''အေး…မင်းတို့ကို ဟိုဘက်ကမ်း ရောက်အောင် ပို့တဲ့ နည်းကတော့ ငါ့ဆရာ မျောက်ရဲ့ နည်းပဲကွ''

''ဘာ…မျောက်က ဆရာ့ရဲ့ ဆရာ၊ ဟုတ်လား ဆရာကြီး''

''အေး…ငါ့ဆရာကတော့ မျောက်ပဲကွ၊ ..ငါ မင်းတို့ကို မရောက်ခင် ငါ သေမင်းပါးစပ်မှာ နားနေတုန်း မျောက် အုပ် တစ်အုပ် ရောက်လာပြီး အဲဒီ မျောက်တွေထဲက ခေါင်း ဆောင်ဟာ သူ့ အုပ်စုထဲက မျောက်တွေကို ဟိုဘက်ကမ်းက ဒီဘက်ကမ်းကို ပို့တဲ့နည်းပဲကွ''

''ဘယ်လိုနည်းလဲ ဆရာ''

လီက မေးမြန်းလိုက်သည်။

''ကဲ…လီ၊ မင်း လက်တွေ့ သိရမှာပေါ့၊ လာ…ဆရာပြ မယ်…

''ဒီမှာလီ…မင်း ကိုယ်ကိုဆန့်ထားရမယ်နော်၊ ကြောက် လန့်ပြီး မတွေးလိုက်ရဘူးနော်၊ မကြောက်ရဘူး၊ မင်း ဒီ



ဘက်ကမ်းရောက်ဖို့က ဆရာ့တာဝန်ထား…ဟုတ်လား၊ မင်း ကိုယ်က ဟိုကျောက်တုံးကြီးလောက် မလေးပါဘူးကွာ…

''ဒီမှာ…လီ၊ မင်း ဟိုဘက်က မြေမာပေါ်ရောက်မှ ထရ မယ်နော်၊ ဆရာပြောတာ အားလုံးကြားလား''

''ဟုတ်ကဲ့၊ ကြားပါတယ်ဆရာကြီး''

''ကဲ…လာ''

ဆရာ၏ခေါ်မှုကြောင့်သာ သေမင်းပါးစပ်ဝသို့ ရောက် လာခဲ့ရသည်။

လီရှဝါးစိတ်ထဲမှ ကြောက်နေမိသည်။

လန်ထင်းယီသည် လီရှဝါးအား မ,လိုက်ပြီး နောက်သို့ ကိုယ်ကို အနည်းငယ်ယို့လိုက်သည်။

လီ၏အပေါင်းအသင်းများမှာ အသက်ရှူရန်ကို သတိပင် ရကြတော့ချေ။

''ကဲ…မျက်စိမှိတ်၊ သတ္တိကုံခမွေးထား''

လန်ထင်းယီ အတွင်းအားတို စုစည်းလိုက်ပြီး…

''ယိစ်''

''ယား''

''ဗိုး…ဝေါ်''

www.burmeseclassic.com

www.burmeseclassic.com



"ဖလပ်….ပလပ်….ဝေါ"

လီ ကိုယ်လုံးလေးမှာ ရွံ့နွံပြင်ပေါ်မှ လျှောတိုက်၍ တစ်ဖက်ကမ်းသို့ ဝေါခနဲ ရောက်သွားသည်။

"ဟေး….ဟေး….လီကွ….လီ၊ ဟေးဟေး"

လီ၏ အောင်မြင်မှုအတွက် သူ့အပေါင်းအဖော်များမှာ ဂုဏ်ယူ ဝင့်ကြွားလိုက်သည်။

လီကလည်း တစ်ဖက်ကမ်းမှ မတ်တတ်ရပ်လျက် အောင်မြင်မှုအတွက် ဂုဏ်ယူဝင့်ကြွားစွာ လက်ဝှေ့ယမ်းပြ၍ နှု ဆက်နေတော့၏။

မစာစေစက တိတ်ဆိတ်နေသော သေမင်းပါးစပ်သည် ယခုတော့အောင်မြင်မှုအတွက် ဂုဏ်ယူဝင့်ကြွားသော အသ များ ဖုံးလွှမ်းလျက်ရှိသည်။

တစ်ယောက်ပြီးတစ်ယောက် များမကြာမီဆရာမျောက်၏ နည်းဖြင့် တပည့်နှစ်ဆယ့်ခြောက်ယောက်အား တစ်ဖက်ကမ်း သို့ လျှောတိုက်နည်းဖြင့် အောင်မြင်စွာ ပို့နိုင်ခဲ့သည်။

ငယ်စဉ်က ရေပြင်ပေါ်သို့ ခဲဖြင့်ရှပ်ပစ်ခဲ့ဖူးသော ထင်းယီမှာ ဆရာမျောက်၏နည်းကို စိတ်ချယုံကြည်စွာ အသ ချလိုက်သည်။



တစ်ဖက်ကမ်းမှ တပည့်များ စမ်းချောင်းမှာ ရေဆင်းချိုး၍ သစ်လွင်သော အဖြူရောင်ဝတ်စုံများဖြင့် လှမ်းမြင်လိုက်သည်။

* * *

ပါလာသော စားစရာများကို စားသောက်ပြီး ခရီးဆက်ခဲ့ကြပြန်သည်။

တပည့်လေးများမှာလည်း ဆရာကြီး၏ ဆေးပေါင်းစုံတို့ကြောင့် အင်အားများ တိုးပွားလာ၍ ရွှင်လန်းတက်ကြွလျက်ရှိသည်။

ထို့ကြောင့်….

တပည့်များကိုကြည့်၍ လန်ထင်းယီသည်လည်း စိတ်အားများ နုပျိုတက်ကြွနေလေ၏။

ပြီးတော့ သူ၏တပည့်များကို ပြေးရင်းလွှားရင်းမှပင် အတွင်းအား ပြန့်မြင့်ခြင်း လုပ်ငန်းကို စမ်းသပ်ခဲ့လေသည်။ သူ့ရှေ့မှဆွဲလျက် ဝတ်ရုံဖြူကြီးနှင့် ပြေးနေရာမှ လက်နှစ်ဖက်ကိုဖြန့်ကားထားပြီး အတွင်းအားများကို နောက်ကျောမှ တစ်ဆင့် တပည့်များဆီသို့ တွန်းပို့ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တပည့်များကလည်း သူတို့ထဲ စီးဝင်လာသော အား
များကြောင့် ပိုမိုသွက်လက်လာပြီး လက်တစ်ဖက်စီလွှတ်က
လမ်းတွင်တွေ့သော သစ်ပင်တို့ကို လက်နှင့်ရိုက်ပုတ်သွားကြ
လေသည်။

တပည့်များကလည်း ပျော်နေကြသည်။

ဆရာက ပို၍ပျော်နေတော့သည်။ ပြေးနှုန်းအရှိန်က မြ
လွန်းလှသည်။

တဖြည်းဖြည်း ကြိုလင်တောင်ပေါ်ရောက်ရန် ကြားတွ
တောင်သုံးလုံးသာ ခြားနေ၏။

တောထဲတွင်ပေမယ့်ပျင်းစရာမကောင်း၊ တပည့်ငယ်မျာ
ကိုယ်တိုင်က အတိုင်းမသိအောင် ပျော်ရွှင်နေကြသည်။

"တောထဲမှာ ပန်းလေးတွေ ပွင့်နေတယ်၊
တောင်ပေါ်မှာ နှင်းပွင့်လေးတွေကျနေတယ်၊
နေရောင်ခြည်ဟာ အရှေ့ဆီက ဝင်းထွက်လာတယ်
အရောင်က တောက်ကြွဖွယ် အနီရောင်ခြယ်။
တိုက်ပွဲဝင်မယ့် သူရဲကောင်းတွေ ကြိုဆိုနေမယ်...
ဆိုတဲ့ ပတ်ဝန်းကျင်တစ်ခုလုံး လှပနေပါတယ်"

ဝလိုက်ပြန်ပြီ သည်သီချင်း။ အားလုံးပျော်ရွှင်စွာ လိုက်
ကြသည်။



ရှေ့ဆုံးမှ ပြေးနေသော လန်ကိုယ်ဘိုင် တိုးတိုးလေးလိုက်
ဆိုမိသည်။

တဖြည်းဖြည်း တောင်ပတ်လမ်းသည် မြင့်သည်ထက် မြင့်
တက်လာခဲ့သည်။

တောင်စွယ်များ တစ်နေခိုပြန်သည်။

သို့သော်....

အမှောင်က မကြီးစိုးသေးပေ။

ပထမ လန်ထင်းယီ နားမည်ဟုကြံလိုက်သေးသည်။

သို့သော်...

အန္တရာယ်ချောက်ကမ်းပါးကို အရောက်သွားရန် ဆုံးဖြတ်
ဆက်ကာ ပြေးတက်လာခဲ့ပြန်သည်။

တောင်ပေါ်အအေးဓာတ်တို့သည် သူတို့ဆရာတပည့်တို့ကို
ထိတ်ဆက်လိုက်လေသည်။

လန်ထင်းယီအားသွန်ပြေးနေဆဲ၊ တောင်ပတ်လမ်းကိုတွေ့
လိုက်သည်နှင့် ထင်းရှူးပင်ဒမ်းကို ထင်ရှားစွာ တွေ့မြင်ရ
သည်။

လန်၏ရင်ထဲဝယ် ဝမ်းသာသွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြေးနေသော အရှိန်အား ဖြုန်းစားကြီး ရပ်လို့မဖြစ်သေး။

နောက်မှအရှိန်နှင့် ပြေးလာသော တပည့်များ အလဲလဲအပြိုပြိုဖြစ်သွားနိုင်သည်။

ထို့ကြောင့်....

လန်သည် ပြေးနေသော အရှိန်အား တဖြည်းဖြည်းနှင့် လျှော့ချလိုက်သည်။

အန္တရာယ် ချောက်ကမ်းပါးနားသို့ အရောက်တွင် ဖြည်းညင်းစွာ ရပ်တန့်သွားကြသည်။

"ဟိတ်...ရှေ့က အန္တရာယ်ချောက်ကမ်းပါးပဲဟေ့၊ တို့ဒီမှာ တစ်ညနားမယ်၊ မနက်ကျမှ အေးအေးဆေးဆေး ကူးကြတာပေါ့"

ဆရာကြီး၏စကားကြောင့် တပည့်များ ရှေ့သို့လှမ်းကြည့်လိုက်ကြသည်။

အမှောင်ထု၏အောက်ဝယ် ဘာကိုမျှ သဲတွဲစွာမမြင်ရ။

"ဒါဆို မနက်ကျမှ ကျွန်တော်တို့ ကူးရမှာပေါ့"

တင်ရွှမ်လီက ဆရာ့စကားကို ထပ်မေးလိုက်သည်။

"အေး....ဟုတ်တယ်၊ တို့ ဒီမှာ ဒီည စခန်းချမယ်"



လန်က ခပ်ပေါ့ပေါ့ပင် လှမ်းပြောလိုက်သည်။

မကြာပါ။

တပည့်များထံမှ အအေးဒဏ်ကြောင့် ခေါ်ရိုက်သံများ ကြားရသည်။

"ဟေ့....မင်းတို့ ဘာဖြစ်နေကြတာလဲ"

"ဘာ...ဘာမှ မဖြစ်ပါဘူး ဆ....ဆရာ"

"ဟာ....ပြဿနာပဲဟေ့၊ မင်းတို့ ချမ်းနေပြီလား၊ အေးကွာ...ဆရာ မေ့သွားတယ်ကွာ၊ လေကွယ်ရာတစ်ခုကို နားလိုက်ရင် ကောင်းမယ်ကွ၊ ခုတော့ ပြဿနာပဲ၊ တို့ ဘယ်လိုလုပ်ကြမလဲ"

လန်က တပည့်များကို ပြန်၍ အကြံဉာဏ် တောင်းလိုက်သည်။

"ဟာ....ဆ....ဆရာတောင် နေ....နေနိုင် သေး....သေးတာပဲ၊ ကျွန်တော်တို့က ဘာဖြစ်လို့ မဖြစ်နိုင်...."

"ဟား....ဟား....ဟား"

လန်ဆင်းယီ သည် သူ့အား ပြန်ပြောလိုက်သောစကားသံကြောင့် တဟားဟားရယ်လိုက်ပြီး ဟန်တစ်လုံးပန်တစ်လုံးဖြင့် သူ့အား ပြန်ပြောလိုက်သော တင်ရွှမ်လီ၏စကားသံမှာ အအေးဒဏ်ကြောင့် မှုမမှန်တော့။

ဒါပေမယ့် ဆရာနေနိုင်ရင်ဟူသောစကားကို လန်သဘောကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အာဂကလေးတွေပဲဟု စိတ်ထဲမှ ကျိတ်၍ မှတ်ချက်ချလိုက်သည်။

“လုပ်ပြန်ပြီ၊ မင်းတို့က ငါ့ကိုလာပြီး မယှဉ်နဲ့ကွ၊ ငါက ဒီလိုနေရာမျိုးမှာ ဝတ်စုံချွတ်ပြီး တစ်ညမပြောနဲ့၊ တစ်နှစ်လုံးတောင် နေနိုင်တယ်ကွ၊ ဆရာ့ရဲ့အတွင်းအားက မင်းတို့နဲ့ တူတာမဟုတ်ဘူး”

“ဟုတ်...ဟုတ်သားပဲ ဝင်ကလဲ၊ တို့နဲ့ဆရာကြီး ဟီး...ဟီးက တူ...တူတာမှ... ဟီး...ဟီး”

လီရှုဝါးက သူ့ဘေးတွင်ရှိသော တင်အား၊ တံတောင်ဖြင့်တွတ်ရင်းမှ မပီသသောအသံဖြင့် ပြောလိုက်သည်။

“ကဲ...အကောင်းဆုံးကတော့ ဒီအအေးဒဏ်ကို ငြိမ်ပြီး ခံနေရင် မင်းတို့ သွေးခဲပြီး ဒုက္ခဖြစ်သွားနိုင်တယ်၊ ဒီတော့ တို့ လှုပ်လှုပ်ရှားရှား လုပ်နေရင် ကောင်းမယ်၊ ဒါမှ သွေးလည်ပတ်မှုမြန်ပြီး နွေးလာမှာကွ”

ဆရာ၏စကားကို သဘောပေါက် လက်ခံနိုင်သော်လည်း ဘာမှ ပြန်မပြောနိုင်တော့ပေ။

ဆရာဖြစ်သူသည် တပည့်များအား အကျိုးမဲ့လှုပ်ရှားခိုင်းခြင်းထက် အကျိုးရှိမည့် ကိစ္စတစ်ခုကိုသာ ခိုင်းချင်သည်။

ထို့ကြောင့် သူသည် လေးလေးနက်နက်တွေးနေရာမှ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာချလိုက်သည်။



“ကဲ...အားလုံးထကြစမ်း၊ မင်းတို့ကို အတွင်းအား ဆင့်ဆင့် ဆက်သွယ်ယူနည်း သင်ပေးမယ်၊ နောက်ပြီး ဆရာနဲ့ တပည့် တတွဲတည်း ပူးပေါင်းတိုက်ခိုက်နိုင်တဲ့ သိုင်းကွက်တစ်ခုကို လေ့ကျင့်ရမယ်”

ဆရာဖြစ်သူ၏ စကားအဆုံးတွင် အားလုံး ထရပ်လိုက်ကြသည်။

“ဒီမှာ...တို့ စောစောက ပြေးလာတုန်းက တစ်ယောက်နဲ့ တစ်ယောက် ဖက်ထားကြတယ်မဟုတ်လား”

“ဟုတ်ကဲ့...ဖက်ထားပါတယ်”

“အေး...ဒီမှာက လက်နှစ်ဖက်နဲ့မဖက်ဘဲ လက်တစ်ဖက်နဲ့ ဖက်နိုင်အောင် ကြိုးစားရမယ်၊ ဘယ့်နှယ်လဲ”

“ဟုတ်ကဲ့၊ ဖက်နိုင်ပါတယ် ဆရာကြီး”

တင်ရွှမ်လီက ခုန်ဆွခုန်ဆွနှင့် သွေးပူအောင်လုပ်ရင်း ပြောလိုက်သည်။

“ကဲ...ဒါဆို တန်းစီကြ၊ အရှေ့ဆုံးက တင်ရွှမ်လီနေ၊ တင်ရွှမ်လီနောက်က လီရှုဝါး၊ လီရှုဝါးနောက်မှာ ကျင့်ကညာနဲ့ ဖက်၊ အေး...တစ်ယောက်ညာဆိုရင် တစ်ယောက်က ဘယ်၊ အဲ...ဟုတ်ပြီ”

တပည့်များ၏ ဟတ်သိမှုကိုကြည့်၍ လန်ထင်းယီ သဘောကျနေသည်။ သူ့တပည့်များကို ကြည့်ရသည်မှာ ကင်းခြေကြီးတစ်ကောင် လက်များကားထားသည်နှင့် တူနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ဟုတ်ပြီ၊ နားထောင်ကြ၊ ဘယ် ခြေထောက် ကို မြှောက်လိုက်စမ်း၊ အေး...ဟုတ်ပြီ၊ ကဲ...ညာလက် အားနေ တဲ့လူတွေက ညာလက်ကိုမြှောက်လိုက်စမ်း၊ ဟုတ်ပြီ၊ ပြန်ချ၊ ညာခြေမြှောက်၊ ဘယ်လက်သမားတွေ လက်မြှောက်ကြစမ်း၊ ဟုတ်ပြီ...."

"ကဲ...ဒါဆို ဘယ် ညာ...ဘယ် ညာဆိုပြီး ညီအောင်လျှောက် ပြစမ်း"

ဆရာ့စကားသံ ဆုံးသည်နှင့် တပည့်များက....

"ဘယ်...ညာ"
"ဘယ်...ညာ"

အစတွင် အလွဲလွဲအချော်ချော်ဖြစ်နေသော်လည်း နောက် တွင် တဖြည်းဖြည်းဖြင့် ညီစပြုနေသည်။

"ဘယ်...ညာ"
"ဘယ်...ညာ"

လန်ထင်းယီ တတ်သိလွယ်သော တပည့်ငယ်များအတွက် အားရနေမိသည်။

"အေး...ညီလာပြီ၊ ဘယ်...ညာ မအော်နဲ့တော့"

"ဟေ့...ဟေ့...ဆိုပြီး ပြောင်းအော်ကြည့်စမ်း"

"ဟေ့...ဟေ့"
"ဟေ့...ဟေ့"



"ဟုတ်လာပြီ...ဟုတ်လာပြီ ကိုယ်လေးတွေကို ဘယ်ညာ ယိမ်းပြီးလုပ်ကြည့်စမ်း"

တပည့်များက ကိုယ်ခလေးများအား ဘယ်ညာယိမ်းရင်းမှ ဟေ့...ဟေ့နှင့် အသံလေးများက နှုတ်မှ အော်ဟစ်လှုပ်ရှား နေလေသည်။

လန်ထင်းယီ ရင်ထဲတွင် မဖော်ပြနိုင်သော ဝမ်းသာမှု တစ်ခုဖြစ်နေ၏။

အားလုံး တစ်ပြိုင်နက်တည်းလိုလို လှုပ်ရှားနေရာမှ ကြာ လာသောအခါ သတ္တဝါကြီးတစ်ကောင် ခြေလက်အများနှင့် တွန့်တွန့် တွန့်တွန့်နှင့် တွားသွားနေသကဲ့သို့ ဖြစ်လာခဲ့သည်။

"ကဲ...တင်၊ မင်းက ငါ့ခါးကို ကိုင်ထားနော်၊ ပြီးတော့ မင်းတို့ရဲ့ လက်မောင်းတွေမှာ အားတွေစုထား၊ လက်တွေ ကို ဘယ်ညာမှန်မှန်လှုပ်၊ ကဲ...စမယ်"

စကားဆုံးသည်နှင့် သိပ်မကျယ်ဝန်းလှသော မြေကွက် လေးအတွင်းဝယ် ကင်းခြေများကြီးတစ်ကောင် လှည့်ပတ် ပြေးနေသည့်အလား ထင်ရတော့သည်။

"ဟေ့...ဟေ့...ဟေ့...ဟေ့"

အသံများသည်လည်း တဖြည်းဖြည်း ဟန်ပါလာ[illegible] သည်။

'ဝိုး...ဝိုး...ဝိုး...ဝိုး' ဟူသော အသံတို့သည် [illegible] တဖြည်းဖြည်းကျယ်လာပြီး မာန်ဟုန်ပြင်းသော ကင်း[illegible] တစ်ကောင်အလား ထင်မှားစရာပင် ဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့....ငါ့ အတွင်းအားဆက်မယ်နော် သတိထားကြ၊ အသက်ကို မှန်မှန်ရှူကြ"

ရှေ့မှ ဆရာဖြစ်သူက တပည့်များဆီသို့ အတွင်းအားကို တွန်းထုတ်ပေးလိုက်ရာ တင်ရွှမ်လီမှတစ်ဆင့် လီရှုဝါး၊ ရှင်ကျင့်တို့မှတစ်ဆင့် ကူးပြောင်းလာခဲ့ရာ နောက်ဆုံးတပည့်ထံသို့ ရောက်သောအခါ....

"ဝုန်း"

"ဝှီး"

"ဝုန်း"

'ဝှီး....ဝှီး....ဝှီး....ဖလပ်....ဖလပ်' ဟူသော ကြောက်စရာကောင်းလောက်အောင် လျှင်မြန်လွန်းသဖြင့် လေတိုးသံတို့မှာ တဝုန်းဝုန်း တဝှီးဝှီးဖြင့် ကြောက်စရာကောင်းလောက်အောင် ဖြစ်နေခလတော့၏။

စ,စခြင်က လင်ထန်းယီမှာ ပင်ပန်းသလို ဖြစ်မိသော်လည်း ပုံမှန်သွပ်ရှားလာရသောအခါ လုံးဝ ပင်ပန်းနွမ်းနယ်ခြင်း မရှိတော့ဘဲ ပို၍ပို၍ အင်အားများ ဖြစ်လာရလေ၏။

ကြာသွားပြီ၊ တော်တော်ကြာသွားသောအခါ အတွင်းအားကို မိမိတစ်ဦးတည်း ပြန်လည်စုစည်းလိုက်ပြီး လှုပ်ရှားမှုကို ရပ်နားလိုက်လေသည်။

သူ့ တပည့်အားလုံး ထူးဆန်းသော စုပေါင်းလှုပ်ရှားမှုပညာတစရပ်ကို ကိုယ်တိုင်ကိုယ်ကျ သေ့ကျင့်ရသဖြင့် ပျော်ရွှင်စွာ အံ့ဩနေပုံကိုသာ တွေ့ရသည်။



"ဘယ့်နှယ်လဲဟေ့၊ ဒီပုံနဲ့သာ ရန်သူကို တိုက်ရင် ရန်သူဟာ ဘယ်ကနေဘယ်လို တိုက်ရမှန်းတောင် သိမှာမဟုတ်ဘူး"

"ဟုတ်တယ် ဆရာကြီး၊ ဘယ်ဘက်ကဘယ်လို သူတို့ကို ချသွားမှန်းတောင် သိမှာမဟုတ်ဘူး၊ ဒါ ဘာသိုင်းကွက်လို့ ခေါ်သလဲဆရာကြီး"

တင်ရွှမ်လီက မေးလိုက်ရာ....

"ငါလဲ ဘာသိုင်းကွက်လို့ ပေးရမှန်းတောင် မသိပါဘူးကွာ၊ ဒါဟာ ခုမှ ငါ့စိတ်ကူးထဲရှိတာ တီထွင်လိုက်တာပဲ၊ ဟား....ဟား....ဟား"

လန်ထန်းယီက ပျော်ရွှင်အားရစွာ ရယ်မောလိုက်သည်၊

"ဒီသိုင်းကွက်ကို နာမည်လှလှလေး ပေးလိုက်ချင်တယ် ဆရာကြီး"

ဖြူဖြူသွယ်သွယ် ချာတိတ်တစ်ယောက်က ဝင်ပြောလိုက်သည်။

သူ့ထံသို့ အားလုံး၏ မျက်လုံးများ ကျရောက်သွားသည်။

"ဘယ်လို နာမည်လဲကွ"

လီက ကြားဖြတ်မေးလိုက်သည်။

"ဟို...ပန်းစကြာသိုင်းကွက်လို့ ပေးမယ်"

ချာတိတ်၏ နာမည်ကြောင့် အားလုံး၏မျက်နှာများ ရွှင်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဟာကွာ....တို့က ကျားကျားယားယားကွ၊ မင်းနာမည်က နွဲ့နွဲ့နှောင်းနှောင်းဖြစ်နေတယ်၊ ခြင်္သေ့ကို ဒေါင်းလို့ နာမည်ပေးသလိုဖြစ်နေပြီ''

''ဟား....ဟား....ဟား၊ မင်းပေးတဲ့ဥပမာက ကောင်းလှချည်လားကွ....ဟေ''

ဒုတိယ စေဖန်သူ၏ ဥပမာစကားလုံးကို သဘောကျလာသည်။

လန်ထင်းယီကိုယ်တိုင်ပင် သဘောကျသွား၏။

''ကဲ....မင်းတို့ ချမ်းသေးသလား''

''မချမ်းတော့ပါဘူး ဆရာကြီး၊ ဒါပေမယ့် ခဏနေရင်တော့ ပြန်ချမ်းမှာပဲ၊ ဒီတော့ ကျွန်တော်တို့ဘာသာ လေ့ကျင့်ရင်း မိုးအလင်းစောင့်ပါ့မယ်''

လီကဆရာ၏အမေးကို အဖြေပေးလိုက်၏။

''အေး....ဆေးသောက်ထားတာပဲကွာ၊ တစ်ပတ်လောက် မအိပ်ပေမယ့် အားမလျော့ပါဘူး၊ ကဲ ...ဆရာလဲအတွင်းအားလေ့ကျင့်လိုက်ဦးမယ်၊ မင်းတို့လဲ ဆရာခုလေ့ကျင့်လှုပ်ရှားပေးထားတဲ့ အတွင်းအား လေ့ကျင့်ပြီးရင် ဆရာအနားမှာလာပြီး ဝိုင်းထိုင်ကြပေါ့ကွာ၊ မင်းတို့ အချမ်းကို ကာကွယ်ရုံတင်မဟုတ်ဘဲ ထိုက်သင့်သလောက်တော့ အတွင်းအားတွေ ပေါ်လာနိုင်မယ်လို့ ယုံကြည်တာပဲ''

''ကောင်းပါပြီ၊ ကျွန်တော်တို့ဘာသာ လှုပ်ရှားမှုကို ထိထိ ပြင်ပြင်တတ်အောင် လေ့ကျင့်ပြီးဘာနဲ့ ဆရာကြီးနားမှာ လာပြီးကပ်ထိုင်ကြပါမယ်၊ စိတ်ချပါ''



တင်ရှမ်လီက ရည်မွန်စွာပြောရင်း သူကဦးဆောင်ပြီး သူ့အဖွဲ့သားများနှင့် စောစောကပုံစံချိုးကို ပြန်လည် လေ့ကျင့်နေကြလေသည်။

လန်ထင်းယီမှာ သူ၏အတွင်းအားကျင့်စဉ်ကို ပြန်လည် လေ့ကျင့်နေလေ၏။

ညဉ့်သည် နက်သည်ထက် နက်လာ၏။

အလင်းဘက်သို့ပင် ရောက်ပေတော့မည်။

* * *

ဆရာဖြစ်သူ၏ဘေးတွင် မျက်လုံးလေးချားမှိတ်ကာ ပတ်ချာလည် ဝိုင်းထိုင်နေကြသော သူများအားလုံး ထူးထူးဆန်းဆန်း အခိုးတွေထွက်နေသော လန်ထင်းယီ၏ကိုယ်မှ အငွေ့တို့ကြောင့် မအေးကြခြင်းပေလားမသိ။

ဆရာ၏မျက်နှာမှာ သာမန်မျက်နှာမျိုး ဖြစ်သော်ငြား တပည့်များ၏ မျက်နှာသည် ပန်းရောင်ရင့်ရင့် ဆိုးထားသကဲ့သို့ ရဲနေကြလေသည်။

တချို့မှာ တုန်နေကြသည်။

ချမ်းနေလို့လောဟု ထင်စရာပင်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

ချမ်းနေ၍ တုန်ခြင်း မဟုတ်ဟန်မတူချေ။

အဘယ့်ကြောင့်ဆိုသော်....

ထိုတုန်ယင်နေသော ကလေးများ၏ နှုတ်ခမ်းစကလေးများတွင်ချွေးဥကလေးများ စီးနေကြသောကြောင့် ဖြစ်ပေသည်။

အရုဏ်သာပေပြီ။

မကြာမီ နေခြည်လာတော့မည်။

လန်ထင်းယီ၏ အသက်ရှူသံသည် တဖြည်းဖြည်း ပြင်းနေရာမှ နှေးကာနှေးကာ ရှပ်သွားသည်။

ဘေးတွင်ထိုင်နေကြသော တပည့်များ၏မျက်နှာများတွင်လည်း ပန်းနုရောင်တို့ ခြယ်လျက် ပြယ်လျက် လာပေသည်။

ပွင့်လာပြီဖြစ်၏။

ပွင့်လာပြီဆိုရာ၌ အားလုံး ပွင့်လာခြင်းဖြစ်၏။

နေရောင်ခြည်လည်း ပွင့်လာပြီ၊ လန်ထင်းယီ၏ မျက်လုံးများလည်း ပွင့်လာပြီး တပည့်များ၏ မျက်လုံးများလည်း ပွင့်လာပြီ ဖြစ်၏။

''ကဲ....ငါ့တပည့်တွေကို ဆရာ ဘတ်နိုင်သလောက်အလွှင်းအား လွှတ်ပေးပြီးပြီ၊ အေး...ဆက်ပြီး သေချာဖို့ မင်းတို့တာဝန်ပဲ''

ခပ်တိုးတိုးလေသံဖြင့် ပြောလိုက်သေးသည်။

အားလုံး ခေါင်းများကိုသာ အသာအယာ ညိတ်ပြလိုက်ကြသည်။



စကားသံဖြင့် ပြန်မပြောနိုင်ကြချေ။

တော်တော်ခသေးငြိမ်ပြီး ထိုင်နေကြသေးသည်။

ပြီးမှ....

တစ်ယောက်ပြီးတစ်ယောက် ထတတ် ရပ်လိုက်ကြလေသည်။

''ဆရာ....ကျွန်တော်တို့ရဲ့ ကိုယ်ခန္ဓာထဲမှာ ထူးဆန်းတဲ့အငွေ့အသက်တွေ ပျံ့လွင့်နေသလိုပဲဆရာ''

လီဘ ဆရာကြီးလန်အား ပြောလိုက်သည်။

''အေး...အဲဒါ မေတ္တာစိတ်ကြောင့် မင်းတို့ကိုအတွင်းအားစဉ် စတင်တည်ဆောက်တဲ့ နေရာမှာ အရာထင်တည်ဆောက်သွားနိုင်ဘာပေါ့ တပည့်တို့ရာ''

တကယ်တော့ လန်ထင်းယီ၏ စကားများကို သူ၏တပည့်များ နားလည်ကြမည် မဟုတ်ပါ။

သို့သော်လည်း....

သူတို့ကိုယ်ခန္ဓာထဲတွင် ထူးဆန်းသော အငွေ့အသက်များရောက်နေပြီ ဆိုသည်ကိုတော့ သဘောပေါက်မိသည်။

''ကဲ....အားလုံးစားစရာတွေစားကြတော့၊ မင်းတို့ရိက္ခာတွေကော ကျန်သေးရဲ့လား''

ဆရာကြီးလန်က မေးလိုက်သည်။

''ကျန်ပါသေးတယ် ဆရာကြီး၊ ကျွန်တော်တို့ ခရီးနှညနေစာအထိ ကျန်ပါသေးတယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိစ္စမရှိဘူး၊ တို့ ဒီအချိန်ကစပြီး ဟိုဘက်ကမ်းကို ကူးမယ်ဆိုရင် ညနေမတိုင်ခင် သာမန် ပြေးသွားရုံနဲ့ သင် မှတ်ထားတဲ့ ဆယ်ရက်တင်းတင်း ပြည့်တဲ့နေ့ ဖြစ်လို့ ဒီနေ့မှာ ရောက်မှာပေါ့ကွာ၊ ဟိုရောက်ရင် စားဖို့ သောက်ဖို့ ဘာမှမပူ ကြနဲ့တော့၊ အဟေး....ဟေး"

သူ့တပည့်များကို ရယ်မော ပြောဆိုလိုက်ပြီး သူ့အိတ် ကြီးထဲမှ လက်မလုံးခန့် ကြိုးခွေတစ်ခု ထုတ်ယူလိုက်၏။ ၎င်း ကြိုးခွေမှာ သူ တည်းခိုခန်းတွင် တည်းခိုစဉ်က ခိုးယူလာခဲ့ သော ကြိုးခွေ ဖြစ်လေသည်။

ကြိုးခွေမှာ တော်တော် ရှည်လျားလှပေသည်။ တစ်ဖက် စကို ကွင်းပုံစံလုပ်လျက် သူ၏ ခါးကို ပတ်လိုက်ကာ....

"ကဲ....လာကြဟေ့၊ အန္တရာယ်ကို အန္တရာယ် မရှိအောင် ငါ့တပည့်တွေကို ကူးခိုင်းရဦးမယ်"

ပြောပြောဆိုဆို ရှေ့မှ ထွက်သွားသည်။ သူ့နောက်မှ တပည့်များသည် ဘယ်လို အန္တရာယ်ချောက်ကို တွေ့ရမည် နည်းဟု တွေးကာ ရင်ထဲ တထိတ်ထိတ်ဖြင့် လိုက်ပါသွားကြ လေသည်။

* * *



မကြာပါ....

"ဒုတိယ အတားအဆီးပဲ၊ မင်းတို့ ဟိုဘက်ကို ကူးဖို့က တော့ တစ်လမ်းပဲရှိတယ်၊ ဆရာကြီးက ဒီကြိုးကို ဟိုဘက်နဲ့ ဒီဘက် တန်းပေးမယ်၊ အဲဒီ ကြိုးတန်းကို တွယ်ပြီး ဟိုဘက် အထိ တစ်ယောက်ပြီး တစ်ယောက် ကူးရပါ့မလား"

ချောက်သည် အောက်ကိုပင် လှမ်းမမြင်ရအောင် နက်ရှိုင်း လှလေသည်။ လီရှုဝါးက အသာ အကဲခတ်ကြည့်ရင်း ကျောထဲ စိမ့်ခနဲ ဖြစ်သွားရလေသည်။

"ဆရာက ဘယ်လိုသွားပြီး ဟိုဘက်မှာ ကြိုးချည်မှာလဲ"

သူက ဆရာကို မရဲတရဲ မေးလိုက်သည်။

"အေး....ငါဘာစ်ယောက်ဘည်းဆို ဟိုဘက်ကို ခုန်ကူးလို့ ရတယ်၊ ဒါပေမယ့် မင်းတို့ကို ထမ်းပြီးကူးဖို့ဆိုတာကတော့ မဖြစ်နိုင်ဘူး"

"ဟင်....ဆရာက ခုန်ကူးမှာ"

အားလုံးက ယုံကြည်ဟန်မပါဘဲ စိုးရိမ်ဟန်ဖြင့် မေးလိုက် ကြသည်ကို လန်ထင်းယီက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"ကဲ....မင်းတို့ရဲ့ ဆုံးဖြတ်ချက်ကို ငါ သိချင်တယ်ကွာ၊ အကယ်လို့ မကူးရဲကြဘူးဆိုရင် တို့ ဒီကနေ လှည့်ပြန်ရုံပဲရှိ တယ်၊ မင်းတို့ကို ငါ မတိုက်တွန်းဘူး"

ဆရာ၏ စကားကို ကြားလိုက်ရသော လီတို့ အုပ်စုမှာ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ပြီး နှုတ်ဆိတ်နေ ရာမှ....

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်အထိ ဒုက္ခခံလာပြီးခါမှ နောက်ဆုံး အောင်မြင်တဲ့ နေရာကို လှမ်းပြီး မြင်နေရတဲ့ နေရာကို ရောက်ပြီး လှည့်ပြန်ရမယ် ဆိုတာကိုတော့ ကျွန်တော် လက်မခံချင်ဘူး....

"ကဲ...ကျွန်တော် ပထမဆုံး စ,ပြီး ကူးကြည့်မယ်၊ တားနေတာလဲ မဟုတ်တဲ့နဲ့"

မှန်ပေသည်။ လီရှဝါး၏ စကားသည် မှန်၏။ မှန်သည်ဆိုရာ၌ ဟိုဘက်နှင့် သည်ဘက် အကွာအဝေးသည် ဘာမျှမရှိ၊ တစ်ဖက်ရှိ အရာဝတ္ထု ပစ္စည်းတို့ကို သဲကွဲစွာ လှမ်းမြင်နေရသည်။

သို့သော်လည်း... လူတစ်ယောက် သာမန်အားဖြင့်ဆိုလျှင် မည်သို့မျှ ခုန်ကူး၍ရမည်မဟုတ်ပေ။ ကိုယ်ဖော့ပညာကောင်းသည့် အဆင့်မြင့် သိုင်းသမားမျှပင် မခုန်နိုင်၍ ဤပြိုင်ပွဲလုပ်တိုင်း ဤနေရာတွင် သေဆုံးခဲ့ရသည့် သိုင်းသမားများ မနည်းတော့ပြီ။

"ကောင်းပြီ လီ၊ မင်းကိုယ်တိုင် ဆုံးဖြတ်တာနော်"

လန်ထင်းယီက သေချာအောင် ထပ်မေးလိုက်သည်။ လီက ခေါင်းညိတ်ပြလိုက်ပြီး ရှေ့သို့ တိုးသွားသည်။

"ဟုတ်ပြီ၊ ရော့...ဒီကြိုးစကို ကိုင်ထားကြ၊ ငါက ဒီနေရာကို ပြန်ရောက်ရင် ဒီလိုလုပ်မှ ဖြစ်မယ်ဆိုတာ တွေးမိလို့ ဟိုဘက်မှာ ကျောက်တိုင် တစ်တိုင်ကို မင်းတို့ဆီ အလာမှာ လိုရမည်ရ စိုက်ပစ်ခဲ့တယ်....



"ခုလို လုပ်ရတာဟာ အကောင်းဆုံးနဲ့ အနီးစပ်ဆုံးပဲ၊ မင်းတို့ ကြိုးစားကြည့်ဦးပေါ့၊ ရော့...ဒီကြိုးစကို သေသေချာချာ ကိုင်ထား၊ ကြိုးက ရှည်ပါတယ်၊ ပိုတောင်ပိုဦးမယ်"

လန်ထင်းယီသည် ကြိုးစ တစ်ဖက်ကို တပည့်များလက် အပ်၍ တစ်စကို ခါးတွင်ပတ်ကာ နောက်သို့ ဆယ်ပေမျှ ဆုတ်လိုက်သည်။ တပည့်များ၏ မျက်နှာတွင် ယမန်နေ့က သေမင်းဖါးပေါ်ကို ဖြတ်စဉ်ကထက် ပို၍ တုန်လှုပ်နေကြပုံရသည်။

"အိုး...ယား"

ကျယ်လောင်သော ဝမ်းခေါင်းသံနှင့် အတူ အရှိန်နှင့် ပြေးလာသော လန်ထင်းယီမှာ လေထဲသို့ မြောက်တက်သွားပြီး မြားတစ်စင်းကို လေးညို့မှ ပစ်လွှတ်လိုက်သကဲ့သို့ တစ်ဖက်ကမ်းဆီသို့ တန်းခနဲ ထွက်သွားလေသည်။ အသက်မရှူဘဲ ကြည့်နေကြသော တပည့်ငယ်တို့မှာ ကြည့်ရမှာကိုပင် မရဲတရဲ ဖြစ်နေသည်။

"ဟေး....တို့ဆရာကြီး ရောက်သွားပြီကွ၊ ရောက်သွားပြီ"

ပေနှစ်ရာခန့်ဝေးသော တစ်ဖက်ကမ်းမှ လက်ဝှေ့ယမ်းပြနေသည့် ဆရာကို သူတို့က သည်ဘက်ကမ်းမှ ပြန်လည် ဝှေ့ယမ်းပြကြလေသည်။

လန်ထင်းယီသည် သူကိုယ်တိုင် သည်ဘက်ကမ်းတွင် စိုက်ထားခဲ့သော ကျောက်တိုင်တွင် ကြိုးကွင်းကို သေချာစွာစွပ်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သေချာအောင် နောက်ထပ်တစ်ပတ် ရစ်ပတ်ချည်နှောင်လိုက်လေသည်။

ပြီးမှ တစ်ဖက်ရှိ ချောက်ကမ်းပါးမှ တပည့်များကို လှမ်းကြည့်ရင်း နောက်သို့ ဆုတ်လိုက်လေသည်။ ခုန်မြန်ပြီ…

“ဟေး….ယား”

လေထဲတွင် လွင့်လာသော စက္ကူစလေးပမာ သည်ဘက်ကမ်းသို့ ပြန်ရောက်လာသည်။

တပည့်များက သူ့အား ဝိုင်းဖက်လိုက်ကြသည်။

“ဟေး….ဒါမှ တို့ဆရာ လူစွမ်းကောင်းကြီးကွ”

သူ၏ ရင်ထဲမှ အမောအပန်းများအားလုံး ပြေပျောက်သွားသည် ထင်မှတ်လိုက်ရလေသည်။

* * *

ပထမဆုံး ကူးမည့် သူရဲကောင်းလီရှုဝါး….

“ကြိုးစကို မြဲမြဲသာကိုင်ထားနော်၊ လမ်းမှာတောင် တစ်လမ်းလုံး လက်တစ်ဖက်တည်းနှင့် ကိုင်လိုက်လာခဲ့နိုင်သေးတာပဲ၊ အောက်ကို လုံးဝမကြည့်နဲ့၊ ဟိုဘက်ကမ်းကိုသာ အဓိကထားပြီးကြည့်၊ ဟုတ်လား”



တပည့်ဖြစ်သူကို စိတ်မချစွာဖြင့် မှာကြားနေလေသည်။

“ဟုတ်ကဲ့….စိတ်ချပါ ဆရာကြီး၊ ကျွန်တော် ခုန ဆရာပြောလိုက်တာနဲ့ကို အားရှိသွားပါပြီ၊ တစ်လမ်းလုံး လေထဲမှာလွင့်ပြီး ပါလာတာတောင် လက်တစ်ဖက်တည်းနဲ့ လိုက်လာနိုင်ကာ၊ ဟုတ်ပြီ ကျွန်တော် သဘောပေါက်ပြီ၊ ကျွန်တော်ကူးမယ်”

လီရှုဝါးက စကားဆုံးသည်နှင့် သူ့အိတ်ကို စလွယ်သိုင်းလွယ်လိုက်ပြီး ကြိုးစကို စတင်ကိုင်လိုက်သည်။

“ဟေ့….အဲဒီကြိုးစ ငါ့ကိုပေး”

တပည့်များ လက်ထဲမှ ကြိုးစကို သူ့ကိုယ်တွင် ပတ်ကာ တစ်ဖက်ကျောက်တိုင်တွင် ချည်ထားသောကြိုးကို တင်းနေအောင် ဆွဲလိုက်သည်။

ကြိုးတင်းသွားပြီး ဟိုမှာဘက်နှင့် သည်မှာဘက်သည် တဖြောင့်တည်းတန်းထားသော ကြိုးတန်းက ဆက်သွယ်လျက်ရှိလေသည်။

လီ စတင်ကူးသွားပြီ။

“ဟေ့….သိပ်မလောနဲ့နော်၊ ဖြည်းဖြည်းကူး”

ဆရာအော်သံ မအောင်မြင်ချေ။ လီသည် ကြိုးစကို လက်နှစ်ဖက်နှင့်ခိုပြီး တစ်ဖက်လွှတ်လိုက် တစ်ဖက်ကိုင်လိုက်ဖြင့် သွက်လက်စွာ ကူးသွားနေပြီ၊ လန်ထင်းယီ ကိုယ်တိုင်ပင် မျက်လုံးပြူးနေရလေသည်။

www.burmeseclassic.com



တကယ်တော့ ဘာမှမဆန်းပါ။ သူ မနက်က တည်ဆောက်ပေးလိုက်သော အတွင်းအားသည် ယခုအခါတွင် လွန်စွာ အသုံးဝင်နေသည်။

"ဟော့...လီရှုဝါး ရောက်သွားပြီကွ...ဟေး"

နံဘေးမှ တပည့်များ၏ အော်သံ အားပေးသံများကြားမှ လီရှုဝါးအား လှမ်း၍ လက်ပြနှုတ်ဆက်နေမိတော့သည်။

ဝမ်းသာလွန်းသဖြင့် ဘာမှ လှမ်းပြီးအော်ခြင်း မပြုနိုင်တော့ပါ။

လက်ကိုသာ မနားမနေ ဝှေ့ယမ်းပြလျက်ရှိသည်။

"ဆရာ...ကျွန်တော် ကူးမယ်"

မည်မျှထိ ဝမ်းသာနေမိသည်မသိ နံဘေးမှ တင်ရှမ်လီ၏ စကားသံကြားမှ...

"ဟေ...အေး...အေး၊ မင်းလဲ သေသေချာချာကူးနော်၊ မမေ့နဲ့၊ လက်ဖျားကို အားမကိုးနဲ့၊ လက်မောင်းကို အားကိုး၊ မမေ့နဲ့"

စိတ်မချစွာ မှာကြားရင်း ကြိုးကို တင်းတင်းဆွဲပေးထားလိုက်သည်။

ကူးပြန်ပြီ နောက်တစ်ယောက်၊ သူလည်းမကြာပါ၊ ထင်ဖက်ကမ်းသို့ ချောချောမောမော ရောက်သွားသည်။

ပြီးတော့...နောက်တစ်ယောက်။

"ဟော့...ကိုယ်ကို မလွှဲမိစေနဲ့နော်၊ လက်ယမ်းသွားရင် ထိန်းရခက်မယ်"

မှာပြီးသည်နှင့်ကူးသည်။ ရောက်သည်။



ဟိုဘက်ကမ်းကို ချောချောမောမောရောက်သည်။

နောက်တစ်ယောက်....

"ကြိုးကို သိပ်ပြီးမဆုပ်နဲ့ ကြားလား၊ အနေတော် ကိုင်ထား၊ အား သိပ်စိုက်ရင် လက်အံသေတတ်တယ်၊ ကဲ...ကူးတော့၊ သတိထား"

မှာလိုက်ပြန်သည်။ ကူးပြီ ရောက်သည်။

* * *

နောက်ဆုံးတစ်ယောက် ဟိုဘက်ကမ်းရောက်ချိန်တွင် လန်ထင်းယီတစ်ယောက် ခြေကုန်လက်ပန်း ဖြစ်သွားရသည်။

တော်တော်နှင့် အမောမပြေ။ သူကိုယ်တိုင် ခုန်ကူးလိုက်ရသည်နှင့် အဆပေါင်း မြောက်မြားစွာ ပို၍ ပင်ပန်းသွားရှာသည်။

သူတော်တော် အနားယူ အားမွေးနေရသည်။

လောလောဆယ် သူ ခုန်ကူးလျှင် ဟိုဘက်ကမ်းသို့ရောက်ညီမဟုတ်။ အန္တရာယ်ချောက်ကမ်းပါးထဲ ဇောက်ထိုးဆင်းသွားဖို့ရန်သာ မြင်တော့သည်။

တော်တော်ကြီးကြာသွားမှ မိမိကိုယ်ကိုမိမိ သုံးသပ်လိုက်မိသည်။

www.burmeseclassic.com



အားလုံးပုံမှန်ဖြစ်ပြီဟု ယုံကြည်လိုက်သည်နှင့် ကူးဖို့ပြင်ပြီး တစ်ဖက်ကမ်းမှ ဝမ်းသာပျော်ရွှင်စွာဖြင့် သူ့ကိုစောင့်စားနေကြသော သူ့တပည့်ခလေးများကို လက်ဝှေ့ယမ်းပြနှုတ်ဆက်လိုက်ပြီး မာန်သွင်းသံတစ်ချက်နှင့်အတူ လှမ်းခုန်လိုက်လေသည်။

''ယား...ဟား...ဟား''

ထိုစဉ် တောင်အောက်ဘက်မှလေသည် ချောက်ကြားထဲမှ အမှတ်မထင် ဆောင့်တိုက်လိုက်ခြင်းကြောင့်....

''ဟာ...''

''အိုး...ဆရာကြီး...ဆရာ...ဆရာ''

လန်ထင်းယီ၏ရင်ထဲဝယ် ထိတ်ခနဲဖြစ်သွားသည်။

သို့သော်လည်း သတိကို မနည်းကြီး ထိန်းထားလိုက်ချိန်တွင် သူ့ကိုယ်သည် အောက်နိမ့်ဆင်းသွားသည်ဟု ထင်လိုက်ရသည်။

မှန်သည်။ ဟန်ချက်ပျက်သွားပြီ ဖြစ်သဖြင့် တစ်ဖက်ကမ်းသို့ ရောက်ခါနီးမှ ချောက်ထဲသို့ ထိုးကျလာသည်။

''ဆရာ...ဆရာ...ဒီမှာ''

လီ၏အသံမှန်း သိလိုက်ရသည်။

လှမ်းကြည့်လိုက်တော့ ကြိုးစတစ်စ၊ လှမ်းဆွဲလိုက်သည်။ ခမိ၊ လွတ်သွားသည်။

သွားပြီဟု မိမိကိုယ်ကိုမိမိ သတ်မှတ်လိုက်ချိန်တွင်....

''ဖြန်း''

''ဖလစ်''



သူ့ခန္ဓာကိုယ်ကို လာရောက်ရိုက်လိုက်သော အထိအတွေ့ကြောင့် လှမ်းဆွဲလိုက်ရာတွင် ပေါင်လုံးခန့်ရှိ ကျောက်တောင်ကြားမှ ထိုးထွက်ပေါက်ရောက်နေသည့် ကညင်ပင်တစ်ပင်ကို ဆွဲထားမိကြောင်း တွေ့ရသည်။

''ဟာ...ပြဿနာ''

စိတ်ထဲတွင် တော်တော် မောသွားသည်။

ကညင်ပင်ကိုသာ ဆွဲလျက် ကျောက်ကွဲကြားထဲသို့ ခြေကို ထိုးထည့်၍ နားနေစဉ်....

''ဆရာ...ဆရာ...ဆရာ''

လိုက်သံပါသော ခေါ်သံကြောင့် အပေါ်သို့ မော့ကြည့်လိုက်ချိန်တွင် သိပ်မဝေးလှသောချောက်ကမ်းပါးယံကို လှမ်းမြင်နေရသည်။

တော်တော်ဝမ်းသာသွားပါသည်။

''ဟေး...လီရှုဝါး၊ ကြိုးချပေးစမ်းဟေ့၊ ဟိုဘက်ကမ်းက ကြိုးစကို ဆွဲလိုက်''

ပွဲတင်သံကြောင့် ချောက်ကမ်းပါးတစ်ခုလုံး ဟိန်းထွက်သွားသည်။

''ဆရာ...ဒီနားတင်ပဲလား၊ အဲဒီမှာ ကြိုးချထားတယ်လေ၊ မတွေ့ဘူးလား၊ စောစောကတည်းက ကြိုးကို လှမ်းဆွဲလိုက်ပြီး ပစ်ချလိုက်တာ ဆရာမတွေ့ဘူးလား''

အပေါ်မှတပည့်၏အသံကြောင့် ဇဝေဇဝါဖြစ်သွားပြီး....

သူ့ကြိုးအား လိုက်ရှာသည့်တွင် သူနှင့် အတော်ဝေးဝေးနေရာ၌ ကြိုးစကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြိုးသည် သည်တွင်ဆုံးနေဟန်တူသည်။

''ဆရာ...ကြိုးစကို တွေ့လား၊ ကျွန်တော်တို့ အဆုံး ရောက်ထားတဲယ်''

''မမိဘူး၊ သိပ်ဝေးနေတယ်ဟေ့''

အသံကို မြှင့်၍ အော်လိုက်လေသည်။

သူ့အသံဆုံးသည်နှင့် ကြိုးစ ပြန်တက်သွားသည်ကို တွေ့လိုက်ရလေသည်။

လန်ထင်းယီ ,အသက်ကို ပြင်းပြင်းရှူပြီး ငြိမ်နေလိုက်သည်။

''ဖြစ်...ဖြစ်''

''ဟာ...သစ်ပင်ကျွာကျတော့မှာပါလား''

လန်ထင်းယီ မျက်လုံးပြူးပြီး သူတွယ်ကပ်၍ ရပ်နေသော သစ်ပင်မှာ သူ၏ အလေးချိန်ကို မခံနိုင်တော့။

တောင်နံရံမှ ကျွာကျစပြုနေပြီ။

လူမှာလည်း တဖြည်းဖြည်း နိမ့်ဆင်းလာနေပြီ။

''အို...ဒီတစ်ခါတော့ ငါသွားပြီ''

ဘာမျှလုပ်စရာမလိုတော့၊ မျက်လုံး စုံမှိတ်၍ သေပွဲ ဝင်ဖို့သာ ရှိတော့ သည်။

''ဖြစ်...ကျွိ...ကျွိ...ဝေါ''

ဟူသော အသံနှင့်အတူ သစ်ပင်ရော လူပါ အောက်သို့ ကျသွားလေသည်။

ရင်ထဲဝယ် အေးခနဲ ခံစားလိုက်ရ၏။



ရုတ်တရက် သစ်ပင်အား လက်မှ လွှတ်၍ သစ်ပင် ကျွာကျသွားသော ကျောက်ကွဲကြားသို့လက်သုံးသည့်ပြီး ကျောက်နံရံကြီးအား ကိုယ်ဖြင့် ကပ်ထားလိုက်ရသည်။

အခြေအနေ သိပ်မကောင်းတော့။

မျက်နှာပင် ဟိုသည် လှည့်မရတော့။ ထိုစဉ်...

သူ့ကျောပြင်ကို အဝတ်စအချို့ လာထိသဖြင့် အားတင်း၍ စောင့်ကြည့်လိုက်သောအခါ အကြီးအကျယ် ဝမ်းသာသွားလေ၏။

''ဆရာ... ကျွန်တော်တို့ အပေါ်က ဆွဲထားတယ်၊ မိပြီလား''

''ဟေ့... တောင့်ဆွဲထား ဟေ့၊ ငါ ခိုလိုက်တော့မယ်''

''ရတယ်ဆရာ၊ ဆွဲ...ဆွဲ...မြန်မြန်ဆွဲ''

ကျောက်နံရံ ကို အားနှင့်တွန်းကာ အဝတ်စအား လှမ်းဆွဲလိုက်လေသည်။

''ဟာ...ကြိုးစမှမဟုတ်ဘဲ''

မှန်ပေသည်။

အဝတ်စများ ဖြစ်နေသည်။

ကြိုးမမိဆို၍ သူ့တပည့်များက ၎င်းတို့၏ ဝတ်ရုံများကို ဆက်၍ ချည်ပြီး ချပေးဟန်ရှိလေသည်။

ကိုယ်ခန္ဓာတစ်ခုလုံး ကျောက်စွန်း ကျောက်နံရံတို့ဖြင့် ခြစ်မိ ပွန်းမိသောကြောင့် အသက်သင့် ခြေဖြင့်ကန်ထိန်းရင်း အပေါ်သို့ တက်လာခဲ့လေသည်။

★

www.burmeseclassic.com

## အခန်း (၈)

ပြိုင်ပွဲတွင် အမှတ်အများဆုံး ရရှိပြီး ထိပ်ဆုံး ရောက်နေသော အဖွဲ့မှာ ငါးဖွဲ့သာ ကျန်တော့သည်။

သည်နှစ်ပြိုင်ပွဲမှာ သိပ်မကြာလှ၊ သိုင်းကွက်တစ်ရာကျော် ပြိုင်ရသည့်ပွဲပင် မရှိသလောက် ဖြစ်သည်။

အရှေ့ပိုင်းသိုင်းအဖွဲ့သည် လက်နက်နှင့် တိုက်ခိုက်သော ပြိုင်ပွဲများတွင် အမှတ်မရသော်လည်း လက်နက်မဲ့ ပြိုင်ပွဲများတွင် အနိုင်ယူခဲ့သည်မှာ ဆယ်ရက်အတွင်း ပြိုင်ပွဲပေါင်း နှစ်ဆယ်ကို အောင်နိုင်ခဲ့ပြီး ဖြစ်သည်။

အတွင်းအားနှင့် ကိုယ်ဖော့ပညာတွင် ဘုန်းတော်ကြီး ရှိခုန်း ခေါင်းဆောင်သော လင်းယုန်နက် သိုင်းအဖွဲ့က ဗိုလ်စွဲနေသည်။



ပန်းလိပ်ပြာမယ်တော်၏ အဆက်အသွယ်များ ဖြစ်ကြသည့် နည်းတူ အရှေ့ပိုင်း ဂိုဏ်းနှင့်လည်း သွေးသောက်အဖွဲ့ ဖြစ်သည်။

လက်နက်စုံ ပြိုင်ပွဲတွင် မိုးမြေဓား ယုစိန်ယုံ အဖွဲ့မှ ဓားလက်နက်သည် လွန်စွာ ထင်ရှားပြီး သိုင်းကွက် ငါးကွက်မှာပင် အနိုင်ယူခဲ့သည်ချည်းသာ ဖြစ်သည်။ သည်ထဲတွင် အားလုံးလန့်နေသည်မှာ ယခုနှစ်မှ ဝင်ရောက်ယှဉ်ပြိုင်သော လက်နက်ပုန်း အဆိပ်ဘုရင် ယိကျူးထုံးပင်ဖြစ်သည်။

လက်မလှုပ်လိုက်နှင့် တစ်ဖက်မှ ပြိုင်ဘက် ဒူးထောက်ကျသွားရ၏။ သူ၏ လက်နက်ပုန်း သိုင်းကွက်က အံ့မခန်းပင်။ အဆိပ်ရည်စိုသော လက်လှုပ်လိုက်သည်နှင့် အဆိပ်မှုန့်လေးများ မှလထဲတွင်လွင့်ပြီး တစ်ဖက် ပြိုင်ဘက်အား ထိမှန်တော့သည်။

သူတို့ ငါးဖွဲ့လုံး အရှေ့ပိုင်းဂိုဏ်း သိုင်းအဖွဲ့နှင့် မဟာမိတ် ဖွဲ့ထားသူများမို့ မကြာမီ ပြိုင်ပွဲကြီး ပြီးဆုံးပေတော့မည်။ ဟန်ဘုရင်မင်းမြတ်ပင် တုန်လှုပ်နေရ၏။

ယနေ့တွင် တောင်ပိုင်းဂိုဏ်းချုပ်ကြီး၏ တပည့် ချင်းဟုန်ရီ ခေါင်းဆောင်သော အဖွဲ့နှင့် အရှေ့ပိုင်း ဂိုဏ်းသားတို့ ယှဉ်ပြိုင်မည့်ပွဲပင် ဖြစ်သည်။

တောင်ပိုင်း ဂိုဏ်းချုပ်ကြီးမှာ မျက်နှာ မကောင်းချေ။ ယခင်ပြိုင်ပွဲတုန်းက လက်ရှိ သိုင်းကေရာဇ် နေရာကို အရှေ့ပိုင်း ဂိုဏ်းသား တို့ကသာ လွှမ်းမိုး ချုပ်ကိုင် ခဲ့ကြသည်။ ယခု နှစ်တွင်လည်း ၎င်းတို့ပင် အောင်ပွဲခံလျက် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ပိုင်း သိုင်းအဖွဲ့၏ လုပ်ဆောင်မှုကြောင့် ပြိုင်ပွဲမှာ ဆယ်ရက် ကျော်ကျော်နှင့် နိဂုံးချုပ်ရတော့မလို ဖြစ်နေပေသည်။

တစ်ဖွဲ့တည်းသာ ကျန်နေသော တောင်ပိုင်း သိုင်းအဖွဲ့မှ ဂိုဏ်းချုပ် ချင်းဟုန်ရီသည် သူနှင့် ယှဉ်ပြိုင်မည့် ဘုန်းတော်ကြီး ရှိခုန်းတို့ အဖွဲ့ကို လှမ်း၍ အကဲခတ်နေသည်။

"ရွှမ်း....ရွှမ်း....ရွှမ်း"

ကြေးလင်ပန်းကြီးအား ထုလိုက်သောအသံကြောင့် ပြိုင်ပွဲကွင်းလယ်သို့ အစီအစဉ်ကြေညာသူ ရောက်လာသည်။

တစ်ဖက်စင်မြင့်တွင် ဟန်ဘုရင်မင်းမြတ်နှင့် သဘာပတိ အကဲဖြတ်များ ဖြစ်ကြသော အရှေ့ပိုင်း ဂိုဏ်းချုပ်ဟောင်း၊ အနောက်ပိုင်းဂိုဏ်းချုပ်ဟောင်း၊ တောင်ပိုင်းဂိုဏ်းချုပ်နှင့် ပန်းလိပ်ပြာမယ်တော်တို့ရှိပြီး ထိုင်နေကြ၏။

အရှေ့ပိုင်း ဂိုဏ်းချုပ်ဟောင်း၏ မျက်နှာ အမြူးထူးဆုံး ဖြစ်၏။

"ယခုအချိန်မှစပြီး တောင်ပိုင်း သိုင်းအဖွဲ့မှ လက်ရှိဂိုဏ်းချုပ် ခင်းဟုန်ရီနှင့် ရှိခုန်းအဖွဲ့မှ ကိန်းအင်းတို့ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်၊ တောင်ပိုင်းဂိုဏ်းချုပ်နဲ့ ကိန်းအင်းတို့ ယှဉ်ပြိုင်ရန် ကွင်းလယ်သို့ကြွခဲ့ပါရန် ဖိတ်ခေါ်ပါတယ်"

အခမ်းအနားမှူး၏ အသံကျယ်ကြီးဆုံးသည်နှင့်....

"ကျုပ်....ကိန်းအင်း ရောက်ပါပြီခင်ဗျာ"

ကိန်းအင်းသည် လက်တစ်ဖက်တွင် ဓားကိုကိုင်ကာ ရောက်လာခဲ့၏၊ သို့သော်....



ချင်းဟုန်ရီမှာ ရောက်မလာသေး၊ စင်ပေါ်မှ တောင်ပိုင်းဂိုဏ်းချုပ်ဟောင်းကြီးမှာ ဖင်ဘာကြွကြွ ဖြစ်နေ၏။ မကြာမီမှာပင်....

"ကျုပ် ချင်းဟုန်ရီ ရောက်လာပါပြီ ခင်ဗျာ"

ကြွေးကြော်သံနှင့်အတူ လက်တစ်ဖက်တွင် သံယပ်တောင်ကြီး တစ်ခုကိုင်လျက် ဝင်လာသော ချင်းဟုန်ရီကို တွေ့လိုက်ရသည်။ ဟန်ဘုရင်မင်းမြတ်က အခမ်းအနားမှူးအား လက်တစ်ဖက် ဝှေ့ယမ်းပြလိုက်၏။

"ဂွမ်း"

အချက်ပေးသံပေါ်လာသည်နှင့် ကိန်းအင်းက လက်ထဲမှ ဓားကြီး ဆန့်တန်းလိုက်ပြီး အဆင်သင့် ပြင်လိုက်သည်။

ချင်းဟုန်ရီက သံယပ်တောင်ကြီးအား တဖျပ်ဖျပ် ခတ်ရင်း ကိန်းအင်းအား စိန်းစိန်းကြည့်နေသည်။

ပတ်ပတ်လည်တွင် စားဖွဲ့ဝင်များမှာ မျက်တောင်မခတ် ကြည့်နေကြသည်။

ချင်းဟုန်ရီက စတင်၍ တိုက်ခိုက်ရန် ပြင်လိုက်လေသည်။

တဝှီးဝှီး မြည်သံနှင့်အတူ လက်ထဲမှ သံယပ်တောင်ကို ဝှေ့ယမ်းရင်း ရှေ့သို့တိုးလာသည်။

ကိန်းအင်း၏ ဓားဖျားသည် ချင်းဟုန်ရီ၏သံယပ်တောင်ကြားမှ မျက်နှာသို့ဘန်းကာ လှမ်းထိုးလိုက်သည်။

"ဝှစ်"

"ဖလပ်"

အသံနှစ်သံ တစ်ထပ်တည်း ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



''ဟိတ်''

''ယား''

နှစ်ဦးလုံး လေထဲမြောက်တက်သွားသည်။

နေရောင်အောက်တွင် ဝင်းလက်သွားသော ဓားဖျားသည် ချင်းဟုန်ရီ၏ လည်ပင်းဆီသို့ တန်းဝင်သလို ချင်းဟုန်ရီ၏ သံယပ်တောင်သည်လည်း ကိန်းအင်း၏ လည်ပင်းဆီသို့ ရှပ်ပတ်ပြေးဝင်လာခဲ့သည်။

''ဟာ''

ပွဲကြည့်ပရိသတ်ဆီမှ ကြောက်လန့်တကြား အသံကြီး ထွက်ပေါ်လာခဲ့သည်။ နှစ်ဦးစလုံး ကိုယ်ရှိန်သတ်လိုက်ကြ၏။

မဟုတ်က တစ်ဦးလည်ပင်းပေါက်၍ တစ်ဦးလည်ပင်း ပြတ်ထွက်သွားမည်ဖြစ်သည်။

ထို့ကြောင့် အရှိန်လျှော့လိုက်ကြသည်။

ချင်းဟုန်ရီက ပို၍ မြန်သည်။

မြားမှတ်သည့် တုတ်သိုင်းကွက်ကို သံယပ်တောင်နှင့် စလွယ်သိုင်း ခုတ်ချလိုက်ရင်း နောက်သို့ ခုန်ဆုတ်သွားသော သည်။

''ဖြောင်း''

အသံမှာ ကျယ်လောင်လွန်းလှသည်။

''ဟာ....ကိန်းအင်းဓားကျိုးသွားပြီဟေ့''

''ဟား....ဟား....ဟား၊ ရှောင်စမ်းဟေ့''

ချင်းဟုန်ရီက သိုင်းကွက်ဖြင့် ဓားကျိုးသွားသော ကိန်းအင်း ၏လည်ပင်းအား ရစ်ပတ်ဆွဲယူရန် ကြိုးစားပြောလိုက်သည်။



ကိန်းအင်းမျက်နှာ သွေးဆုတ်ဖြူရော်သွားသည်။

နောက်သို့ သုံးလှမ်းမျှခုန်ဆုတ်လိုက်ရင်း....

''မဟ....ရော့''

လက်ထဲမှဓားကြီးကို ချင်းဟုန်ရီ၏ ရင်ဘတ်တည့်တည့်သို့ အရှိန်နှင့် ပစ်လွှတ်လိုက်သည်။

ချင်းဟုန်ရီ ဘာလုပ်ရမှန်းမသိ ဖြစ်သွားပြီး....

''ယား''

''ဖလပ်''

ခုန်ရှောင်လိုက်ကာ တစ်ဖက်မှကိန်းအင်း၏လည်ပင်းကို ရစ်ပတ်တော့မည့်ဆဲဆဲ သံယပ်တောင်ကို ပြန်လည်သိမ်းလျက် သူ၏ရင်ဝသို့ ပြေးဝင်လာသောဓားကျိုးကိုချိတ်ခါ ထုတ်လိုက် ရသည်။

''အား''

''ဟာ''

ရိုက်ချက်သည် လွန်စွာတိကျပြီး အားကောင်းလှသော တိုက်ကွက်ဖြစ်သည်။

သံယပ်တောင်ဖြင့် ပြန်လည်တိုက်ထုတ်လိုက်သောရိုက်ချက် ကြောင့် ဓားကျိုးစသည် မူလပစ်ထုတ်လိုက်သော ကိန်းအင်း ထံသို့ ပြန်လည်ပြေးဝင်သွားကာ ရင်ဝသို့တန်းခနဲ စိုက်ဝင် သွား၏။

မထင်မှတ်သော တိုက်ကွက်ကြောင့် ကိန်းအင်း ဘယ်လိုမှ ရှောင်ရှားခြင်း မပြုနိုင်တော့ချေ။

''ရှူး....ကောင်းလိုက်တဲ့ တုံ့ပြန်ချက်ပဲ''

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဘုရင်မင်းမြတ်ကိုယ်တိုင် နှုတ်မှချီးကျူးကာပြောဆိုလိုက်သည်။

တောင်ပိုင်းဂိုဏ်းချုပ်မျက်နှာ ရှက်ချင်းဝင်းပသွားကာ—

“ဒီနှစ်ပြိုင်ပွဲတွေဟာ သိပ်မကြာကြာပါလား၊ တစ်ကွက်ကောင်းနဲ့ချည်း အနိုင်ရသွားတာ တွေ့နေရပါလား”

ပန်းလိပ်ပြာမယ်တော်က ကြားဝင်ပြောလိုက်၏။

“ကျုပ်တို့အရှေ့ပိုင်း သိုင်းအဖွဲ့နဲ့ သူသေကိုယ်သေ ပြိုင်မယ့်သူရှိရင် သိပ်ပြီး ကောင်းတယ်ဗျာ၊ ခုတော့ ဘယ်သိုင်းအဖွဲ့တွေမှ မယှဉ်နိုင်တော့ခက်တယ်”

အရှေ့ပိုင်းဂိုဏ်းချုပ်၏ ဂုဏ်ယူငင့်ကြွားစွာ ပြောလိုက်မှုကြောင့် ကျန်လူများ ခေါင်းငုံ့သွားကြသည်။

သို့သော် တောင်ပိုင်းဂိုဏ်းချုပ်က...

“ဟန်ဘုရင် မင်းမြတ်၊ ပြိုင်ပွဲပြီးသွားပါပြီ၊ အနိုင်အရှုံးဆုံးဖြတ်ပါ”

ထိုအခါ ဟန်ဘုရင်မင်းမြတ်က ထိုင်ရာမှထကာ...

“ဒီပြိုင်ပွဲမှာ တောင်ပိုင်းသိုင်းဂိုဏ်းအဖွဲ့ချုပ် ချင်းဟုန်ရိုက အနိုင်ရသွားပါပြီ၊ ကဲ...အခမ်းအနားမှူး အစီအစဉ်ဆက်လုပ်ပါ”

အခမ်းအနားမှူးသည် ကွင်းထဲသို့ ဝင်လာပြီး ချင်းဟုန်ရို၏ ညာလက်ကိုဆွဲလျက် အပေါ်သို့မြှောက်ပြလိုက်သည်။

“ဖြောင်း...ဖြောင်း...ဖြောင်း...ဖြောင်း”

တောင်ပိုင်းသားများဘက်မှ လက်ခုပ်သံ အနည်းငယ်သာ ထွက်ပေါ်လာခဲ့၏။



အရှေ့ပိုင်းဂိုဏ်းသားတို့၏ မျက်နှာမှာ သိပ်မကောင်းလှ။ သူတို့၏မိတ်ဆွေအဖွဲ့ ရှုံးသွားသည်ကို မကျေမနပ်ဖြစ်ကြသည်။

ပန်းလိပ်ပြာမယ်တော်သည် သူ၏ မြောက်ပိုင်းသိုင်းအဖွဲ့ ရှုံးသွား၍ ပို၍မျက်နှာမကောင်းဖြစ်နေသည်။

* * *

ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

“ဟန်ဘုရင်မင်းမြတ်...သက်နက်ချင်းပြိုင်ပွဲအတွက် မိုးမြေဓားသိုင်းအဖွဲ့နဲ့ တောင်ပိုင်းသိုင်းအဖွဲ့တို့ ဆက်လက်ယှဉ်ပြိုင်ဖို့ စီစဉ်ပေးပါ”

အရှေ့ပိုင်းဂိုဏ်းချုပ်က ပြောလိုက်သည်။

ဤစကားကို ကြားလိုက်ရသော တောင်ပိုင်း ဂိုဏ်းချုပ် လှုပ်လှုပ်ရှားရှားဖြစ်ပြီး ထိုင်ရာမှ ဆတ်ခနဲထလိုက်ကာ...

“ဟာ...မဖြစ်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခုပဲ တိုက်ပွဲတစ်ခုကို ယှဉ်ပြိုင်ထားရတဲ့အတွက် တောင်းပိုင်းဂိုဏ်းချုပ် ချင်းဟုန်ရိုက ပင်ပန်းနေပါတယ်၊ ဒါကြောင့် ကျန်ရှိနေသေးတဲ့ သုံးဖွဲ့ကိုပဲ ယှဉ်ပြိုင်စေဖို့ အစီအစဉ်တစ်ခုဆွဲပေးဖို့ ကောင်းပါတယ်”

တောင်ပိုင်းဂိုဏ်းချုပ်ဟောင်း၏စကားကို အရှေ့ပိုင်းဂိုဏ်းချုပ်ကပါ သဘောတူသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်၊ ဒီလိုပဲဖြစ်သင့်တယ်။ ပြိုင်ပွဲဆိုတာ တစ်ဖက်စီးနင်းပေးလို့ ဘယ်ဖြစ်ပါ့မလဲ၊ ကဲ... ပြိုင်ပွဲ ဆက်ပြီး စ,ခိုင်းမယ်''

ဟန်ဘုရင်ကလည်း သူပါ သဘောတူဟန်ဖြင့် ထိုင်ရာမှ ထလိုက်သည်။

''နေပါဦး ဘုရင်မင်းမြတ်၊ ကျန်တဲ့ မိုးမြေမားအဖွဲ့၊ အရှေ့ပိုင်းအဖွဲ့၊ အဆိပ်ဘုရင်အဖွဲ့တို့ဟာ သွေးသောက်ဖွဲ့ထားတဲ့ မိတ်ဆွေတွေဖြစ်နေပါတယ်၊ ဒီတော့ အချင်းချင်းကို တွဲပေးမယ်ဆိုရင်....''

''အိုး....ပြိုင်ပွဲမှာ မိတ်ဆွေတို့၊ သွေးသောက်ညီအစ်ကိုတို့ဆိုတာ မရှိပါဘူး အရှေ့ပိုင်းဂိုဏ်းချုပ်ကြီး၊ ခုချိန်မှာ ကျွန်တော်တို့ဟာ ဘယ်သူတွေနဲ့မှ မပတ်သက်တော့ဘူးလေ။ သဘာပတိလူကြီးတွေ ဖြစ်နေပြီမဟုတ်လား....

''ဒီတော့ ကိုယ့်အဖွဲ့နဲ့ ပတ်သက်တဲ့အဖွဲ့၊ ရင်းနှီးတဲ့အဖွဲ့ဆိုပြီး စိတ်ကူးမနေပါနဲ့၊ သဘာပတိ ခေါင်းဆောင်တွေပီပီ ပြိုင်ပွဲကို စနစ်တကျ ညီညီမျှမျှ တရားသဖြင့် ဆက်ပြီး စီစဉ်ပေးစေချင်ပါတယ်''

ဟန်ဘုရင်မင်းမြတ်က ပြတ်သားသော လေသံဖြင့် ပြောလိုက်၏။ အရှေ့ပိုင်းဂိုဏ်းချုပ်နှင့် ပန်းလိပ်ပြာမယ်တော်တို့ မျက်နှာမျာ်း ပျက်သွားကြသည်။

''ကောင်းပြီလေ၊ ဘုရင်မင်းမြတ် ကြိုက်သလိုစီစဉ်ပါ။ ဒါပေမယ့် ဒီနှစ်ဟာလဲ အရှေ့ပိုင်းသိုင်းအဖွဲ့ပဲ ဆက်လက်တည်မြဲမယ့်နှစ်ပါပဲ''



အရှေ့ပိုင်းဂိုဏ်းသားတို့နှင့် ပတ်သက်နွယ်ယှက်နေသော အရှေ့ပိုင်းဂိုဏ်းချုပ်ကြီးက ပြောလိုက်သည်။

''ဟာ....နေဦး၊ သိုင်းပြိုင်ပွဲကြီးစတာ ဒီနေ့ အယ်ရက်မြောက်တဲ့နေ့ပဲ၊ ဟိုလူခပျော်ကြီး ရောက်မယ့်နေ့ပဲ''

တောင်ပိုင်းဂိုဏ်းချုပ်ကြီးက လှမ်းပြောလိုက်သည်။

''ဟား....ဟား....ဟား၊ တကယ်တော့ ဒီကောင် ရောက်လာဖို့ လမ်းမမြင်တော့ပါဘူးဗျာ၊ ခင်ဗျားတို့ မျှော်လင့်မနေပါနဲ့တော့''

''ဘာဖြစ်လို့ မရောက်လာနိုင်ရမှာလဲဗျ၊ ကျုပ်တို့တောင်ပိုင်းသားတွေဟာ ဘယ်တော့မှ ကတိမပျက်ဘူး''

အရှေ့ပိုင်းဂိုဏ်းချုပ်ကြီး၏အထင်အမြင်သေးသောစကားကြောင့် တောင်ပိုင်းဂိုဏ်းချုပ်ကြီးက မခံချင်စိတ်ဖြင့် ခပ်ထန်ထန် ထပြောလိုက်သည်။

''ဒီကိစ္စက ကတိတို့ သစ္စာတို့နဲ့ မဆိုင်ဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ထပည့်ရှာရဦးမယ်၊ နောက် သူခေါ်လာမယ့် သူရဲကောင်းတပည့်တွေကလဲ တွေ့ကရာလူ ခေါ်လာလို့ ရတာမှမဟုတ်ဘဲ....

''သေမင်းပါးစပ်တို့၊ အန္တရာယ်ချောက်တို့ ဖြတ်နိုင်မယ့် အဆင့်မြင့်သိုင်းသမားတွေလဲ ဖြစ်ရဦးမယ်ဆိုတော့ သူသွားတဲ့ရက်နဲ့ အချိန်ဟာဆိုရင် သိုင်းသမားကောင်း နှစ်ဆယ်ကို ဘယ်လိုရှာပြီး ဘယ်လိုစုစည်းမလဲဆိုတဲ့အကြောင်းပြောတာပါ''

ပန်းလိပ်ပြာမယ်တော်က ကြားမှ ဖြတ်ပြောလိုက်သည်။

www.burmeseclassic.com

တောင်ပိုင်းဂိုဏ်းချုပ် ထွေဝေသွား၏။

ဟန်ဘုရင်ပင်လျှင် မျက်နှာတစ်ခုလုံး ညို့မှိုင်းသွား၏။

အမှန်မှာ ဟန်ဘုရင်သည် အရှေ့ပိုင်းသိုင်းအဖွဲ့ကို နှစ်ခြိုက်ခြင်း မရှိချေ။

အဘယ်ကြောင့်ဆိုသော်....

ပြီးခဲ့သည့် ဆယ်နှစ်တာကာလအတွင်းက စတင်ပြီး သိုင်းလောကတွင် ကြိုလင်တောင်ပြိုင်ပွဲ၌ ပထမရကာ အုပ်စိုးခဲ့သည်။

၎င်းတို့အဖွဲ့ကို ထိုက်သင့်သော စည်းစိမ်နေရာသို့ ပေးခဲ့သော်ငြားလည်း တိုင်းပြည်အတွက် ဘာမျှ ဆောင်ရွက်ခြင်း မရှိခဲ့ရုံမက သိုင်းပညာကိုလည်း တတ်တိုပတ်တိ ဖြန့်ဝေသင်ကြားပေးခြင်း မရှိဘဲ အရှေ့ပိုင်းသား လူနည်းစု၏ ပညာသာ ဖြစ်နေခဲ့ခြင်းကြောင့် ဖြစ်သည်။

ဤသည်ကို ဟန်ဘုရင်မင်းမြတ် လုံးဝ သဘောမတွေ့ခဲ့၊ သို့သော်....

သူတို့အဖွဲ့သည် တရားသဖြင့် ပြိုင်ပွဲတွင်ပထမရခဲ့လျှင် ဤရာထူးနှင့် ဤနေရာကို နောက်ထပ် ဆယ်နှစ် ခံစားစေရမှာ စိတ်မောနေမိလေသည်။

"ကဲ....အဆိပ်ဘုရင်ယိကျူးထုံးနဲ့ မိုးမြေဒေ ယုစိန်ယုံတို့ တိုက်ပွဲကို စီစဉ်ပါ"

ဟန်ဘုရင်သည် တွေးလက်စ အတွေးကို ဖြတ်လိုက်ပြီး ကြော်ငြာသူကို လှမ်း၍ အမိန့်ပေးလိုက်သည်။

"ငွမ်း....," ဟူသော အချက်ပေး လင်ပန်းသံနှင့်အတူ...



"ခုအချိန်ကစပြီး ဒုတိယပွဲစဉ်အဖြစ် မိုးမြေဒေး ယုစိန်ယုံနဲ့ အဆိပ်ဘုရင် ယိကျူးထုံးတို့ ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်၊ ပြိုင်ပွဲဝင်နှစ်ဦး အဆင်သင့်ဖြင်ကြပါ"

အရှေ့ပိုင်း သိုင်းသမားအားလုံး အံ့အားသင့်သွားကြသည်။ သူတို့နှင့်သွေးခွဲသောက်ဖွဲ့ထားပြီး ပွဲစဉ်များ ထိပ်တိုက်တိုးလာသောကြောင့် ဖြစ်သည်။

မိုးမြေဒေး ယုစိန်ယုံ ပြိုင်ပွဲကွင်းထဲသို့ ဝင်လာခဲ့သည်။

တစ်ပြိုင်နက်တည်းမှာပင် အဆိပ်ဘုရင် ယိကျူးထုံး ရောက်လာသည်။ မကြာပါ။

ပြိုင်ပွဲကို စတင်ရန် ကြေညာတော့မည် ဖြစ်သည်။

မိုးမြေဒေး ယုစိန်ယုံက ဓားကို ဝှေ့ယမ်းလျက်ရှိ၏။

ယိကျူးထုံးမှာမူ လက်ထဲတွင် ဘာမှကိုင်ထားခြင်းမရှိဘဲ လက်နှစ်ဖက်ကို နောက်သို့ပစ်ထားလေ၏။

"ကဲ...အဆင်သင့်ဖြစ်ပြီလား"

နှစ်ဦးစလုံး ခေါင်းညိတ်ပြလိုက်သည်။

"ငွမ်း...."

အချက်ပေး ကြေးလင်ပန်းအသံက မြည်ဟည်းထွက်သွားသည်။

"ဝှီး"

ဓားသည် လေထဲတွင် တဝီးဝီး မြည်ဟည်းနေသည်။

ပြင်းထန်သော လေဟုန်တစ်ခုကို ကြားလိုက်ရသည်။

"ယား"

နောက်သို့အကျောင်အမြန် အော်ဟစ်ရှောင်တိမ်းလိုက်ရ၏။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဖတ်"

လက်ဝါးရိုက်ချက်ကို ခပ်ဆတ်ဆတ်လှမ်းပြီး ပုတ်လိုက်၏။

အဆိပ်လက်နက်ပုန်းဘုရင်၏ လက်ဝါးချက်လည်း ပြင်းထန်လှ၏။ 'ထန်း'ဟူသော အသံကြီးနှင့်အတူ မိုးမြေခြား နောက်သို့ လန်သွားသည်။

လူကိုထိသည်မဟုတ်။ လေတိုးအားကို ခံလိုက်ရခြင်း ဖြစ်သည်။ မိုးမြေခြား ယုစိန်ယုံ မျက်နှာကွက်ခနဲ ပျက်သွား၏။

သူ၏ တိုက်ကွက်တစ်ချက် ပျက်သွားသည်ကို ဒေါသဖြစ်နေမိ၍ တစ်ဖက်မှ လက်ဝါးအတွင်းအားဒဏ်ကို အမှတ်မထင် ခံလိုက်ရခြင်းဖြစ်လေသည်။

"ဟော့....ဖတ်....ဖလူး"

နောက်ထပ်တစ်ချက် အဆိပ်ဘုရင်၏ တိုက်ကွက်ဖြစ်သည်။

"ဟာ...."

မိုးမြေခြား ထပ်မံလန့်သွားရပြန်သည်။

သူ့ထံသို့ လွင့်ပျံလာသော အဆိပ်လက်နက်ပုန်း အမှုန်လေးများကို မြင်လိုက်ရသောကြောင့် လက်ထဲမှ ဓားကြီးကို တအားကုန် ဝှေ့ယမ်းလိုက်ပြီး....

'ဝှီး....ဝှီး....ဝေါ...ဝေါ'ဟူသော အသံကြီးမှာ လေမုန်တိုင်းကြီးတစ်ခုပမာ ပြင်းထန်လွန်းလှ၏။

ပတ်ဝန်းကျင်ရှိ တဲများ အမိုးများ လန်ကုန်သည်။

"ဝှီး....ဝှီး....ဝေါ....ဝေါ"

ထိုမုန်တိုင်းသံသည် ပို၍ပြင်းထန်လာပြီး အဆိပ်ဘုရင်မှာ လန်သွား၏။



"ဖတ်"

"ဝုန်း"

အဆိပ်ဘုရင် ယီကျူးထုံး ပြင်းထန်လှသော လက်ဝါးအား တစ်ချက်ကြောင့် ဓားလွှဲအား ပျက်သွားကာ ဝုန်းဟူသော အသံနှင့်အတူ မိုးမြေခြား ဘေးသို့ယိုင်သွားသည်။

"ဟား.... ဒီပြိုင်ပွဲဟာ အကောင်းဆုံးပြိုင်ပွဲပဲတော့"

ဟန်ဘုရင်ကုံယတိုင်ပင် ချီးကျူးမှု ပြုလိုက်ရလေသည်။

မှန်သည်။ သိုင်းကွက်ပေါင်းဘစ်ရာနား နီးကပ်လာသော်လည်း အရှုံးအနိုင် မပေါ်သေးချေ။

* * *

အချိန်မှာ ညနေပင် စောင်းတော့မည်။ ပြိုင်ပွဲကား မပြီးဆုံးသေးချေ။ လာပြန်ပြီ တေးသံသာတစ်စု။

"ဟော့....သူရဲကောင်းများသွေးဟာ နီရဲနေသည်"

"နေလုံးကြီးနဲ့အပြိုင် အရောင်အသွေးတူညီ"

"ရန်သူဟူသမျှ တိုက်ပစ်မည်၊ သံမဏိစိတ်ဓာတ်သည် ကမ္ဘာတည်အောင်ရှိခဲ့သည်"

"အားလုံး လက်တွဲပါဝင်ကြပါ၊ သူရဲကောင်းတွေကို ကြိုဆိုပါသည်"

အသံဝါကြီးဖြင့် တက်ကြွစွာဆိုလိုက်သော မိုးမြေခြား၏ လုပ်ရပ်ကြောင့် အားလုံးကြောင်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးမြေခားသည် သီချင်းကိုသီဆိုရင်း ရှေ့သို့တိုးလာရင်းမှ လက်တစ်ဖက်ကို ကမ်းလိုက်သည်။

အဆိပ်ဘုရင်သည်း ခက်ထန်မှုများ ပျောက်သွားကာ ပြန်လည် လက်ခံပြုံးရင်း ရှေ့သို့တိုးလေသည်။

"ဝိုး"

"ခွပ်"

"အား"

ကျယ်လောင် နက်ရှိုင်းသော အော်သံကြီးသည် ပြိုင်ပွဲကွင်းကြီးတစ်ခုလုံး ပျံ့လွင့်သွား၏။

ဟန်ဘုရင်မင်းမြတ်ပင် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်မိမလို ဖြစ်သွား၏။

"အလွန် ပြင်းထန်လှချည်လား"

ပန်းလိုပ်ပြာမယ်တော်နှုတ်မှ အလန့်တကြား ထွက်ပေါ်လာသော အသံဖြစ်သည်။

"ဟာ... အဆိပ်ဘုရင် လွင့်ထွက်သွားပြီ"

"မိုးမြေခား နိုင်ပြီဟေ့၊ အဆိပ်ဘုရင် ရှုံးသွားပြီ"

"စိတ်ညှို့ပညာ ပါတယ်ကွ"

အမျိုးမျိုးသော အသံတို့ ဆူညံစွာ ပေါ်ထွက်လာခဲ့သည်။

ပြိုင်ပွဲကြီး ပြီးဆုံးသွားပြီ ဖြစ်၏။

"ကောင်းပြီ ယုစိန်ယုံ မင်းနိုင်သွားပါပြီ"

ဟန်ဘုရင်၏ နှုတ်မှထွက်ပေါ်လာသော ဆုံးဖြတ်ချက်စကားဖြစ်လေသည်။



"ဟန်မင်းကြီး ပြိုင်ပွဲကို ရပ်ဖို့ကောင်းပါပြီ နေလောင်ပါတော့မယ်"

နံဘေးမှ တောင်ပိုင်းဂိုဏ်းချုပ်ကြီး၏ အသံဖြစ်သည်။

"နေဦးလေ၊ သံယပ်တောင် ချင်းဟုန်ရှိနဲ့ နေ့ဘက်တစ်ပွဲလောက် ပြိုင်လို့ရသေးတာပဲ"

ပန်းလိပ်ပြာမယ်တော်က တွန်းတွန်းထိုးထိုး ဝင်ပြောလိုက်ရာ...

"အိုး... မယ်တော်ကြီးကလဲ၊ ဒီနေ့အဖို့ ရပ်နားရင်ရပ်နားပါစေတော့၊ မနက်ဖြန်မှ ဆက်ပြီး ပြိုင်လဲ ရပါတယ်"

အရှေ့ပိုင်းဂိုဏ်းချုပ်ကြီး၏ စကားကို ပန်းလိပ်ပြာမယ်တော်က သဘောပေါက်သွားသည်။

"သြော်... ဟုတ်သားပဲ၊ ဒါဖြင့် ဒီနေ့ပြိုင်ပွဲဆယ်ရက်မြောက်တဲ့နေ့မှာ ဟိုယူကြမ်းကြီးကို စာရင်းထဲကနေ ဖျက်ထုတ်လိုက်ရတာပေါ့"

"ဒါပေါ့၊ ဖျက်ပစ်ရတော့မှာပေါ့"

သူတို့နှစ်ဦး စကားကြောင့် တောင်ပိုင်း ဂိုဏ်းချုပ်ကြီး မျက်နှာ ကွက်ခနဲပျက်သွားသည်။

"သြော်... ဒီဟုံဆုံးဖြတ်လို့ ဘယ်ဖြစ်မလဲ၊ ဒီနေ့ သန်းခေါင်ရောက်တဲ့အထိတရားဝင်သေးတာပဲ၊ ဒါကလဲ ခင်ဗျားတို့ အားလုံး သဘောတူစွာနဲ့ ခွင့်ပေးခဲ့တဲ့ကိစ္စပဲ"

"မဟုတ်သေးဘူးလေ၊ ဒီပြိုင်ပွဲပြီးရင်ဆယ်ရက်ပြည့်တာပဲ၊ သူ့ကိုပြောလိုက်တာ သိုင်းပြိုင်ပွဲကြီး ဆယ်ရက်မြောက်တဲ့

www.burmeseclassic.com



နေလို့ ပြောလိုက်တာပဲ၊ ဒီတော့ ဆယ်ရက်မြောက် သိုင်းပြိုင်ပွဲမပြီးခင်မှာ လာရမှာပဲ၊ တကယ်လို့ ပြီးသွားရင် တရားမဝင်တော့ဘူး''

တောင်ပိုင်းဂိုဏ်းချုပ်၏ စကားကို ပြက်ရယ်ပြုသည့် အနေဖြင့် အရှေ့ပိုင်း သိုင်းဂိုဏ်းချုပ်ကြီးက ပြောလိုက်လေသည်။

တောင်ပိုင်းချုဏ်းချုပ်ကြီးမှာတော့ ဘာပြောရမှန်းမသိဖြစ်နေတော့သည်။

ထိုစဉ်....

''ဟေ့....တို့လာပြီကွ၊ ဟေး....ဟေး၊ ပြိုင်ပွဲကြီး ပြီးသွားပြီလား''

ကျယ်လောင်စူးရှသော အော်သံများနှင့်အတူ ဝရုန်းသုန်းကား ပြေးဝင်လာသော အဖြူရောင်ဝတ်စုံနှင့် လူနှစ်ဆယ့်ခုနစ်ယောက်ကို တွေ့လိုက်ရလေသည်။

''ဟန်ဘုရင်မင်းမြတ် ခင်ဗျာ၊ ကျွန်တော် လူပျော်ကြီး လန်ထင်းယီ ရောက်ရှိလာပါပြီ''

ဟန်ဘုရင်မင်းမြတ် ထိုင်နေသော တဲနန်းအရှေ့သို့ရောက်လာပြီးဦးညွှတ်ကာနှုတ်ဆက်လိုက်သော လူပျော်ကြီးကို ဟန်ဘုရင်က လက်မြှောက်၍ အသိအမှတ် ပြုလိုက်လေသည်။

သို့သော် ချက်ချင်း မျက်နှာပျက်သွားရ သည်။

ဟန်ဘုရင်မင်းမြတ်နှင့်အတူ တောင်ပိုင်း ဂိုဏ်းချုပ်ကြီးသည် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

အကြောင်းမှာ....



''ဟာ....ဟိုမှာကြည့်စမ်း တင်ရွှမ်လီ၊ ဟို ခေါးကြီးနဲ့ ရပ်နေတဲ့လူကြီးဟာ ရယ်စရာကြီးကွ''

''အေးလေ၊ ဝါး....ဟား....ဟား....ဟား''

''အို....လီကလဲ၊ ဟိုဘက်က သံယပ်တောင်နဲ့ ဝတ်စုံနက်တွေ ဝတထားတဲ့ ထိပ်ပြောင်ကြီးတွေအဖွဲ့ကကော မျောက်ဝံကြီးတွေနဲ့ မတူဘူးလား''

''အေး....ဟုတ်တယ်''

''ဟီး....ဟီး....ဟား....ဟား''

ဆူညံနေသော ကလေးအုပ်စုကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

''ဟေ့....မင်းကို သိုင်းသမားတွေ ရှာခဲ့ပါဆိုတာ တယ်က မျောက်လောင်းတွေ ခေါ်လာရတာလဲ၊ ဒါ နောက်စရာမဟုတ်ဘူး''

စင်မြင့်ပေါ်မှ အရှေ့ပိုင်းဂိုဏ်းချုပ်ကြီးက လှမ်းပြီးအော်ပြောလိုက်သည်။

''ဒီမှာ ဂိုဏ်းချုပ်ကြီး၊ ခင်ဗျားတို့ရဲ့ဆုံးဖြတ်ချက်ထဲမှာ ကလေးတွေ ခေါ်မလာရဘူး၊ ကျုပ်တပည့်တွေဟာ ခင်ဗျားတို့လို သေခါနီးကြီးတွေ ဖြစ်ရမယ်လို့ မပါဘူးဗျ''

''ဝါး....ဟား....ဟား....ဟား''

''ဟိုဘ်....အသက်မပြည့်ရင် သိုင်းပြိုင်ပွဲက လက်မခံဘူးကွ''

အရှေ့ပိုင်းဂိုဏ်းချုပ်ကြီးက ကျယ်လောင်စွာ အော်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဂိုဏ်းချုပ်ကြီး၊ အသက်မပြည့်ရင် လက်မခံရဘူး ဆိုတာ ဂိုဏ်းချုပ်ကြီး သွားနေကျ ပြည့်တန်ဆာအိမ်တွေရှေ့မှာ ရေးထားတဲ့စာတွေမဟုတ်လား"

"ဟုတ်တယ်...ဟုတ်တယ်၊ ဝါး...ဟား...ဟား"

ကလေးများက ဝိုင်းအော်လိုက်ကြသည်။

"ခုလေးတင်မှာ ကျွန်တော့်တပည့်အဖြစ် ဒီသိုင်းပြိုင်ပွဲကျင်းပတဲ့ ကြိုးသင်တောင်ကလေးပေါ်ကို နှစ်ဆယ့်ခြောက်ယောက်စလုံး ရောက်လာတယ်ဆိုကတည်းက သူတို့ရဲ့အဆင့်ကို မြင်တာပေါ့နိုင်ပါတယ်"

အရှေ့ပိုင်းဂိုဏ်းချုပ်ကြီးမှာ ဘာပြောရမှန်းမသိတော့။

"ကဲ...ကဲ၊ ပန်းလိပ်ပြာမယ်တော်၊ သူ့စာရင်းကို ပယ်ချစရာ မလိုပါဘူး ပြိုင်ပွဲဝင်ခွင့် ပေးလိုက်ပါ"

ဟန်ဘုရင်က ဆုံးဖြတ်ပေးလိုက်သည်။

"ဟန်ဘုရင်မင်းမြတ် သက်တော်ရှည်ပါစေ"

ကလေးငယ်များက ဝမ်းသာအားရ အရှိန်အဟုန်ပြင်းလိုက်ကြသည်။

"ကဲ...နေ့ချောင်ရှိသေးတယ်၊ ပြိုင်ပွဲကို ဆက်ဦးမှာလား ဘုရင်မင်းမြတ်"

ပန်းလိပ်ပြာ မယ်တော်က မေးလိုက်သည်။

"သူတို့ရဲ့ ဆန္ဒကို မေးပဦး၊ ခရီး ပန်းလာကြတာ မဟုတ်လား"

"ပြိုင်ပွဲမှာ ပြိုင်ဖို့ လာခဲ့တာပဲ၊ ပြိုင်နိုင်ပါတယ်"

"တကယ်လို့ ပြိုင်မယ်ဆိုရင် ခုပဲ ပြိုင်ချင်ပါတယ်"



တပည့်များကလည်း ဝမ်းသာအားရ အော်ဟစ် အားပေးလိုက်ကြသည်။

"ဝေး...ဟေး...ဟေး"

"ကဲ...ပြိုင်ပွဲစမယ်၊ ပန်းလိပ်ပြာမယ်တော်၊ သူနဲ့တွဲပြိုင်ဘက်ကို စီစဉ်ပေးပါ"

အရှေ့ပိုင်းဂိုဏ်းချုပ်ကြီးက ပန်းလိပ်ပြာ မယ်တော်အား သိမ်းကြည့်ပြီး မပြောလိုက်သည်။ ပန်းလိပ်ပြာမယ်တော်က ပြုံးလျှင် ခေါင်းညိတ်လိုက်ကာ ...

"သူနဲ့ သံယပ်တောင် ချင်းဟုန်ရီတို့ကို ပြိုင်ခိုင်းဖို့ သင့်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပြိုင်ပွဲစဉ် တစ်လျှောက်လုံးမှာ ချင်းဟုန်ရီဟာ ပွဲစဉ်အနည်းဆုံး ယှဉ်ပြိုင်သူဖြစ်နေလို့ပါ"

"ကောင်းပြီ၊ ပြိုင်ပွဲစဖို့ အသင့်ပြင်ကြပေတော့"

အရှေ့ပိုင်း ဂိုဏ်းချုပ်ကြီး၏ စကားသံဆုံး သည်နှင့်...

"ဂွမ်း...."

အချက်ပေးသံကြီးပေါ်လာတော့၏။ လန်ထင်းယီ တပည့်များအား နေရာချပေးလိုက်ပြီး ကွင်းလယ်သို့ ပြန်ဝင်လာခဲ့သည်။

"ပြိုင်ပွဲ စတင်တော့မယ်၊ အခု လန်ထင်းယီနဲ့ ယှဉ်ပြိုင်မယ့် သံယပ်တောင် ချင်းဟုန်ရီ ဝင်ခဲ့ပါ"

ချင်းဟုန်ရီ ဝင်ရောက်လာကာ....

"ဒိုင်လူကြီးနဲ့ ဘုရင်မင်းမြတ်ခင်ဗျာ၊ လန်ထင်းယီဟာ သူနဲ့ပါလာတဲ့ ကလေးတွေကို လှည့်ဖြားပြီး ခေါ်လာသလား သိရပါဘူး၊ နောက် သူ့တပည့်များရော ဟုတ်ရဲ့လား ဆို

www.burmeseclassic.com



တာ ရေးပေးပါ၊ သူဟာ စည်းကမ်းနဲ့ ညီတဲ့ သိုင်းသမား ခေါင်းဆောင်တစ်ဦး ဖြစ်မှ ကျွန်တော် ယှဉ်ပြိုင်နိုင်ပါမယ်"

ချင်းဟုန်ရီက ဦးညွတ်ပြီးလှမ်းပြောလိုက်သည်။ အပေါ်မှ လူများ ဘာမှမပြောရသေးခင်....

"ကဲ....တပည့်တို့"

"ဆရာကြီး ခင်ဗျာ"

"မင်းတို့ကို ငါဘယ်လိုပြောပြီး ခေါ်လာသလဲ"

"ကြိုလင်တောင်မှာရှိတဲ့ ပြိုင်ပွဲက လူပေါ် သိုင်းသမား ကြီးတွေကို ဆုံးမ,မလို့ တပည့်တို့ကိုလိုက်ပြီး ပညာသင်ခိုင်း တာပါ"

တကယ်တော့ လီရှုဝါးနှင့် တင်ရှမ်လီတို့က သက်သေ အမြင့်တတ်ကတ်နှင့် ပြောလိုက်ခြင်းဖြစ်၏။

သူတို့စကားကြောင့် ဒေါသဖြစ်သွားသော အခြား သိုင်း အဖွဲ့ဝင်များကို မခန့်လေးစားနှင့် လှမ်းပြီးကြည့်လိုက်သော သည်။

"မင်းတို့ဆရာက ဘယ်သူလဲ"

"ဆရာကြီး လန်ထင်းယီပါ"

"မင်းတို့ကို ဘာတွေသင်ပေးသလဲ"

"မယုတ်မာတဲ့ သိုင်းပညာတွေ သင်ပေးထားပါတယ်"

ဟန်ဘုရင်မင်းမြတ် အလွန်သဘောကျသွား၏။ လန်ထင်း ယီ တပည့်များကို ကျေးဇူးတင်စွာ လှမ်းကြည့်လိုက်သည်။

"ကဲ....ကျေနပ်ပြီလား ချင်းဟုန်ရီ"



ဟန်ဘုရင်က လှမ်းမေးလိုက်သည်။ ချင်းဟုန်ရီ ဘာမှ မပြောသာတော့ချေ။ ခေါင်းကို အသာညိတ်ပြရင်း ပြိုင်ပွဲ ရန် ပြင်လိုက်ပြီဖြစ်၏။

"ဂွမ်း"

ဟု အသံကြားသည်နှင့်....

"ခွမ်း"

သံယပ်တောင် ပွင့်ထွက်လာကာ လန်ထင်းယီ လည်ပင်း သို့ မြင်းမြီးပုံစံ သံစများ ပျံလာသည်။

"ထောက်"

လန်ထင်းယီ လက်ဝါးနှင့် ပုတ်ထုတ်လိုက်သည်။

"အား လား...."

နှုတ်မှ တိုးတိုး အော်သည်၊ မိမိ၏ ပေါ့ဆမှု တစ်ခုဟု သတ်မှတ်လိုက်သည်။ သံယပ်နှင့် တွေ့ထိလိုက်သော လက် ဝါးမှာ ကျဉ်ခနဲ ဖြစ်သွားသောကြောင့် ဖြစ်၏။ တော်သေး သည်။ ဘာမှမဖြစ်။ သို့သော် ချင်းဟုန်ရီမှာသည်း ခါထွက် သွားသည်။

တပည့်များ မျက်လုံးပြူး၍ ကြည့်နေကြသည်။

"ဝှစ်"

"ယှား"

တိုက်သံနှင့် မာန်သွင်းသံ တစ်ဆက်တည်း ပေါ်ထွက်လာ သည်။ သံစများ ဆယ်ချောင်းခန့် ဖြာထွက်သွားသည်။

ချင်းဟုန်ရီ လန့်သွားသည်။

"ဟိတ်....လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ချင်းဟုန်ရီက သံယပ်တောင်ကို ဝှေ့ယမ်းရင်း လန်ထင်းယီကို ရိုက်ချလိုက်သည်။

လန်ထင်းယီက တိမ်းရှောင်လိုက်ရင်း လက်မှလည်း လှံ ရှားလိုက်သည်။

"ဝှစ်"ဟူသောအသံနှင့်အတူ ချင်းဟုန်ရီ မြေပေါ်သို့ လဲကျသွားသည်။

"ဟေး...ဆရာကြီးလန်ကွ၊ တို့ဆရာကြီးနိုင်သွားပြီဟေ့"

တပည့်များက အားပေးကြသည်။ ဟန်ဘုရင်နှင့် တကွ အကဲဖြတ်အဖွဲ့ဝင်များ ဘယ်လိုဖြစ်သွားမှန်း မမြင်လိုက်ရ။

"နောက်ထပ် ပြိုင်မယ့်သူရှိရင် မိုးမချုပ်ခင် ယှဉ်ပြိုင်ခွင့် ပြုပါ ခင်ဗျာ"

* * *

နေဝင်တော့မည်ဖြစ်သည်။ အကဲဖြတ်အဖွဲ့ဝင်များလည်း စင်ပေါ်မှဆင်းပြီး သေဆုံးနေသော ချင်းဟုန်ရီကို လာရောက် ကြည့်ရှုကြသည်။

"အို"

ချင်းဟုန်ရီ၏ မျက်လုံးနှစ်လုံးနှင့် နည်ပင်းတို့တွင် သံ ယပ်တောင်မှ သံစူးဝင်နေသည်ကို တွေ့ရသောကြောင့်ဖြစ် သည်။ အရှေ့ပိုင်းဂိုဏ်းသားများနှင့် မိုးမြေခြား ယုစိန်ယီတို့ ပင် မျက်နှာပျက်သွားကြသည်။



"ကဲ...အချိန်ရှိတုန်း ဘယ်နှစ်ဖွဲ့ ကျန်သေးသလဲ၊ ပြိုင် လိုက်ကြရအောင်"

လန်ထင်းယီ စကားကြောင့်...

"ကောင်းပြီ၊ ဒီနေ့ညနေ ပွဲသိမ်းပြိုင်ပွဲလုပ်မယ်၊ အရှေ့ ပိုင်း သိုင်းအဖွဲ့နဲ့ မိုးမြေခြားတို့က အမှတ်တူ ဖြစ်နေတယ် ဆိုတော့ ကျန်တဲ့လူနဲ့ လန်ထင်းယီနဲ့ ပြိုင်ရမယ်"

တောင်ပိုင်းဂိုဏ်းချုပ်ကြီးက ပြောလိုက်ခြင်းဖြစ်သည်။

"ကဲ...ကြာတယ်၊ မနှိုက်ပြီးတာနဲ့ပြိုင်၊ အချိန် သိပ်မရှိ တော့ဘူး"

ဟန်ဘုရင်မင်းမြတ်ကတိုက်တွန်းလိုက်သဖြင့် ပန်းလိပ်ပြာ မယ်တော်နှင့် အရှေ့ပိုင်း ဂိုဏ်းချုပ်တို့က မဲလိပ်လုပ်ကြ၏။

"ကဲ...မဲနှိုက်ကြမယ်၊ အရှေ့ပိုင်းသိုင်းအဖွဲ့နဲ့ မိုးမြေခြား တို့ ကြွပါ"

တောင်ပိုင်းဂိုဏ်းချုပ်ကြီးက လှမ်းခေါ်လိုက်သည်။

* * *

ယှဉ်ပြိုင်ရန်မဲကျသူမှာ မိုးမြေခြား ယုစိန်ယီဖြစ်ပါသည်။

"ဂွမ်း"

ပြိုင်ပွဲစပြီး မိုးမြေခြားက စတင်တိုက်သည်။

"ဝှီး...ဝှစ်...ဝှစ်"

သူ့ဓားကြီးကို ထအားကုန်လွှဲ၍ လိုက်ရိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ယား''

လန်ထင်းယီက ရှောင်လိုက်သည်။ ယုစိန်ယုံက လန်ထင်းယီအား လုံးဝတိုက်ခွင့်မပေးဘဲ သူကသာ ဖိတိုက်နေ၏။

''ဝှီး....ချွင်....ချွင်''

''ဟော့....သူရဲကောင်းများ သွေးဆာနေကြသည်''

''နေလုံးကြီးနဲ့အပြိုင် အရောင်အသွေးညီ''

''ရန်သူဟူသမျှ...''

လန်ထင်းယီ ကြောင်သွားသည်။ စစ်ချီသီချင်းသံကြောင့် စိတ်ထဲမှ တက်ကြွလာသည်။ သို့သော် ယုစိန်ယုံသည် ဤသို့ပေါ်ကြောင်ကြောင် အလုပ်ကို အလုကား လုပ်လိမ့်မည် မဟုတ်ဟု စဉ်းစားမိလိုက်သည်။ ထို့ကြောင့် စိတ်ကိုပြန်ထိန်းလိုက်သည်။ သည်နေရာတွင် ယုစိန်ယုံနှင့်လန်ထင်းယီတို့ စိတ်ဓာတ်အား ပြိုင်နေကြသည်။

စစ်ချီတေးသံသာများ ထွက်နေသောအသံက ပိုမို ကျယ်လောင်လာသည်။ လန်ထင်းယီ၏ တပည့်များသည် ကိုယ်ခံအား နည်းသဖြင့် စိတ်ကို မထိန်းနိုင်ဘဲ သီချင်းဆိုချင်စိတ်များ ဖြစ်ပေါ်လာကာ....

''တောင်ပေါ်မှာ နှင်းကလေးတွေကျနေပါတယ်၊ တောထဲမှာ ပန်းကလေးတွေ ပွင့်နေကြတယ်၊ နေရောင်ခြည်ဟာ အရှေ့ဆီက ဝင်းလက်ထွက်လာခဲ့တယ်၊ အရောင်က တောက်ကြွဖွယ် အနီရောင်ခြယ်၊ တိုက်ပွဲဝင်မယ့် သူရဲကောင်းတွေ ကြုံဆိုနေမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပတ်ဝန်းကျင်ဘစ်ခုလုံး လှပနေပါတယ်''



သီချင်းသံသည် လှိုက်လှိုက်လှဲလှဲနှင့် ကျယ်လောင်စွာပေါ်ထွက်လာခဲ့သည်။

လန်ထင်းယီ ဇမ်းသာသွားသည်။ သူ့တပည့်များသည် သူ့အသက်အား ကယ်လိုက်သည်ဟုလည်း တွေးလိုက်မိသည်။

အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်ပင် ထိုတေးသွားကို ခံစားနေသဖြင့် ယုစိန်ယုံ၏ စိတ်ညို့ကို မိတော့မလိုဖြစ်သွားသည်။

ယခုမူ သူ့တပည့်များကြောင့် ကံကောင်းသွားသည်။

ကံဆိုးသူက ယုစိန်ယုံ....

''ဟော....ဟိတ်....ယား''

ပြင်းထန်သော လေလုံးကြီး တစ်လုံးသည် မိမိ၏ရင်ဝသို့ တည့်တည့် ဝင်လာမှန်းသိလိုက်သည်။

သို့သော် လုံးဝ မရှောင်နိုင်ဘဲ....

''ဝုန်း....''

ရင်ဝကို ဆင်တစ်ကောင် အရှိန်ပြင်းစွာနှင့် ဝင်ဆောင့်လိုက်သလို ခံစားရပြီး....

လက်ထဲမှ ဓားသည် အရှိန်ပြင်းစွာဖြင့် လွင့်ထွက်သွားတော့သည်။

''ဝှီး''

''အား''

အံ့သြစရာတွေ ဖြစ်ကုန်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"အား"

အော်သံသည် ယုစိန်ယုံထံမှ ထွက်ရမည့်အစား အနောက်ဘက်မှ ထွက်လာသဖြင့် တော်တော် အံ့အားသင့်သွားကြ၏။

"အရှေ့ပိုင်း အဖွဲ့ကိုပါ ထိသွားပြီဟေ့"

"ဟုတ်တယ်၊ ယုစိန်ယုံ လက်ထဲက ဓားကြီး ထိသွားတာ"

ယခုမှ လန်ထင်းယီ သဘောပေါက်သွားသည်။ သူ ယုစိန်ယုံကို ဘိုက်လိုက်သောဘိုက်ကွက်သည် သူ့ကိုယ်ပိုင်သိုင်းကွက်မဟုတ်။ လမ်းခရီးတွင် တွေ့ကြုံရသော အရှေ့ပိုင်း သိုင်းသမား လေ့ဇိုန်၏ ကလိုက်လက်ဝါးသိုင်းကွက်ကို အတုခိုး၍ ယုစိန်ယုံကို ဘိုက်လိုက်ခြင်းဖြစ်သည်။

သို့သော် နောက်မှာ ရပ်နေကြသော အရှေ့ပိုင်း ဂိုဏ်းချုပ်ကြီးနှင့် လက်ရွေးစင် သိုင်းသမားတို့မှာ သူတို့၏ လျှို့ဝှက် သိုင်းကွက်ကို လန်ထင်းယီ ထုတ်သုံးလိုက်သဖြင့် ဤသိုင်းကွက်ကို သူမည်သို့ ရသွားသည်ကို ဝေခွဲစဉ်းစားရင်း သူတို့ဘက်သို့ အရှိန်ပြင်းပြင်း လွင့်လာသော ဓားကြီးကိုမရှောင်နိုင်ဘဲ အရှေ့ပိုင်းဂိုဏ်းသား အတော်များများ ခံသေဆုံးသွားရသည်။ အရှေ့ပိုင်း ဂိုဏ်းချုပ်ကြီး မျက်နှာမှာ ညိုမည်းသွားသေသည်။

"ကဲ...အရှင်မင်းမြတ်၊ ကျွန်တော့်ရဲ့ ယှဉ်ပြိုင်မှုဟာ ပြီးသွားပါပြီ၊ ဒါကြောင့် ကျွန်တော့် တပည့်များ စားသောက်မှုအတွက် စီစဉ်ပေးပါခင်ဗျား"

လန်တင်းယီက မိမိ လိုအပ်ချက်ကို သုရင်မင်းမြတ်ထံ တောင်းဆိုလိုက်သည်။



ဟန်သုရင်မင်းမြတ်က ခေါင်းညိတ်လိုက်သည်။

"ကဲ...သူတို့လိုတာတွေကို စီစဉ်ပေးလိုက်ပါ"

အခမ်းအနားမှူးအား ဟန်သုရင်မင်းမြတ်က အမိန့်ပေးလိုက်သည်။ လန်ထင်းယီတို့ ဆရာတပည့်များသည် စားသောက်ရန်များ သိုပြိုင်ဟစ်ဆို၍ ထွက်သွားကြလေသည်။

* * *

ယနေ့သည် အရှေ့ပိုင်းဂိုဏ်းချုပ်အဖွဲ့နှင့် ပြိုင်ရမည့်နေ့ဖြစ်သည်။

ကွင်းပြိုင်တွင် လူတော်တော်များများ ရောက်ရှိနေပြီ ဖြစ်၏။ ယခုတဲဖြတ်စင်မြင့်ပေါ်တွင် သုရင်မင်းမြတ်နှင့် အတဲမြတ်လူကြီးများ ရောက်ရှိနေပြီဖြစ်သည်။

"ဒီနေ့ဟာ နောက်ဆုံးလဲဖြစ်တယ်၊ ဒီနှစ်သိုင်းပြိုင်ပွဲရဲ့ အဓိကတိကဲ တစ်ဦးဦးက ယူရမယ့်နေ့လဲဖြစ်တယ်၊ နောက်ဆုံးပြိုင်ပွဲဖြစ်တဲ့အားလျော်စွာ ကြိုက်ရာပက်နက်နဲ့ ကြိုက်သလို ပြိုင်နိုင်ကြပါတယ်၊ အချိန်အတိုင်းအတာလဲ သတ်မှတ်ချက် လုံးဝ မရှိပါဘူး၊ ပြိုင်ပွဲဝင်မယ့် လန်ထင်းယီနဲ့ အရှေ့ပိုင်းဂိုဏ်းချုပ်တို့ အဆင်သင့်ဖြစ်ပြီဆိုရင် ပြိုင်ပွဲတွင်းဘို့ ဝင်ရောက်ကြပါ"

အခမ်းအနားမှူးက စတင်ကြေညာလိုက်သည်နှင့်—

"ဝေး...ဟေး"

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားအားလုံးက အော်ဟစ်၍ အားပေးလိုက်သည်။

''ဝှမ်း''

တိုက်ပွဲစတင်ရန် အချက်ပေးလိုက်ပြီ ဖြစ်သည်။

အရှေ့ပိုင်းဂိုဏ်းချုပ်ကြီး၏ လက်တွင် ဘာမှမရှိ။

သို့သော်....

''ဝှစ်....ဝှီး''

ခြေနှင့်လက်တို့ အားပြု၍ ကျားဆိုးအသည်းခွဲသိုင်းကွက်တစ်ခုအား ရိုက်ထုတ်လိုက်သည်။

လေမုန်တိုင်းကြီးတစ်ခုလို လေလုံးကြီးတစ်ခု တိုးဝင်လာသည်ကို လန်ထင်းယီ သိလိုက်သဖြင့်....

''ဖတ်''

တန်ပြန်သိုင်းကွက်ဖြစ်သော မုန်တိုင်းချေဖျက်သိုင်းကွက်အား ရိုက်ထုတ်လိုက်သည်။

''ဝုန်း''

ပြင်းထန်သော လေလုံးကြီးနှစ်ခု လမ်းတွင်ဆုံတွေ့ရာမှ ပေါက်ကွဲသံနှင့်အတူ ဖုန်မှုန့်များ ထသွား၏။

တဖြည်းဖြည်း သိုင်းကွက် ငါးဆယ်ကျော်လာပြီ၊ အနိုင်အရှုံးမရှိသေး။

''ချွင်....ချွမ်း....ချွမ်း''

အရှေ့ပိုင်းဂိုဏ်းချုပ်ကြီး၏ ဝတ်ရုံထဲမှ သံကြိုးလုံးတစ်ချောင်း ထွက်လာသည်။

လန်ထင်းယီ ရင်ထဲထိတ်ခနဲဖြစ်သွားသည်။

အရှေ့ပိုင်းဂိုဏ်းချုပ်၏သဘောကို နားလည်လိုက်သည်။



ဘယ်လက်မှ အတွင်းအားကိုသုံး၍ ဖုန်များကို
ညာလက်မှ သံကြိုးလုံးနှင့် မိမိအား အသေသတ်တော့မည်
သိရှိလိုက်သည်။

''ဝှီး....ဝှီး....ဝုန်း''

ထင်သည့်အတိုင်းပင် ဖုန်မှုန့်များက လန်ထင်းယီကို ဝိုင်း
ပိတ်မိပြီး ဖုန်မှုန့်ကြားမှ တဝီးဝီးအော်မြည်နေသော သံသံ
ပါပါ လာခဲ့သည်။

လန်ထင်းယီသည် မိမိထံသို့ တဝီးဝီးလည်၍ ဝင်လာသော
သံလုံးအား လုံးဝမရှောင်ဘဲ အတွင်းအားကို ညာလက်တွင်
စုပုံ၍ ထောင်းခနဲ ဆွဲဖြုတ်ပစ်လိုက်သည်။

အရှေ့ပိုင်းဂိုဏ်းချုပ်ကြီး ကြံရာမရဖြစ်နေပြီး အတင်း
ဆုတ်ရှောင်နေရသည်။

လန်ထင်းယီသည် တိုက်ကွက်ကို ရုတ်တရက် ပြောင်းလဲ
လိုက်သည်။

''ဝုန်း''

''ဝေါ''

အရှေ့ပိုင်းဂိုဏ်းချုပ်ကြီး တစ်ချက်ထိသွားပြီး သွေးများ
အန်ထုတ်လိုက်သည်။

ထိုစဉ်မှာပင် အရှေ့ပိုင်းဂိုဏ်းချုပ်ကြီး၏ တပည့်ဆ
ခန့် ကွင်းထဲသို့ပြေးဝင်လာပြီး အတွင်းအားဆက်ပေးနေသည်
ကိုတွေ့ရသည်။

''ဆရာကြီး....တိုက်....ဝင်တိုက်....ပစ်....ဖော့....ဒါ
လုပ်တာလဲကွ၊ အခုထွက်''

www.burmeseclassic.com

www.burmeseclassic.com



ကလေးများက ဝိုင်း၍ အော်ဟစ်ကြသည်။

"ရပါတယ်...ရပါတယ်၊ ခုပြိုင်ပွဲဟာ အဖွဲ့လိုက် ပြိုင်ပွဲမို့ ဝိုင်းဝန်းပံ့ပိုးမှု ယူလို့ရပါတယ်၊ လန့်ထင်းယိဘက်က မကျေနပ်ရင် သူ့ရဲ့တပည့်လေးတွေရဲ့ အင်အားကို စုယူနိုင်ပါတယ်၊ ဟဲ...ဟဲ"

အရှေ့ပိုင်း ဂိုဏ်းချုပ်ဟောင်းကြီးက ကလေးများမှာ မည်သည့် သိုင်းပညာမှမရှိသည်ကို သိသဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

"ယေ့...ဒါ မတရားဘူး"

ယန့်ဘုရင်မင်းမြတ်က မကျေမနပ်ဖြစ်သွားသည်။

"ရပါတယ် ဘုရင်မင်းမြတ်၊ ကျွန်တော့်ကို အချိန်နည်းနည်းပေးပါ"

ပြောပြောဆိုဆို သူ၏တပည့်များကိုခေါ်ကာ တည်းခိုရာတဲဆီသို့ အပြေးအလွှား ထွက်သွားကြသည်။

မကြာပါချေ။ လန့်ထင်းယိသည် တပည့်များကို သွေးပေါင်းစုံတစ်ခွက်စီတိုက်ပြီး မှာကြားသင့်သည်များကို မှာကြား၍ ပြန်လည် ရောက်ရှိလာသည်။

"ကျွန်တော်တို့ပြိုင်ပွဲဝင်ရန် အဆင်သင့်ဖြစ်ပါပြီ အရှင်မင်းမြတ်"

"ဝှမ်း" လိုက်ပွဲ ပြန်စပြီဖြစ်သည်။

"ဟေး"

ဆရာ၏ အချက်ပေး အော်သံနှင့်အတူ တင်နှင့်လီ ဦးဆောင်၍ တစ်ဦးကိုတစ်ဦး ဆက်သွယ်လိုက်ကြသည်။



"ဝီး...ဝီး...ဖဝါ"

ကလေးအနုံကြီး မိုးပေါ်သို့ မြောက်တက်သွားပြီး ကောင်းကင်မှ သက်တန့်ကြီးလိုလို ကင်းခြေကြီးတစ်ကောင်လိုလိုနှင့် အရှေ့ပိုင်းသိုင်းသမားများကို အတင်းဝင်ရောက်တိုက်ခိုက်တော့သည်။

"ဝှီး...ဒုတ်"

"အင့်...အား"

ထိသံခိုက်သံများ တင်ကွင်းလုံး ဆူညံနေသလို အဖြူရောင်ကင်းခြေကြီးတစ်ကောင် ဗဒါမောန်ပွားကာတွန့်လိုက်နေ့လိုက်ဖြင့် အရှေ့ပိုင်းသိုင်းသမားတို့ မမြင်ဖူးသော သိုင်းကွက်ဖြင့် ဖိတိုက်နေလေသည်။

လန့်ထင်းယိမှာ အရှေ့ပိုင်း ဂိုဏ်းချုပ်ကြီးအသွင် လည်း ဝင်၍ မြေပေါ်က်မရှိအောင် တိုက်ခိုက်နေတော့သည်။

"အား....."

အရှေ့ပိုင်းဂိုဏ်းချုပ်ကြီးမှာ သိုင်းကွက် တစ်ကွက်ဘည်းဖြင့် မြေပေါ်သို့ လဲကျသွားတော့သည်။

"ဟေး...ဟေး...နိုင်ပြီကွ...နိုင်ပြီ"

လူရွယ်လေးများသည် ဝမ်းသာအားရ အော်ဟစ်ကြသည်။

လန့်ထင်းယိခေါင်းဆောင်သော လူ ငန်းကြီး၏ လှုပ်ရှားဟန်မှာ လွန်စွာကောင်းပြီး လှပနေသော ကြွင့်တန့်တို့ကြီးမှာ ဘောကျပြုံးရွှင်လျက်ရှိသည်။

သိုင်းပြိုင်ပွဲကား ပြီးစီးသွားခဲ့ပြီ ဖြစ်သည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျောက်ဘွဲ့ကို လန်ထင်းယီ တစ်ယောက် ရရှိသွားသည်။

* * *

သည်နှစ်သည် ပီကင်းမြို့တော်၏ နှစ်သစ်ကူးနေ့ ဖြစ်သည်။

ပီကင်းနန်းတော်တွင် ပြိုင်ပွဲပြပွဲများဖြင့် အထူးစည်ကားလျက်ရှိသည်။

သည့်နှစ် ပိုမိုစည်ကားသည်က လူငယ်လူရွယ်များအား သိုင်းသင်တန်းအတွက် စာရင်းကောက်ပြီးတိုင်းပြည်စောင့်ရှောက် ကာကွယ်ရေးအတွက် လိုအပ်သော တိုက်နည်း၊ ခိုက်နည်း၊ နည်းစနစ်များကို လန်ထင်းယီ ဦးဆောင်လျက် သင်ပေးမည် ဖြစ်သောကြောင့် စိတ်ပါဝင်စားသူများကို စည်းရုံးလျက်ရှိသည်။

ဟန်ဘုရင်မင်းမြတ်သည် နန်းဆောင်ပေါ်မှ သည်နှစ်သိုင်းပြိုင်ပွဲမှ ရလာသော လူကောင်းလူတော်တစ်ဦးအား ဂုဏ်ယူစွာဖြင့် ကြည့်နေ၏။

ထိုသူမှာ လန်ထင်းယီပင် ဖြစ်ပါတော့သည်။

ပြီးပါပြီ။

ရွှင်လန်းချမ်းမြေ့ပါစေ

ဝင့်ကြွယ်

www.burmeseclassic.com